
www.burmeseclassic.com
ဂမ္ဘီရဆန်းကြယ်လုံးချင်းဝတ္ထု
မင်းစိဖြ
ဒါဂုပိုင်နှင့်တါဖြပင်လေပယ်ရိုးနဂါး
BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# ယင်းဓိကြူ ၏

## အခန်းစဉ်


၁။ တစိုးမရပစ်လသယ်

၂။ ရောင်စုံရွဲလုံးကြီး

၃။ ရေသူမသဘော်ပေါ်က

၄။ နှာခေါင်းနီနီနဲ့လူ

၅။ ငြိမ်နေတဲ့မြွေပွေးတစ်ကောင်

၆။ ပျောက်ဆုံးသွားသူ

၇။ အဏ္ဏဝါမယ်

၈။ အသွင်ပြောင်းမြှုတန်းကြီး

၉။ ထောင်ချောက်မိသွားကြခြင်း

၁၀။ ဓလေ့နှင့်တစမ္ဘောစံလိုက်ကြရခြင်း

၁၁။ လူဝံမျက်နှာနှင့်လူ

၁၂။ သေမင်းလက်မခံ

၁၃။ သဘော်အိမ်ကြီး

၁၄။ ရေသူမ–၂

၁၅။ ဥမ္မတ္တကောမောင်တာနော၊

၁၆။ အဂ္ဂပိုင်နှင့် ကြာပွတ်မယ်၊

၁၇။ လေးကျွန်းစကြာမဟာဒီပါ

၁၈။ မုတ်ဆိတ်နီနှင့်ကြီရတနာသစ်ပင်ကြီး

၁၉။ ရွှေမျက်နှာဖုံး

**ယခုလ**

၂၀။ အဂ္ဂပိုင်နှင့် တိမ်ပင်လယ်မိုးနဂါး


BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com


၁၆။ အနောက်မြောက်စူးစူးသို့

၁၇။ တိမ်ပင်လယ်ကြီး

၁၈။ တောခွေးဖြူများ

၁၉။ ရင်ဆိုင်တိုက်ခိုက်ကြခြင်း

၂၀။ ကယ်တင်ရှင်မည်သူလဲ

၂၁။ ရွှဲလုံးဗေဒင်

၂၂။ ငရဲသဘောၤ၏ကြမ္မာ

၂၃။ ရေခဲနန်းတော်

၂၄။ နတ်နှယ်သူဇာလော

၂၅။ ဆန်းကြယ်သောအဖြစ်အပျက်များ

၂၆။ ဆုံးရှုံးခဲ့ပြီးကာမှ

၂၇။ အကြံသမားတစ်ဦး


၂၈။ ရေခဲမှုလှိုင်း

၂၉။ ရွှဲလုံးကြီးပိုင်ရှင်

၃၀။ ရေအောက်ပျော်မင်းသားကြီး


# မင်းစိကြ

## ဟဂ္ဂပိုင်နှင့်တိမ်ပင်လယ်မိုးနဂါး



www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၀၄၇၀၈၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၀၄၇၀၈၀၉

ထုတ်ဝေသူ
ဒေါ်တင်တင်အုန်း (စိန်သရဖူစာပေ)
အမှတ် (၆၆)၊ ၆-လမ်း၊ လမ်းမတော်။

အတွင်းနှင့်ပုံနှိပ်သူ
ဒေါ်ချစ် (စန္ဒာမိုးပုံနှိပ်တိုက်)
အမှတ် (၂၀၀)၊ ၃၁-လမ်း၊ ပန်းဘဲတန်း။

ပုံနှိပ်ခြင်း
ပထမအကြိမ်၊ ၂၀၁၀ ခုနှစ်၊ အောက်တိုဘာလ။
တန်ဖိုး - ၁၀၀၀ ကျပ်၊ အုပ်ရေ - ၅၀၀။

၈၉၅. ၈၃
မင်းစိတြ
အဝ္ဂပိုင်နှင့်တိမ်ပင်လယ်မိုးနဂါး/မင်းစိတြ
 - ရန်ကုန်။
စိန်သရဖူစာပေ၊ ၂၀၁၀။
၃၀၄-စာ၊ ၁၂. ၅ × ၁၇. ၅ စင်တီ။
(၁) အဝ္ဂပိုင်နှင့်တိမ်ပင်လယ်မိုးနဂါး

## အခန်း ( ၁ )
## အမိုးမရပင်လယ်

ရေပြင်သည် နက်ပြာရောင်သန်းလျှက်ရှိသည်။ ထို့ကြောင့် နက်ရှိုင်းသောအပိုင်းဟု သိနိုင်သည်။ အချို့နေရာများတွင် မန်လှိုင်းကလေးများဖြင့် တည်ငြိမ်နေလျက်၊ သို့သော် အချို့ ရာများတွင် လှိုင်းလုံးကြီးတွေက လူးလိမ့်ထကြွနေကြသည်။ မတိုက်ပါဘဲနှင့် အလိုလိုပင် ... လှိုင်းမြှူးနေကြသည်။ င်လယ်ရေအောက်သဘာဝ၏ ထူးခြားမှုများပေလား၊ လူတွေ ပလည်နိုင်သည့် လျှို့ဝှက်ဆန်းကြယ်မှုတစ်ခုခုများ ရှိနေကြ လား၊ မည်သူမှ သေချာစွာ မသိနိုင်။

ပင်လယ်ပြင်ကြီး၏ အချို့နေရာများတွင် ရေမျက်နှာပြင် က်၌ မြူတွေဆိုင်းနေတတ်သည်။ အခိုးအငွေ့များက တလူလူ အပေါ်ကို ထိုးတက်နေကြသည်။ ထိုနေရာကို ပင်လယ်ခရီး သင်္ဘောသားများက အမိုးမရပင်လယ်ဟု ဆိုကြသည်။ ကြောင်းမှာ ... ထိုသို့ ပြောင်းလဲမှုများထဲက အမှတ်မထင် ပိုင်းဆင်ကာ ကျရောက်လာတတ်သောကြောင့်ပင်။

ရွှေစကားစာပေ

www.burmeseclassic.com

www.burmeseclassic.com



မုန်တိုင်းဆိုသည့်အတိုင်း တိုက်ခတ်လာပြီဆိုလျှင် မည်
မျက်နှာကိုမှမကြည့်။ ဆင်ရိုင်းကြီးတစ်ကောင် မုန်ယိုကာ မြင်
ရာကို ဖျက်ဆီး၊ ထကြွသောင်းကျန်းလိုက်သလိုပင် ... ပင်လ
တစ်ပြင်လုံး ထောင်းလမောင်းကြေအောင် ရိုင်းပျစွာပြုမူလို
ပေတော့သည်။

ထိုအချိန်တွင် ...

ပင်လယ်ပြင်ခရီးသွား သင်္ဘောများရှိနေပါက မုန်တိုင်
ကာ အလူးအလဲပင်ခံကြရသည်။ သင်္ဘောများ ကျိုးကြေပျ
ကာ ပျက်စီးနစ်မြုပ်ကြရသည်။ ခရီးသွားအများ သေဆုံးကြ
သည်။ ပင်လယ်ကြီး၏ ဝါးမြိုစားသောက်ပစ်ခြင်းကို ခံလိုက်
ရသည်။

သို့သော် ...

အစိုးမရသောပင်လယ်ကြီးထဲတွင် တစ်ခါတရံ မုန်တို
ကျပါက ဆန့်ကျင်ဘက်သဘောတစ်ခုနှင့် ကြုံတွေ့လိုက်ရ
သည်။ လှေ၊ သင်္ဘောများလည်း ရှိကြသေးသည်။ သို့သေ
သင်္ဘောတိုင်းတော့ မဟုတ်ပါ။ ကိုယ်တွေ့ကြုံဖူးခဲ့သည့် သင်္ဘေ
တစ်စီး၏အဖြစ်အပျက်သည်ကား ...

မုန်တိုင်းဟူသည်ကား ... အစိုးမရ၊ ယဉ်ယဉ်လေး
ရှုးသွပ်နေသူတစ်ဦးနှင့်လည်း တူသည်။ စိတ်ကောင်းဝင်ပြီး
နေသောအခါ၊ အမူအရာက သိမ်မွေ့နူးညံ့နေပေမည်။ စိ
ဖောက်လာပြီဆိုလျှင် ရုတ်တရက်ထ,ပြီး ပွဲကြမ်းချင်ကြမ်းတ





သည်။ ထိုအခါမျိုးမှာ ထိမ်းမနိုင်သွဲ့မရ ဖြစ်ရလေသည်။

သင်္ဘောတစ်စီးသည် ရေပြင်ပေါ်မှာ တရွေ့ရွေ့ဖြင့် ခုတ်
မောင်းနေလေသည်။ ရာသီဥတုကလည်း ကြည်ကြည်လင်လင်
ရေပြင်ကလည်း အနေတော် လှိုင်းလုံးလေးများနှင့်သာ လွန့်
လူးပ်ရှားနေလျှက်။

သင်္ဘောပေါ်တွင် ခရီးသည်အချို့နှင့် ကုန်ပစ္စည်းများ ပါ
လာခဲ့ကြသည်။ သည်လိုနှင့် နံနက်ခင်းတစ်ခုလုံး သာသော
သာယာနှင့် အေးဆေးစွာ မောင်းလာခဲ့သည်။ ညနေပိုင်းတွ
အစိုးမရပင်လယ်ဘက်ထိကို ရောက်လာခဲ့သည်။ ခရီးသည်မျ
ကတော့ သူတို့၏အခန်းများထဲတွင် သက်သောင့်သက်သာ န
နေကြသည်။ မည်သည့်နေရာဆီ ရောက်နေပြီကိုလည်း သင
မထားမိကြပေ။

သင်္ဘောအရာရှိ မာလိန်မှူးနှင့် သင်္ဘောသားများသည်
ကား အစိုးမရပင်လယ်ထဲကို စတင်ပြီးဝင်ရောက်လာခဲ့သည်နှ
က်ထဲမှာ တစ်မျိုးတစ်မည်တော့ ဖြစ်သွားခဲ့ကြသည်။ ဤနေရ
သည် တစ်ခုမဟုတ်တစ်ခု၊ တစ်မျိုးမဟုတ် ထုံစံမျိုးဖောက်ပြ
တတ်သည် မဟုတ်ပါလား။ သို့သော် ... ကိုယ့်အတွေးနှင့်ကိုယ်
ကာ ငြိမ်သက်ပြီးတော့ လိုက်ပါလာခဲ့ကြသည်။ ဒီဘက်တစ်နေရ
... သာမန်လှိုင်းလုံးလေးတွေလောက်သာ ထကြွနေသည်။
းနေရာနှင့် မနီးမဝေးတွင် ပေလေးဆယ်အဝန်းအဝိုင်းကြီးထဲ
လှိုင်းလုံးကြီးတွေက တဝုန်းဝုန်းဖြင့် ထကြွနေကြသည်ကို
လိုက်ကြရသည်။

တစ်ခါတရံတွင် ပင်လယ်ရေပြင်အောက်မှ ရေလုံးကြီးများ
အပြင့်ပေ လေးငါးဆယ်အထိ ပန်းထွက်လာတတ်သည်



www.burmeseclassic.com

www.burmeseclassic.com



ရောမဘီလူးကြီးတစ်ကောင်က ပါးစပ်ထဲမှာ ငုံပြီးမှုတ်ထုတ်လိုက်သလိုပင်။ တစ်ခါတရံ အနံ့အသက်တစ်မျိုးကိုရသည်။ မည်ကဲ့သို့သော ရနံ့မျိုးဟု ဖော်ပြရန်ပင် နားမလည်။ ယင်းရနံ့မျိုးကိုရပြီဆိုလျှင် မကြာမီမှာ မုန်တိုင်းကျလာတော့မည့်လက္ခဏာပင်တည်း။

ယခုလည်း ... ထိုရနံ့မျိုးကို ရုတ်တရက်ရလာခဲ့သည်။ ထိုအခါ သင်္ဘောသားများသည် လှုပ်လှုပ်ရှားရှား ဖြစ်သွားခဲ့ကြရလေ၏။

"ဟာ ... အနံ့ဆိုးကြီး၊ အနံ့ဆိုးကြီး ... "

သင်္ဘောသားတစ်ယောက်က ရုတ်တရက် ကောက်ကာငင်ကာပင် အော်လိုက်သည်။

"ဟော့ကောင် ဘာဖြစ်လို့ ... ဩော်ပြောရတာလည်း၊ ခရီးသည်တွေ ကြားသွားလိမ့်မယ်၊ တော်တော်ခက်တာပဲ"

အနားကဖြတ်လျှောက်သွားသော လက်ထောက်မာလိန်မှူးက ထိုသူကို ငေါက်ငမ်းလိုက်လေ၏။

"မေ့ ... မေ့သွားလို့ပါ ဆရာ၊ တောင်းပန်ပါတယ်"

"သွား ... လုပ်စရာရှိတာကိုလုပ်"

"ဟုတ်ကဲ့"

သင်္ဘောသားက ကျိုးနွံစွာဖြင့် ပြေးထွက်သွားခဲ့လေသည်။ ခရီးသည်များကား မိမိတို့၏ အခန်းထဲတွင် အေးဆေးစွာပင်။ သို့သော် ... သင်္ဘောကပ်ပတိန်ကိုယ်တိုင်က စိတ်စနောင့်စနင်းဖြစ်နေမိသည်။ ကြောင့်ကျမှုတစ်ခုက အလိုလိုပင် ဖြစ်ပေါ်လျက်ရှိနေလေသည်။

"မဖြစ်နိုင်ပါဘူး ... ငါ့စိတ်ထဲကိုက အကြောင်းမရှိ





အကြောင်းရှာပြီးတော့ ထင်နေတာပါ"

သူကိုယ်တိုင်က မျက်နှာအမူအရာပြောင်းနေလျှင် ... အဓိပ္ပာယ်မရှိဟု တွေးမိသည်။ ထို့ကြောင့် ဘာမှမဖြစ်သလိုသက်သောင့်သက်သာမျိုးပင် နေလိုက်သည်။ သို့သော်ပြောင်းလဲမှုတစ်ခုက မသိမသာ ဖြစ်ပေါ်လာလျက်ရှိသည်။ စောစောကတစ်ပွဲငြိမ်လျက်ရှိနေသောရေပြင်သည် ပို၍သိသာစွာပင် လှိုင်းဘောင်ဘင်ခတ်လာခဲ့သည်။ ရေပန်းကြီးများသည်လည်း ရေပြင်အောက်မှနေ၍ ပြင်းထန်စွာ မှုတ်ထုတ်လိုက်သည့်အလား၊ ဝုန်းခနဲ ... ဝုန်းခနဲဆို ပန်းထွက်လာကြသည်။

"ဝုန်း ... ဝုန်း ... ဝုန်း"

ထိုစဉ် ...

လေကာပါ ... တစ်ချက် တစ်ချက်မှာ ခပ်ကြမ်းကြမ်းပင်တိုက်ခတ်လာသည်။

"ဝေါ ... ဝေါ ... ဝေါ၊ ဝူး ... ဝူး ... ဝူး ... "

တခဏအတွင်းမှာပင် အနောက်ဘက်မိုးကုပ်စက်ဝိုင်းကြီးသည် နီးကျင်ကျင် သန်းလာခဲ့သည်။ အားလုံး၏ရင်ထဲမှာ ထိတ်ခနဲ ဖြစ်သွားခဲ့ကြရသည်။ သူတို့ ဆုတောင်းမပြည့်ကြပါ။ မုန်တိုင်းကျလာတော့မည် လက္ခဏာပင်တည်း။ သို့သော် ... လေကတစ်ချက် တစ်ချက်မှာဆောင့်ကာ၊ ဆောင့်ကာ တိုက်ခတ်လာသည်။ လေကြောင်းက ချက်ချင်းလိုလိုပြောင်းသွားသည်။ အရှေ့လေက အနောက်လေအဖြစ် ပြောင်းသွားသည်။ သင်္ဘောသည် အနောက်အရပ်ကို သွားနေရာက အနောက်လေကြောင်း အရှေ့အရပ်ကိုပြန်နှံပြီး ရွေ့လျားရတော့မလို ဖြစ်သွားသည်။

"ရွက်တွေကို ... အမြန်ချကြဟေ့"



www.burmeseclassic.com

www.burmeseclassic.com



ရွက်များကို သည်းချကြရသည်။ လှိုင်းလုံးကြီးတွေက လည်း နေရာအနှံ့ ထကြွလာနေကြလေပြီ။ မကြာမီ ... ကောင်းကင်ကြီးတစ်ခုလုံး မည်းနက်ကာ မှောင်ကျသွားသည်။

"ဝူး ... ဝူး ... ဝေါ ... ဝေါ ... "

မုန်တိုင်းကား ကျလာခဲ့လေပြီတည်း။ လေကထန်လာ သည်။ မိုးပါရွာချလာခဲ့ပြီ။ လျှပ်နွယ်၊ လျှပ်ပန်းတွေကလည်း ဖြိုးပြက်လင်းလက်လာကြလျက် ...

"ဂျိမ်း ... ဂျိမ်း ... ဂျစ် ... ဂျစ်"

မိုးခြိမ်းသံ၊ မိုးကြိုးသွားထစ်သံတွေက ဆင့်ကာ၊ ဆင့်ကာ ထွက်ပေါ်လာနေကြလျက်၊ သင်္ဘောကြီးကား တည်ငြိမ်မှု မရှိဘဲ လူးလိမ့်နေလျက်၊ ချက်ချင်းမှာပင် ညှင်းဆဲခံရတော့မည့် သတ္တဝါ ကြီးတစ်ကောင်အဖြစ်သို့ ပြောင်းလဲသွားခဲ့သည်။

"ဝေါ ... ဝေါ ... ဝေါ ... ဝူး ... ဝူး ... ဝူး"

လေရော မိုးပါကျလာခဲ့သည်ဖြစ်၍ လူပ်ခါယမ်းနေသော သင်္ဘောကြီးကြောင့် ခရီးသည်များမှာ ဂနာမငြိမ်ဖြစ်ကုန်ကြရလေ တော့သည်။ မူးဝေအော့အန်ကုန်ကြသည်။

"ဘာဖြစ်တာလဲ ... ဘာဖြစ်တာလဲ"

အထိတ်တလန့်လည်း ဖြစ်ကုန်ကြသည်။ အတွေ့အကြုံရှိ ကြသောသူများက မုန်တိုင်းကျပြီဖြစ်ကြောင်းကို သိလိုက်ကြရ တော့ပြီ။ ထိုအခါ လက်ထောက်မာလိန်မှူးက မနေသာတော့၍ ခရီးသည်များ၏အခန်းတွင်းသို့ဝင်ပြီး အသိပေးရလေတော့သည်။

"မုန်တိုင်းကျနေပြီ၊ ဒါပေမယ့် ... ကိစ္စမရှိပါဘူး။ ဒါ ဖြစ်လေ့ဖြစ်ထရှိတဲ့သဘောပါ၊ သိပ်လည်း အစိုးရိမ်မကြီးကြပါနဲ့"

ဟု ဆိုကာ တစ်ခန်းဝင်တစ်ခန်းထွက်လိုက်ပြီးတော့ ပြော





သည်။ သို့သော် ... ခရီးသည်အချို့ကား မုန်တိုင်းဟူသော စကားကြောင့် အထိတ်တလန့် ဖြစ်ကုန်ကြရလေသည်။

"ဘုရားသခင် ... ကယ်တော်မူပါ"

ဘုရားသခင်ကို တ,ကြသည်။ အချို့က မိမိတို့ကိုးကွယ် သော ပုဂ္ဂိုလ်များကို ယခုမှ သတိရသွားကြကာ အသက်ကို ကယ်တင်ပါရန် အလုအယက်ပင် အားကိုးတကြီးနှင့် ဆုတောင်း ကြသည်။ အကြောက်ကြီးကြောက်၍ သည်းထန်စွာ ငိုကြွေးကြ သူများလည်းရှိကြသည်။ သူတို့သည် မုန်တိုင်းနှင့်မကြုံဘူးကြ သော သူများဖြစ်ကြသည်။

လေရော၊မိုးပါ အဘာက်ဘာက်က ဖွေနှောက်တိုက်ခတ်နေ သည့်အတွက် သင်္ဘောကြီးမှာ ပင်လယ်လဲ၊ ကွယ်ရာမဲ့ဖြစ်နေရ သည်။ ထိုစဉ် တစ်ချက် တစ်ချက်မှာ ဦးထောင်သွားပြန်ရာ–

"အား ... "

"အမလေး ... ကယ်ကြပါဦး"

ခရီးသည်များ၏ အထိတ်တလန့် အော်ဟစ်ကြသံများကို မုန်တိုင်း မွှေခတ်နေသည့်အသံက ဖုံးလွှမ်းသွားခဲ့လေသည်။ မာလိန်မှူးသည်လည်း သင်္ဘောကြီး တိမ်းမှောက်မသွားစေရန် ဂရု စိုက်ပြီးတော့ ထိန်းနေရသည်။ သို့သော် သင်္ဘောကြီးမှာ ပိပိ၏ အခြေအနေကို မသေချာ။ အသက်ဖုတ်လှိုက် ဖုတ်လှိုက် ပင် ဖြစ်နေလေပြီ။

"ကျွန်တော် တောင့်ခံထားလို့ မရတော့ဘူး"

ဟု ညည်းတွားပြီး ပြောနေသယောင်ယောင်။

လှိုင်းလုံးကြီးတွေက ညာကပုတ်ခတ်လိုက်၊ ဘယ်ကပုတ် ခတ်လိုက်ကြနှင့်။ တစ်ဖက်ဖက်ကို စောင်းပြီးတော့ လဲကျတော့



www.burmeseclassic.com

www.burmeseclassic.com



မလိုဖြစ်ဖြစ်သွားခဲ့ရသည်။ ရွက်တွေအားလုံးကို ဖြုတ်ထားခဲ့ကြ၍ သင်္ဘောကြီးမှာ ဦးတည်ရာမဲ့ မျောသွားလိုက်၊ တစ်နေရာတည်းမှာပင် ချာရပတ်လည်နေလိုက်နှင့် အစိုးမရဖြစ်နေသည်။

လှိုင်းလုံးကြီးတွေ တစ်ချက် တစ်ချက်ပုတ်လိုက်လျှင် မသက်သာ။ တုံးလုံးကြီးပဲ လဲကျသွားတော့မလား မှတ်ရသည်။ ရေတွေက သင်္ဘောပေါ်ကနေ တစ်ဖက်ကိုကျော်ပြီးတော့ ထွက်သွားခဲ့ကြသည်။ တစ်ကြိမ်တွင် သင်္ဘောသည် ကျောက်ဆောင်ကြီးတစ်ခုဆီကို ဦးတည်ပြီးတော့သွားနေသည်။ အစိုးမရပင်လယ်ကြီးထဲတွင် ရေအောက်မှ အမှတ်မထင် ထိုးထွက်နေကြသော ထူးဆန်းသည့် ကျောက်ဆောင်ကြီးတွေကလည်း ရှိတတ်ကြသေးသည်။

"ဟာ ... ရှေ့မှာ၊ ကျောက်ဆောင်ကြီး။ ကျောက်ဆောင်ကြီး"

ပဲ့ကိုင်က အားစိုက်ကာ ရုန်းထွက်လိုက်သည်။ ထိုအခါ သင်္ဘောဦးသည် ကျောက်ဆောင်ကြီးဆီကို ဦးတည်ပြီးတော့ သွားနေရာက ပွတ်ကာသီကာ လွဲချော်သွားခဲ့သည်။ ကျောက်ဆောင်ကြီးနှင့်သာ ဝင်တိုက်မိခဲ့လျှင် သင်္ဘောတစ်စီးလုံး ကွဲထွက်သွားမည်။ ကြေမွသွားမည်မှာ အမှန်ပင်။

မုန်တိုင်းက ပို၍ပင် အားကောင်းလာနေသည်။

"ဝူး ... ဝေါ ... ဝေါ ... "

မိုးပေါက်တွေကလည်း ကျလာလိုက်ကြသည်မှာ လှိုင်းလုံးကြီးတွေကို သဲကြီးမဲကြီး။ အချို့လှိုင်းလုံးကြီးများသည် ထူးဆန်းစွာပင် ... လက်တံများသဖွယ် ဖြစ်ပေါ်လာပြီး သင်္ဘောကို ရေအောက်သို့ဆွဲချကြတော့မလို ခြိမ်းခြောက်နေကြသည်။ မည်သို့





နည်းနှင့်ပင်ဖြစ်ပါစေ၊ ကြိုးစားအားထုတ်ကြပေမယ့် လွတ်မြောက်ရန်လမ်းက မမြင်။ မကြာမီ ... အချိန်အတွင်းမှာပင် လေဒဏ်၊ လှိုင်းဒဏ်ကြောင့် ရေအောက်ကို စွပ်ခနဲဆို နစ်မြုပ်သွားရမည်ကို သိထားကြသည်။

"မလွယ်ဘူး ထင်တယ်၊ ငါတို့ရဲ့အသက်ကို သေမင်းရဲ့ လက်ထဲ ဝကွက်ပြီး အပ်ကြရတော့မယ်"

အပုံတစ်ရာပုံ တစ်ပုံပင်လျှင် မျှော်လင့်ချက်က မရှိတော့။ စိတ်ဒုံးဒုံးချထားမိလိုက်ကြသည်။ မျှော်လင့်ချက်ကင်းမဲ့ကြရပြီ။ ကောန်သေဖြစ်ကြပြီဟု ... ။

တိုစဉ် ...

လှိုင်းထန်နေသော ရေပြင်တစ်နေရာက အဖြူရောင်ခပ်ပါးပါးသဏ္ဌာန်ကြီးတစ်ခု ထိုးထွက်လာခဲ့သည်။ ယင်းရှည်မျောမျောအရာကြီးသည် မြွေတစ်ကောင်သဖွယ် လိမ်တွန့်ကာကောင်းကင်ဆီ တမဟုတ်ချင်းပင် တက်လာခဲ့သည်။ အခက်အခဲအကြပ်အတည်းကြားထဲက မြင်လိုက်ကြရသည်။ မြူလိုလို၊ နှင်းလိုလို အစုအဝေးသဏ္ဌာန်ကြီး၏ ထိပ်ပိုင်းသည် လူတစ်ယောက်၏ မျက်နှာသဏ္ဌာန်မျိုးရှိနေသည်။ မတော်တဆဖြစ်တည်မှုကြောင့်လား။ ဘာလားတော့မသိ။ မိန်းကလေးတစ်ဦး၏မျက်နှာနှင့် တူနေသလိုပင်။

အစိုးမရပင်လယ်ကြီးတွင် မုန်တိုင်းကျသည့်အခါ ယခုလို အမှတ်မထင် ရောက်လာတတ်သောအရာ။ ယင်း ... မြွေတစ်



www.burmeseclassic.com

www.burmeseclassic.com



ကောင်လိုလို ကိုယ်ထည်ရှည်လျားလျားသတ္တဝါနက်ကြီးသည် ရေမျက်နှာပြင်ထက်ဆီကို အလုံးစုံ ထိုးထွက်မလာသေး။ ရေအောက်မှာ နစ်မြုပ်နေသေးဟန်တူသည်။ ရှည်လျားသော ကိုယ်ထည်ကြီးသည် နွဲ့နှောင်းတိမ်းယိမ်းကာ ရှိနေသည်။

"ဟာ ... ဟို ... ဟိုမှာ၊ အရှုပ်ဝါမယ်"

တစ်ယောက်က နှုတ်မှလွှတ်ခနဲဆို ထွက်သွားသည်။ သင်္ဘောသားအားလုံးသည် သူတို့အမည်ပေးထားသည့် ယင်းအရာကြီးကို မှန်တိုင်းကြားထဲမှာ လှမ်းပြီးတော့ မြင်လိုက်ကြသည်။ သင်္ဘောကြီးတစ်စင်းလုံး နစ်မြုပ်တော့မည့်ဆဲဆဲ၊ မျှော်လင့်ချက် လုံးဝမရှိတော့သည့်အခြေအနေမျိုးမှာ ကောက်ရိုးတစ်မျှင်ကို တွယ်မိလိုက်ကြသလို ဖြစ်သွားခဲ့ကြသည်။

ယင်းအရာသည် ရေအောက်မှ အမှတ်မထင် ထိုးထွက်လာသော မြူလိုလို၊ မီးခိုးလိုလို အရာတစ်ခုသာ၊ သို့သော် ထိုသူတို့က မည်သည့်အကြောင်းကြောင့် အလေးထားမှုကာ အားကိုးစိတ် ချက်ချင်းပင် ဝင်သွားကြပါသလဲ။ သို့သော် ... မကြာမီမှာပင် ထူးခြားမှုတစ်ခုက ဖြစ်ပေါ်လာခဲ့လေသည်။

ကိုယ်တစ်ဖက်မှတစ်ဖက်ကို ထိုးဖောက်ပြီးတော့ မြင်နေရသည့် ထိုပါးပါးလုပ်လုပ်၊ ရှည်မျောမျောအရာကြီးသည် အောက်ကို ခါးချိုး၍ဆင်းလာကာ သင်္ဘောကြီးတစ်စင်းလုံးကို ရစ်ပတ်လိုက်သည်။ ရေအောက်ကိုထိုးဆင်းသွားပြီး သင်္ဘော၏တစ်ဖက်နံပါးမှ ပြန်ပြီးထိုးထွက်လာသည်။ ဤနည်းဖြင့် ကိုယ်ထည်ကို တစ်ပတ်ပြီးတစ်ပတ် ရစ်ပတ်သည်။ သင်္ဘောကြီးတစ်ခုလုံးကို ယင်း ပါးပါးလုပ်လုပ် မြူငွေ့တန်းလို အရာကြီးက ရစ်ပတ်ကာ ဖုံးလွှမ်းသွားခဲ့သည်။





မုန်တိုင်းကြမ်းကြမ်း၊ လှိုင်းလေထန်ထန်နှင့် ပင်လယ်ပြင်ကြီးက ဘီလူးသဘက်ကြီးတစ်ကောင်ပမာ ပွဲကြမ်းနေစဉ်မှာ သင်္ဘောကြီးသည် တစ်ဦးတစ်ယောက်၏ ဆောင့်ဆွဲခံလိုက်ရသလို ပါသွားခဲ့သည်။ အံ့အားသင့်စရာကောင်းသည်က သင်္ဘောကိုယ်ထည်ကြီးတစ်ခုလုံး ရေပြင်ထက်သို့ မြောက်ခနဲဆို ပါသွားခဲ့ခြင်းပင်။

လေဆင်နှာမောင်းကြီးက စုပ်ယူပြီးဆွဲခေါ်သွားသလိုပင်။

သင်္ဘောသားများနှင့်ခရီးသည်များသည် မမျှော်လင့်သောအဖြစ်အပျက်ကြောင့် အံ့အားသင့်သွားခဲ့ကြရသည်။ သင်္ဘောကြီးသည် မုန်တိုင်းထဲမှ လွတ်မြောက်အောင် ဆွဲထုတ်သွားခြင်းခံနေရသည်။

လေထဲမှာ လွင့်မျောနေသလို မျောပါသွားသည်။

မိမိတို့ သွားလိုရာခရီးကိုပင် သင်္ဘောဦးက လှည့်ပြီးသွားနေသည်။ လျှင်မြန်သော အဟုန်ဖြင့်သွားနေခြင်းပင်ဖြစ်သည်။ မကြာမီ မုန်တိုင်းနှင့်လွတ်ကင်းသောနေရာကို ရောက်လာသည်။ ထိုအခါ ရေပြင်ပေါ်မှာ သက်သောင့်သက်သာပင် ကျသွားခဲ့သည်။

သင်္ဘောကို ရစ်ပတ်ထားသော မြူတွေဝန်းရံဖွဲ့စည်းထားသည်။ ရှည်မျောမျောအရာကြီးသည်လည်း ခပ်လှမ်းလှမ်းသို့ ပြန့်ရောက်သွားသည်။ ထို့နောက် ခါးရှည်ကြီးကို ညွှတ်ချလိုက်ကာ ရေအောက်သို့ တစ်ဖန်ပြန်ပြီးတော့ ငုပ်လျှိုးသွားခဲ့လေသည်။

"ဟေး ... ငါတို့လွတ်ပြီ၊ အသက်ဘေးက လွတ်မြောက်ခဲ့ပြီကွ"



www.burmeseclassic.com

www.burmeseclassic.com



သဘော်သားများ၏ စိတ်အေးဝမ်းသာစွာ အော်ဟစ်လိုက်သည့်အသံများက သဘော်ပေါ်မှာ တစ်ခဲနက် ထွက်ပေါ်လာခဲ့ကြလေသည်။



## အခန်း ( ၂ )
## ရောင်စုံဥူလုံးကြီး

ကုန်တင်သဘော်ကြီးတစ်စင်းသည် တင်ဆောင်လာခဲ့သည့် ကုန်ပစ္စည်းများကို မြို့ရွာအနှံ့ ပို့ဆောင်ပြီးခဲ့ပြီဖြစ်သည်။ အပြန်ခရီးမှာတော့ မည်သည့်ကုန်ပစ္စည်းမှပါမလာ။ ခရီးသည်များပင် ပါမလာခဲ့။ သက်သောင့်သက်သာပင်။ သဘော်သားအချို့နှင့်သာ တာဝန်ကင်းစွာ ပြန်လာခဲ့သည်။

''အဖေ ... သဘော်က မြို့မှာ၊ တစ်ရက်ပဲနားပြီး ချက်ချင်းလိုလိုပြန်လာခဲ့တယ်၊ တကယ်တော့ သားမရောက်ဘူးတဲ့ မြို့လည်းဖြစ်နေတယ်၊ နည်းနည်းပါးပါး လည်ပတ်ဖို့တော့ကောင်းတာပေါ့''

''ဪ ... သားရယ် ကုန်က နောက်တစ်ခေါက်ထပ်ပို့ရဦးမယ်လေ၊ ကုန်သည်တွေက အဖေတို့ကိုစောင့်နေကြမှာ၊ သဘော်က အချိန်မီပြန်ရောက်မသွားရင် တခြားသဘော်နဲ့တင်ကုန်ကြမှာပေါ့၊ အဲဒီတော့ ဖေဖေတို့မှာ ဖောက်သည်ပျက်သွားမှာပေါ့၊ ဒီတစ်ခေါက်မှာ ကုန်တွေပို့ပြီးခဲ့ရင် သဘော်က အဲဒီနေရာကလှည့်ပြီးတော့ ပြန်ရမယ်လေ၊ အဲဒီတော့ မြို့မှာ တစ်ညအိပ်ပြီး သားသွားချင်တဲ့နေရာကို လိုက်ပို့ပေးမယ်လေ''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်၊ သား ... အဲဒါကို မစဉ်းစားဘူး၊ ဖောက်သည်မပျက်ဖို့က အရေးကြီးတာပဲ၊ သားလည်ပတ်ဖို့ကိစ္စက အရေးမကြီးပါဘူး"

"အေး ... ငါ့သားက သဘောပေါက်လွယ်သားပဲ၊ ဒါမှ လိမ္မာတဲ့သားကွ"

ကိုကွမ်းခေတ်က အဂ္ဂပိုင်၏ ခေါင်းကိုပွတ်ကာ ကျေနပ်အားရနေမိသည်။ အသက် ၁၈ နှစ်နှင့် မလိုက်အောင်ပင် လူကောင်ကြီးက ထွားထွားနှင့် မြင့်မားသောအရပ်အမောင်းပိုင်ရှင်။ ဖခင်နှင့်အတူ နှစ်နှစ်ခန့် ပင်လယ်ထဲကို လိုက်နေခဲ့ရာကအစ ပင်လယ်ပျော်ဖြစ်ခဲ့ရသည်။ မြို့တွင် အတန်းပညာကို ဒသမတန်းအထိသင်ယူခဲ့ပြီးမှ ဆက်မသင်ခဲ့။ ထို့ကြောင့် ကိုကွမ်းခေတ်မှ သားဖြစ်သူကို နှမျောနေမိသည်။

"အင်း ... သားက ပညာပါရမီနည်းတာကိုး၊ ဖါ့လိုပဲ ပင်လယ်ရေကြောင်းသွားလာကျက်စားတာကို စိတ်ဝင်စားတယ်ဆိုတော့ ဒီပညာကိုပဲ ဆက်ပြီးသင်ပေးရမှာပေါ့"

အဆိုးထဲမှ ကောင်းကွက်ကိုရွေးကာ စိတ်ဖြေမိရသည်။ သို့သော် မချိတင်ကဲတော့ ဖြစ်မိသည်။ အဂ္ဂပိုင်သည် သင်္ဘောသားများနှင့်လည်း မင်းနိုးသည်။ အားလုံးကလည်း သူ့ကိုတူသားလို၊ ညီငယ်လို ဆက်ဆံကြသည်။ ချစ်ခင်ကြသည်။ သင်္ဘောသည် ရေပြင်ကိုဖြတ်သန်းနေစဉ်မှာ တစ်နေ့သော ညနေချမ်းအချိန် ... နေဝင်ကာရီ တိမ်သောက်နေစဉ် ...

မိုးကုပ်စက်ဝိုင်းကြီးတစ်ခုလုံးသည် ပုစွန်ဆီရောင်သွေးဖြင့် သုတ်လိမ်းထားသလို ကြည့်ကောင်းလှသည်။ နေလုံးကြီးကလည်း အနောက်ဂေါယာကျွန်းဆီကို တစ်ဖြည်းဖြည်းနှင့်ငုပ်လျှိုး



စပြုနေစဉ် ... ရေပြင်ထက်မှာ မည်းမည်းသဏ္ဌာန်တစ်ခုကို အမှတ်မထင် တွေ့လိုက်ကြရသည်။ တစ်ခုခုမျောလာနေသည်ဟု သိနေကြသည်။ ကြည့်နေရင်းကာပင်လျှင် ဖောင်ငယ်လေးတစ်ခု ဖြစ်နေသည်ကို မြင်လိုက်ကြရသည်။ ဖောင်ပေါ်တွင် လူတစ်ယောက်။

"ဟော့ ... ဟိုမှာ ဖောင်တစ်စင်းကွ၊ လူတစ်ယောက်လည်း ပါလာတယ်၊ ကြည့်ရတာ ဒုက္ခရောက်လာတဲ့ပုံပဲ"

ဖောင်သည် ရေစီးအတိုင်း သူတို့၏ရှေ့တည့်တည့်မှသွားနေသည်။ ကိုကွမ်းခေတ်သည် မှန်ပြောင်းဖြင့်ကြည့်လိုက်သည်။ မြင်ကွင်းက အနီးကပ် ချက်ချင်းလိုလိုပင် ရောက်လာသည်။ အသက်လေးဆယ်ကျော်လောက်ရှိမည့် လူတစ်ယောက်၊ ဖောင်ပေါ်မှာ မတ်တတ်ရပ်ကာ နောက်ကို လှည့်ကြည့်နေသည်။ မျက်နှာပြင်မှာလည်း မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးများ ထူထပ်လျက်ရှိသည်။ လက်တစ်ဖက်ကို မြှောက်ပြနေလေသည်။

"ဟော့ ... ဒီလူနောက်ပြန်လှည့်ကြည့်နေတယ် လက်လည်းပြနေတယ်၊ ကျေနော် ငါတို့ကို အကူအညီတောင်းလိုက်တာကလွဲလို့ တခြားမဖြစ်နိုင်ဘူး၊ ကဲ ... အသက်တစ်ချောင်းကယ်ကောင်းပါတယ်ကွာ"

ကိုကွမ်းခေတ် ဘာကိုဆိုလိုသည်ကို သိသွားခဲ့ကြသည်။ အဂ္ဂပိုင် ... သည် ကြိုးတစ်ချောင်းကို လေထဲမှာဝှေ့ဝမ်းကာ ထိုသူဆီကိုပစ်ထည့်လိုက်သည်။ ကြိုးကိုကွင်းလျှောမလုပ်ဘဲ၊ ဒီအတိုင်းပဲ ကျွမ်းကျင်စွာ ပစ်လိုက်သည်က သူ၏ကျွမ်းကျင်မှု၊ ဖောင်ဆီကိုကြိုးက ချက်ချင်းလိုလိုပင် ရောက်သွားခဲ့သည်။ ထိုသူသည် ဖောင်ပေါ်မှနေ၍ ကြိုးကိုဖမ်းယူလိုက်ပြီး ဖောင်စွန်းတစ်ခု



www.burmeseclassic.com

www.burmeseclassic.com



ရာမှာ ကြိုးစကို ချည်နှောင်လိုက်သည်။

ရှေ့ကိုတိုးလာသော သင်္ဘောသည် ဖောင်နှင့်နီးကပ်သွား၏။ သင်္ဘောပေါ်မှ ကြိုးလှေကားတစ်ခုက ကျလာခဲ့လေသည်။

သင်္ဘောပေါ်ကို ရောက်လာသောသူသည် အနက်ရောင် အင်္ကျီဘောင်းဘီတို့ကို ဝတ်ဆင်ထားသည်။ မျက်နှာပြင်ထက်မှာ အမွေးအမြှင်များ ထူပြောနေသော်လည်း မျက်ကင်းကျနေသည်။ မျက်နှာက ခပ်ချွန်းချွန်းဖြစ်သည်။ အထူးသဖြင့် သူ၏မျက်လုံးများသည် ဝံပုလွေတစ်ကောင်၏ မျက်လုံးများကိုပင်။ အကြောင်းအရာတစ်ခုခုကို လျှို့ဝှက်စွာကြံစည်နေမှု၊ ကောက်ကျစ်စဉ်းလဲမှုတို့ဖြင့် ဖွဲ့စည်းကာ သီးခြားတပ်ဆင်ထားသော မျက်လုံးများကဲ့သို့ပင်တည်း။ သူသည် သင်္ဘောပေါ်ကို ရောက်လာသည့်တိုင် စကားတစ်ခွန်းမှမပြော။ အဝတ်အစားလည်းအလဲမခံ။ ကျွေးသည့် အစားအစာကိုတော့ စားသည်။

"အဖေ ... ဒီလူကြီးကိုကြည့်ရတာ တစ်မျိုးပဲ၊ စိတ်ကောင်းရှိမယ့်သူတော့ ဟုတ်ဟန်မထင်ဘူး"

"သူ့မျက်နှာပေးကိုက ဒီလိုပဲရှိနေတယ်ထင်ပါ့ကွယ်၊ ဘယ်လောက်အထိဒုက္ခရောက်လာသလဲ မပြောတတ်ဘူး၊စကားတောင်မပြောနိုင်ဘူး၊ စိတ်ဖိစီးနေတယ်ထင်ပါရဲ့"

"ကျွန်တော်ကတော့ ဒီလိုမထင်ဘူး။ သူ့မျက်လုံးတွေကို ကြည့်ရတာ တစ်ခုခုကို လျှို့ဝှက်ထားတယ်နဲ့တူတယ်၊ အကောင်းတော့မဟုတ်နိုင်ဘူး ... ဆရာ"





လက်ထောက်တာဝန်ခံ မိုးသီးကပါ အကဲခတ်ရင်း ဝေဖန်သည်။

"အေးလေ ... ငါတို့စောင့်ကြည့်ကြတာပေါ့၊ သူ ဘယ်လိုဖြစ်လာခဲ့သလဲဆိုတာ၊ မကြာခင်မှာ ပြောပြလိမ့်မယ်လို့ထင်တယ်"

ပင်လယ်ထဲတွင် အမှောင်ကျလာခဲ့ပြီဖြစ်သည်။ လှိုင်းများသည် တည်ငြိမ်စွာ ကူခြေရစွာပင် သိမ့်မွေ့လျှက်ရှိနေကြသည်။ ရေပြင်ကတော့ အပြာရင့်ရောင် အသွင်သို့ပြောင်းလဲလာခဲ့လေပြီ။ ထိုလူကြီးသည် ကုန်းပတ်ဘာစ်နေရာမှာရပ်ကာ ပင်လယ်ပြင်ကြီးကို ငေးရီပြီးတော့ ကြည့်နေသည်။ လက်ထဲမှာ လွယ်အိတ်တစ်လုံးကို ကိုင်ထားသည်။ လွယ်ကြိုးထိပ်ပိုင်းကို တုံးနှောင်ထားသည်။ သူ၏အနားကို ကိုကွမ်းခေတ် ရောက်လာသည့်ကိုပင် သတိထားမိဟန်မတူ။

"ခင်ဗျား စိတ်တည်ငြိမ်မှုရပြီလား။ ကျုပ် ... မေးစရာရှိလို့"

အမှတ်မထင် ထွက်ပေါ်လာသောအသံကြောင့် သူ ဆတ်ခနဲဆို ဖြစ်သွားခဲ့ရသည်။ သူ့အနားကို လူတစ်ယောက် ရောက်လာသည့်ကိုပင် သတိထားမိခဲ့ဟန်မတူ။ အကြည့်က ကိုကွမ်းခေတ်ဆီကို ရောက်လာခဲ့သည်။ ထိုအကြည့်သည် ကိုကွမ်းခေတ်၏မျက်လုံးထဲမှတစ်ဆင့် ခန္ဓာကိုယ်ထဲအထိ ဖောက်ထွင်းပြီး ဝင်ရောက်သွားခဲ့သည်။ အကြည့်ခံရသူ၏ မခံမရပ်နိုင်ဖြစ်မိရသည့် မျက်လုံးမျိုး။

"ဘာရယ် ... ဘာကိုမေးချင်လို့လဲ"

"ခင်ဗျား ဘယ်လိုဒုက္ခမျိုးစုံနဲ့ ကြုံတွေ့ခဲ့ရပြီး ဖော်[illegible]



www.burmeseclassic.com

www.burmeseclassic.com



မျှောလာခဲ့သလဲဆိုတာ သိချင်လို့ပဲ''

ထိုအခါ သူသည် ဟတ်ခနဲဆို ရယ်လိုက်သည်။ ရယ်လိုက်ပုံက မနိုးမခန့်ပုံမျိုး။ တစ်ခါတစ်ရံမှာ မျက်လုံးတွေက ကြောင်စီစီဖြစ်နေသည်။ ဂနာမငြိမ်၊ ဟိုကြည့် ... ဒီကြည့်နှင့်။

''ကျုပ်လာ။ အဲ ... ကျုပ်စီးလာတဲ့သင်္ဘောကို တောင်ကြီးတစ်တောင်လောက်ရှိတဲ့ ဝေလငါးကြီးတစ်ကောင်က ရန်ရှာတယ်၊ ခေါင်းနဲ့ဝင်တိုက်တယ်၊ သင်္ဘောပျက်တယ်၊ ပင်လယ်ထဲမှာ ချက်ချင်း မြုပ်သွားတယ်၊ ကျုပ်တစ်ယောက်တည်းသာ သင်္ဘောပေါ်က ဖောင်ကိုဖြုတ်ပြီးတော့ လိုက်လာခဲ့လို့ အသက်မသေခဲ့တာ၊ ဒါတောင် ဝေလငါးကြီးက ကျုပ်ကိုတိုက်နိုင်မလို့ လုပ်သေးတယ်၊ ကျုပ်က ခြောက်လှန့်လိုက်လို့ လန့်ပြီးထွက်ပြေးသွားတယ် ... ဟဲ ... ဟဲ''

သူ့စကားက ယုတ္တိမတန်၊ ပင်လယ်ထဲသင်္ဘောပျက်ကြီး ထိတ်လန့်မှုကြီးစိုးကာ သွေးပျက်သွားသည်ဟု ထင်မိသည်။ ထို့ကြောင့် ပြောချင်ရာကို ပြောနေသလားဟု ...

''ခင်ဗျား သိပ်ပြီးတော့ စိတ်ပင်ပန်းနေပြီ၊ အိပ်စက် အနားယူလိုက်ပါဦး ...''

''အင်း ... အင်း ...''

''ဒါနဲ့ ... ခင်ဗျားရဲ့နာမည်ကို ဘယ်လိုခေါ်ပါသလဲ''

''ငါ့နာမည်လား ... နေဦး ...''

မျက်နှာက မိုးပေါ်ကိုမော့ပြီး ကြယ်တွေကို ကြည့်သည်။

''ငါ့နာမည် ... ငါ့နာမည်က ရွှဲ ... ရွှဲတဲ့''

ကိုကွမ်းခေတ် သက်ပြင်းချမိလိုက်သည်။ ကြယ်တွေကို ကြည့်ပြီး ... သူ့ကိုယ်သူ ရွှဲဟု ပြောလိုက်ခြင်းပင်ဖြစ်သည်။





''ကောင်းပါပြီ ... ဦးရွှဲ ... လာ''

ကိုကွမ်းခေတ်က ဦးရွှဲ အိပ်စက်ရမည့်အခန်းကို ပြပေးလိုက်လေသည်။

ကိုကွမ်းခေတ်သည် သင်္ဘောသားတစ်ယောက်ကို တိုးတိုးတိတ်တိတ်ပင် မှာကြားထားသည်။

''သူ့ကို မကြာမကြာသွားကြည့်၊ မင်းတို့နှစ်နာရီတစ်ခါလူလဲ၊ ငါတော့ ... သူ့ကိုစောင့်ကြည့်ဖို့ လိုမယ်လို့ထင်တယ်''

''ဟုတ်ကဲ့ ... ဆရာ''

သင်္ဘောသားသည် ကိုကွမ်းခေတ်မှာထားသည့်အတိုင်း ဦးရွှဲကို အကဲခတ်ရန် မကြာမကြာသွားရှုကြည့်သည်။ ပထမတစ်ကြိမ်က ထိုသူသည် အိပ်နေသည်။ နောက်တစ်ကြိမ် သွားကြည့်စဉ်တွင် ထူးခြားမှုတစ်ခုကို မမျှော်လင့်ဘဲ တွေ့လိုက်ရသည်။

''ဆရာ့ကို သွားပြောမှပဲ''

ထို့ကြောင့် ... ပဲ့စင်တွင် တာဝန်ထမ်းဆောင်နေသော ကိုကွမ်းခေတ်ကို သွားပြောလေသည်။

''ဆရာ ... ခဏ''

ကိုကွမ်းခေတ်သည် ထူးခြားမှုတစ်ခုရှိနေပြီကို သိလိုက်သည်။ ထို့ကြောင့် ...

''မိုးသီး ... မင်း ... ခဏနေကွာ၊ ငါလိုက်ကြည့်လိုက်မယ်''



www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်ကဲ့''

ထိုသူနှင့်အတူ ဦးရွှဝံ၏ အခန်းဆီကိုရောက်သောအခါ ထူးခြားမှုတစ်ခုကို မမျှော်လင့်ဘဲ တွေ့လိုက်ရလေသည်။ ယင်းကား _ ဦးရွှဝံသည် စားပွဲပေါ်မှာတင်ထားသော အရာကြီးတစ်ခုကို စိုက်ကြည့်နေသည်။ ထိုအရာကြီးသည် အခြားမဟုတ်။ ရွှဲလုံးကြီးတစ်လုံးပင်တည်း။ ရွှဲလုံးကြီးသည် စားပွဲပေါ်မှာ တည်ငြိမ်စွာ ပင်ရှိနေသည်။ ဟို … ဒီရွေ့လျားခြင်းမရှိဘဲ တည်ငြိမ်နေခြင်းသည် လှိုင်းလေတည်ငြိမ်၍ သင်္ဘောလည်း တည်ငြိမ်နေသောကြောင့်ပင်ဖြစ်သည်။

စားပွဲပေါ်ရှိ ရွှဲလုံးကြီးသည် ဟိုဒီ့လိမ့်သွားခြင်းမရှိဘဲ ငုတ်စွဲနေသလို တည်ငြိမ်လျက်ရှိသည်။ ထူးခြားမှုမှာ နီ၊ ဝါ၊ ပြာ၊ ဖြူ၊ စိမ်း အရောင်တစ်မျိုးစီ ထွက်နေခြင်းပင်ဖြစ်သည်။ တောက်ပသောအလင်းရောင်များသည် အခန်းထဲတွင် မှန်းဆင်းလျက်ရှိနေသည်။ ဦးရွှဝံ၏မျက်နှာနှင့် ကိုယ်လုံးပေါ်မှာလည်း ရောင်စုံအလင်းများက တဖျတ်ဖျတ်နှင့် ပြေးသွားလျက်ရှိနေကြသည်။

ရွှဲလုံးကြီးထဲတွင်ရှိနေသော ယင်းအလင်းရောင်များသည်လည်း လုံးထွေးပြီး ချာချာလည်လျက်ရှိနေကြသည်။ ဦးရွှဝံသည် ထိုင်ခုံမှာထိုင်ကာ ရွှဲလုံးကြီးကို စိုက်ကြည့်နေသည်။ နှုတ်ကလည်း ဆိမန်းမန်းသလို တတွတ်တွတ်နှင့်ရှိနေသည်။ သူဘာစ်ယောက်တည်း ဘာတွေပြောနေမှန်းမသိ။ ပတ်ဝန်းကျင်ကိုလည်း ဂရုမစိုက်ချေ။

''ဒီလူဟာ ရွှဲလုံးကြီးကိုကြည့်ပြီးတော့ ဘာတွေလုပ်နေတာလဲ၊ ဒီရွှဲလုံးကြီးထဲကလည်း အလင်းရောင်တွေမျိုးစုံထွက်နေ





ကြတယ်၊ ပဉ္စလှည့်(မျက်လှည့်)ပညာများ တတ်မြောက်ထားသလား''

တအံ့တသြနှင့် ကြည့်နေမိကြသည်။ တစ်ခဏအကြာတွင် ဦးရွှဝံသည် ရွှဲလုံးကြီးကိုပယူကာ အိတ်ထဲသို့ ပြန်ထည့်လိုက်သည်။ ရွှဲလုံးကြီးကို သူ့လက်နှင့်ထိမိလိုက်သည်နှင့်ပင် ရောင်စုံအလင်းများက ပျောက်ကွယ်သွားခဲ့သည်။ သို့သော် ပြာလဲ့လဲ့အလင်းရောင်တစ်မျိုးတည်းသာ ကျန်ရစ်ခဲ့သည်။ ထူးခြားချက်တစ်ခုကိုထပ်ပြီးတော့ တွေ့လိုက်ရသည်မှာ ရွှဲလုံးကြီးထဲတွင် မျက်လုံးသဏ္ဌာန်ရှိသော အရာတစ်ခုက လှုပ်ရှားနေခြင်းပင်။

ဖန်ခေါ်လီလုံးထဲတွင် မျက်လုံးသဏ္ဌာန်၊ ဖဲပြားသဏ္ဌာန်ရောင်စုံအလှများကို ထည့်သွင်းထားသလိုပင်။ ယင်းရွှဲလုံးကြီးသည်လည်း ဖန်ခေါ်လီအကြီးစားနှင့် သဏ္ဌာန်တူသည်။

အိတ်ထဲသို့ ပြန်ရောက်သွားသည့် ရွှဲလုံးကြီး၏အလင်းရောင်သည် ဆိတ်သုဉ်းသွားသည်။ အပြင်ကို ရောက်မလာတော့ပေ။

ဦးရွှဝံ အိပ်ရာထက်မှာ တုံးအိပ်လိုက်စဉ်မှာ သူတို့သည် ထိုနေရာမှ ထွက်လာခဲ့ကြသည်။ မြင်တွေ့ခဲ့သမျှကို မိုးသီးအား ပြောပြသည်။

''ဆရာ _ ဒီလူကြီးဟာ သင်္ဘောမျက်ပြီးရောက်လာတာ ဟုတ်မှန်သား။ အကြီးအစည်တစ်ခုခုရှိလို့ ကျွန်တော်တို့ သင်္ဘောပေါ်ကို ဉာဏ်ဆင်ပြီး တက်လာခဲ့တာလားဆိုတာ ဘယ်ဟာမှ မသေချာဘူး …

တစ်ခုတော့ရှိတယ်၊ တစ်ခုခုကို စိတ်ဝင်စားပြီး ရှာသွပ်နေတဲ့ လက္ခဏာမျိုးပဲ၊ သူ့ရွှဲလုံးကြီးဆိုတာက ကိုယ်နဲ့မကွာ



www.burmeseclassic.com

www.burmeseclassic.com



ထားထားတာ ဘာအဓိပ္ပာယ်လဲ၊ စိတ်မနှံ့ချင်ယောင်ဆောင်နေတာလည်းဖြစ်နိုင်တယ်၊ မယုံနဲ့နော် ဆရာ''

မိုးသီးကတော့ ထိုလူကြီးကို လုံးဝပင် အယုံအကြည်မရှိပေ။



## အခန်း ( ၃ )
## ရေသူမသင်္ဘောပေါ်က ဓားပြီဖျူးအသစ်

ဦးရှုဝံသည် နောက်တစ်နေ့ နံနက်တွင် အိပ်ရာမှစောစီးစွာ နိုးလာသည်ကို တွေ့ရသည်။ သူ၏အမူအရာသည် အေးအေးဆေးဆေးပင်။ စိတ်တည်ငြိမ်မှုရနေသည့်မျိုး။ မည်သူ့ကိုမှ စကားမပြော။ တစ်ညလုံး သွားနေသောသင်္ဘောသည် မကြာမီမှာပင် မူလဆိပ်ကမ်းမှာ ဆိုက်ကပ်လာသည်။ ဤကား ... ကိုကွမ်းခေတ်၏ ဓာတီရပ်ရွာပင်တည်း။

သင်္ဘောသည် တစ်ပတ်နားပြီး ကုန်တင်ကာ ခရီးဆက်ထွက်ရမည်ဖြစ်သည်။ သင်္ဘောသားများသည် မိမိတို့၏နေအိမ်များဆီကို ခေတ္တခဏ ပြန်ကြသည်။ ဝယ်ခြမ်းလာသော အစားအစာများ၊ ပစ္စည်းများနှင့် လုပ်အားခများကို အိမ်သူများထံ ပေးအပ်ကြသည်။ သုံးရက်မြောက်နေ့တွင်ပြန်လာကာ သင်္ဘော၏လိုအပ်ချက်များကို ပြုပြင်ကြသည်။ မိုးသီးနှင့်တကွ သင်္ဘောသားငါးယောက်သည် ရေသူမသင်္ဘောကို မိမိ၏သင်္ဘောပမာ သဘောထားကြသည်။ ဂရုတစိုက်ရှိကြသည်။ ကိုကွမ်းခေတ်ကိုလည်း ချစ်ခင်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သင်္ဘော ဆိပ်ကမ်းတွင် ကပ်သည့်အချိန်ကစပြီး သင်္ဘော ပေါ်က မဆင်းသူမှာ ဦးရှုဝံပင်ဖြစ်သည်။

"သား ... ဦးရှုဝံကို သွားမေးစမ်းကွာ၊ ဘယ်ကိုပြန်မှာ လည်းလို့"

"ဟုတ်ကဲ့"

ဦးရှုဝံသည် သင်္ဘောကုန်းပတ်တစ်နေရာတွင် ရပ်လျက်ရှိ နေသည်။ ရေပြင်ကြီးကို အဓိပ္ပာယ်မဲ့ ငေးပြီးတော့ ကြည့်နေလေ၏။

"ဦး ... အဖေက မေးခိုင်းလိုက်တယ်၊ ဘယ်ကိုပြန်မှာ လဲတဲ့"

ဦးရှုဝံသည် အဂ္ဂပိုင်ကို လှည့်မကြည့်၊ အနားကိုလူတစ် ယောက်ရောက်နေသည်ကိုပင် သတိထားမိဟန်မတူ။ ထိုလူကြီး သည် တမင်ဟန်ဆောင်နေသည်ဟု ထင်မိသည်။

"ဦး ... အဖေက မေးခိုင်းလိုက်တယ်၊ သင်္ဘောကမ်း ကပ်တာကြာပြီ၊ ဘယ်ကိုပြန်မှာလဲတဲ့"

ထိုကဲ့သို့ သုံးကြိမ်တိတိပြောလိုက်တော့မှ ...

"ငါ ဘယ်ကိုမှမသွားဘူး၊ ဒီသင်္ဘောပေါ်မှာပဲနေမယ်"

"ဟာ ... ဒီလိုဘယ်ဖြစ်မလဲ ဦးရဲ့၊ ဦးကို အဖေက ပင် လယ်ထဲက ကယ်တင်လာခဲ့တာလေ၊ ခရီးသည်မှမဟုတ်ဘဲ၊ သင်္ဘောကမ်းကပ်ရင်တော့ ကိုယ့်နေရပ်ကို သွားရမှာပေါ့"

ထိုအခါ ဦးရှုဝံသည် အဂ္ဂပိုင်ကို ခပ်ပြုံးပြုံးပင် ကြည့်လိုက် သည်။ ထိုသို့အကြည့်ခံလိုက်ရ၍ စိတ်ထဲမှာ တစ်မျိုးခံစားလိုက် ရသည်။

ဝံပုလွေမျက်လုံးတစ်စုံ၏ စူးလဲစွာ အကြည့်ခံလိုက်ရ





သလို၊ မိမိ၏ စိတ်ဓာတ်၊ ခွန်အားတွေကိုလည်း နှုတ်ယူဖို့ ကြိုး စားလိုက်သလားဟု ထင်မိရသည်။

"ငါ့မှာ သွားစရာမရှိဘူး၊ ငါက ခြေသလုံးအိမ်တိုင်သမား နေစရာအိမ်မရှိလို့ သင်္ဘောပေါ်မှာပဲနေမယ်"

ဦးရှုဝံက ပိုင်စိုးပိုင်နင်းပင် ပြောလိုက်သည်။ ထိုအခါ အနားကိုရောက်လာသော မိုးသီးသည် ...

"ခင်ဗျားသဘောနဲ့ ခင်ဗျားနေလို့မရဘူးလေ၊ ဒီသင်္ဘော ပိုင်ရှင် ဆရာကိုကွမ်းခေတ်ကို အသိပေးရမှာပေါ့"

"ဩော် ... ဒီလိုလား၊ ဒါဆိုရင် မင်းတို့ဆရာကို ခေါ် လာခဲ့လေ"

"ဟာ ... ဒီလူ၊ တော်တော်ရိုင်းပျပါလား၊ ခင်ဗျားကိုယ် တိုင်သွားပြောရမှာဗျ၊ သူက သင်္ဘောပိုင်ရှင်၊ လူကြီး ဘာလဲဗျ ပလေးမစားနဲ့"

မိုးသီးသည် ဦးရှုဝံကို စိတ်ပေါက်ပေါက်နှင့် လက်မောင်းမှ ကိုင်ကာ ဆွဲခေါ်သွားခဲ့လေသည်။

"ဒီလူက သင်္ဘောပေါ်က မဆင်းဘဲ ဂျစ်ကန်ကန်လုပ် နေတယ်၊ ဘယ်လိုလုပ်မလဲ ဆရာ"

"ဟင် ... ဟုတ်လား၊ ခင်ဗျားက ဘယ်လိုလဲ၊ ခရီး သည်တွေအားလုံး ဆင်းသွားကြလျက်သားနဲ့ မဆင်းဘူးဆိုတော့ ဒီလိုမလုပ်နဲ့လေ"

"ငါ ဘယ်ကိုမှ သွားစရာမရှိဘူး၊ အိမ်လည်းမရှိဘူး၊ ဒါကြောင့်မို့ ဒီမှာပဲ နေပါရစေလို့ပြောတာ"

"မဟုတ်သေးပါဘူး၊ ခင်ဗျားမှာသွားစရာ နေစရာမရှိဘူး ဆိုတာ ဘယ်နည်းနဲ့မှမဖြစ်နိုင်ဘူး၊ ဒီသင်္ဘောပေါ်မှာ လူမနေ



www.burmeseclassic.com

www.burmeseclassic.com



ရဘူးဗျ၊ ခရီးထွက်တဲ့အချိန်မှာသာ ခွင့်ပြုထားတာ၊ ဒါစည်းကမ်းပဲ၊ ဒီတော့ ... ဘယ်သူမဆို၊ ကိုယ့်ဘဝ၊ ကိုယ့်အကြောင်းနဲ့ပဲလေ၊ ကိုယ့်ဇာတ်ကိုယ်ကရမှာပေါ့၊ ဒါလောက်အထိ ခွင့်ပြုထားတာပဲ လွန်လှပြီ''

''မင်းက တော်တော်စည်းကမ်းကြီးတာပဲ တကယ်လို့ကွာ၊ ငါက သဘောသားအဖြစ်နဲ့ လိုက်ပါခွင့်ပြုပါလို့ဆိုရင်ကော''

''မလိုတော့ဘူး၊ ဒီမှာက လူတွေကွက်တိပဲ၊ ပြီးတော့ ခင်ဗျားဟာ ဒါလောက်ကြမ်းတမ်းတဲ့အလုပ်တွေကိုလည်း လုပ်နိုင်မှာမဟုတ်ပါဘူး၊ တွယ်ကပ်မနေစမ်းပါနဲ့ဗျာ၊ ကျွန်တော်တို့ကို စိတ်အနှောင့်အယှက်မပေးပါနဲ့''

ထိုအခါ ဦးရှုဝံ၏မျက်နှာသည် တစ်မျိုးပြောင်းလဲသွားခဲ့သည်။

''ငါက မင်းတို့ကို တွယ်ကပ်နေတာမဟုတ်ပါဘူးကွာ၊ တကယ်ကို အခက်အခဲရှိလို့ ပြောနေတာပါ၊ ဒီလိုလုပ်ကွာ၊ ငါ မင်းတို့သဘောကို လေ့လာမိသလောက်ဆိုရင် ထမင်းချက် မရှိဘူး၊ ကြုံရာလူက ဝင်ပြီးတော့ ချက်နေရတယ်မဟုတ်လား၊ ငါ့ကို ထမင်းချက်နေရာမှာထားပါလား၊ ငါ ... ထမင်းကောင်းကောင်းချက်တတ်ပါတယ်ကွ''

ဦးရှုဝံသည် အလျော့မပေးဘဲ တစ်မျိုးပြီးတစ်မျိုး ပြောလာခဲ့သည်။ လူတွေကတော့ ကိုကွမ်းခေတ်၏မျက်နှာကိုသာ ကြည့်နေကြလေသည်။ သူတို့သည် ဦးရှုဝံကိုမြင်ပြင်းကပ်နေကြလေပြီ။ ထမင်းချက်အဖြင့် ငှားထားသောသူကလည်း အလုပ်မှ ထွက်သွားခဲ့သည်မှာ အမှန်ပင်ဖြစ်၏။ သဘောထွက်နေသည့် အချိန်မှာ အမြီးအမောက်မတည့်ဘဲ ကြုံသလို ချက်ပြုတ်ကာ





စားသောက်ကြရသည်။

ထို့ကြောင့် ခံတွင်းမတွေ့ကြပေ။

''အင်း ... သူ တကယ်နေစရာ သွားစရာမရှိလို့၊ ခုလို အမျိုးမျိုးပြောပြီး ခယနေတာဖြစ်မှာပဲ''

''ခင်ဗျား ... ထမင်းဟင်း ကောင်းကောင်းချက်တတ်လို့လား၊ ကိုယ့်နာမည်အရင်းကိုတောင် မမှတ်မိတဲ့သူက၊ ဟင်းအစပ်အဟပ်တည့်ပါ့မလား''

''မင်းတို့ ငါချက်တဲ့ ဟင်းကိုစားကြည့်ကြပေါ့ကွာ၊ အားလုံးလျှာလည်သွားမယ်၊ ဒွေမျိုးမေ့သွားမယ်၊ ငါ့အတွက်နေဖို့ ကျောခင်းစာတစ်နေရာရရင် တော်ပြီ၊ လခလည်း ပေးစရာမလိုဘူး၊ ငါ့ကိုလက်ခံမလား''

''ကောင်းပြီလေ၊ ခင်ဗျားကို စာနာလို့ တောင်းဆိုတာ လက်ခံလိုက်မယ်၊ တစ်ခုတော့ရှိတယ်၊ ကျွန်တော့်လူတွေနဲ့ သဟဇာတဖြစ်အောင် နေရမယ်နော်''

''စိတ်ချပါ၊ နောက်ဆိုရင် သဘောသားတွေက ငါမှငါ ဖြစ်ကုန်ကြလိမ့်မယ် ... ဟဲ ... ဟဲ ... ငါပေါင်းတတ်ပါတယ်ကွ''

ဦးရှုဝံသည် ကိုကွမ်းခေတ်ကို ကျေးဇူးတင်သည်လည်း မပြော၊ ခပ်တည်တည်နှင့်ပင် အနားက ထွက်သွားခဲ့လေသည်။

''ဆရာ ... သူ့ကိုလက်ခံလိုက်တာ မှားများနေမလား မသိဘူး ... ဒီလူကြီးဟာ စိတ်မှန်ပုံမရဘူး၊ ရူးနှမ်းနှမ်းအသွင်နဲ့ ပြောရင် ကျွန်တော်တို့လူတွေနဲ့ မတော်မတည့်တာတွေ ဖြစ်ကုန်ဦးမယ်''

''ဟုတ်တယ်အဖေ၊ ဒီလူကြီးဟာ ရူးချင်ယောင်ဆောင်ပြီး



www.burmeseclassic.com

www.burmeseclassic.com



အကြီးအစည်တစ်ခုခုနဲ့ ရောက်လာတာလားမှ မသိတာ''

အဂ္ဂပိုင်ကလည်း မသက်သာစိတ်ဖြင့် ဝင်ပြောသည်။

''သူ တကယ်ဒုက္ခရောက်လာတာထင်လို့ ငါကူညီလိုက်တာပဲ၊ တကယ်လို့ ငါ့အပေါ်မှာ မကောင်းကြံစည်မယ်ဆိုရင်တော့ သူကြုံမှာနဲ့သူပဲ''

ကိုကွမ်းခေတ်က တည်ငြိမ်သောလေသံဖြင့် ပြောလိုက်လေသည်။ တကယ်တော့ သူသည် ယုံလွယ်တတ်သူမဟုတ်ပေ။ ဦးဂူဝံ တကယ်ဒုက္ခရောက်နေသည်ဟုထင်၍ လိုက်လျောလိုက်ခြင်းသာ။ ချက်ချင်းမှာပင် သူမှားများ မှားသွားသလားဟု ထင်မိလိုက်သေးသည်။ ကွယ်ရာတွင် အဂ္ဂပိုင်က မိုးသီးကို ...

''အစ်ကို စဉ်းစားကြည့်ဗျာ၊ ဒီလူကြီးရဲ့ တစ်ကိုယ်လုံးမှာ အထူးခြားဆုံးက သူ့မျက်လုံးတွေပဲ၊ သူ့မျက်လုံးတွေနဲ့ လူတစ်ယောက်ကို ကြာကြာစိုက်ကြည့်ရင် အကြည့်ခံရတဲ့သူက စိတ်ခေတ်ပျော့ညံ့လာသလားမသိဘူး၊ အဖေက တော်ရုံလူစိမ်းကို လက်ခံတာမဟုတ်ဘူး၊ ပြီးတော့ ... ဒီလူကြီးက အဖေနဲ့ပဲ ပြောချင်တယ်၊ အဖေပြီးမှ ပြီးမှာကိုးဗျ၊ အဖေ ... ဒီလိုစိတ်ညွတ်လာအောင် ဒီမျက်လုံးတွေကို အသုံးချလိုက်သလားမသိဘူး''

''အင်း ... ဘယ်သူမဆို ရိုးသားတယ်၊ မရိုးသားဘူးဆိုတာ မျက်လုံးအကြည့်နဲ့ မျက်နှာအမူအရာက ပေါ်လွင်နေတတ်တယ်''

''ငါလည်း ဒီလူ့မျက်လုံး အကြည့်တွေကို မကြိုက်ဘူးကွကဲပါလေ ... ငါတို့အားလုံး ဒီလူ့လှုပ်ရှားမှုကို စောင့်ကြည့်ကြသေးတာပေါ့၊ အားလုံးကိုလည်း မှာထားရဦးမယ်''





မိုးသီးက အဂ္ဂပိုင်၏ကျောကိုပုတ်ကာ နှစ်သိမ့်လိုက်လေသည်။

ဦးဂူဝံသည် သည့်နောက်ပိုင်းတွင် အေးဆေးသော အမှု...ရာသို့ ပြောင်းသွားခဲ့သည်။ သူ့ကို စားဖိုဆောင်မှာပင် နေရာ...ပေးထားသည်။ သင်္ဘောတစ်ပတ်ထွက်လျှင် အသွားအပြန် ရက်...ဆယ်ခန့်ကြာတတ်သည်။ ထိုရက်အတွင်းမှာ လက်ခံထား...သော ကုန်ပစ္စည်းများကို တင်သည်။

တစ်ဖန် ကုန်သည်များက မှာယူထားသော ကုန်ပစ္စည်း...ရင်းများကို လက်ခံသည်။ သင်္ဘောဆိုက်ကပ်သော မြို့များမှ ...ပြီးတော့ တင်ဆောင်လာခဲ့ရမည့် ကုန်ပစ္စည်းများ ယင်းစာ...အင်းကိစ္စများကို မိုးသီးက တာဝန်ယူရလေသည်။ သင်္ဘော...များဖြစ်ကြသော ဆင်ပေါက်၊ ခေါင်းကြီး၊ မဏိ၊ အံပွားနှင့်...တူတို့မှာ ကုန်ပစ္စည်းများကို တင်ရာတွင် နေရာချရခြင်း၊ ...ထဏ်၊ မိုးဒဏ်ခံနိုင်စေရန် အဖုံးအကာများ ပြုလုပ်ပေးရခြင်း၊ ...ည်တို့ကိုလည်း တာဝန်ယူကြရလေသည်။

ထို့အပြင် သင်္ဘောနှင့် ပတ်သက်သော ကိစ္စအဝဝတို့ကို ...း ကျွမ်းကျင်ပြီးသားဖြစ်ကြသည်။ လှည့်ကြည့်စရာပင် မလို...။ သူတို့အားလုံးသည် ရေသူမကို မိသားစုပိုင်သင်္ဘောဟု ...ထားကြသည်။ ခရီးမထွက်မီမှာလည်း သင်္ဘောအတွက် ...သမျှကို ဂရုစိုက်ကာ ဆောင်ရွက်သည်။ လိုလေသေးမရှိ ...င် ပြုပြင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနှင့် နောက်သုံးရက်မြောက်အကြာတွင် သင်္ဘောက ဆိပ်ကမ်းမှ ထွက်ခွာခဲ့လေသည်။

သင်္ဘောပေါ်မှာလည်း ရိက္ခာက အပြည့်အစုံပါလာခဲ့သည်။ ဦးရှုဝံသည် နေ့ခင်းပိုင်းတွင် သူ၏စားဖိုခန်းထဲတွင်သာ တကုတ်ကုတ်နှင့် အလုပ်ရှုပ်နေခဲ့သည်။ အပြင်ကို လုံးဝမထွက်တော့ပေ။ စကားလည်း မပြောတော့။ သူတာဝန်ယူထားသည့်အတိုင်း ချက်ရေးပြုတ်ရေးကိစ္စများနှင့်သာ လုံးပန်းလျှက်ရှိသည်။

စားသောက်ချိန်ရောက်လျှင်လည်း ကိုကွမ်းခေတ်က သင်္ဘောသားများကိုသာ အရင်စားစေသည်။ ပြီးတော့မှ ... သူ မိုးသီးနှင့်အဂ္ဂပိုင်တို့ကစားကြလေသည်။ ဦးရှုဝံ၏လက်ရာက မဆိုး။ အားလုံးက ခံတွင်းတွေ့ကြလေသည်။

''ခုတော့လည်း ... ဒီလူကြီးက ငြိမ်သွားပါလားဆရာ၊ စကားလည်း သိပ်မပြောတော့ဘူး''

''သူ့ကိုအလုပ်ပေးထားတော့ ဘဝင်ကျသွားတယ်နဲ့တူပါ တယ်ကွာ ... ပြီးတော့ ကျောခင်းစရာလည်း ရသွားတာကိုး''

သို့သော် ... ဦးရှုဝံကို စိတ်ဒုံးဒုံးချပြီးတော့ မနေကြ အားလုံးလေ့လာအကဲခတ်နေကြဆဲ။ ညဘက်ကိုရောက်လာခဲ့ရင် တော့ သူ့အိတ်ထဲမှ ရွှဲလုံးကြီးကိုထုတ်ကာ စားပွဲပေါ်တင်ပြ ကြည့်နေတတ်သည်။ တစ်ခါတရံတွင် ရွှဲလုံးကြီးသည် အလင် ရောင်မျိုးစုံထွက်လျှက်ရှိသည်။ အထဲတွင် တိမ်ခိုးလိုလို၊ မြူ လိုအရာများက လွင့်ပါးနေတတ်သည်။ ယင်းတို့အထဲတွင် ပေါ်



လာတတ်သည်က မျက်လုံးလိုလို အရာတစ်ခုပင်။

''ဒီလူကြီးဟာ သူ့ငယ်ပြန်နေသလားမသိဘူး၊ ကစားစရာ တစ်ခုလိုသဘောထားပြီး ... ဒါကိုပဲ ထုတ်ကစားနေတာပဲ''

''အင်း ... လူတစ်ကိုယ် ဝါသနာတစ်မျိုးပေါ့လေ၊ ဒါ ပေမယ့် ဒီလိုရွှဲလုံးမျိုးကို ငါတစ်ခါမှ မမြင်ဖူးသေးဘူး မိုးသီး၊ သူ့ရွှဲလုံးက အလင်းရောင်လည်းထွက်တယ်၊ အထဲမှာလည်း သဏ္ဌာန်မျိုးစုံ ရှိနေကြတယ်၊ ပြီးတော့ ... အဲဒီသဏ္ဌာန်တွေဟာ လှုပ်ရှားသွားလာနေကြတယ်''

''ဟုတ်တယ်ဆရာ၊ ကျွန်တော်လည်း တစ်ခါမှ မမြင်ဖူး ဘူး၊ သူ့ဒီရွှဲလုံးကို ဘယ်ကရလာသလဲမသိဘူး''

''ငါသိရသလောက်ဆိုရင်တော့ အိန္ဒိယမှာရှိတတ်တယ်တဲ့ မျက်လှည့်ဆရာတွေ သုံးတတ်တယ်လို့တော့ ပြောတာပဲ''

ကိုကွမ်းခေတ်နှင့် မိုးသီးတို့သည် ဦးရှုဝံ၏ အပြုအမူကို တစ်နေရာမှ အကဲခတ်ကာ ကြည့်နေကြခြင်းပင်။ သင်္ဘော ပင်လယ်ထဲမှာသွားနေစဉ် ညဘက်အချိန်၌ ဦးရှုဝံသည် ထိုရွှဲလုံးကို သင်္ဘောကုန်းပတ်ပေါ်သို့ ယူလာတတ်သည်။

မိုးကောင်းကင်သည် မြူမှောင်ဝေကင်းကာ ကြယ်များ လည်းစုံလင်နေသည်။ ယင်းအချိန်တွင် ဦးရှုဝံသည် ရွှဲလုံးကို လက်နှစ်ဖက်နှင့်ကိုင်မြှောက်ထားတတ်သည်။ ထိုအခါ ရွှဲလုံးသည် အရောင်မျိုးစုံပိုပြီးတော့ တောက်ပလာသည်၊ အထဲမှ သဏ္ဌာန် များသည်လည်း အထက်၊ အောက်၊ ဘေးဘီပတ်ချာလှည့်ကာ လည်ပတ်လျှက်ရှိနေကြသည်။ ရွှဲလုံးမှထွက်လာသော အလင်း ရောင်များသည် ဝန်းကျင်တွင် သက်ရောက်လျှက်ရှိနေသည်။

ရွှဲလုံးသည် ကြယ်များ၏အလင်းရောင်များ သောက်ဆိုး

www.burmeseclassic.com

www.burmeseclassic.com



နေသလိုထင်ရသည်။ သေချာစွာကြည့်လျှင် ဦးရူဝံ၏နှုတ်မှ တစ်ခုခုရွတ်ဖတ်နေသလို မသိမသာလှုပ်ရှားလျှက်ရှိနေသည်ကို တွေ့ရပေမည်။



## အခန်း ( ၄ )
## နှာခေါင်းနီနီနဲ့လူ

ရေသူမသည် ပါလာသည့်ကုန်များကို မြို့နှစ်မြို့တွင် အသီးသီးချပေးခဲ့သည်။ ထိုမြို့များမှ ကုန်များကိုလည်း ပြန်ပြီးတော့တင်သည်။ အချိန်သုံးရက်ပေးရသည်။

"အဖေ ... သားမြို့ပေါ် ခဏဆင်းလိုက်ဦးမယ်"

"အေး ... သိပ်ဝေးဝေးမသွားနဲ့သား ... ထမင်းကို သင်္ဘောပေါ်မှာပဲ ပြန်ပြီးတော့စား ... ကြားလား"

"ဟုတ်ကဲ့ ... အဝေးကြီးမသွားပါဘူး။ ဟိုနား ဒီနား လောက်ပါပဲ ... ပစ္စည်းဝယ်ချင်လို့ပါ"

ကိုကွမ်းခေတ်သည် သားဖြစ်သူ အဂ္ဂပိုင်ကို မိမိနှင့်အတူ ရင်အုပ်မကွာထားသည်။ မိတဆိုးလေးမို့ သနားမိသည်။ ဆယ်နှစ်သားလောက်ကပင် ဖနီးကဆုံးပါးသွားခဲ့သည်။ လောကကြီးထဲက ပျောက်ကွယ်သွားသည်မှာ စကားအဖြစ်မဟုတ်၊ တကယ်ကို အစအနရှာမရဲတော့ခြင်းပင်။ သင်္ဘောပေါ်က ကျသွားခဲ့သော ကြောင့်ပင်ဖြစ်သည်။ အစိုးမရပင်လယ်ကြီးထဲတွင် မုန်တိုင်းက



www.burmeseclassic.com

www.burmeseclassic.com



ခဲ့စဉ်က လှိုင်းတစ်လုံးက သင်္ဘောပေါ်ကို ရုတ်တရက် ကျော်တက်လာခဲ့သည်။ မိမိ၏ဇနီးသည် မမိုးတိမ်ကို ထိုလှိုင်းကြမ်းကြီးက ရိုက်ပုတ်ချကာ တစ်ပါတည်း ခေါ်ဆောင်သွားခဲ့လေသည်။

မုန်တိုင်းစဲသွားသောအချိန်တွင် ရေသူမနှင့်အတူ လိုက်ရှာကြသည်။ မည်သည့်သောင်ကမ်း၊ ကျွန်း၊ ကျောက်ဆောင်များပေါ်မှာ တင်လေမလဲဟု မျှော်လင့်တကြီးဖြင့် လိုက်ရှာကြသည်။ သို့သော် မမိုးတိမ်ကို လုံးဝမတွေ့ရတော့ပါ။ သူမသည် ရေကူးကျွမ်းကျင်သူတစ်ယောက်ဖြစ်သော်လည်း အဆုံးမှာတော့ ပင်လယ်ကြီးက ဝါးမြိုစားသောက်သွားခဲ့လေပြီ။

မမိုးတိမ်သည် ခရီးကို ဤတစ်ခေါက်သာလျှင် လိုက်ဖူးခဲ့သည်။ သေနေ့စေ့ချင်၍လားမသိ။ ယင်းတစ်ခေါက်မှာပင်လျှင် အသက်ကို ပင်လယ်ထဲမှာ စတေးလိုက်ရလေသည်။ အတူပါလာသော ကလေးငယ် အဂ္ဂပိုင်ကတော့ ကံသေအောင် လွတ်မြောက်သွားခဲ့သည်။ မုန်တိုင်းကျစဉ် မမိုးတိမ်က ကိုကွမ်းခေတ်ကို စိုးရိမ်တကြီးနှင့် အခန်းထဲမှအပြင်ကိုအထွက်မှာ လှိုင်းကြမ်းကြီးက ရိုက်ချသွားခဲ့ခြင်းပင်။ ကိုကွမ်းခေတ်သည် ထိုနေ့ကစပြီး အစိုးမရပင်လယ်ကြီးကို မုန်းတီးသွားခဲ့သည်။

မိမိခရီးထွက်စဉ်မှာ အဂ္ဂပိုင်ကို ဆွေမျိုးတော်သော ညီမဝမ်းကွဲအိမ်မှာထားခဲ့ရသည်။ ကျောင်းနေပျက်မည်စိုးသောကြောင့်ပင်။ သည့်နောက်ပိုင်းမှာတော့ သားဖြစ်သူက ပုဆိုးတာသဖြင့် ခရီးထွက်လေရာတစ်လျှောက် အမြဲမပြတ်ခေါ်ဆောင်သွားခဲ့ရလေတော့သည်။ ထိုအချိန်ကစပြီး အဂ္ဂပိုင်သည် ရေသူမပေါ်မှာပင်လျှင် ပင်လယ်ခရီးသွားအတတ်ပညာကို လေ့လာဆည်းပူး





ခဲ့ရသည်။ ရေကြောင်းခရီးနှင့်ပတ်သက်ပြီး နားလည်လာခဲ့ရလေသည်။

ကိုကွမ်းခေတ်သည် သားကို ပညာဆုံးခန်းတိုင်ဆက်ပြီး သင်ပေးချင်သော်လည်း သားက ပညာပါရမီနည်း၍ အတန်းကုန်သည်အထိ မသင်ကြားခဲ့ရ။

မြို့ဆိုပေမယ့် တောမြို့ကလေးရယ်ပါ။ ပင်လယ်ကမ်းခြေနှင့်နီးကပ်စွာ တည်ရှိသောကြောင့် သာယာသည်။ မြို့သေးငယ်သော်လည်း တည်ထားသောမြို့ရာအတွက် အတွင်းကလှပသည်။

အဂ္ဂပိုင်သည် ကမ်းခြေအနီးရှိ ဈေးဆီကိုလျှောက်လာခဲ့သည်။ ပင်လယ်ထွက်အစားအစာများ၊ အုန်းသီးများ၊ အုန်းဆံမှ ပြုလုပ်ထားသောပစ္စည်းများက ပေါများသည်။ ငမန်းစွယ်များ၊ ငါးလိပ်ကျောက်မြီးများ၊ ပင်လယ်သတ္တဝါတို့၏ အရည်ခွံများ၊ ပုလဲပုတီးများ စသည်တို့ကိုရောင်းချသော ဆိုင်တစ်ဆိုင်ကို မျက်စိကျသွားသည်။ ဆိုင်ထဲကို ဝင်လာခဲ့သည်။

ဆိုင်ရှင်က အဂ္ဂပိုင်ကို အကဲခတ်ကြည့်လိုက်သည်။ လူစိမ်းတစ်ယောက်ဟု သိသွားသည်။

''သူငယ်လေး ... ဘာလိုချင်လို့လဲ''

အဂ္ဂပိုင်က ဆိုင်နံရံမှာချိတ်ထားသော ငါးမျှားစုံကို လိုက်ပြီးတော့ ကြည့်နေမိသည်။ အဒိမ်နှင့်ထည့်ထားသော ရှစ်လက်မငါးမြောင်တစ်ချောင်းကို လက်ညှိုးထိုးပြလိုက်၏။ ဆိုင်ရှင်ကယူပြီးပေးသည်။ ဓါးအိမ်က မိချောင်းသားရေဖြင့် ပြုလုပ်ထားသည်။ လက်ကိုင်ရိုးက ငါးကြီးတစ်ကောင်၏အရိုးဖြင့် တပ်ဆင်ထား၏။ ဓါးကလည်း သံကောင်းနှင့်ပြုလုပ်ထားသည်။

''ကြိုက်တယ်၊ ဘယ်လောက်လဲ၊ ဈေးကိုတစ်ခွန်းတည်း



www.burmeseclassic.com

www.burmeseclassic.com



ပြောနော်၊ ဈေးမှန်ပြောပါ၊ မဆစ်ဘူး ... ဝယ်မယ်''

အဂ္ဂပိုင်၏အပြောက ဖြတ်သည်။ ပညာပါသည်။ ဈေးမှန်လျှင်မဆစ်ဘဲ ဝယ်မည်ဆိုသည့်သဘော။ ဆိုင်ရှင်သည် အဂ္ဂပိုင်၏ရုပ်လက္ခဏာကိုကြည့်ပြီး အချဉ်ဖမ်း၍မရနိုင်မှန်း သိသွား၏။ အဂ္ဂပိုင်က အဖြေကိုစောင့်နေသည်။

''သုံးရာ''

''ရော့ ... ''

ငွေသုံးရာကို ရှိုးကေ့စ်ပေါ်တင်ပေးခဲ့ပြီး နေရာမှထွက်လာခဲ့သည်။ တော်တော်ကြည့်ကောင်းတဲ့ သူငယ်ပဲဟု ဆိုင်ရှင်ရော ဝန်းကျင်လူအချို့ကပါ အဂ္ဂပိုင်ကို အကဲခတ်ကာ ကြည့်ရင်း ကျန်ရစ်ခဲ့ကြသည်။ မြို့ဆိုပေမယ့် တောမြို့လေးသာသာလောက်ပင်။ သို့သော် ရောင်းဝယ်ဖောက်ကားမှုများသောကြောင့် စည်ကားသည်။ ရှိုးသားသူ၊ မရိုးသားသူ၊ လူဆိုးရော၊ လူကောင်းရော၊ ထွေးရောယှက်နေသည့်နေရာ။

လူတွေစည်ကားနေသည်ကို မကြိုက်။ မျက်စိရှုပ်၊ နားရှုပ်စရာတွေချည်း။ ထို့ကြောင့် ဈေးပတ်ဝန်းကျင်မှ အမြန်ဆုံးထွက်လာခဲ့သည်။ ကမ်းခြေဘက်ဆီကို ရောက်လာခဲ့သည်။ ကျောက်ဆောင်များကို ကမ်းစက်မှာတချို့၊ ရေထဲမှာတချို့ လှမ်းပြီးတော့မြင်နေရသည်။

''ဝုန်း ... ဝုန်း ... ဝုန်း ... ''

ပင်လယ်မှတက်လာသော ရေလှိုင်းများက တဝုန်းဝုန်းနှင့် ရိုက်ခတ်နေကြသည်။ သို့သော် ကျောက်ဆောင်များသည် ကြံ့ကြံ့ခံနိုင်ကြသည်။ ပြင်းထန်စွာ ဝင်ဆောင့်သော ရေလှိုင်းများသာ အစိတ်စိတ်အမြွှာမြွှာ ဖြစ်သွားခဲ့ကြလေသည်။





''သား ... လူ့ဘဝဆိုတာ လှိုင်းနဲ့ကျောက်ဆောင်လိုပဲ၊ လှိုင်းက ဒေါသတကြီးနဲ့ပြေးလာပြီး ကျောက်ဆောင်ကို ဆောင့်တယ်၊ နောက်ဆုံးဘယ်သူက ဘာဖြစ်သွားသလဲ၊ လှိုင်းကသာ အစိတ်စိတ်အမြွှာမြွှာဖြစ်ပြီး ပြိုကျသွားရတယ်၊ ကျောက်ဆောင်ကတော့ ကြံ့ကြံ့ခံရင်း ကျန်ရစ်ခဲ့တယ်၊ ကံကြမ္မာလှိုင်းက ဘယ်လောက်ပဲ ပုတ်ခတ် ပုတ်ခတ် စိတ်ဓာတ်ကတော့ ကြံ့ခိုင်ဖို့လိုတယ်၊ လောကဓံကို ကြံ့ကြံ့ခံနိုင်မယ်''

ဖခင်ကြီး၏ စကားက နားထဲကိုဝင်လာခဲ့သည်။ လှိုင်းနှင့်ကျောက်ဆောင် ဥပမာသည် ထိမိလှသည်။ သဘာဝကျလှသည်။ ရေပြင်ကြီးကိုကြည့်နေရင်းက ဖျတ်ခနဲဆို မိခင်၏မျက်နှာကို မြင်ယောင်သွားမိသည်။ သဘော်ပေါ်မှာပါလာတော့အတူတူ။ မှန်တိုင်းကျနေစဉ်မှာ သူသည် သဘော်၏အခန်းထဲမှာ အိပ်ပျော်နေခဲ့သည်။ အသည်းအသန် လူးလိမ့်နေသော သဘော်ကြောင့် လန့်နိုးလာခဲ့စဉ်မှာ မှောင်နှင့်မည်းမည်း၊ လေရော မိုးပါ အပြင်မှာကျနေသည်။

တစ်ချက် တစ်ချက် ပြိုးပြက်လိုက်သော လျှပ်ရောင်ကြောင့်သာ အလင်းရောင်က အသေတပ်ထားသော မှန်ချပ်ဝိုင်းလေးကို ထိုးဖောက်ပြီး အခန်းထဲကိုဝင်လာခဲ့သည်။ မိခင်ကို အနားမှာ မတွေ့ရတော့။

''အမေ ... အမေ ... ''

''ဂျိမ်း ... ဂျိမ်း ... ''

မိုးခြိမ်းသံ၊ မိုးကြိုးသွားထင်သံများက နားထဲကိုရူးရူးရှားရှားဝင်လာခဲ့သည်။ ကလေးမှာကြောက်နေမိခဲ့သည်ဖြစ်ခြင်း၊ မိခင်ကလည်း သူ့ဆီကိုပြန်ရောက်မလာ။ မည်သည့်အခါမှ မြင်



www.burmeseclassic.com

www.burmeseclassic.com



ရောက်မလာခဲ့တော့။ ပင်လယ်ထဲကျသွားခဲ့ပြီဖြစ်သည်။

"ငါ့အမေကို သတ်ခဲ့တာ၊ ဒီပင်လယ်ကြီးပဲ"

ဖခင်နည်းတူပင် ပင်လယ်ကြီးကို စိတ်နာနေမိသလိုလို။

ထိုစဉ် ...

မြင်ကွင်းတစ်ခုကြောင့် အတွေးများက ပြတ်တောက်သွားခဲ့ရသည်။

"ဟင်"

သူတွေ့လိုက်ရသည်ကား ...

လူတစ်စု ...

အားလုံး ... ငါးယောက်။

ရှေ့ဆုံးကလူသည် အနားပြားကြီးသော ဦးထုပ်ကြီးကို ဆောင်းထားသည်။ မျက်လုံးတစ်ဖက်ကို သားရေပြားနှင့်ဖုံးထား၍ တစ်ဖက်ကန်းတစ်ယောက်ဟု သိလိုက်ရသည်။ မျက်နှာမှာလည်း ပါးမြိုင်းမွေး၊ မုတ်ဆိတ်မွေးများနှင့်။ နှာခေါင်းထိပ်ကလည်း နီနီနှင့်။ သုံးယောက်ကတော့ အကြောင်အကြား အဝတ်အစားများနှင့်။ ခါးမှာ ဓါးမြှောင်ကိုယ်စီ၊ နှာခေါင်းနီနီနှင့်လူကတော့ ခါးမှာသေနတ်တစ်လက်အပြင် ဓါးမြှောင်ကြီးတစ်ချောင်းကိုလည်း ချိတ်ထားသည်။ ခေါင်းဆောင်ဖြစ်လောက်သည်။

မိန်းကလေးတစ်ယောက်ကို ဖမ်းဆီးကာ ခေါ်ဆောင်လာသည်။ သူ့အရွယ်လောက်ပဲရှိသည်။

"ဒါ ... လူကောင်းတွေတော့ မဟုတ်ဘူး။ ပင်လယ်ဓါး





ပြတွေပဲ၊ ဟိုကောင်မလေးကို ဖမ်းလာခဲ့တာလား"

အဂ္ဂပိုင် ဘာလုပ်ရမှန်းမသိဖြစ်သွားခဲ့ရသည်။ အတွေ့အကြုံအရ ပင်လယ်ဓါးပြတွေပဲဆိုကာ သေချာသည်။ မိန်းကလေး၏လက်မောင်းနှစ်ဖက်ကို တစ်ယောက်စီဆုပ်ကိုင်ကာ ပင်လယ်ကညှပ်ပြီးတော့ ဖမ်းဆီးလာကြခြင်းပင်။ အဓမ္မဖမ်းဆီးလာခြင်းဟုတ်မဟုတ်၊ ပိုပြီးတော့ သေချာစေရန် _ သစ်ပင်များ၊ ကျောက်တုံးများကို တစ်နေရာပြီးတစ်နေရာ ကူးသွားသည်။ ထိုသူတို့နှင့် မနီးမဝေးကိုရောက်သွား၏။

"ရှင် ... ရှင်တို့၊ ကျွန်မကို ဘယ်ခေါ်သွားကြမလို့လဲ"

"နင့်ကို ငါကမြှောက်စားမလို့၊ မေးမနေနဲ့ ကောင်းကောင်းလိုက်ခဲ့"

"တောက် ... ကိုယ့်အသက်ကိုလည်း ပြန်ပြီးတော့ကြည့်ပါဦး၊ ကိုယ့်မြေးအရွယ်လောက်ရှိတယ်၊ ဒီလိုယုတ်မာလို့ရမလား၊ ကျွန်မကို ခုချက်ချင်း ပြန်လွှတ်ပေးပါ"

"ဟား ... ဟား ... ဟား ... ဟား၊ ငရဲလက်ထဲကိုရောက်ရင် ဘယ်မိန်းကလေးက လွတ်ရိုးထုံးစံရှိလို့လဲ၊ နင်ကစွာတယ်၊ အေး _ ငါ့ရှေ့မှာ ဒူးထောက်လာစေရမယ်၊ ငါ့အကြောင်းသိမယ်"

ငရဲဆိုသည့်လူကြီးက ကြိမ်းဝါးလိုက်သည်။ မိန်းကလေးသည် သတ္တိနည်းသူမဟုတ်သော်လည်း ထိုလူကြီး၏စကားကြောင့် တုန်လှုပ်ချောက်ချားသွားခဲ့ရသည်။ သူမသည် ငရဲအကျဉ်းရမည့်အခြေအနေမျိုးကို ရောက်တော့မည်မဟုတ်ပါလား။

"ဩော် ... ငရဲဆိုတာ ဒီလူကြီးကိုး"

ပင်လယ်ဓါးပြကြီးတစ်ယောက်ဆိုသည်မှာ သေချာသွားခဲ့

www.burmeseclassic.com

www.burmeseclassic.com



လေပြီ။ ပင်လယ်ပြင်ကို ငရဲဆိုသည့် နာမည်တစ်လုံးနှင့်ကြီးစိုးနေသူ၊ သဘော်ာများကို လုယက်တိုက်ခိုက်နေသူ။ အချို့သဘော်ာများသည် ငရဲကိုဆက်ကြေးပေးထားကြရသည်။ ထို့ကြောင့် ဓါးပြအတိုက်မခံကြရ။ ရေသူမကတော့ ငရဲနှင့်တစ်ခါမှ မကြုံဆုံဘူးလေ။ . ကံကောင်းထောက်မစွာဖြင့် လွတ်မြောက်နေသေးဆဲ။

"အင်း ... ဒီလူကြီးက ရေပြင်မှာလည်း ဝေလငါး၊ ကုန်းပေါ်မှာလည်း ဆင်ရိုင်းတစ်ကောင်လို သူ့ကိုယ်သူသတ်မှတ်ပြီး ဗိုလ်ကျနေတာကိုး၊ ဘယ်သူ့ကိုမှ ဂရုမစိုက်တဲ့ပုံပဲ"

အဂ္ဂပိုင်သည် မိန်းကလေးကို ကယ်တင်ချင်သည်။ သို့သော် နာမည်ကြီးပင်လယ်ဓါးပြကြီးတစ်ဦးနှင့် ရင်ဆိုင်ရမည့်ကိစ္စဖြစ်နေသည်။ သူမကို မကယ်တင်နိုင်ခဲ့လျှင်လည်း မကြာမီမှာပင် ရေတိမ်နစ်ရပေတော့မည်။ ငရဲသည် ပျိုပျိုအိုအိုမရှောင် ကာမရာဂကျူးသည်။ ကြာကြာမပေါင်းဘဲ ပစ်ထားခဲ့သည်မဟုတ်က သတ်ပစ်တတ်သည်။

"အို ... ဘယ်လိုအခက်အခဲပဲရှိရှိ၊ ငါ ရအောင်ကယ်မယ်"

စိတ်ဆုံးဖြတ်လိုက်သည်။ နောက်ယောင်ခံပြီးတော့ လိုက်သွားသည်။ ကိုယ့်နေရာမဟုတ်၍ သတိထားရမည်။ သို့သော် ငရဲကို ရက်စက်ကြမ်းကြုတ်သည့်လူမျိုးကို မည်သူကမှ သဘောကျကြမှာမဟုတ်။ အားပေးအားမြှောက်ပြုကြမှာမဟုတ်။ ကြောက်ကြ၍သာ ငြိမ်နေကြခြင်းပဲ ဖြစ်ပေလိမ့်မည်။

အဂ္ဂပိုင်သည် ထိုသူတို့၏ရှေ့ကိုကြို့ပြီးတော့ ရောက်နေ[ချင်]လိုသည်ကို သိလာခဲ့ရသည်။ ထို့ကြောင့် ကမ်းစပ်ရှိ ကျောက်ဆောင်များ၊ ကျူပင်များကို အကာအကွယ်ယူကာ ပြေးသည်၊





သူသည် မြေကိုဖွပြီး ကိုယ်ကိုလည်းဖော့ကာ လျင်မြန်စွာပြေးနိုင်သည်။ လျင်မြန်၍လည်း တစ်ခဏအတွင်းမှာပင် ထိုသူတို့၏ရှေ့မှ ကျော်သွားခဲ့လေ၏။

မိန်းကလေးသည် တစ်လမ်းလုံး ရုန်းကန်လာခဲ့သည်။ သူမကို ထိန်းကြရသောသူများမှာ မလွယ်။ ပင်ပန်းနေကြလေပြီ။ ငရဲသည်ပင် စိတ်မရှည်နိုင်တော့။

"ဟော့ ... ဒါလောက်တောင့်ဖြစ်လှတာ၊ လာခဲ့စမ်း"

ငရဲသည် မိန်းကလေး၏ လက်မောင်းကိုဆောင့်ဆွဲကာ ခေါ်သွားသည်။

"မင်းတို့ ... ဒီမှာနေခဲ့ကြ"

"ရှင် ... ရှင်၊ ကျွန်မကိုဘယ်ခေါ်သွားမလို့လဲ၊ လွှတ် လွှတ် ... "

"ဘယ်ကိုခေါ်သွားမလဲဆိုတာ၊ မကြာခင် နင်သိရမယ်၊ နင့်ကိုနတ်ပြည်ပို့မလို့"

"အို ... မလိုက်ဘူး၊ မလိုက်ဘူး။ ခုလွှတ် ... လွှတ်လိုက်စမ်း"

မိန်းကလေးက အကြောက်အကန်ပင်ရုန်းသည်။ မရပါ။ သူမ၏ လက်ကောက်ဝတ်နှစ်ခုကိုပူးပြီး လက်တစ်ဖက်တည်းနှင့် ချုပ်ကိုင်ကာ ခေါ်သွားသည်။ အင်အားခြင်းကမမျှ။ အလုံးအထည်ခြင်းကလည်းမမျှ။ တရွတ်တိုက်ပင်ပါသွားခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



တပည့်များက သူတို့၏ဆရာကို အနှောင့်အယှက်မပေးလိုကြ၍ ထိုနေရာမှာပင် ရပ်ပြီးတော့ ကျန်နေခဲ့ကြသည်။ မိန်းကလေးသည် ဘယ်လိုမှမတတ်နိုင်တော့ဘဲ ဆွဲခေါ်သွားခြင်းခံရသည်။ ကျူတောကြီးက မဆုံးသေး။ တစ်နေရာကိုအရောက်တွင် ငရဲက မိန်းကလေးကို ကျူတောထဲသို့တွန်းပစ်လိုက်သည်။

"အင် ..."

ပက်လက်အနေအထားဖြင့် လဲကျသွားခဲ့လေ၏။ ထိုအခါ ငရဲသည် တုန့်ဆိုင်းမနေတော့ဘဲ သူမ၏ရှေ့မှာ မားမားကြီးရပ်လျက်က ... ရှေ့ကိုတိုးလာသည်။ ထို့နောက် ... အတင်းဖက်လုံးကာ အနိုင်အထက်ပြုရန် ကြိုးစားလေတော့သည်။

"လွှတ် ... လွှတ် ငါ့ကိုလွှတ် ... နင်မယုတ်မာနဲ့၊ အအမေ့ ..."

မိန်းကလေးသည် မိမိကိုယ်ကို မထိခိုက်စေရန် အစွမ်းကုန်ကာကွယ်သည်။ ငရဲ၏မျက်နှာကြီးက သူမနှင့်အနီးကပ်ဆုံးကို ရောက်နေသည်။ ချဉ်စူးသောအနံ့နှင့် ချွေးနံ့က ရောထွေးနေတာ အော်ဂလီဆန်စရာ ကောင်းလှသည်။

"အော်စမ်း ... ကြိုက်သလောက်အော်စမ်း၊ နင့်ကိုဘယ်သူမှလာမကယ်ဘူး ... ဟား ... ဟား ... ဟား ..."

ငရဲက မုန်ယိုနေသော ဆင်ပြောင်ကြီးပမာ နောက်ဆုံးအဆင့်သို့ ရောက်ရန်ကြိုးစားနေသည်။ မိန်းကလေးသည် ကြာလာတော့ ရုန်းကန်ရန်အင်အားက နည်းပါးလာခဲ့လေပြီ။ မျက်လုံးများပင် ပျာဝေလာခဲ့ရသည်။ ထိုစဉ် ...



# အခန်း ( ၅ )

## ငြိမ်နေတဲ့ မြွေပွေးတစ်ကောင်

သဏ္ဌာန်တစ်ခုက ဘေးဘက်မှနေ၍ ရိုပ်ခနဲဆို ဝင်လာခဲ့သည်။ ငရဲ ဆတ်ခနဲဆိုလှည့်ကြည့်မိလိုက်စဉ်မှာ မမီတော့။

"ဖြောင်း ..."

"အား ..."

ငရဲ၏ခေါင်းမှာ လည်ထွက်သွားသည်။ နားရင်းပါးရင်းလည်း ပူထွက်သွားသည်။ သူ၏တုတ်ခိုင်သော ခန္ဓာကိုယ်ကြီးယိုင်ထွက်သွားလောက်အောင်ပင် ပြင်းထန်လှသည်။ ငရဲသည် ချက်ချင်းပင် ခါးကြားထဲမှ ဓါးကိုဆွဲထုတ်လိုက်သည်။ မိမိကိုထိုက်ခိုက်သူအားရှာဖွေလိုက်၏။ သို့သော် ... အဂ္ဂပိုင်က သူ့ဘေးနားမှာကပ်လျက်။ ငရဲ၏မျက်လုံးတွေက ရန်သူကို ရှာဘ်တရက်မမြင်။

သက်ာမကောင်းစိတ် ဖြစ်လာခဲ့သည်နှင့် လှည့်ကြည့်လိုက်ရာ ...

"ခွပ် ... အား"



www.burmeseclassic.com

www.burmeseclassic.com



ပြင်းထန်သော လက်သီးတစ်လုံးက ပါးချိတ်ဆီကိုဝင်လာခဲ့ပြန်သည်။ နောက်ထပ် အရှိက်ကိုတစ်ချက် ထပ်ပြီးဝင်အလာ

"အွတ်"

ငရဲ၏ပါးစပ်ထဲက လေများထွက်သွားသည်။ ခါးကုန်းအသွားမှာ မေးရိုးကို ဒူးနှင့်ပင့်ပြီးတော့ တိုက်ထည့်လိုက်၏။

"ခွပ် ... အား"

ငရဲ ဘာမှမတတ်နိုင်တော့။ ဒူးထောက်ကျသွားခဲ့သည်။ မိန်းကလေးသည် မမျှော်လင့်သော အဖြစ်အပျက်ကြောင့် အံ့အားတသင့်ဖြင့် ကြည့်နေမိစဉ်မှာ ... အဂ္ဂပိုင်သည် မိန်းကလေး၏လက်ကိုဆွဲကိုင်ကာ နေရာမှထွက်ပြေးသည်။ အသံတော့မပြု။ မိန်းကလေးကလည်း အတူပြေးလိုက်လာခဲ့သည်။ ငရဲမှာ ဒဏ်ရာဒဏ်ချက်များကြောင့် မွှန်ထွန်နေ၍ သူ့ကိုမည်သူခေါ်သွားမှန်းပင်မသိလိုက်။ အသက်ရှူနိုင်ရန်ပင် မနည်းကြိုးစားနေရသည်။

အဂ္ဂပိုင်နှင့်မိန်းကလေးတို့သည် ကမ်းစပ်တစ်လျှောက်ပြေးနေကြရာက မြေပျော့တွင် ခြေရာများက ထင်ကျန်ရစ်ခဲ့ကြသည်။ နောက်ကိုလှည့်ကြည့်ကြရာ ခြေရာတွေက တောက်လျှောက်ကြီးအထင်းသားပင်။ ထို့ကြောင့် ကုန်းပေါ်ကိုတက်ပြေးကြသည်။ မြေမာမာပေါ်ကို နင်းပြီးပြေးကြသည်။ မိန်းကလေးတွင် ဖိနပ်က ပါမလာတော့။

"ဟိုဘက်ကို ... ဟိုဘက်ကို"

မိန်းကလေးက လက်ညှိုးထိုးကြသည်။ တောအုပ်လေးတစ်ခု။ ယင်းဆီကို ဖွတ်ရွတ်ပြီးတော့ ပြေးကြသည်။ တခဏအတွင်းမှာပင် တောအုပ်လေးထဲကိုရောက်လာခဲ့ကြသည်။ သစ်ပင်ကြီးနှစ်ပင်အကြားရှိ ကျောက်တုံးကြီးတစ်ခုဆီကိုအရောက်တွင်





ပ်လိုက်ကြသည်။ ထို့နောက် တိုင်ပင်ထားကြသည့်အလား ထိုင်မျလိုက်ကြလေ၏။

တောက်လျှောက် ပြေးလာခဲ့ကြရ၍ မောနေကြသည်။ ထူးသဖြင့် မိန်းကလေးက ပိုပြီးတော့ မောနေသည်။ စိတ်မောလူမောဖြစ်နေ၏။ ခြေပစ်လက်ပစ်ထိုင်ချလိုက်ပြီး ကျောက်တုံးကိုကာ ပါးစပ်လေးဟ၍ အသက်ရှူနေရသည်။

"သူ ... သူတို့လိုက်မလာနိုင်လောက်ပါဘူးနော်"

မိန်းကလေးက အမောမပြေသေး၊ အမောတကော ကြားကပင်ပြောသည်။ ရင်အမြွှာမှာ အတက်အကျမြန်ဆန်လွန်းနေသည်။ အဂ္ဂပိုင်က သူမဆီရောက်နေသောအကြည့်ကို ချက်ချင်းပင် မျက်နှာလွှဲလိုက်၏။

"ဟိုလူက ငရဲဆိုတဲ့လူကြီးမဟုတ်လား၊ မင်း ... ဒီလူကြီးရဲ့လက်ထဲကို ဘယ်လိုရောက်သွားတာလဲ"

"ဟင် ... သူ့ သူ့ကိုရှင်သိနေတယ်ပေါ့"

"ထားပါ ... ငါမေးတာသာကိုသာ ဖြေပါ ... "

အဂ္ဂပိုင်က လေသံခတ်ဆတ်ဆတ်။ မိန်းကလေးသည် မျက်နှာကို တစ်ချက်အကဲခတ်ကာ ကြည့်လိုက်ပြီး ...

"ကျွန်မက ဒီကနေ နှစ်မိုင်လောက်ဝေးတဲ့ သဲပုံရွာကလေးမှာနေပါတယ်၊ လှိုင်းပြာမှာ ဈေးလာဝယ်တာ၊ သူတို့ကမ်းကနေဖြတ်ပြီး ခုလိုဖမ်းဆီးကြတာပါပဲ၊ ငရဲဆိုတဲ့လူဟာယ်သူ့ကိုမှ ဂရုမစိုက်ဘူး၊ ဘယ်သူကမှလည်း ရန်မရှာရဲကြူးဆိုပြီး သွားရဲလာရဲရှိနေတာ ...

သူကရက်စက်တော့ လူတွေက ကြောက်ကြတယ်၊ ရင်ိုင်တွေ့မယ်ဆိုရင်တောင် ဝေးဝေးကနေ ရှောင်သွားကြတယ်၊

ရွှေဝကားစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မကိုက ကံဆိုးတာပါ၊ ဒီလူနဲ့မှ ပက်ပင်းတိုးရတယ်လို့၊ ကံကောင်းလို့ ရှင်သာဝင်ပြီးမကယ်ရင် ကျွန် ... ကျွန်မ''

မိန်းကလေးက တစ်ချက်ရှိုက်လိုက်သည်။ ထို့နောက် ခေါင်းကို ဆတ်ခနဲဆို မော့လိုက်ကာ ...

''ဒါနဲ့ရှင်က ဒီလူကို ငရဲမှန်းမသိလို့ ... ဝင်ပြီးတိုက်ခိုက်တာလားဟင်''

''ငရဲဆိုကော ငါကကြောက်ရမှာလား၊ သင်း ... ဘယ်သူဆိုတာ မသိဘူး၊ နာမည်တော့ ကြားဖူးထားတယ်၊ ခုမှမြင်ဖူးတာ၊ မင်း ... မြင်လိုက်တယ်မဟုတ်လား၊ လူတွေက ငရဲ ငရဲနဲ့ သေးချေးပါမတတ်ကြောက်နေကြတာ၊ ငါနဲ့တွေ့တော့ ဘာဖြစ်သွားသလဲ၊ ငါ့လက်ချက်နဲ့ လေးဘက်ထောက်ပြီးတော့ကိုကျန်ခဲ့တာ''

အကြွားမဟုတ်ဘဲ ပြတ်သားသော စကားကြောင့် မိန်းကလေးသည် အဂ္ဂပိုင်ကို အံ့အားတသင့်ဖြင့် ကြည့်နေမိသည်။

''ရှင့်ကိုကျေးဇူးတင်ပါတယ်၊ အဲဒီကျေးဇူးကို မမေ့ပါဘူး၊ ကျွန်မနာမည်ကို မှတ်ထားပါ ... ပန်လင်းတဲ့၊ သဲပုံရွာသူပါ''

''ငါ့နာမည်က အဂ္ဂပိုင်၊ လှိုင်းပြာမှာ ကုန်တွေလာချရင်းနဲ့ ဈေးဝယ်ထွက်လာတာ၊ မမျှော်လင့်ဘဲ မင်းနဲ့ဆုံရတာပဲ''

ထိုစဉ် ...

ဆူသံ၊ စကားပြောသံ၊ ခြေသံများကို မမျှော်လင့်ဘဲ ကြား လိုက်ရသည်။ နှစ်ယောက်စလုံး သစ်ပင်နှင့်ကျောက်တုံးကြီး အကြားကို ပိုမိုတိုးဝင်လိုက်ကြသည်။ အသံတွေက ပိုပြီးတော့ နီးကပ်လာခဲ့ကြသည်။ နှစ်ယောက်စလုံး အသက်မရှူနိုင်ကြ စတမ်း အခြေအနေကို စောင့်ကြည့်နေကြသည်။ မကြာမီ သူတို့





နှင့် အတန်ငယ်လှမ်းသောနေရာဆီသို့ ရောက်လာကြသောလူတစ်စု၊ ငရဲနှင့်သူ့လူများ ရင်ထဲထိတ်ခနဲဆို ဖြစ်သွားခဲ့ကြသည်။

''သူတို့လိုက်လာကြပြီ ...''

ပန်လင်းက လေသံဖြင့် ပြောလိုက်သည်။ အဂ္ဂပိုင်သည် သူမ၏ ပါးစပ်ကိုလက်ဝါးနှင့်ပိတ်ထားလိုက်သည်။ သူမက အဂ္ဂပိုင်ကို ဝိုင်းစက်သောမျက်ဝန်းများဖြင့် ကြည့်နေမိသည်။ နားပါးကြလျှင် လေသံဖြင့် ပြောနေကာမူ ကြားနိုင်သည်မဟုတ်ပါလား။ ကျောက်တုံးနှင့်အပင်အကြား ဟနေသောနေရာမှ မဝံ့မရဲဖြင့် ကြည့်နေကြသည်။

''တောက် ... ငါ့ကိုဆော်သွားတာ ဘယ်ကောင်လဲ မသိဘူး၊ ကောင်မလေးကိုလည်း ခေါ်ပြီးတော့ ပြေးသွားတယ် ထင်တယ်၊ တွေ့လို့ကတော့ကွာ၊ နှစ်ယောက်စလုံးကို မသေ ပရှင်လုပ်ပြီးမှ ပင်လယ်ထဲပစ်ချမယ်၊ ငါးစာကျွေးပစ်မယ်''

ငရဲသည် လက်သီးလက်မောင်းတန်းကာ ကြိမ်းဝါးနေသည်။ ကောင်းနေသော မျက်လုံးတစ်ဖက်သည် ပိတ်လျှက်ရှိသည်။ မျက်နှာကြီးကလည်း ယောင်ကိုင်းနေပုံရသည်။ ရင်ဘတ်ကိုလည်း လက်နှင့်ဖိထားသေးသည်။

''ဆရာကြီး ... ခုလောက်ဆို၊ သူတို့ တစ်နေရာရာကို ထွက်သွားလောက်ပြီး ရှိကြမှာ မဟုတ်တော့ဘူး''

''တောက် ... ဒါ မင်းတို့ ညံ့လို့ဖြစ်ရတာ၊ ငါ ဘယ်လိုဖြစ်နေတယ်ဆိုတာ မင်းတို့မသိကြဘူးမဟုတ်လား၊ တစ်ချက်လေးတောင် လာကြည့်ဖော်မရကြဘူး''

''ဆရာကြီး ... အခြေအနေကောင်းနေတယ်ထင်ပြီး ဂနောင့်အယှက်မပေးချင်တာနဲ့''



www.burmeseclassic.com

www.burmeseclassic.com



"ဟောက် ... မင်းတို့ကွာ၊ လမ်းမှာငါတို့ဖြတ်ပြီးတော့ လုခဲ့တဲ့ ကောင်မလေးကိုလည်း ငါမမှတ်မိဘူး၊ ငါ့ကိုတိုက်ခိုက်သွားခဲ့တဲ့ ကောင်ကိုလည်း ဖြူသလား၊ မည်းသလားတောင် မသိဘူး၊ မင်းတို့ကော မှတ်မိကြသလား"

ထိုအခါ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်နေမိကြသည်။

"ကောင်းကွာ"

ငရဲက စိတ်ဆိုးမာန်ဆိုးဖြင့် သူ့လူနှစ်ယောက်ကို လက်နှင့်တွန်းပြီး ထွက်သွားသည်။ အားလုံး ငရဲ၏နောက်မှ လိုက်သွားခဲ့ကြလေသည်။

"လာ ... ငါတို့လိုက်ကြည့်ကြရအောင်"

"အို ... ဖြစ်ပါ့မလား"

"သင်းတို့က ပင်လယ်ဓါးပြတွေပဲ၊ ဒီလိုနေရာမျိုးမှာ ကြာကြာနေလို့မရပါဘူး။ သက်ဆိုင်ရာက မျက်လုံးဒေါက်ထောက်ပြီးတော့ကြည့်နေကြတာ၊ အဖမ်းခံကြရမှာပဲ"

အဂ္ဂပိုင်နှင့် ပန်လင်းတို့သည် ပုန်းလျှိုးကွယ်လျှိုးနှင့် လိုက်သွားခဲ့ကြသည်။ ငရဲနှင့်သူ့လူများသည် ခြေလှမ်းသွက်သွက်နှင့် ကမ်းခြေတစ်လျှောက်သွားနေကြသည်။ တကယ်ပင် နောက်ကြောင်းမအေးသည့် အနေအထား၊ ကျောက်ဆောင်တစ်ခု၏အကွယ်တွင် ဝှက်ထားသော လှေကြီးတစ်စီးကို ဆွဲထုတ်လိုက်ကြပြီး ထွက်သွားခဲ့ကြလေသည်။ ကျွန်းတစ်ခုခုနှင့်မလှမ်းမကမ်းတွင် သူတို့၏ပင်လယ်ဓါးပြသင်္ဘောကြီးက ရှိနေလိမ့်မည်ထင်ပါ၏။ သူတို့၏ရှေ့မှောက်မှာပင်လျှင် ငရဲတို့၏လှေသည် ပျောက်ကွယ်သွားခဲ့လေသည်။





"သူတို့မှာ သင်္ဘောပါလာကြပုံရတယ်။ တစ်နေရာမှာ ဝှက်ထားလိမ့်မယ်၊ ဒီမှာ ကြာကြာမနေကြပါဘူး။ ထွက်သွားကြမှာပဲ၊ ငရဲက ... မင်းကို သင်္ဘောပေါ်ခေါ်သွားဖို့ အစီအစဉ်ရှိတာ၊ အဲဒီကိုရောက်သွားရင်း မင်း ... ပြန်လာဖို့ မျှော်လင့်ချက်မရှိတော့ဘူး။ သားမယားအဖြစ် စိတ်ရှိလက်ရှိပေါင်းမယ်၊ ကြာရင် မင်းကိုစွန့်ပစ်လိုက်မယ် ... ဒါမှမဟုတ်ရင် ပင်လယ်ထဲပစ်ချပြီး ရေစာကျွေးလိုက်မှာပဲ ... သူက မိန်းမတွေနဲ့ပတ်သက်ပြီး နောက်ထပ်ပြဿနာကြီးငယ် အမြင်မခံဘူးလေ၊ လက်စဖျောက်တတ်တယ်၊ အပျောက်ရှင်းပစ်တတ်တယ်"

ပန်လင်းသည် အဂ္ဂပိုင်၏စကားကြောင့် ပိုပြီးတော့ တုန်လှုပ်ခံစားသွားခဲ့ရသည်။ ဤအတိုင်းဖြစ်မှာတော့ သေချာသည်။ ငရဲ၏လက်ထဲဟွင် မိမိ ရေတိမ်နစ်ခဲ့မှာမလွဲ။ တန်ဖိုးရှိသော အပျိုစင်ဘဝသည်လည်း ဆုံးရှုံးသွားရပေတော့မည်။

"ဟုတ်ပါတယ် ... ကိုအဂ္ဂပိုင်နဲ့သာ ပန်ပန်မတွေ့ခဲ့ရင်"

"ကဲ ... ပြန်တွေးပြီး ချောက်ချားမနေနဲ့တော့၊ ဒါဟာ သင်ခန်းစာပဲ၊ နောက်ဆိုရင် ... သတိနဲ့သွားလာပေါ့၊ ဒီလူတွေလည်း မြို့ထဲမှာ ပေါ်ပေါ်တင်တင်ကြီး မသွားလာရဲကြပါဘူး၊ ဓါးပြမှုအတွက် ရောက်လာကြတာပဲဖြစ်မှာပါ၊ ဒီကိစ္စကို ဘယ်သူမှ ပသိ၊ မမြင်လိုက်ကြဘူး၊ မင်းလည်းနှုတ်ပိတ်နေ၊ စကားဆိုတာ ကျယ်ပြန့်တတ်တယ်၊ မကောင်းဘူး"

"ကျေးဇူးတင်ပါတယ်"

"ကဲ ... မင်း ဈေးဝယ်စရာရှိတယ်မဟုတ်လား။ ဝယ်လေ ... ရွာကိုပြန်ဖို့အတွက် ငါလိုက်ပို့ပေးမယ်"

"အို ... ရပါတယ်၊ ဈေးထဲမှာ ရွာကအသိတွေရှိတတ်



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်၊ ပန်ပန် သူတို့နဲ့ပဲ ပြန်လိုက်သွားပါ့မယ်''

''သေချာလို့လား၊ ရွာအထိ ငါလိုက်လာမှာကိုစိုးလို့လား''

''အို ... မဟုတ်ပါဘူး၊ ဒါလောက်အထိ အကူအညီပေးထားခဲ့ပြီပဲ ... ပန်ပန်ထပ်ပြီးတော့ ဒုက္ခမပေးချင်တော့ပါဘူး''

''ဒါဆိုရင်လည်းပြီးရော ... ကောင်းကောင်းသွား''

ပန်လင်းက ခေါင်းညိတ်လိုက်ပြီး ... ဈေးဘက်ဆီကို ပြေးထွက်သွားခဲ့လေသည်။ အဂ္ဂပိုင်လည်း သင်္ဘောဆီကို ပြန်လာခဲ့သည်။

အဂ္ဂပိုင်သည် ရေသူမရုပ်နားရာ ကုန်တင်ကုန်ချပြုလုပ်သည်။ မြို့မှာ ... ခရီးတစ်ထောက်နားစဉ်သာ မြို့ထဲလည်ပတ်ခွင့်ရသည်။ ထိုရက်၊ လများအတွင်းမှာ မည်သည့်မြို့ကိုပဲ ရောက်ရောက် ပန်လင်းကို အမှတ်ရနေတတ်သည်။ ခရီးသွားဟန်လွဲဆုံမိကြသော လူများပေးမို့ ကြာရှည်စွာ အမှတ်မရနိုင်။ နောက်တော့ တဖြည်းဖြည်းနှင့် မေ့ပျောက်သွားခဲ့ရလေသည်။ နဂိုကသိုသိပ်ထားတတ်သူဖြစ်သူမို့ ပန်လင်းနှင့် ဆုံတွေ့ခဲ့ရသည့်ကိစ္စကိုမည်သူ့ကိုမှ ပြောမပြခဲ့ချေ။ ပြောပြဖို့လည်း မလိုဟုထင်သည်။ သင်္ဘောသည် အဂ္ဂပိုင်၏ အိမ်သဖွယ်ဖြစ်သည်။ သင်္ဘောပေါ်မှာ ပင်လျှင် သူကြီးပြင်းလာခဲ့ရသည်။

ဤနောက်ပိုင်းတွင် ဦးရှုဝံနှင့်ပတ်သက်ပြီး သူတို့မှာ ပြောစရာ ထွေထွေထူးထူးမရှိပေ။ အလုပ်တာဝန်ကြေပွန်သည်။ စကားနည်းသွားသည်။ ပိုပြီးတော့ ငြိမ်ချက်သားကောင်းသွား





သည်။ သိုပသော် တစ်ခုပဲဆိုစရာရှိသည်။ ညဘက်တွင် သူ၏ပဥ္စလက်ဆန်သော ရွှဲလုံးကြီးနှင့်စကားပြောနေတတ်ခြင်းပင်။ ကိုအခါ မိမိနှင့်ရင်းနှီးကျွမ်းဝင်သော သူငယ်ချင်း၊ မိတ်ဆွေတစ်ဦးနှင့်ပြောနေသကဲ့သို့ပင်၊ စကားတွေက အပြန်အလှန်ရှိနေကြသည်။

ရွှဲလုံးကြီးသည် ညဘက်တွင်ပိုပြီးတော့ အလင်းရောင်ထွက်နေတတ်သည်။ အထဲတွင် အရိပ်ဆန်ဆန် အရာများက လှည့်ပတ်ပြီး သွားလာနေကြသည်။ အထူးသဖြင့် မျက်လုံးလိုလိုအရာတစ်ခု၊ လူ့နှုတ်ခမ်းသဏ္ဍာန်အရာတစ်ခုသည် ရွှဲလုံးကြီးထဲတွင်ရှိနေကြသည်။ ဦးရှုဝံက ရွှဲလုံးကြီးကို အိတ်ထဲကထုတ်၊ စားပွဲပေါ်တင်ကာ အတန်ကြာကြည့်ပြီး စကားတွေပြောနေတတ်သည်။ ကိုယ်အမူအရာ၊ နှုတ်အမူအရာဟန်ပါပါနှင့် ရှိနေတတ်သည်။

''သူ့ကိုကြည့်ရတာ သူရူးတစ်ယောက်လိုပဲ ဒီရွှဲလုံးကြီးဟာ သူ့ရဲ့အဖော်ပဲ သူ့ကိုဘယ်သူကမှ အရေးမစိုက်ကြတော့၊ ဒီပစ္စည်းနဲ့ပဲ ... စကားပြောနေရတာပေါ့၊ ကြာရင် ... ဦးနှောက်ပိုပြီး ချောင်သွားလိမ့်မယ်''

မိုးသီးက ထိုလူကြီးကို အကဲခတ်ဆုံးသောသူ၊ ဦးရှုဝံ၏ အခြေအနေကို အသိဆုံးသောသူ။

''သူ့ဝါသနာက ကြီးတာကိုးကွ၊ ဒီအတိုင်းပဲ မသိကျိုးကျွံပြုပြီးနေလိုက်ပါ၊ ဒီထက်ပိုပြီးတော့ ဆိုးမလာနိုင်ပါဘူး''

ကိုကွမ်းခေတ်က ဦးရှုဝံအပေါ်မှာ အလေးမထားသလိုပင်၊ မိုးသီး၏ရင်ထဲမှာတော့ ဦးရှုဝံကို ယုံကြည်မှုမရှိ။

''ဒီလူကြီးဟာ ငြိမ်နေတဲ့ မြွေပွေးတစ်ကောင်ပဲ၊ တစ်ရက်



www.burmeseclassic.com

www.burmeseclassic.com



ရက်ကျရင် ဒုက္ခပေးလိမ့်မယ်''

''ဦး ... ကျွန်တော်လည်း ဒီလိုပဲထင်နေမိတယ်၊ သူ့ကို နည်းနည်းလေးမှ စိတ်မချချင်ဘူး။ ကိုယ်ပဲ အစိုးရိမ်ကြီးနေလို့ပဲ လားမပြောတတ်ဘူး။ အဖေကတော့ ဒီလိုမဟုတ်ဘူး။ သိပ်ပြီး တော့ ယုံကြည်နေတယ်''

''အင်း ... ဆရာလည်း သူ့ကိုဒီအတိုင်းလွှတ်ထားမှာ တော့ မဟုတ်ဘူး။ တစ်ထောင့် တစ်နေရာက စောင့်ကြည့်နေ လိမ့်မယ်လို့ ထင်တယ်၊ သတိတော့ ထားကြရမှာပေါ့ကွာ''

ဦးဂုဏ်သည် အားလုံးအတွက် စောင့်ကြည့်နေရမည့်သူ ဟုတ်မဟုတ်ဆိုသည်ကို အချိန်က အဆုံးအဖြတ်ပေးလိမ့်မည်။ ယင်းတစ်နေ့သည်ကား ... ။

တစ်ရက်တွင် ... ရေသူမသည် ကုန်ပစ္စည်းများတင် ဆောင်ကာ ခရီးထွက်ရန် အသင့်ဖြစ်နေလေပြီ။ အချိန်ပိုင်း လောက်ပင်လိုတော့သည်။ သင်္ဘောသားများဖြစ်ကြသော ဆံ ပေါက်၊ ခေါင်းကြီး၊ အံပွားမထိနှင့်မည်းတူ တို့သည်လည်း ကုန် ပစ္စည်းများကို စစ်ဆေးခြင်း၊ အထားအသို မှန်ကန်တိကျစေခြင်း တို့ကို စနစ်တကျပင် ပြုလုပ်လျက်ရှိသည်။

မိုးသီးက ကုန်ပစ္စည်းစာရင်းကိုတစ်ဖန် ပြန်စစ်ဆေးပြီး နောက် ကိုကွမ်းခေတ်ဆီကို ပို့ပေးရလေသည်။

ယင်းအချိန်တွင် စားတော်ကဲကြီး ဦးဂုဏ်သည် စားဖိုဆောင် ထဲတွင် ချက်ပြုတ်ခြင်းဖြင့် အလုပ်ရှုပ်လျက်ရှိနေသည်။ ညနေ





ရတက်ပြီးချိန်တွင် ရေသူမကို ကမ်းမှထွက်ခွာရန် ပြင်ဆင် ကြရတော့သည်။

''ရွက်တွေ တင်ကြတော့ဟေ့ ...''

မိုးသီးက အားလုံးကို သတိပေးလိုက်သည်။ ရွက်တိုင်သုံး တိုင်ဆီမှ နှစ်ထပ်ရွက်များက ဖောင်းခနဲ ဖောင်းခနဲဆို ကား ထွက်လာခဲ့ကြသည်။ မကြာမီ ... ရေသူမသည် ကမ်းမှခွာစပြု လာသည်။ ကိုကွမ်းခေတ်သည် ပဲ့ကိုသက်သောင့်သက်သာစွာ ကိုင်နေရင်း စိတ်ထဲမှာအလိုလိုနေရင်း လေးလံနေမိသည်။

''ငါ ဘယ်လိုဖြစ်ပါလိမ့်၊ ဒီတစ်ခေါက် ခရီးထွက်ရတာ ရောက်ကြောင်းမအေးသလိုလို၊ ကိုယ့်ကိုယ်ကိုယ်ပဲ ... အန္တရာယ် တစ်ခုခုနဲ့ကြုံရတော့ မလိုလို၊ ခံစားနေရတယ် ... အင်း ... ငါ ကိုယ်လက်မအီမသာလို့ စိတ်ကထင်ချင်ရာထင်နေတာ ဖြစ်မှာပါ လေ''

ဟု စိတ်ကိုဖြေမိလိုက်သည်။ အဂ္ဂပိုင် အနားကိုရောက် လာ၏။ ကိုကွမ်းခေတ်၏မျက်နှာကို မြင်မိလိုက်စဉ်မှာ စိတ်ထဲ မှာ တစ်မျိုးကြီးဖြစ်သွား၏။ မျက်နှာက ဖြူဖျော့နေသည်။ မမာသူတစ်ယောက်၏မျက်နှာမျိုး ပုံဖမ်းနေသည်။ စိတ်ထဲမှာ ပူသွားမိ၏။

''အဖေ ... နေမကောင်းဘူးလား''

''ကောင်းပါတယ် သား ... ဘာဖြစ်လို့မေးတာလဲ''

''အဖေ့ကိုကြည့်ရတာ မျက်နှာက၊ အဲ ... နွမ်းနေတယ်၊ ပင်ပန်းနေသလိုပဲ''

''သားထင်လို့ပါ၊ အဖေ ဘာမှမဖြစ်ပါဘူး''

''အဖေ ... ခဏသွားနားလိုက်ပါ ... ကျွန်တော်ဝင်မယ်''



www.burmeseclassic.com

www.burmeseclassic.com



ပွဲစင်ကွင် ကိုယ်စားဝင်ထိုင်လိုက်သည်။ ကိုကွမ်းခေတ်က မငြင်း ... သားကို တာဝန်တစ်လဲပေးလိုက်လေသည်။



## အခန်း ( ၆ )
## ပျောက်ဆုံးသွားသူ

သဘော်ာသည် ရေပြင်ထက်တွင် တရိပ်ရိပ်နှင့်ပြေးနေသည်။ အတန်ကြာသော် ရေပြင်သည် ပြာလဲ့လဲ့အရောင်သန်းနေရာက အပြာရင့်ရောင်ဖြစ်လာခဲ့သည်။ ထို့နောက် ... မည်းညစ်လာခဲ့သည်။ မိုးချုပ်စ ပြုလာခဲ့လေပြီ။ ယင်းအချိန်တွင် ဦးရှုဝံသည် ကုန်းပတ်ပေါ်ကို တက်လာခဲ့လေ၏။

"ဆရာ ... ထမင်းစားလို့ရပါပြီ ..."

သီးသန့်အခန်းထဲသို့ဝင်တော့မည့်ဆဲဆဲ ကိုကွမ်းခေတ်ကို ခါးညွတ်ကာ ပြောလိုက်သည်။

"ကျွန်တော်ပြီးတော့မှ စားတော့မယ်ဗျာ၊ ဟိုကောင်တွေကို အရင်ကျွေးလိုက်ပါဦး ..."

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

ဦးရှုဝံသည် ခါးကိုညွတ်ကာ အရိုအသေပေးပြီး ပြန်ထွက်သွားသည်။ ကိုကွမ်းခေတ်လည်း ညနေစာထမင်းလည်း စားချင်စိတ်မရှိပေ။ စိတ်ထဲတွင် အကောင်အထည်မရှိသောကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ဤမှ ၁စ်ခုက ချုပ်ကိုင်ထားသလိုပင်။ အလုပ်မှာ အာရုံစိုက်လွန်း၍ သွေးအားနည်းလေသလားဟု ထင်မိလိုက်သေးသည်။ ဂိုးသီးနှင့် အဂ္ဂပိုင်တို့ကလည်း မစားကြသေး။ ထို့ကြောင့် ... သခေါ်ာသားငါးယောက်ကိုသာ အရင်စားစေသည်။

"ဆင်ပေါက် ... မင်းတို့အရင်စားနှင့်ကြကွာ၊ ပြီးတော့မှ ငါတို့စားမယ်၊ မြန်မြန်လေးလည်း စားကြဟေ့"

"ဟုတ်ကဲ့"

စားပွဲတွင် ဟင်းက သုံးခွက် ... အလယ်တွင် အင်တုံလို အရာကြီးထဲ၌ အရည်ပျစ်ပျစ်အရာက သူတို့အတွက် သတိထားစရာဖြစ်လာသည်။ မဏိက သစ်သားဇွန်းဖြင့် မွှေခတ်ကြည့်သည်။ အနံ့ကဆွဲဆောင်မှုရှိသည်။ ဆာလောင်မှုကိုပိုပြီးတော့နှိုးဆွနေသလို ဘာဟင်းရည်မှန်းမသိ။

"ဦးကြီး ... ဒါဘာဟင်းလဲဗျ၊ အနံ့နဲ့တင် ဗိုက်ထဲက တကြုတ်ကြုတ်နဲ့ကို မြည်လာပြီ ... "

"ဒီဟင်းမျိုးကို ... မင်းတို့မစားဖူးကြသေးဘူး၊ ငါအထူးစီမံပြီးတော့ ချက်ထားတာ၊ စားကြည့်ရင် လျှာလည်သွားမယ်"

ဦးရှုဝံက အေးဆေးစွာပင်ပြန်ပြောလိုက်သည်။ တကယ်လည်း ဟင်းကစားကောင်းသည်။ အရသာရှိရှိစီမံပြီး ချက်ပြုတ်ထားသည်က သိသာလှသည်။ စားကောင်းကောင်းနှင့် ခေါင်းမဖော်နိုင်စတမ်း စားလိုက်ကြသည်မှာ နလံမထူနိုင်အောင်ပင်ဖြစ်သွားခဲ့ကြရသည်။

"ကောင်းချာ ... ကောင်းဗျာ ... နောက်ဆို ဒီလိုဟင်းမျိုးမကြာခဏ ချက်ကျွေးပါနော် ... ဗိုက်ကမဆန့်တော့လို့သာ၊ ပါးစပ်ထဲလက်ညှိုးထိုးအန်ပြီးတော့ထပ်တောင်စားပစ်လိုက်ချင်တယ်"





မည်းတူက သူ၏မည်းပြောင်နေသော ဗိုက်ကြီးကိုပွတ်ကာ ကျေနပ်နေလေသည်။ အံပွားက နေရာမှထလိုက်ပြီး ...

"ခေါင်းကြီး၏ ပခုံးကိုပုတ်လိုက်ကာ ... "

"ကဲ ... ကဲ အလုပ်ကရှိသေးတယ်၊ သွားကြရအောင်"

"အေးပါကွ"

နေရာမှအားလုံးထလိုက်ကြသည်။ သူတို့ထွက်သွားကြသည်ကို မသိမသာအကဲခတ်ပြီး ကျန်ရစ်ခဲ့သူက ဦးရှုဝံ။

ညဦးနက်ပိုင်းကို ရောက်လာခဲ့ပြီဖြစ်၏။ ရေသူမဘာည် ရေပြင်ထက်မှာ တရိပ်ရိပ်ဖြင့် ပြေးနေလျှက်။ အမှောင်ရိပ်က ရေပြင်ပေါ်ဖြန့်ကျက်ထားသော်လည်း ကြယ်ရောင်များကြောင့် ဝန်းကျင်ကို သိသာစွာမြင်နိုင်လေသည်။ ကိုကွမ်းခေဟ်သည် ပိပ်ပျော်နေရာက ဖျတ်ခနဲဆို နိုးလာခဲ့သည်။ ပုံ့စင်ဆီကိုတန်းပြီးတော့သွားသည်။ မိုးသီးက အဂ္ဂပိုင်ဆီက နေရာပြောင်းပြီး ယူခဲ့လေပြီ။

"ဆရာ ... နိုးလာပြီလား"

"အေး ... ဘာထူးခြားတာရှိသလဲ"

"မရှိပါဘူး၊ လေကလည်းမှန်နေတယ်၊ ဆင်ပေါက်၊ မည်းတူနဲ့ အံပွားကိုတော့ အိပ်ခိုင်းထားလိုက်ပြီ၊ မဏိနဲ့ခေါင်းကြီးက တန်းခေါင်ယံကျော်မှနားကြမယ်၊ အဂ္ဂလည်း အိပ်ခိုင်းထားတယ် ပင်ဗျ"

"အေး ... အေး"



www.burmeseclassic.com

www.burmeseclassic.com



ကိုကွမ်းခေတ် ပြန်ထွက်သွားသည်။ ညဦးပိုင်းအိပ်ထား သဖြင့် ခေါင်းထဲမှာ ကြည်လင်နေသည်။ အိပ်ရေးဝနေသည်။ ကုန်းပတ်တစ်နေရာကို လျှောက်လာသည်။ လေကကောင်းနေ သည်။ သင်္ဘောလည်း အရှိန်အဟုန်ကောင်းစွာ တရိပ်ရိပ်နှင့် ပြေးနေသည်။ သင်္ဘောလက်ရမ်းကို လက်နှစ်ဖက်ဖြင့် ထောက် ကာ ရေပြင်တို့ မျက်စိတစ်ဆုံးပင် ကြည့်နေသည်။ လေက အဆက်မပြတ် တိုက်ခတ်နေ၍ အေးမြလန်းဆန်းသော အတွေ့ အထိကိုရနေသည်။

ထိုစဉ် ...

သူ၏အနားကို သဏ္ဍာန်တစ်ခုက တိုးကပ်လာသည်။ ကိုကွမ်းခေတ်မသိ။ အာရုံက ဟိုးအဝေးကြီးအထိ လွင့်ပျံ့နေ သည်။ ပင်လယ်ထဲတွင် မမျှော်လင့်ဘဲ စတေးခံလိုက်ရသော ဇနီးမမိုးတိမ်ကို သတိရစိတ်က ချက်ချင်းပင် ဖြစ်ပေါ်လာခဲ့လေ သည်။ သို့ရှိခိုက်မှာပင် ...

"ခွပ် ... "

"အား ... "

ခေါင်းတွင် ထိခိုက်နာကျင်မှုတစ်ခုကို ခံစားလိုက်ရသည်။ တစ်ဆက်တည်းမှာပင် ကိုကွမ်းခေတ်သည် သင်္ဘောပေါ်မှ ရေထဲ ကိုထိုးကျသွားခဲ့လေတော့သည်။ မည်းမှောင်နေသော ပင်လယ် ပြင်ကြီးထဲသို့ ...

"ဘွမ်း ... "

အရာဝတ္ထုတစ်ခုကျသွားသောအသံသည် ပြောပလောက် အောင် ကျယ်လောင်ခြင်းမရှိခဲ့ပါ။





မနက်မိုးလင်း ...

ရေသူမက မြို့ဆိပ်ကမ်းကို ဆိုက်ကပ်ကာနီးမှာ ပြဿနာ က တက်လေတော့သည်။ ကိုကွမ်းခေတ်တစ်ယောက် ပျောက် နေသောကြောင့်ပင်တည်း။ သူ၏အိပ်ခန်း သင်္ဘောဝမ်းရောက စ ကုန်ပစ္စည်းများထားသည့်နေရာအထိ ဂရုစိုက်ပြီးတော့ ကိုက်ရှာကြသည်။ မည်သည့်နေရာမှာမှ မတွေ့။

"အဖေ ဘယ်ရောက်သွားသလဲ ... ဒီသင်္ဘောပေါ်မှာ မရှိရင် ဘယ်ရောက်သွားသလဲ"

အဂ္ဂပိုင်သည် ဖခင်ကိုစိုးရိမ်စပြုလာခဲ့သည်။ ခေါင်းမီး တောက်ခဲ့လေပြီ။ အားလုံးလည်းထို့အတူပင်။

"ဆရာက ညနေစာလည်း မစားဘူး။ သူ့ကိုကြည့်ရတာ နေသိပ်မကောင်းချင်သလိုပဲ၊ မေးတော့လည်း ကောင်းတယ်လို့ ပြောတယ်၊ တစ်ရေးနိုးတော့ ... ငါ့ဆီကိုရောက်လာသေးတယ်၊ နောက်တော့ ကုန်းပတ်ပေါ်ကနေ တစ်နေရာကိုလျှောက်သွား တယ်၊ အဲဒီနောက် မတွေ့ရတော့ဘူး။ သူ့အိပ်ခန်းထဲကို ပြန်ဝင် သွားတယ်လို့ ထင်မိတာ ... အခုတော့ ... "

မိုးသီးလည်း သူ့ဆရာပျောက်ဆုံးသွားသဖြင့် စိတ်ထဲမှာ ဆန်းနေမိသည်။ မည်သို့လက်ခံရမှန်းပင် မသိပေ။

"မူးပြီးတော့ ... သင်္ဘောပေါ်ကနေ ရေထဲကိုများ ကျ သွားခဲ့သလား"

ဆင်ပေါက်က မဝံ့မရဲလေသံဖြင့် ပြောလိုက်သည်။ နောက်ဆုံးမှာတော့ ... ဤအတိုင်းသာလျှင် လက်ခံရတော့မလို နေသည်။

"ဒုန်း ... "



www.burmeseclassic.com

www.burmeseclassic.com



အရှုပိုင်က ဒေါက်ကွဲပြီး သူခေါင်းအုံးနဲ့ရဲ တံခါးနေရာကို လက်သီးဖြင့် ထိုးတည့်လိုက်သည်။

''အခုဗေရာ၊ ဖြစ်မှဖြစ်ရလေ၊ ဒီလိုအခြေအနေမျိုးနဲ့ သားဖို့ကိုစွန့်ခွာသွားလိမ့်မယ်လို့ မထင်ဘူးဗျာ''

ဗိုလ်ပါကြီးနှင့် ပြောလိုက်သည်။

ထို့နောက် … နံရံကို လက်သီးဖြင့် တချိန်းချိန်းထုနေအောင် ရော့နေလေတော့သည်။

''မိဘကို ထိန်းပါ … လူလေးရော၊ မင်းအခုဖေဖေက မစောင့်တာဆ ဖြစ်သွားတော့နေမှာပါ၊ သူ့ကို အားလုံးကထိန်းပြီး တော့ ချစ်ခင်နေကြတာပဲ … ဒါပေမယ့် မင်းရွယ်ထဲကိုကျူးသွားတယ်ပဲ ထွားဦး … ပိုးစိုးပက်စက်ဖြစ်ချင်မှ ဖြစ်မှာပါ၊ ကံတရားကလည်း ရှိပါသေးတယ်လေ''

မိုးသီးက အရှုပိုင်ကို ဖက်တွယ်ကာ ထိန်းသည်။ အားလုံးကလည်း နှမှုင်းမှုကြသည်။

''ညီလေးရော၊ ကံတရားနှုကြောင်း ဒီလိုဖြစ်ရတယ်ဆိုသာ သူတော်တားလိုက်ပါတော့၊ ငါတို့ရဲ့ စိတ်ထဲမှာ ညာရှာပဲ့ တရားနဲ့အကြာကြီး မခွဲနိုင်ပါဘူး၊ တစ်ချိန်ကျပြန်ရောက်လာမှာပါ၊ အဲဒီလိုပဲ ထင်နေမိတယ်''

အံပွားကလည်း စိတ်ဖြေသာအောင် ပြောသည်။

''ဒါလောက်သန်သန်မာမာကြီးဗျာ၊ အဖေက သူ့ကျွန်းမှာရေးကို သိပ်ပြီးတော့ ဂရုစိုက်တာ၊ ညမရောက်မီအချိန်ထဲ ကျွန်းမှာရေးမကောင်းကြောင်း တစ်ချက်ညည်းညူမကြားရဘူး၊ ခုမှနက်ကျမှ အဖေမရှိတော့တာ၊ ဘယ်လိုနားလည်ရမှန်းတောင် မသိတော့ဘူးဗျာ''





ဖိုးလည်းဗို၊ ပြောလည်းပြောနှင့် ပျကျူးမရ ဖြစ်နေကြသည်။ အားလုံးမပျော်ရွှင်နိုင်ကြတော့ပါ။

၅

ကိုကျွမ်းအောင် ရေနွေမသောက်ဘဲမှ ပျောက်သွားခဲ့သည့်မှာ ရက်မှသည် တသည့်ပိုင်းစေခဲ့သည်။ တစ်ရက်ပြန်လာနိုး၊ ပြန်လာနိုးနှင့် တစ်ရက်မှမမှနိုင်ကြ၊ တသသသနှင့် ဖြစ်နေကြသည်။ ဆူးကြားဖေသည်က ကိုကျွမ်းအောင်နှင့်ပတ်သက်ပြီး ယနေ့ ထက်တိုင် သမင်းမပေးပဲသူထိစေမှာက်က ရှိနေသည်။ လူက မတော့ ဦးနှုတ်၊ သူ့အရုပ်ရှုပ်လုပ်ခနေသည်။

''ဒီရွာကြီးမှာ အဖေဖန့်ပတ်သက်ပြီး တစ်ခွန်းမှမမေးခဲ့ပါ ဖြား … ခေါင်းထက်နေနိုင်လွန်းတယ်''

''မှုတ်တယ် … အချ၊ သူ့ကိုငါတို့က ကျုပ်မပြည့်တဲ့ ပုံမှိုးတိုင်းနေကြတာနော်၊ ဒါပေမဲ့ မင်းမေသသေသချာချာကြည့်၊ မျက်လုံးတွေထဲမှာ ကော်ကော်ကျစ်မှုတွေ ကြိတ်ညည်းမှုတွေကို တွေ့ရမှာပေါ့''

''ကျွန်တော်လည်း စကားတည်းက သူ့ကိုသက်မကောင်းဖြစ်နေတာ၊ ခေါင်းတော့ကြည့်ရမယ်၊ တစ်ယောက်ကြပ်မပြည့်တာလား၊ မနိုင်အောင်နေတာလားဆိုတာ၊ ဒီလူဟာ … အမေ့ကိုများ လော်တော့ကြီးဆိုက်တာလား''

''စနည်း … အချ၊ ငါတို့က သူ့ကိုသက်မကောင်းဖြစ်နေတာ … အကဲခတ်နေတယ်ဆိုတာ၊ မသိစေနဲ့၊ ကျန်တဲ့လူမှုတွေလည်း မသိပ်စေနဲ့ ကြားလား …''



www.burmeseclassic.com

www.burmeseclassic.com



အဂ္ဂပိုင်သည် မိုးသီးကို နားမလည်သလို ကြည့်လိုက်သည်။

သူ့အကြည့်ကို မိုးသီးက သိလိုက်သည်။

"ဒီလိုကွာ၊ ဆရာ ခုလိုဖြစ်သွားတဲ့ကိစ္စနဲ့ ပတ်သက်ပြီး အဖြစ်မှန်ကို မသိရသေးဘူးလေ၊ ဒါကြောင့်ပါ ... သူ့အပေါ် သံသယရှိ၊ ကိုယ့်အပေါ်သံသယရှိနေတယ်ဆိုတဲ့ အခြေအနေမျိုးဖြစ်နိုင်တယ်၊ တကယ်လို့များ မတော်တဆ မဟုတ်ခဲ့ရင် တစ်ယောက်ယောက်ရဲ့လက်ချက်ပဲ ..."

ထိုစကားသည် အဂ္ဂပိုင်၏ အသည်းထဲကို စိမ့်ပြီးတော့ ဝင်သွားခဲ့သည်။

"ဒီအတိုင်းဆိုရင် အဖေပျောက်သွားတာ ရိုးမှရိုးရဲ့လား။ မကျေနပ်တဲ့သူတစ်ယောက်ယောက်ရဲ့ လက်ချက်ပဲလား။ ဒါမှမဟုတ်၊ ဒီသင်္ဘောကြီးကို အပိုင်စီးချင်တဲ့သူက အကွက်ချကြံစည်ပြီး အဖေ့ကိုလုပ်ကြံလိုက်တာလား။ ဒီလိုဆိုရင် ဘယ်သူဖြစ်နိုင်မလဲ ... ဦးရှုဝံလား၊ ဆင်ပေါက်တို့အုပ်စုလား၊ ဒါမှမဟုတ်"

အတွေးက ရုတ်တရက် ရပ်တန့်သွားပြီးနောက် ...

"ဟင် ... "

"သူ ... သူများလား၊ မဖြစ်နိုင်ဘူး။ သူမဖြစ်နိုင်ဘူး၊ ဦးမိုးသီးဟာ အဖေ့ဆီကို ရောက်လာကတည်းက အခုအချိန်အထိ သစ္စာရှိရှိနဲ့ ကျိုးကျိုးနွံနွံနေလာခဲ့တဲ့သူ သင်္ဘောအကြောင်း ရောလုပ်ငန်းနဲ့ပတ်သက်ပြီးတော့ရော ကောင်းကောင်းနားလည်နေပြီ၊ အဖက်ဖက်ကလည်း မျက်နှာလွှဲလို့ရနေပြီ၊ ဒီလိုလူမျိုးကို ငါထင်ကောင်းသလား။ ဆင်ပေါက်၊ အံပွားတို့အုပ်စုကလည်း ဒီလိုဝိတ်တာမျိုးရှိစရာ အကြောင်းမရှိနိုင်ပါဘူးလေ"





စဉ်းစားရင်း ခေါင်းထဲမှာပေါ်လာခဲ့သည်နှင့် သက်ပြင်းမော တစ်ချက်ကို ချမိလိုက်လေသည်။

ရက်မှသည်လသို့ လမှသည် တစ်လ၊ နှစ်လ၊ သုံးလသို့ ရောက်လာခဲ့လေပြီ။ ကိုကွမ်းခေတ်ကား သတင်းမရနိုင်လောက် အောင်ပင် စုပ်စမြုပ်စရှိနေဆဲ။ ကြာတော့ ... မျှော်လင့်ချက် မှုန်မှိန်လာသည်။ ထို့ကြောင့် ပင်လယ်ထဲမှာပင် သေဆုံးကျန်ရစ် ပြီဟု ဆုံးဖြတ်လိုက်ကြသည်။

"အဖေရယ် ... သေချာရိုးသားရိုးသေတာ မဟုတ်ခဲ့ရင် တားကို အိပ်မက်ပေးပါ၊ ဘယ်သူ့လက်ချက်လဲဆိုတာကိုပြောပါ ာ။ အဲဒီလူကို အရှင်မထားဘူး။ ကလဲ့စားချေမယ်"

မိမိ၏ဖခင်သည် ပရလောကဘဝ၊ တစ္ဆေဘဝကိုရောက် နေသည်ဟုထင်မိသည်။ ထို့ကြောင့် ပြောမိပြောရာ ပြောနေ ည်ဟု မိမိ၏စိတ်နှင့်အတ်ကို တစ်ဖန်ပြန်ပြီးတော့ အပြစ်တင်မိ သည်။ ယခုတော့ ... ဖခင်က လောကကြီးထဲမှာ အရင်ထွက် သွားခဲ့သည်။ ဖခင်သည်လည်း နောက်မှတစ်ဖန် လိုက်သွားခဲ့ နိုင်လေပြီ။

လောကကြီးထဲတွင် မိမိ၏ဖခင်မရှိတော့ဟု တစ်ထစ်ချ ုံးဖြတ်ချက်ချမိလိုက်သည်။ ထို့ကြောင့် မိမိ၏ အိမ်သဖွယ် ထ်မှတ်ထားသော ရေသူမသင်္ဘောပေါ်မှာပင်လျှင် ကိုကွမ်း တ်အတွက်ရည်စူးကာ ... သံဃာတော်အရှင်သူမြတ်များကို င့်ဖိတ်၍ ဆွမ်းသွတ်အမျှဝေလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၄ )
## အပျော်မယ်

လသည် တဖြည်းဖြည်းနှင့်မြင့်တက်လာခဲ့လေပြီ။ သင်္ဘောသည် မြစ်ပြင်ထက်မှာ တရိပ်ရိပ်ဖြင့် ပြေးနေသည်။ သင်္ဘောသားများမှာ အလှည့်ကျစောင့်နေကြသော အိပ်ချိန်၊ နားချိန်ကိုလည်း အလှည့်ကျထားသည်။ ရေသူမက မင်းစေယ်လိုင်းများကြားမှ လှုပ်ရှားနေပေမယ့် သင်္ဘောရှိလမ်းလျှောက်ဘက်ဦးတစ်ယောက်မှ မပါ သလို တိတ်ဆိတ်ငြိမ်သက်နေသည်။

မြေပြင်ထက်မှာ သစ်ပင်ကြီးတစ်ကောင် လျှောဖို့ကြိုးစား နေတော့သွားနေသလိုမဟုတ်။ တကယ်တော့ မိုက်နိုင်သူ၊ မတာစနစ်ထဲ ဆောင်နေသူတချို့ကအား သူ့နေရာနှင့်သူရှိနေကြပါသည်။

ဒီညမှာမှ လိုင်းက သာမန်ထက်ပိုပြီးတော့ ကြီးမားသည်။ ပိုပြီးတော့ လှုပ်ရှားနေသည်။ ရေသူမကား လိုင်းများ သဘောဦးဖြင့် ထိုးခွဲပြီးတော့သွားနေသည်။ လေကလည်း အနည်းငယ်ပိုပြီးတော့ တိုက်ခတ်နေသည်။ မုန်တိုင်းလာကျွ တော့မရှိ။





ယင်းအချိန်တွင် ...

လူတစ်ယောက်သည် သင်္ဘောကုန်းပတ်ပေါ်ကိုရောက်လာသည်။ သူကား ဦးရွှေပိုင်တည်း။ အင်္ကျီ ခေါင်းဘီရှည်အနက်ကိုဝတ်ဆင်ထားသည်။ ရှည်လျားသော ဆံပင်များက ကုပ်ပေါက် လုံးထက်မှာ ဖြန့်ပြီးတော့ချထားသည်။ လေတိုးသဖြင့် ဆံပင်များက လွင့်နေကြသည်။

လရောင်အောက်တွင် သူ၏မျက်နှာကြီးသည် ခက်ထန်သလိုထင်ရသည်။ ပိုပြီးတော့လည်း ကြောက်စရာကောင်းနေသည်။ မျက်နှာကျပုံက ပြည့်သောမျက်နှာမျိုးမဟုတ်။ ပါးရိုးများ ထွက်နေကာ ချောင်ကျနေသည်။ အသားဟူ၍မရှိဘဲ အရည်ကိုတစ်ခုတည်းသာ ဖုံးလွှမ်းထားသလို၊ မျက်လုံးနှစ်လုံးကတော့ တစ်ချက် တစ်ချက်မှာ စူးခနဲ၊ လက်ခနဲဖြင့် အလင်းရောင်ထွက် သည့်အတိုင်း။

ယင်းမျက်လုံးများသည် စဉ်းလဲမှုအသွင်၊ စိတ်မမှန်သူ၊ ရူးတစ်ယောက်၏မျက်လုံးများမှသာ ဂရုမစိုက်၊ ဦးရွှေပိုင်သည် သင်္ဘောရှေ့ပိုင်းနားအထိလျှောက်သွားပြီး လှေယာဉ်ဖိုကြီးထဲက လုံးကြီးကို ထုတ်ယူလိုက်လေသည်။ သူလက်ထဲကိုမရောက်မီ ဂွလုံးကြီး၏အရောင်မှာ ခပ်မှိန်မှိန်၊ လက်ထဲကိုရောက်လာ အခါ အရောင်မျိုးစုံထွက်လာသည်။ အသက်ဝင်လာသလို ရသည်။

ဦးရွှေပိုင်သည် ထိန့်ထိန့်သာနေသော လမင်းကြီးကို မော့ကြည့်လိုက်သည်။ ထို့နောက် ဂွလုံးကြီးကိုလည်း လက်နှစ်ဖက်ကိုင်ကာ မြှောက်ထားလိုက်သည်။ နှုတ်ကလည်း တတွတ်တွတ်နှင့် အာဂမ္ဗွတ်ရွတ်ဆိုနေမှန်းမသိ။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလူကြီးလဲ ဦးရာ၊ သူလုပ်နေပုံက အရူးတစ်ယောက်လိုပဲ၊ ဒီရွှဲလုံးကြီးက သူ့အတွက် ဘာတွေများ အသုံးဝင်လို့လဲ၊ မြင်ပြင်းကပ်စရာ၊ ကျွန်တော်တော့ ဒီလူကြီးကိုကြည့်လို့ ကိုမရတော့ဘူး"

မိုးသီးနှင့်အဂ္ဂပိုင်တို့သည် ထိုလူကြီး၏လှုပ်ရှားမှုကို တစေ့တစောင်းကြည့်ကာ အကဲခတ်နေကြသည်။

"သူဟာ ... သည့်ပြင်နေရာမှာနေတာ ထိုင်တာပြောစရာမရှိပေမယ့် ဒီရွှဲလုံးကြီးနဲ့ပတ်သက်လာရင် ဂနာမငြိမ်ဘူး၊ သူ့စိတ်ထဲမှာ သူ့ကိုယ်သူဘာများမှတ်နေသလည်းမသိဘူး၊ ဆရာကြီးလိုလို၊ ဘာလိုလိုနဲ့၊ သူ့နှုတ်က တစ်ခုခုကို ရွတ်နေတာရယ်၊ တစ်ခါတလေကျရင် ရွှဲလုံးကြီးနဲ့ စကားပြောနေတာကို တွေ့ရတယ်၊ အံမယ် ... အကြောင်းအရာတစ်ခုကို အပြန်အလှန်ဆွေးနွေးနေကြသလားမှတ်ရတယ်"

"ဒီလူကြီး ... သင်္ဘောပေါ်ကိုရောက်လာမှ အဖေလည်းပျောက်သွားခဲ့ရတယ်၊ ကောင်းကျိုးပေးတဲ့လူကြီး မဟုတ်ဘူး၊ ကျွန်တော်တော့ သူ့ကိုနှင်ချလိုက်ချင်ပြီ"

"ငါလည်း မင်းလိုပါပဲ ... သူသင်္ဘောပေါ်မှာရှိနေတာပေါက်တော့မယ့်မြွေပွေးတစ်ကောင်ကို ခါးပိုက်ထဲ ထည့်ထားမိသလိုပဲ၊ အန္တရာယ်မကင်းဘူးလို့လည်း ခံစားနေရတယ်၊ ဒါပေမဲ့အခြေအနေကို စောင့်ကြည့်ပါဦးလေ၊ သူ့ဘက်က အမှားတစ်ချက်တွေ့လို့ကတော့ ငါကိုယ်တိုင်ဖြေရှင်းမယ်"

မိုးသီးက အဂ္ဂပိုင်ကို နားလည်အောင်ပြောသည်။

"ဆရာတို့ကလည်း ဒီလူကြီးကိုပဲ မကောင်းမြင်နေကြတာကိုး၊ သူဝါသနာပါတဲ့အလုပ်ကိုလုပ်နေတာ ဘယ်သူ့ကိုမှထိခိုက်





တာမှမဟုတ်တာ"

အမှတ်မထင် နောက်ကရောက်လာပြီး ဝင်ပြောလိုက်သူက မဏိ၊ သူတို့အံ့အားသင့်သွားခဲ့ကြသည်။ ဦးရှုဝံကို သံသယရှိသူများထဲတွင် မဏိလည်းအပါအဝင်။ အားလုံးပင် ယခု ဦးရှုဝံဘက်က မည်သည့်အကြောင်းကြောင့် ဘက်လိုက်ကာပြောရပါသလဲ။

"မဏိ ငါတို့က သူ့ကိုမကောင်းပြောနေတာ မဟုတ်ဘူး၊ သူနေပုံထိုင်ပုံတွေဟာ အများအမြင်မှာ ဆန့်ကျင်ဘက်ဖြစ်နေလို့ကွ ... မင်းက ..."

မိုးသီးလည်း စကားတစ်ခွန်းပြောမည်ပြုပြီးမှ မပြောဖြစ်တော့။ မဏိကိုသာ မသိမသာ အကဲခတ်နေလေသည်။ မဏိထွက်သွားသောအခါ သူလည်းအချိုးပြောင်းနေတယ်၊ သူတစ်ယောက်တည်းမဟုတ်ဘူး၊ ကျန်တဲ့လေးယောက်ပါ၊ ဒီလူကြီးနဲ့ပတ်သက်လာရင် နည်းနည်းလေးမှ အထိမခံကြဘူး၊ ဦး ... ဘယ်လိုဖြစ်သွားကြသလဲမသိဘူး"

"ဦးရှုဝံက သူတို့ကိုဘယ်လိုစည်းရုံးထားသလဲမှမသိတာ၊ အေးလေ ... ဒီလူ တစ်ခုခုကိုကြိတ်ပြီးတော့ ကြံစည်နေတယ်ဆိုတာ ထင်ရှားလာခဲ့ရင်တော့ ကိုယ်ကအရင်ဦးအောင် တွယ်ရမှာပဲ"

ဦးရှုဝံ၏လှုပ်ရှားမှုကို ဆက်ပြီးတော့ ကြည့်နေကြသည်။ ယခုအချိန်တွင် ဦးရှုဝံသည် ရွှဲလုံးကြီးကို ကောင်းကင်ဆီမြှောက်၊ ခေါင်းထက်မှာတင်ကာ နှုတ်ကတတွတ်တွတ်ဖြင့် ရွတ်နေသည်။ လပြည့်ဝန်းကြီး၏အလင်းရောင်သည် ရွှဲလုံးကြီးပေါ်ကိုလည်း တက်ရောက်လျက်ရှိနေသည်။ ထို့ကြောင့် ရွှဲလုံးကြီး၏အရောင်



www.burmeseclassic.com

www.burmeseclassic.com



သည် ပိုပြီးတော့ တောက်ပလာလေသည်။

"ဒီလူကြီးဟာ လပြည့်နေ့တိုင်းမှာ ဒီလိုပဲလုပ်လေ့လုပ်ထ ရှိတယ်ဦး ... ဒီရွှဲလုံးကြီးကပဲ လရောင်ကိုစုပ်မြို့လေသလား မသိဘူး"

"သူ့အတွက်တော့ အဓိပ္ပာယ်တစ်ခုခုတော့ ရှိနေလိမ့်မယ်၊ မင်းသူ့မျက်နှာကို သေသေချာချာအကဲခတ်မိရဲ့လား၊ ဒီလူကြီး ဟာ တိုင်းတစ်ပါးသား လူမျိုးခြားတစ်ယောက် ဖြစ်နိုင်တယ်၊ ငါတို့နဲ့ အနေအထိုင်၊ အပြောအဆိုက မတူဘူးကွ၊ ဟင်းချက် ကောင်းတာက လူမျိုးခြားတွေရဲ့ ဟင်းချက်အစပ်အဟပ်မျိုး ဒါ ... ထူးခြားချက်တစ်ခုပဲ"

မိုးသီးစကားမဆုံးမီမှာပင် အမှတ်မထင် ဖြစ်ပေါ်လာသော အခြေအနေတစ်ခုကား ... ရေပြင်သည် ပိုပြီးတော့ လှုပ်ရှား လာခဲ့သည်။ လေမတိုက်ပါဘဲနှင့် လှိုင်းကြီးလာသည်၊ ပင်လယ် ပြင်မှာ တိုက်ခတ်သော လေမျိုးလောက်ပင်။

သို့သော် သူတို့သည် အကြောင်းအချက်တစ်ခုကို ရုတ်တ ရက် တွေးမိလိုက်ကြသည်။ ထိုအခါ ရင်ထဲမှာ လှုပ်ရှားသွားခဲ့ ကြရလေသည်။ ရေသူမသည် အစိုးမရပင်လယ်ကြီးထဲကို ဖြတ် သန်းနေပြီမို့တည်။ ဤနေရာသည် အကြောင်းတစ်ခုတစ်ရာမရှိ ဘဲ လှိုင်းထန်နေတတ်သည့်နေရာ၊ ရေအောက်မှ ရေပန်းကြီးများ တစ်ရှိန်ထိုး ပန်းထွက်လာတတ်သည့်နေရာ။ တစ်ခါတစ်ရံတွင် အိမ်လှိုင်းလုံးကြီးများပင် ဖြစ်ပေါ်လာတတ်သည်။

တစ္ဆေပင်လယ်ဟုပင် တင်စားပြီးခေါ်ကြသည်။ ဤနေရာ ကို မဖြစ်မနေ ဖြတ်သန်းကြရမည့်အခြေအနေမျိုးရှိမှသာ မလွှဲ မရှောင်သာ ဖြတ်ကျော်ကြရသည်။





"ဟော့ ... ဟော့၊ အဂ္ဂရေ ... ငါတို့ ဒီနေရာကိုရောက် ...ကြပြီကွ၊ ကြည့်စမ်း ... ခုမှပဲ သတိထားမိတော့တယ်"

"အစိုးမရပင်လယ်ထဲကို ရောက်လာတော့လည်း၊ ဘာဖြစ် ...လဲဗျာ ... သတိထားစရာမလိုပါဘူး"

အဂ္ဂပိုင်သည် နာကြည်းမှုလေသံဖြင့် ပြောလိုက်သည်။ ...၏မိခင်သည် ဤအစိုးမရပင်လယ်ကြီးထဲတွင် သူမ၏အသက် ...ကို စတေးခဲ့ရသည်မဟုတ်ပါလား။ ရေသူမကို လှိုင်းလုံးကြီးများ ...က ပင့်ကာ ပင့်ကာ ခေါ်ယူသွားသည်။ အသွားနှုန်းက ပိုပြီးတော့ ...နှဲ့ဆန့်လာသည်။ ပိုပြီးတော့ ပြေးနေလေသည်။

ယင်းအချိန်တွင် ဦးရုဝံသည် ရွှဲလုံးကိုမြှောက်တင်ထားဆဲ ...က်မှ တတွတ်တွတ်နှင့် ရွတ်ဆိုနေဆဲ၊ လက်ထဲမှ ရွှဲလုံးကြီး ...ည် ပိုပြီးတော့ အရောင်ထွက်လာသည်။ သဘော်ကြီးက လွန့် ...းနေပေမယ့် သူကတော့ ဟန်ချက်မပျက်ဘဲ ရပ်နေဆဲ။

သို့ရှိစဉ် ...

သဘော်နှင့်မလှမ်းမကမ်း ရေအောက်မှ မြူတန်းကြီးတစ် ...က ရေမျက်နှာပြင်ထက်သို့ ထိုးပြီးတော့ တက်လာသည်။

"ဝုန်း ..."

လှိုင်းလုံးကြီးတစ်လုံးက ရုတ်တရက်ထအကြွနှင့် တိုက် ...ိုင်သွားသည်။ ယင်းမြူတန်းကြီးသည် မြွေတစ်ကောင်ပမာ ...ရုံလိမ်ပြီး ထိုးတက်သွားသည်။ ထိပ်ဆုံးပိုင်းသည် လူတစ် ...ယောက်၏မျက်နှာနှင့်ဆင်ဆင်တူနေသလို၊ အမျိုးတစ်ဦး၏ မျက် ...နှင့် ပိုပြီးတော့ တူနေသည်။ သို့သော် ခပ်ဝါးဝါး၊ မှုန်ပျပျသာ။ ...က်လုံး၊ နှာခေါင်း၊ ပါးစပ်ပေါက်နေရာကအစ ထင်းနေသည်။

ဤနေရာသည် ပြောင်းလဲမှုများစွာရှိနေသည်။ သဘော



www.burmeseclassic.com

www.burmeseclassic.com



တရားကြီးက ထူးခြားမှုတွေနှင့် ပြည့်နှက်နေသည်။ ရှည်လျားသောခန္ဓာကိုယ်သည် ခွဲနှောင်းပြီး မြွေတစ်ကောင်၏ ကိုယ်ထည်ကြီးနှင့်လည်း တူနေသည်။ အတော်မြင့်မြင့်အထိ ထိုးတက်သွားပြီး ယိမ်းခွဲနေလေသည်။

"ဒါ ... ဘာကြီးလည်းမသိဘူး၊ ဒီနေရာမှာ ဒါမျိုးရှိတယ်ဆိုတာ မြင်ဖူး၊ ကြားဖူးကြတဲ့သူတွေက ပြောပြောနေကြတယ်၊ ဆန်းတော့ဆန်းသားပဲ ... ဦး"

"အေး ... ငါလည်း ဒီတစ်ခါပဲမြင်ဖူးသေးတယ်၊ နာမည်ပေးထားကြတယ် ... အဏ္ဏဝါမိစ္ဆာတဲ့ မင်းမသိဘူးလား"

"ဟင့်အင်း ... ဘယ်သိမလဲဗျာ၊ ကျွန်တော်လည်း တစ်ခါမှမကြားဖူးပါဘူး၊ ဒါပေမဲ့ ဒါဟာ ပင်လယ်အောက်က ထွက်လာတဲ့ ရေမြွေတန်းကြီးပါ၊ ကြည့်လေ ... ဒီအတိုင်းပဲ မဟုတ်လား၊ မိုးပေါ်မှာ သက်တံပေါ်လာသလိုမျိုး၊ သူလည်း တစ်ခါတရံမှာ ပေါ်လာတာမျိုးပဲနေမှာပါ ... ဦး"

"အေး ... မြင်ရ၊ တွေ့ရခဲတယ်ကွ၊ ငါကောင် အခုမှ မြင်ဖူးတာ၊ ဒီလမ်းကနေ အလျင်းသင့်တိုင်းသွားနေတာ ဘယ်လောက်ကြာပြီလဲ"

သူတို့က တီးတိုးဝေဖန်နေကြသည်။ ထိုအရာကြီးသည် ခွဲနှောင်းသော ခန္ဓာကိုယ်ကြီးကိုယိမ်းထိုးကာ သူတို့ဘက်ကို မျက်နှာလှည့်ထားသည်။

နှစ်ဦးစလုံး၏စိတ်ထဲတွင် စိုးတထိတ်ထိတ်ခံစားမှုများ ရှိနေကြသည်။

[မြည်သည့်အကြောင်းကြောင့်လည်း ဆိုသည်ကိုတော့ မသိ၊ မပြောပြတတ်၊ ထိုအရာကြီးကိုမြင်လိုက်ကြရတော့မှ စိုးရိမ်မကောင်း





စိတ်များဖြစ်ပေါ်လာခဲ့ကြခြင်းပင်။]

ယင်းအချိန်တွင် ...

ဦးဇွဲဝဏ်၏ အခြေအနေသည်ကား ...

ထို ... 'အဏ္ဏဝါမိစ္ဆာ'ဟူသော အရာကြီးကို မြင်မိလိုက်သည်နှင့် ... လှုပ်လှုပ်ရှားရှားဖြစ်သွားခဲ့ရလေသည်။ ထူးခြားချက်မှာ ခေါင်းပေါ်ကိုတင်ကာ မြှောက်ထားသော ရွှဲလုံးကြီးသည် ရုတ်တရက် အရောင်မှိန်ကျသွားသည်။ ထို့နောက် ... သူ၏လက်ထဲမှ အလိုလိုနေရင်း ရုန်းကန်ပြီး လွတ်ထွက်သွားတော့မလို ဖြစ်သွားခဲ့သေးလေရာ ... အဖမ်းသာ မမြန်ခဲ့ရင် ဆုံးရှုံးသွားနိုင်သည်။

"တောက် ... ငါ့ကိစ္စကို ဖျက်လိုဖျက်ဆီးနဲ့၊ သေချာပေါက်အောင်မြင်ခါနီးမှ ... သင်းအနှောင့်အယှက်ပေးတယ်"

ဦးဇွဲဝဏ်သည် သူ့ရွှဲလုံးကြီးကို လွတ်ထွက်သွားမှာ စိုးရိမ်၍ အိတ်ထဲကို အလျင်စလိုအဖြစ် ထည့်လိုက်လေ၏။ ထိုရှည်လျားသောအရာကြီးကား ခန္ဓာကိုယ်ကြီးကို ယိမ်းခွဲနေကာ အထက်ဆီကို ဆန့်တန်းပြီးတော့ တက်သွားခဲ့ပြန်သည်။

သို့သော် ... အမိုးအငွေ့များပမာ ထွင်းဖောက်ပြီးတော့ မြင်နိုင်သော ကိုယ်ထည်ကြီးကား ရေနက်ထဲမှာ ကျန်ရှိနေပေသေးသည်။

"ဦး ... "

အပေါ်ကို ထိုးတက်သွားသော ကိုယ်ထည်ကြီးသည် ခါးမြို့ကာ သင်္ဘောဆီကို ညွတ်ကျလာသည်။ သင်္ဘောသွားရာဆီကို လိုက်ပါလာသည်။ ထိုအခါ မျက်နှာလိုလိုအရာကြီးကို အနီးကပ်ဆုံးမြင်တွေ့လိုက်ကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... "

ဦးရှုဝံသည် သူ၏အိတ်ကို ရင်မှာပိုက်ကာ နောက်ကြောင်းကို လှည့်ပြေးလာတော့သည်။ ယင်းရှည်မျောမျောအရာကြီးကား သင်္ဘောကြီးကို မိုးနေလေတော့သည်။ အဂ္ဂပိုင်နှင့်မိုးသီးမှာ ရင်တထိတ်ထိတ်နှင့်ရှိနေကြသည်။ အဏ္ဏဝါမယ်၊ အဏ္ဏဝါမိစ္ဆာဟု အမျိုးမျိုးတင်စားကာပြောဆိုနေကြသော ယင်းအရာကြီးကို အနီးကပ်ဆုံးမြင်လိုက်ကြရပြီးနောက်၊ ခါးသည် တစ်ရှိန်ထိုး ညွတ်ကျလာလေတော့သည်။

"ဟင် ... ဟာ"

သူတို့နှစ်ယောက်သည် ရင်ထဲမှာ ဖိုလှိုက်သွားခဲ့ရသည်။ သင်္ဘောကြီးပေါ်များကျလာလေမလားဟု ... သို့သော် ...

"ဝုန်း ... "

ရေနက်ထဲကို ခေါင်းစိုက်ကျသွားခဲ့လေသည်။ နောက်မှ ရှည်လျားသောကိုယ်ထည်ကြီးသည်လည်း လိုက်ပါသွားကာ ရေထဲကို ထိုးဆင်းသွားခဲ့လေသည်။ ပင်လယ်ရေပြင်သည် ပိုပြီးတော့ လှုပ်ရှားကာ ကျန်ရစ်ခဲ့သည်။ ထိုအချိန်တွင် ယင်းအခြေအနေကို တွေ့မြင်လိုက်ကြရသော သင်္ဘောသားအချို့သည် သူတို့ဆီကို မျက်စိမျက်နှာအပျက်ပျက်နှင့် ရောက်လာခဲ့ကြလေသည်။



## အခန်း ( ၈ )

## အသွင်ပြောင်းမြူတန်းကြီး

အဏ္ဏဝါမယ် (သို့မဟုတ်) အဏ္ဏဝါမိစ္ဆာဟု ရေလမ်းခရီးသွားများက အမည်ပေးထားကြသည့်အရာကြီးကို သင်္ဘောသားများ၊ ခရီးသွားများက ကြောက်ရွံ့ကြသည်။ ထိုအရာကြီးကိုမြင်တွေ့လျှင် အန္တရာယ်တစ်ခုခုနှင့်တွေ့ကြုံရတတ်သည်။ ဘေးဆိုးတစ်ခုခုနှင့်ရင်ဆိုင်ရတတ်သည်ဟု လက်ခံထားကြသည်။ သို့သော် ယင်းအရာကြီးသည် အသွင်ပြောင်းမြူတန်းကြီးတစ်ခုသာဖြစ်သည်ဟု ယူဆထားကြသူများလည်း ရှိကြသည်။

ယင်းအရာကြီးကား ... မည်သူ့ကိုမှ ကိုယ်ထိလက်ရောက်ထိုက်နိုက်ခြင်းမရှိခဲ့။ ရံဖန်ရံခါ ရေအောက်မှထိုးထွက်လာခဲ့ခြင်းဖြစ်ပြီး ... မြင်ရတွေ့ရခဲ့ပါသည်။

ဆင်ပေါက်၊ ခေါင်းကြီး၊ အံပွား၊ မဏိနှင့်မည်းတူတို့သည် စားသောက်စားရန် စားပွဲ၌ အသီးသီးစောင့်နေကြသည်။ ယနေ့တွင် ကြိုက်သော ဟင်းတစ်ခွက်ကို စားဖိုမှူးကြီးဦးရှုဝံက ချက်ပြုတ်ပြည်ဖြစ်၍ စိတ်အားတက်ကြွနေကြသည်။ ထိုဟင်းရည်



www.burmeseclassic.com

www.burmeseclassic.com



ကို သူတို့မက်မောကြသည်။ သို့သော် … ဦးရှုဝံကတစ်ပတ်လျှင် တစ်ကြိမ်သာ ချက်ကျွေးလေသည်။

သဘော်သားငါးဦးတို့သည် ညကတွေ့ခဲ့ရသည့် အဏ္ဏဝါမိစ္ဆာအကြောင်းကို ပြောနေကြသည်။ အိပ်ပျော်နေကြသော သဘော်သားအချို့ကတော့ မမြင်လိုက်ကြရ။ ထို့ကြောင့် အချင်းချင်းမေးမြန်းနေကြသည်။ ယင်းအချိန်တွင် ဦးရှုဝံသည် အရည်သောက်ဟင်းကို အထူးစီမံပြီးတော့ ချက်နေရင်းက …

"အဏ္ဏဝါမိစ္ဆာဟာ သူ့ပင်လယ်အောက်က ထွက်လာပြီး ကိုယ်ထင်ပြပြီဆိုရင် ကြည့်မိကြတဲ့သူတွေဟာ ဘေးဒုက္ခတစ်ခုခုကို ကြုံတွေ့ကြရတာပဲ"

ဦးရှုဝံသည် နှုတ်နည်းသော်လည်း မပြောစဖူးစကားတစ်ခွန်းကို ပြောလိုက်လေသည်။ ထိုအခါ သဘော်သားများအားလုံးသည် ထိတ်လန့်သွားခဲ့ကြသည်။

"ဟင် … ဟုတ်လား။ ဒါဆို … ကျွန်တော်တို့သဘော်သည် မကြာခင်မှာ ဘေးအန္တရာယ်ကျရောက်တော့မယ်ဆိုတဲ့သဘောပေါ့ ဟုတ်လား"

"သိပ်ကို ကျိန်းသေတာပေါ့ကွာ"

"ဟင် … အဲဒါမှ ဒုက္ခပဲ၊ ဒီလိုဆို ဘယ်လိုလုပ်ကြမလဲ"

ဤသဘော်သားများသည် အစက ဤသို့ သတ္တိနည်းသောစကားမျိုး မပြောတတ်ကြပါ။ ပင်လယ်ပြင်တွင် အခေါက်ခေါက်အခါခါသွားလာနေကြသူများဖြစ်သည်။ မုန်တိုင်းဒဏ်ကိုလည်း ခံဖူးခဲ့ကြသူများလည်း ဖြစ်ကြသည်။ ယခုကျတော့မှ မည်သည့်အကြောင်းကြောင့် သွေးနည်းသွားခဲ့ကြရပါသလဲ။

"အဲဒီအတွက် မင်းတို့ ဘာမှမစိုးရိမ်ကြနဲ့၊ အဲဒီအန္တရာယ်





ကို ငါကောင်းကောင်းကာကွယ်ပေးနိုင်တယ်၊ မင်းတို့မှဲ့တစ်ပေါက်မွှန်းစေရဘူး"

"တ … တကယ်ပြောတာလားဟင်၊ အဲဒီလိုဆိုရင်လည်း ကျွန်တော်တို့ကို အသက်ဘေးအန္တရာယ်က မြန်မြန်ကာကွယ်ပေးပါနော်"

ခေါင်းကြီးက အားလုံးကိုယ်စားတောင်းပန်ပြီးတော့ ပြောလိုက်သည်။ ခေါင်းကြီးသလောက် စဉ်းစားဉာဏ်နည်းသူ။

"စိတ်ချ … အဲဒီအတွက် ငါတာဝန်ယူတယ်၊ ငါ့ကိုသာယုံးအားကိုးကြ၊ ငါ့ကိုအားကိုးကြတဲ့သူတွေကိုသာ ငါက ကယ်တင်နိုင်မယ်၊ ငါ့ကိုအထင်သေးကြတဲ့သူတွေအတွက်ဆိုရင်တော့ တာဝန်မယူဘူး"

ဦးရှုဝံသည် အဂ္ဂပိုင်နှင့်မိုးသီးတို့ကို ရည်ရွယ်၍ပြောလိုက်သည်။ သူတို့ကလည်း သိကြသည်။

"ကဲ … ကဲ … ငါချက်ထားတဲ့ အရည်သောက်ဟင်းကို မင်းတို့ ထမင်းစားရင်းသောက်ကြပေါ့"

ဇလုံကြီးနှင့် ထည့်ယူလာသောဟင်းကို စားပွဲပေါ်မှာ ချပေးလိုက်သည်။ အံပွားက အငွေ့ထောင်းထောင်းထနေသောဟင်းရည်အနံ့ကို အားပါးတရ ရှူရှိုက်လိုက်ရင်း …

"အားပါး … အနံ့လေးကဆွဲဆောင်မှုရှိနေတယ် ရောင်းတို့အားပါးတရစားကြပေ့"

ထမင်းကိုစားကြသည်။ ဟင်းကိုစားကြသည်။ အထူးစီမံပြီး ချက်ပြုတ်ထားသောဟင်းရည်ကိုလည်းသောက်ကြသည်။ ဦးရှုဝံသည် သူတို့စားသောက်နေကြသည်ကို ခပ်လှမ်းလှမ်းမှနေ၍ ခေါင်းစောင်းကြည့်နေလေသည်။ စား၍ဝသွားကြသောအခါ



www.burmeseclassic.com

www.burmeseclassic.com



သဘော်သားများသည် အလုပ်ရှိနေကြသေး၍ထွက်သွားခဲ့ကြသည်။

ရေသူမကား ရေပြင်ထက်မှာ ဦးမော့တာပြေးနေသဲ၊ တစ်ခဏအကြာတွင် ဖုဝံနှင့်အဂ္ဂပိုင်တို့သည် ထမင်းစားရန် ရောက်လာခဲ့ကြသည်။

"လာ ... လာ၊ ဆရာတို့ ... တပည့်တွေကို ဦးစားပေး နေကြတာနဲ့ အခုမှပဲ စားဖြစ်ကြတော့တယ်၊ ဒီမှာ ကောင်းလိုက် တဲ့ဟင်းရည်ဗျာ၊ အရင်ချက်တာတွေကို သဘော်သားတွေက အပြတ်သောက်သွားခဲ့ကြတဲ့အတွက် မသောက်လိုက်ကြရဘူး မဟုတ်လား၊ ခုတစ်ခါတော့ ... ဆရာတို့အတွက် ဖယ်ထားပေး ပါတယ်ဗျာ၊ အားပါးတရသာစားကြ ... သောက်ကြပါ"

ဦးဝှသံက မျက်နှာချိုသွေးပြီးတော့ပြောသည်၊ အဂ္ဂပိုင်တို့ က တစ်စုံတစ်ရာမပြောကြဘဲ ထမင်းစားရန် မျက်နှာချင်းဆိုင် ထိုင်လိုက်ကြသည်။ အခြားသောဟင်းများနှင့်သာ စားနေကြ သော်လည်း ထိုဟင်းရည်ကို လက်ဖျားနှင့်ပင် မတို့ကြသေးပေ၊ သို့သော် ဟင်းနံ့လေးက တသင်းသင်းနှင့်ထွက်လာကာ အဝမှာ မြူဆွယ်နေလျက်ရှိသေရာ ...

"တော်တော်အနံ့ကောင်းတဲ့ ဟင်းရည်ပဲ၊ တစ်ဇွန်းလောက် သောက်ကြည့်လိုက်ဦးမယ်"

မိုးသီးက ဇွန်းနှင့်ခပ်ကာ သောက်မည်အပြု ...

"ဝုန်း ... ခွမ်း ..."





ကြောင်တစ်ကောင်က ရုတ်တရက် ခုန်ချလာသည်။ ဟင်း ...က်ကိုတိုက်မိသွားပြီး စားပွဲထက်မှကျကာ ကွဲသွားခဲ့လေသည်။ ...င်းရည်များသည် ကြမ်းပြင်တစ်လျောက် ပြန့်ကျဲသွားခဲ့ကြလေ ...ည်။

"တောက် ... ဒီကြောင်ဟာ ... "

ဦးဝှဝံသည် ဒေါသအကြီးအကျယ်ထွက်သွားကာ ကြောင် ...ာက်ကို ပြေး၍လိုက်သည်။ လက်ထဲမှာလည်း ထင်းချောင်း ...ကိုကိုင်ထားသည်။ ကြောင်က စားပွဲကိုပတ်ချာလှည့်ပြေးပြီး ...ဘော်ကုန်းပတ်ပေါ်ကို တက်ပြေးသွားခဲ့လေသည်။

"တောက် ... ဒီကြောင်တော့ ငါ့အကြောင်းသိမယ်"

ဦးဝှဝံမှာ အခဲမကျေနိုင်အောင်ဖြစ်နေသည်။ သူ ယခုအခါ ...ာက် ဒေါသဖြစ်နေပုံမျိုးကို တစ်ခါမှမတွေ့ဘူးခဲ့ကြသေးပေ။

"ကဲပါ ... ဦးဝှဝံရယ်၊ ကြောင်က ကြွက်ကိုလိုက်ရင်း ...နို့မသင့်လို့ ဖြစ်သွားခဲ့တာပါ၊ စိတ်လျှော့လိုက်ပါတော့၊ ...ခြားဟင်းတွေလည်းရှိနေတာပဲ"

မိုးသီးက စိတ်ဖြေစကားပြောလိုက်သည်။ ဦးဝှဝံ၏ မျက် ...ကြီးမှာ တင်းမာခက်ထန်လျက်ရှိသည်။ တော်တော်နှင့် မပြေ ...သောဒေါသ။

တစ်နေရာတွင် အဂ္ဂပိုင်နှင့် မိုးသီးတို့ဆုံကြစဉ် ...

"ကြောင်တစ်ကောင်ကြောင့် ... ဒေါသထွက်သွားတဲ့ ...ရဲ့မျက်နှာကြီးဟာ လိုတာထက်ပိုနေတယ်၊ ဒါလောက်မဖြစ် ...ဘူး၊ ဟင်းရည်မှောက်သွားလို့ ပြောမိတဲ့ခံစားချက်မျိုးလည်း ...က်ဘူး ... ဦး"

"စိတ်မမှန်တဲ့သူတွေဟာ ဘာမဟုတ်တဲ့အကြောင်းအရာ



www.burmeseclassic.com

www.burmeseclassic.com



လေးတစ်ခုကို ယိုးမယ်ဖွဲ့ပြီး ပြဿနာရှာတတ်တယ်၊ ဒါပေမယ့် ငါလည်း ဒီလူကြီး ဒါလောက်အထိ ဒေါသကြီးလိမ့်မယ်လို့ မထင်ဘူး။ အံ့အားသင့်မိတယ်"

ထိုကြောင်ကလေးသည် တမင်မွေးမြူထားခြင်းမဟုတ်ပေ။ တစ်နေ့ရာကရောက်လာပြီး သနား၍အစာကို ဂရုစိုက်ကျွေးသောကြောင့် သင်္ဘောပေါ်ကမခွာတော့။ သင်္ဘောသွားရာနောက်ကိုလိုက်ပါနေတတ်သည်။ သင်္ဘောကို ဒုက္ခပေးမည့်ကြွက်များကိုလည်း ခုတ်ပေးသည်။ ကျွေးသည့်အစာကို အလကားမစား၊ ပြန်ခံအကူအညီပေးသည်။

သို့သော် ...

နောက်ရက်များတွင် ကြောင်မလေးကိုမတွေ့ရတော့ချေ။ အကြောင်းတစ်ခုခုကြောင့် သင်္ဘောပေါ်က ကျသွားခဲ့သည်ဟု ယူဆမိလိုက်ကြလေသည်။

တစ်ရက်တွင် ...

ဦးရွှဝံသည် အမှောင်ထဲမှာသူ၏ရွှဲလုံးကြီးကို ထုတ်ကာ ရှုးစိုက်ပြီးတော့ ကြည့်နေသည်။ ထို့နောက် ... အပြန်ပြန်အလှန်လှန် စကားပြောနေသည်။ ရွှဲလုံးကြီးကတော့ စကားပြောသလား မပြောဘူးလားမသိ။ ပြန်ပြောသံမကြားရ၊ ဦးရွှဝံတစ်ယောက်တည်းပြောနေသည့်အသံများကိုသာ ကြားနေရသည်။ ပြောရင်းက ခေါင်းတညိတ်ညိတ်နှင့်လည်း ရှိနေသည်။

သူ၏ရှုးနှမ်းနှမ်းအသွင်ကို အဂ္ဂပိုင်နှင့်မိုးသီးတို့က ဂရုမစိုက်ကြသော်လည်း ဦးရွှဝံ၏အခန်းထဲတွင် သင်္ဘောသားငါးယောက်ကရှိနေကြသည်။ သူတို့က ဦးရွှဝံကိုအထင်ကြီးစွာဖြင့် ကြည့်ကြ၏။





"ဒီရွှဲလုံးကြီးနဲ့ ဦးကစကားပြောနေတာ ဘယ်လိုအဓိပ္ပါယ်လဲ၊ ဦးကိုကြည့်ရတာ ရွှဲလုံးကြီးနဲ့ အပြန်အလှန်ပြောနေသလိုပဲ"

"အေးပေါ့ကွ ... ငါနဲ့အပြန်အလှန်ပြောနေကြတာလေ"

"ကျွန်တော်တို့လည်း ရွှဲလုံးကြီးရဲ့အသံကို မကြားမိကြပါလား"

"မင်းတို့သာမန်လူတွေ ဘယ်ကြားနိုင်ကြပါ့မလဲ၊ ငါပဲကြားနိုင်တယ်"

ဦးရွှဝံက ခပ်ပြတ်ပြတ်ပင်ပြောလိုက်သည်။ ခေါင်းကြီးက

"ဘာတွေများ ပြောနေကြတာလဲဗျ"

"ငါ့ကိုအကြံဉာဏ်ပေးနေတာ၊ သူ့စကားကို နားထောင်ရင်း ငါတို့ချမ်းသာကြလိမ့်မယ်"

"ငါတို့ ... ဟုတ်လား၊ အဲဒီငါတို့ဆိုတာက"

"မင်းတို့ငါးယောက်လည်းပါတယ် ... ဒီမှာ မင်းတို့က ငါ့ကိုယုံကြည်ကြလို့ ပွင့်ပွင့်လင်းလင်းပဲပြောမယ်၊ ငါ ... ဒီသင်္ဘောပေါ်ကိုရောက်လာတာ အကြောင်းရှိတယ်၊ ရတနာသိုက်တစ်ခုကိုလိုက်ရှာနေတာ"

"ရတနာသိုက် ... ဟုတ်လား ... "

အံ့ပွား၏မျက်လုံးတွေက အရောင်တောက်လာခဲ့သည်။ ကျားလုံးသည်လည်း ထို့အတူ မျှော်လင့်ချက်ထားသည့် မျက်နှာလေးများနှင့်။

"ဟုတ်တယ် ... မင်းတို့ ဒီဘဝက မလွတ်မြောက်ချင်ကြဘူးလား၊ သူများခိုင်းဖက်ဘဝနဲ့ တစ်သက်လုံးနေသွားကြတော့မှာလား"

ဦးရွှဝံ၏ နောက်ဆက်တွဲစကားကြောင့် ပိုပြီးတော့ ရှူဝ်



www.burmeseclassic.com

www.burmeseclassic.com



လုပ်ရှုပ်ဖြစ်သွားခဲ့ကြရလေသည်။ သူစကားက အစမျိုးရုံနှင့်ရင်ထဲ ထိသွားကြပြီကို သိသွားဟန်။

"ကျွန် ... ကျွန်တော်တို့ ဒီလိုအစားအသေမျိုးက လွှတ်မြောက်ချင်ပါတယ် ဆရာကြီး ..."

မဏိက အားလုံးကိုယ်စားပြောလိုက်သည်။ အသုံးအနှုန်းက ပြောင်းလဲသွားသည်။ ဆရာကြီးတွေ ဘာတွေဖြစ်ကုန်သည်။

"အေး ... ဒါဆိုရင် ငါ့စကားကိုနားထောင်ကြရမယ် ငါနိုင်းတဲ့အတိုင်း လုပ်ကြမယ်ဆိုရင် မအောင်မြင်နိုင်စရာ ဘာမှ မရှိဘူး။ ကဲ ... အနားတိုးကြ၊ ငါပြောတာကို ဂရုစိုက်ပြီး နားထောင် ..."

အားလုံးက ဦးရူဝံ၏အနားကို တိုးကပ်သွားခဲ့ကြသည်၊ ထို့နောက် ... ဦးရူဝံသည် အားလုံးကြားသာအောင် စကား၏ တိုးတိုး တိုးတိုးနှင့်ပြောနေလေသည်။ သင်္ဘောသားများကလည်း မစားရဝခမန်းကြားနေရသော စကားများကြောင့် အခုပဲ တိမ်ပေါ်ကိုတက်ပြီး ကရတော့မလို ဂနာမငြိမ်ရှိနေကြသည်၊ သည့်နောက်

"ကဲ ... ငါဆိုလိုချင်တာက ဒါပဲ ... မင်းတို့လျှို့ဝှက်ထားကြရမယ်၊ မပေါက်ကြားစေနဲ့ ... အထူးသဖြင့် ဟိုနှင်ယောက်မသိစေနဲ့ ... အဲ — ဒီနှစ်ယောက်ဟာ ငါတို့သွားမယ့်လမ်းမှာ ကြီးမားတဲ့အနှောင့်အယှက်ပဲ သိကြလား"

တစ်ခဏအကြာတွင် သင်္ဘောသားများသည် ဦးရူဝံ၏စားဖိုခန်းထဲမှ စုပြုံပြီးတော့ ထွက်လာခဲ့ကြသည်။ ထိုအခါ သူတို့ကို သင်္ဘောပေါ်မှာမတွေ့ကြရ၍ ရှာနေသော ဒီလုံးနှင့်အဂ္ဂပိုင်ကိုသည် အံ့အားသင့်သွားခဲ့ကြရလေသည်။



အခန်း ( ၉ )

# ဆောင်းနှောက်မိသွားကြခြင်း

ကိုကွမ်းခေတ်မရှိတော့သည့်အချိန်ကစပြီး ... ရေသူမကို ...းနေကြသူများမှာ မိုးသီးနှင့်အဂ္ဂပိုင်တို့ပင်ဖြစ်ကြသည်။ ထို ...တောအတွင်း သင်္ဘောသားငါးဦး၏ စရိုက်ပြောင်းလဲမှုများကို ...တွေ့ကြရသည်။ ယင်းမှာ ... တာဝန်မကျေပွန်ခြင်း၊ အမိန့် ...ဖှာခံခြင်းတို့ပင်ဖြစ်ကြသည်။

"မဏိ — ကုန်ပစ္စည်းတွေက လမ်းပေါ်ကိုရောက်နေတယ် ...ပြီးတော့ ရွှေ့လိုက်ကြစမ်းပါကွာ"

"ကုန်ပစ္စည်းကများတယ်၊ ဒါလောက်တော့ရှိမှာပေါ့ဗျ ...ုင်လည်း အချိန်ကုန်တယ်၊ လုပင်ပန်းတယ်၊ ဒီအတိုင်းပဲ ...းလိုက်ပါ"

မဏိက ဂရုမစိုက်သလိုပြောပြီး ထွက်သွားခဲ့သည်။

"ဟေ့ကောင် — မဏိ၊ ဒါဘာသဘောလဲ ပြန်လာခဲ့စမ်း"

မဏိသည် နောက်ကိုအလျင်းပင် လှည့်မကြည့်တော့။

"ဒီကောင် ... ဘာအချိုးချိုးသွားတာလည်းမသိဘူး



www.burmeseclassic.com

www.burmeseclassic.com



ခါတိုင်း ဒီလိုမဟုတ်ပါဘူး''

မိုးသီး စဉ်းစား၍မရနိုင်အောင်ပင် ဖြစ်သွားခဲ့ရသည်။ ကျီးနံ့ ခါတိုင်းဆိုလျှင် သူ့ကိုလေးလေးစားစား ဆက်ဆံသည်။ ကျီးနံ့ ခါတိုင်းဆိုလျှင် သူ့ကိုလေးလေးစားစား ဆက်ဆံသည်။ ဖော်ဖော်ရွေရွေ သူကလည်း အားလုံးနှင့်အဆင်ပြေအောင် ပေါင်းတတ်သူ။ သည်။ သူကလည်း အားလုံးနှင့်အဆင်ပြေအောင် ပေါင်းတတ်သူ။ ထိုစဉ် ... ခေါင်းကြီးက မလှမ်းမကမ်းမှလျှောက်လာရာ ...

''ခေါင်းကြီး ... ခဏကွာ''

ခေါင်းကြီးက သူ့အနားကိုရောက်လာသည်။ ခပ်တည်တည်ဖြင့် ကြည့်နေသည်။

''ဒီကုန်သေတ္တာတွေကွာ၊ လမ်းပေါ်နည်းနည်းရောက်နေလို့၊ ငါက မဏီကို လူအားနဲ့ရွှေ့ခိုင်းတာ လုပ်မသွားဘူး။ အဲဒါ မင်း ... နှစ်ယောက်လောက်ခေါ်ပြီး နောက်ဘက်ကို နည်းနည်း ရွှေ့ပေးကြပါလားကွာ၊ မပင်ပန်းပါဘူး''

''ပစ္စည်းတွေကို ဒီနေရာမှာစ,ပြီး ချတဲ့အချိန်ကတည်းက ပြောပါလားဗျ။ ခုတော့ ... ပြန်ပြီးနေရာချရဦးမယ်၊ မလုပ်နိုင် ဘူးဗျာ''

ခေါင်းကြီးလည်း ခါးခါးသီးသီးပင် ငြင်းဆိုကာ ထွက်သွားခဲ့လေသည်။

''ဒီကောင်တွေ ဘယ်လိုဖြစ်ကုန်တာလဲ၊ ငါ့ကိုပမာမခန့်နဲ့လုပ်ကုန်ကြပါလား''

ထိုစဉ် ...

အဂ္ဂပိုင် အနားကို ရောက်လာခဲ့သည်။

''ကျွန်တော် ... အားလုံးမြင်တယ်၊ ကြားတယ်၊ ဒီလူတွေ အဖေမရှိတော့ကတည်းက စိတ်ထားကပြောင်းလဲချင်နေ တာ၊ ဒီလိုလုပ်လို့ဘာရမလဲ၊ ဒီကိစ္စ ကျွန်တော်ရှင်းမယ်''





အဂ္ဂပိုင်က နောက်မှလိုက်သွားသည်။

''ဟေ့ ... ဟေ့ ... အဂ္ဂ''

မိုးသီးက လှမ်းခေါ်လိုက်သော်လည်း မထူးတော့။ အဂ္ဂပိုင်သည် ခေါင်းကြီးကို မီလာသည်နှင့် ကျောဘက်မှနေ၍ ပခုံးကို ပုတ်လိုက်ကာ ...

''ဒီမှာ ... ကိုခေါင်းကြီး''

ခေါင်းကြီး၏ခြေလှမ်းများက တန့်သွားခဲ့ကြပြီး နောက်ကို လှည့်ကြည့်လိုက်လေသည်။ ထို့နောက် ... သူ့ပခုံးပေါ်တင်ထားသော အဂ္ဂပိုင်၏လက်ကို ပုတ်ချလိုက်လေသည်။

''မင်းက ငါ့ပခုံးလေးကို လက်တင်လား၊ ဘာလားနဲ့ ...လဲ ... ဘာပြောချင်လို့လဲ''

ခေါင်းကြီး၏မျက်နှာမှာ ရန်လိုသောအနေအထားမျိုးရှိနေ ...ည်။

''မဟုတ်သေးပါဘူး၊ ခင်ဗျားက ဘာဖြစ်လို့ရန်လိုနေရ ...လဲ၊ ဖိုးတစ်ယောက်လည်း ဦးကို မချေမငံ ဆက်ဆံသွား ...ယ်၊ ခါတိုင်းလည်း လိုအပ်ရင် လိုအပ်သလို အလုပ်ကိုလုပ် ...ကြပဲ မဟုတ်လား ... ခုကျမှ ဘယ်လိုဖြစ်ကုန်ကြတာလဲ''

''ဘယ်လိုမှမဖြစ်ဘူးကွာ ... မင်းတို့နှစ်ယောက်ခိုင်းတာ ...ကို လုပ်ကိုမလုပ်ချင်တာ၊ သဘောပေါက်ပြီလား''

ထိုအခါ အဂ္ဂပိုင်သည် လူငယ်ပီပီ စိတ်ကထောင်းခနဲဆို ...သွားသည်။

''ဒါ ... ဘာစကားလဲဗျ၊ သဘောပေါ်မှာ ဒီလိုပဲ ...ဦးသင့်သလို အလုပ်ပေါ်လာရင် ပေါ်လာသလို လုပ်ကြရ ...၊ ကျွန်တော်တို့က ခင်ဗျားတို့အပေါ်မှာ ဘယ်တုန်းက

www.burmeseclassic.com

www.burmeseclassic.com



တင်တင်စီးစီးနိုင်းမှုးလို့လဲ''

''အေး ... ငါတို့က မင်းတို့နှစ်ယောက်ကို လက်မခံတော့ဘူးကွာ၊ သဘောမကျတော့ဘူး ... ဒါပဲ''

ခေါင်းကြီးက အဂ္ဂပိုင်ကို လက်နှင့်တွန်းပြီးထွက်သွားမည်ပြုသည်။ အဂ္ဂပိုင်က လက်မခံ။

''နေဦး ... ကျွန်တော် ခင်ဗျားတို့ကို နားမလည်တော့ဘူး၊ ဘယ်လိုအကြောင်းကြောင့်လဲဆိုတာပြောပါ၊ နေရာမှာတင် ပြေလည်အောင်ရှင်းရမယ်၊ ခင်ဗျား ... မသွားနဲ့ဦး''

''အဂ္ဂ ... မင်း ငါ့ကို ဒီလိုချုပ်ကိုင်လို့မရဘူးကွ''

''ဟုတ်တယ် ... ငါတို့ကို မင်းတို့ချုပ်ကိုင်လို့မရတော့ဘူး။ အမိန့်ပေးစေခိုင်းဖို့လည်း မလိုတော့ဘူး''

ထိုစဉ် ... ခေါင်ပေါက်၊ အံ့ပွား၊ မဏိနှင့်မည်းတူတို့ ဦးဆောင်သည်။ မိုးသီးလည်း အဂ္ဂပိုင်ကို စိုးရိမ်၍ အပြေးပေါက်ရောက်လာခဲ့လေသည်။ သူတို့၏လက်ထဲတွင် ဓါး၊ သံကြိုး၊ သံချောင်း၊ တုတ်များကို ကိုင်ဆောင်ထားကြသည်။

''ဟေ့ ... ဟောကောင်တွေ ရပ်လိုက်ကြစမ်း၊ မင်းတို့လက်နက်တွေနဲ့ လူမိုက်တွေလား။ ပြဿနာမဟုတ်တာ ပြဿနာလုပ်မနေကြနဲ့၊ ဒါလောက်အထိ ဖြစ်စရာအကြောင်းမရှိဘူး''

''အို ... ဒါပြဿနာပဲ၊ ခင်ဗျားတို့က ကျုပ်တို့ကို မတရားခိုင်းစေခဲ့တာကြာပြီ ... ဒါ ပြဿနာပဲ ...''

''အလို ... ဘုရားရေ၊ တစ်သက်လုံးကျေကျေနပ်နပ် နေနေခဲ့ကြတဲ့ကောင်တွေက အခုမှ ဘာအချိုးချိုးနေကြတာလဲ''

မဏိက သံကြိုးတယမ်းယမ်းနှင့် ရှေ့ကိုတိုးလာခဲ့ပြီး



''မကျေမနပ်လို့လို့ ပြောပြီးပြီပဲ၊ တယ်လျှာရှည်တာကိုး ... ဒါလောက်တောင် အထွန့်တက်လှတာ''

''ဗိုး ... ဗိုး ... ဗိုး''

မဏိသည် သံကြိုးကြီးကိုယမ်းကာ အဂ္ဂပိုင်နှင့်မိုးသီး နှစ်ယောက်စလုံးကို သိမ်းကျုံးကာ ရိုက်ထည့်လိုက်သည်။

''အဂ္ဂ ... ရှောင်''

ဤသို့ တိုက်ခိုက်လာလိမ့်မည်ဟု မထင်ကြပေ။ အံ့အားသင့်နှင့်ပင် ရှောင်တိမ်းလိုက်ကြသည်။ သံကြိုးသည် သူတို့၏ ကိုယ်ပေါ်မှ ပွတ်ကာသီကာပင် လွဲသွားသည်။ မဏိက စ,ပြီးတော့ တိုက်ခိုက်လိုက်သည်နှင့် ကျန်လေးယောက်ကပါ ဝင်ရောက်ပြီးတော့ တိုက်ခိုက်ကြလေတော့သည်။

''ဟာ ... ဒီကောင်တွေ''

ဝင်လာသော တုတ်၊ ဓါး၊ လက်နက်များက တရမန်ကြမ်းကြမ်း ထကာယ်ကို အသေတိုက်ခိုက်ကြခြင်းပင် ဖြစ်ကြသည်။ များက အဂ္ဂပိုင်ကို ဓားဖြင့်ပြေးထိုးသည်။ ရှောင်လိုက်သည်။ လွှင့်သွားပြီဟု အံ့ပွားထင်မိလိုက်သည်။ သို့သော် ဓါးချက်က သွား၏။

''ခွပ်''

''အား''

အဂ္ဂပိုင်၏ လက်သီးတစ်လုံးက အံ့ပွား၏ ပါးချိတ်ပေါ်ကို ကျရောက်သွားခဲ့သည်။ ဓားကိုင်လက်ကိုလည်း လက်ဝါးစောင်းဖြင့် ခုတ်ချလိုက်သည်။ မည်းတူက မိုးသီးကို သံတုတ်ဖြင့် လိုက်သည်။ ရိုပ်ခနဲဝင်လာသော သံတုတ်ကို အလျင်စလိုပင် ဖမ်းလိုက်သည်။ သံတုတ်က ပခုံးသားမှကပ်ပြီးတော့ ကျသွား

www.burmeseclassic.com

www.burmeseclassic.com



သည်။ ရိုက်ချက်လွဲသွား၍ ဟန်ချက်ပျက်သွားသည်။ မည်းတူ၏ ရင်ဘတ်ကို စောင့်ကန်လိုက်၏။

"အင့်"

သံတုတ်ကိုင်ထားသောလက်ကိုလည်း ဆတ်ခနဲဆို ဆုပ်ကိုင်ကာ လိမ်ချိုးလိုက်၏။

"အား"

ဆင်ပေါက်နှင့်မဏိက အဂ္ဂပိုင်ဆီကို တစ်ပြိုင်တည်းပြေးဝင်လာခဲ့ကြသည်။ မဏိ၏လက်ထဲမှာ သံကြိုး။ ဆင်ပေါက်က ခက်ရင်းနှစ်ခွမှိန်းကြီးနှင့်။

"ဝိုး ... ဝိုး ... ဝိုး ... ဝိုး ..."

အဂ္ဂပိုင်က လက်နက်မဲ့။ ဆင်ပေါက်က သူ့ဆီကိုအရင်ရောက်လာခဲ့သည်။ ထိုးထည့်လိုက်သော ခက်ရင်းခွသည် လည်မြို့ဆီကို တည့်တည့်။ ခေါင်းငုံ့ကာ ရှောင်လိုက်ရာ အချွန်များသည် လည်ပင်းဘေးမှ ပွတ်ကာချော်ထွက်သွားသည်။ ခက်ရင်းခွ၏ ဂိုးတံအလယ်မှ လက်နှစ်ဖက်ဖြင့် ဖျတ်ခနဲဆို ဆုပ်ကိုင်လိုက်သည်။ ဆင်ပေါက်၏ရင်ဘတ်ကို ခြေကန်ပြီးဆောင့်ဆွဲလိုက်၏။

"အင့်"

ခက်ရင်းခွက အဂ္ဂပိုင်၏လက်ထဲကိုပါလာ၏။ ဆင်ပေါက်၏မျက်နှာကို ဂိုးတံဖြင့် ရိုက်ထည့်လိုက်၏။

"ဖြောင်း ... အား"

မဏိ၏သံကြိုးက အဂ္ဂပိုင်ဆီကိုရောက်မလာမီ မိုးသီး ပြေးဝင်လာ၏။ သံကြိုးနှင့်လွှဲမရိုက်မီ မိုးသီးကဖမ်းဆွဲထားလိုက်၏။ မဏိ၏လည်မြို့ကို လက်သီးတစ်လုံးပစ်သွင်းလိုက်ရာ ...



"အင့်"

မဏိသည် လည်မြို့ကို လက်နှစ်ဖက်ဖြင့်အုပ်ကာ ဒူးထောက်ကျသွား၏။ သူတို့ကို ငါးယောက်စလုံးက မတိုက်ခိုက်နိုင်ကြဘဲရှိနေစဉ်မှာ ပိုက်ကွန်ကြီးတစ်ခုက အပေါ်ကနေ ကျလာခဲ့သည်။ ရိုပ်ခနဲဆို ကျလာခဲ့သည်ဖြစ်၍ ...

"အဂ္ဂ"

"ဦး"

ရှောင်တိမ်းလိုက်ကြသော်လည်း မမီတော့။ ပိုက်ကွန်က နှစ်ယောက်စလုံး၏ကိုယ်ပေါ်ကို လွှမ်းခြုံသွားခဲ့လေသည်။

"ဟင်"

ထောင်ချောက်မိပြီကို သိလိုက်ကြသည်။ ပိုက်ကွန်ထဲမှ ရုန်းထွက်ရန် ကြိုးစားနေကြဆဲမှာ ...

လူတစ်ယောက်က သူတို့၏ရှေ့ကို ရောက်လာခဲ့သည်။ သူကတော့ ဦးရှုဝံ၊ မြေခွေးတစ်ကောင်ပမာ ကောက်ကျစ်စဉ်းလဲသောအကြည့်ဖြင့် ခါးထောက်ကာ ရပ်ကြည့်နေ၏။

"ဦးရှုဝံ ခင် ... ခင်ဗျားက ..."

မိုးသီးသည် ဦးရှုဝံကို အံ့အားတသင့်နှင့်ကြည့်လိုက်သည်။ ဗိုလ်ကြီး၏ ပမာမခန့်နိုင်လှသော အမူအရာကြောင့် နှစ်ယောက်လုံးသဘောပေါက်သွားခဲ့ကြသည်။

"ဒီလူတွေက ငါ့လူတွေဖြစ်သွားပြီ၊ ခုအချိန်ကစပြီး ရေ[illegible]ကို ငါသိမ်းပိုက်လိုက်ပြီ၊ ဒီသင်္ဘောရဲ့ဦးစီးက ငါပဲ"

"တောက် ... ခင်ဗျားကြီး။ နဂိုကတည်းက ခင်ဗျားကို [illegible]မကောင်းဖြစ်နေတာ၊ ခုတော့ ... သဘောပေါက်ပြီ၊ [illegible]တစ်ခုခုနဲ့ ဒီကိုရောက်လာတာပဲလို့ဆိုတာ၊ အဖေသဘော

www.burmeseclassic.com

ပေါ်ကပျောက်သွားတာလည်း ခင်ဗျားလက်ချက်ပဲနေမှာ၊ ပြော စမ်း ... အဖေ့ကို ခင်ဗျား ဘာလုပ်ပစ်လိုက်သလဲ''

''ပင်လယ်စာကျွေးလိုက်တယ်လေ၊ ဟဲ ... ဟဲ''

''ဟင် ... လူယုတ်မာ၊ ကယ်တင်ကျွေးမွေးထားတဲ့ ကျေးဇူးကိုမှမထောက်၊ လုပ်ရက်တယ်၊ ခင်ဗျားကြီးသိမယ်၊ ကျုပ် ကို အခုချက်ချင်း လွှတ်ပေးစမ်း''

အဂ္ဂပိုင်က ပိုက်ထဲမှရုန်းထွက်ရန် ကြိုးစားနေသည်။

''မင်း ... အေးအေးဆေးဆေးနေစမ်း၊ ရုန်းလို့ကတော့ အပိုပဲ ... အဲ ... မသေချင်ရင် ငြိမ်ငြိမ်ကလေးနေ''

ဦးရွှေဝံက လေသံအေးအေးဖြင့် ပြောလိုက်သည်။

''ငါ့ကို ပင်လယ်ဓါးပြရဲ့က သူ့သင်္ဘောပေါ်မှာ မထားချင် လို့ ဖောင်နဲ့တင်ပြီးတော့ လွှတ်လိုက်တာ၊ အကြောင်းကတော့ သူ့သင်္ဘောကို ငါ့လက်ထဲရောက်အောင် ကြိုးစားတာသိသွားလို့ပဲ၊ မင်းအဖေကျမှ ငါ့အောင်မြင်တော့တယ်၊ ဟဲ ... ဟဲ၊ ငရဲက ရက်စက်တယ်၊ ကွမ်းခေတ်က သဘောကောင်းတယ်၊ အညွှ လွယ်ပြီး သဘောကောင်းတဲ့သူက ခံသွားရတာပေါ့ကွာ၊ ဒါပါပဲ''

''ခင် ... ခင်ဗျား၊ တော်တော်ယုတ်မာတဲ့လူကြီးပဲ ဘယ်လိုအကြံအစည်နဲ့ ဒီသင်္ဘောကို လိုချင်ရတာလဲဟင်''

မိုးသီးသည်လည်း ဒေါသကိုမထိန်းနိုင်တော့၊ အဂ္ဂပိုင်နှင့် အတူ ပိုက်ကွန်ထဲမှ ရုန်းထွက်ရန် ကြိုးစားသည်။

ထိုစဉ် ...

''ခွပ် ... ခွပ်''

''အား ... အား''

ခေါင်းထဲမှာ နားကျင်မှုများဖြစ်သွားခဲ့ကြသည်။ ရုတ်တ





ရက် အမှောင်ကျသွားခဲ့ကြသည်။ ဘာဆိုဘာမှမသိကြပါလေ တော့။

''ဖော့ ... သူတို့ကို ချုပ်ထားလိုက်ကြစမ်း၊ ဂရုစိုက်ကြ ပေါ့၊ နှစ်ကောင်စလုံး အစွယ်တွေရှိကြတယ်၊ အန္တရာယ်ကောင်း ကောင်းပေးနိုင်တယ်၊ လွတ်သွားကြလို့ မဖြစ်ဘူး''

''ဟုတ်ကဲ့ ... ဆရာကြီး''

မဏိက ကျိုးနွံ့စွာနှင့် ပြန်ပြောလိုက်သည်။ ထို့နောက် ပိုက်ကွန်ကို ဖယ်ရှားလိုက်ကြကာ ခြေ၊ လက်များကို ကြိုးနှင့် တုတ်နှောင်ကာ သင်္ဘောဝမ်းဗိုက်ထဲသို့ ထည့်ထားလိုက်ကြလေ သည်။



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၀ )
## ရှေ့နှင့်အနျှောခံလိုက်ကြရခြင်း

ညသည် ပင်လယ်ပြင်ကြီးတစ်ခုလုံးကို စိုးမိုးလျှက်ရှိနေသည်။ လမိုက်ညဖြစ်၍ အလင်းရောင်က အားနည်းလျှက်ရှိနေသည်။ ကြယ်မစုံသော ညဖြစ်၍လည်း ပိုပြီးတော့ မှောင်နေသည်။ အသက်ကယ်လှေတစ်စီးသည် ရေပြင်ထက်မှာ တလှုပ်လှုပ်နှင့် မျောပါနေလျက်၊ ရေစီးတစ်လျှောက် ဦးတည်ရာကို သွားနေသည်။ လှေထဲမှာ လူနှစ်ယောက်၊ လှေဝမ်းထဲ ဘောတစ်ချောင်း အနေအထားနှင့် ကျောချင်းကပ်လဲကျနေကြသည်။ ခြေလက်တွေကိုပူးကာ ကြိုးတုတ်နှောင်ထားခြင်း ခံထားကြရသည်။

သို့သော် ...

နှစ်ယောက်စလုံး သတိလစ်နေကြသည်။ သူတို့အဖြစ်ကိုပင် သိမှသိကြလေရဲ့လား။ ပင်လယ်ထဲတိုက်ခတ်နေသော လေသည် ရုတ်တရက်ငြိမ်သွားသည်။ ပုံမှန်လှုပ်ခတ်နေသောလှိုင်းများသည် ခပ်ကြမ်းကြမ်းပင် လှုပ်ခတ်လာသည်။ ထိုအခါ လှိုင်းလုံးကြီးများ ထကြွလာခဲ့ကြသည်။ လှိုင်းအပင့်မှာ လှေကမြောက်



နဲ့ဖြစ်ဖြစ်သွားသည်။

"အင်း ... အင်း ..."

တစ်ယောက်က သတိလစ်နေရာက နိုးထလာသည်။ ညည်းညူသည်။ သူက အဂ္ဂပိုင်။ နောက်စေ့မှာ နာကျင်ကိုက်ခဲနေသည်။ ဒဏ်ရာရထားသည်။ ဒဏ်ရာဆီကို လက်လှမ်းမည်ပြုသည်။ လက်တွေကို လှုပ်မရ။ လက်နှစ်ဖက်စလုံးကို ကျောဘက်မှာနောက်ပြန်ချည်နှောင်ထားခြင်းခံရသည်။

"ဟင် ..."

ကိုယ်ကိုလှုပ်ရှားပီလိုက်စဉ်မှာ ကျောဘက်မှာလည်း တစ်ယောက်ကရှိနေသည်ကို အထိအတွေ့အရ သိလိုက်ရသည်။ တစ်ခဏအတွင်းမှာပင် ဦးနှောက်ထဲမှာ ဖြစ်ပျက်သမျှအားလုံးက ကာစဉ်ကာပင် ပြန်ပြီးတော့ ပေါ်လာခဲ့ကြလေသည်။

"ဟင် ... ဦး ... ဦး ... ဦးမို ..."

သူ့ဘေးမှလူသည် အခြားသူမဖြစ်နိုင်။ ဦးမိုးသီးပင်တည်း။

"အဂ္ဂ မင်းသတိရလာပြီလား။ ငါ သတိရနေတာကြာပြီ၊ ကိုယ်လို့မှ မထနိုင်သေးလို့ ဒီအတိုင်းပဲနေနေရမယ်၊ ငါတို့နှစ်ယောက်ကို ကျောချင်းကပ်ထားပြီး ခြေလက်တွေကိုလည်း ကြိုးနဲ့ပြီး ချည်ထားတယ်ကွ"

"ဟုတ်တယ် ... သိတယ်၊ ဟိုလူကြီးယုတ်မာလိုက်တာ၊ ကျွန်တော်တို့ကို အသက်ကယ်လှေထဲထည့်ပြီး မျှောလွှတ်လိုက်တာပဲ"

"နားထောင်စမ်း၊ အဂ္ဂ လေတိုက်နေတယ်၊ လှိုင်းကလည်းကြမ်းလာတယ်၊ အခြေအနေမဟန်ဘူးကွ၊ နှစ်ယောက်လုံးထနိုင်အောင် ကြိုးစားကြမယ်"

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းထဲမှာလည်း နာကျင်နေကြသည်။ သို့သော် သေး စောင်းအနေအထားကပင် အားယူကာ တဖြည်းဖြည်းနှင့်ထယူ ကြရသည်။ အလူးအလဲထလျှင် လှေကတိမ်းမှောက်သွားနိုင် သည်။ သို့သော် သူတို့က ကိုယ်ကိုထိန်းပြီးတော့ ထနေကြသည့် တိုင် လှိုင်းကသောင်းကျန်းလျှက်ရှိနေလေပြီ။ မကြာမီမှာပင် မုန်တိုင်းက ကျလာပေရော့မည်။

ကျောချင်းကပ်၍ ထိုင်မိလိုက်ကြသည်။ တစ်ယောက် မျက်နှာ တစ်ယောက် မမြင်နိုင်ကြ။

"အဂ္ဂ ... ငါတို့လက်တွေကိုပူးပြီး ချည်ထားတဲ့ကြိုးတွေကို ရအောင်ဖြုတ်ကွာ"

"ဟုတ်ကဲ့"

ပင်လယ်မှာသွားလာနေကြသည့် ပင်လယ်သားများပေါ် အနှောင်အတည်းခံကြရသည့် အခြေအနေမျိုး မတော်တဆ ကြုံ ရောက်လာခဲ့လျှင် မည်သို့ လွတ်မြောက်အောင် ကြိုးစားရမည်ကို အတတ်နိုင်ဆုံး လေ့ကျင့်ထားခဲ့ကြရသည်။ ထို့ကြောင့် ခုလည်း ကြိုးစားကြည့်ရပါဦးမည်။

လှေက သွက်သွက်ခါအောင် လှုပ်ရမ်းလာခဲ့သည်။ လှိုင်း လည်း မငြိမ်။ လှေကလည်းမငြိမ်တော့။ အဂ္ဂပိုင်သည် ဖခင် ကိုကွမ်းခေတ် သင်ကြားပေးခဲ့သည့် လျှို့ဝှက်ကြိုးဖြည်နည်းဖြင့် လက်နောက်ပြန်ချည်ထားသောကြိုးကို ရအောင်ဖြည်သည်။ လှိုင်း လူးနေသောလှေပေါ်တွင် ခဲယဉ်းစွာပင် ကြိုးစားပြီးတော့ ဖြည်ရ သည်။ ကြိုးပြည်သွားသည်။

"ရပြီ ..."

မျက်နှာချင်းဆိုင် လှည့်လိုက်ကြသည်။ ခြေထောက်မှ



ကြိုးများကိုတော့ ဖြည်ရန်မခဲယဉ်းလှပါ။ ဦးမိုးသီးသည် ပင်လယ် ဓားပြများ၏လက်တွင်းသို့ တစ်ခါကျရောက်ဖူးခဲ့၏။ ညဘက် တွင် သူ့ကိုမသတ်မီ ကြိုးကိုရအောင်ဖြည်ကာ ရေထဲသို့ ခုန်ချ လွတ်မြောက်ခဲ့သည်။

နှစ်ယောက်စလုံး အနှောင်အဖွဲ့မှ လွတ်မြောက်သွားခဲ့ကြ သည်။ သို့သော် ... လှေပေါ်တွင် လှော်တက်တစ်ချောင်းပင် ညှိမပေးလိုက်၊ ဘယ်ဆီရောက်နေမှန်းပင်မသိတော့။ လှေကား လှိုင်းကြီးများပေါ်တွင် တက်လိုက်၊ ဆင်းလိုက်နှင့် ဖြစ်ချင်တိုင်း ဖြစ်နေလေပြီ။

"ဟူး ... ဝေါ ... ဝေါ ..."

အဝေးမှနေ၍ အော်မြည်လာသောလေသည် အနီးကို ကပ်ချင်းပင် ရောက်လာခဲ့သည်။ လှိုင်းလုံးကြီးများပေါ်ကို ပွတ် တိုက်ကာ တိုက်ခတ်သွားသည်။ လှေသည်လည်း ချာရပတ် လည်သွားခဲ့လေသည်။

"အဂ္ဂ ... သတိထား ..."

မိုးသီးက သတိပေးလိုက်ပြန်သည်။ သူတို့သည် လှေနံ ကိုတင်းတင်းဆုပ်ကိုင်ထားကြရသည်။ လှိုင်းလုံးကြီးတစ်လုံးက လှေကို ကျော်လွှားသွားသည်။

"ဝုန်း ..."

တစ်ကိုယ်လုံး ရွှဲရွှဲစိုသွားခဲ့ကြသည်။ လှေထဲကိုလည်း ရေတွေက ဝင်လာခဲ့ကြသည်။ လေက တော်တော့်ကို ကြမ်းကြမ်း တမ်းတမ်းတိုက်ခတ်နေသလို မိုးကလည်း ပရမ်းပတာဖြစ်ချင်တိုင်း ရွာနေသည်။

အားတော့မလို၊ ဝါးတော့မလိုနှင့် ပါးပျဉ်းကြီးကိုထောင်ကာ



www.burmeseclassic.com

www.burmeseclassic.com



ပြေးဝင်လာသောလှိုင်းကြီးများကိုကြည့်ပြီး ဘုရားတနေကြ သည်။

"ဝုန်း"

"အား"

အော်သံတစ်ချက်ကြားလိုက်ရသည်။ အသံကမသဲမကွဲ လှိုင်းသည် လှေကို တအားပင့်ကာ ရိုက်ခတ်လိုက်သည်။ လှေသည် မြောက်ခနဲပါသွားတော့၏။ ပြန်အကျတွင် မိုးသီးသည် မျက်နှာပေါ်မှ ရေများကို လက်ဖဝါးဖြင့်သပ်ချလိုက်သည်။ သူ့ဘေးပတ်ပတ်လည်ကို လက်ဖြင့်စမ်းလိုက်သည်။ မခြင်မကာန်းနှင့်ဖြစ်သွားသည်။ သူ့လက်တွေက ဘာကိုမှမစမ်းမိ။

"အဂ္ဂ ... အဂ္ဂ"

မိုးထဲလေထဲမှာ သူအော်ဟစ်ပြီးတော့ ခေါ်လိုက်သည်။ သူ့အသံက ဆူဆူညံညံကြားမှာ နစ်ဝင်ပျောက်ကွယ်သွားခဲ့သည်။ မမသေမချာ၍ မျက်လုံးတွေကို အစွမ်းကုန်ပြူးပြီးတော့ ကြည့်လိုက်သည်။ ကျိန်းသေသည်။ အဂ္ဂပိုင် မရှိတော့။ လှိုင်းနှင့်အတူပါသွားခဲ့ပြီဖြစ်သည်။ ပင်လယ်ထဲကိုကျသွားခဲ့လေပြီ။ မြန်ဆန်လိုက်လေခြင်း။ မုန်တိုင်းက စသည်နှင့် ဝေဟာလီပြည် ဘီလူးဝင်သလို ခပ်ကြမ်းကြမ်းပင်။ အဂ္ဂပိုင်ကို ရုတ်ချည်းပင်ခေါ်ဆောင်သွားခဲ့သည်။

"တောက် ... မင်းတို့ မိသားစု အဖြစ်ဆိုးလှချည်လားကွာ၊ ပင်လယ်ကြီးကို မင်းတို့ရဲ့သင်္ချိုင်းအဖြစ် သတ်မှတ်ထားခဲ့လေသလား"

မိုးသီးက မချိတင်ကဲပြောလိုက်သည်။ ယူကျုံးမရဖြစ်သွားခဲ့သည်။ ထိုစဉ်မှာပင်လျှင် ရုတ်တရက် ဝင်ပြီး ခေါင်းထည့်လိုက်





...ာ လှိုင်းလုံးကြီးတစ်လုံးကြောင့် လှေသည် မြောက်တက်သွား ...ရလေသည်။

"ဝုန်း"

"အား"

ရေသူမသည်လည်း မုန်တိုင်းဒဏ်ကို အလူးအလဲပင် ခံ ...ရသည်။ ခုတစ်ခါ တိုက်ခတ်သည့်မုန်တိုင်းက ပိုပြီးတော့ ...ဆိုးတမ်းသည်။ သင်္ဘောကြီးမှာ အထိနာအကွဲတက်မဲ့ပြီး တိမ်း ...ကိုလုမတတ်ဖြစ်သွားသည်။

သင်္ဘောပေါ်တွင် အဂ္ဂပိုင်နှင့်မိုးသီးတို့ မရှိကြတော့သော် ...ဦးရှုဝံက ဟိုပြေး၊ ဒီပြေးနှင့် မုန်တိုင်းကြားထဲမှာ လှုပ်ရှား ...ရှိသည်။ အမိန့်ပေးနေခဲ့သည်။ သင်္ဘောသားငါးဦးမှာလည်း ...တည်းက အတွေ့အကြုံရှိဖူးခဲ့ကြပြီးသားပေမို့ အတတ်နိုင် ...ကြိုးစားခဲ့ကြရသည်။ သို့သော် နစ်ကြိမ်အထိ နစ်မြုပ်တော့ ...ဖြစ်သွားခဲ့ရသေးသည်။

တစ်ညလုံး မုန်တိုင်းဒဏ်ကို အလူးအလဲခံစားနေရပြီး ...နောက် မနက်လင်းအားကြီးအချိန်ကျမှ မုန်တိုင်းလည်း ...ခဲ့လေသည်။

"ဟော ... ဟော၊ ရေသူမ နစ်မြုပ်မသွားအောင် ထိန်းနိုင် ...ဘယ်သူလဲ ... ပြောကြစမ်း"

"ဆ ... ဆရာကြီးပါခင်ဗျာ"

သင်္ဘောသားများကလည်း ဦးရှုဝံအကြိုက်လိုက်ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



ကောင်းချီပေးကြသည်။ ဤသို့ဖြင့် ရေသူမသည် တစ်မြို့ပြီးတစ် မြို့ဆိုက်ကပ်ကာ ကုန်စည်များကိုချပေးခဲ့ကြသည်။ နောက်ထပ် ကုန်စည်များကိုထပ်ပြီးတော့ မတင်ကြတော့ပေ။ ရေသူမပေါ်တွင် အဂ္ဂပိုင်နှင့်မိုးသီးပါမလာသည်ကို ဒေသခံကုန်သည်များက မသိ ကြပေ။ ဦးရွှဝံက သင်္ဘောကို အပိုင်စီးထားသည်ကိုလည်း မည်သူမှမသိကြ။ ဆိပ်ကမ်းတွင် သင်္ဘောကိုပြင်ဆင်ရန် သုံးရက် ခန့်ရပ်နားထားသည်။ မုန်တိုင်းဆိစဉ်က ပျက်စီးမှုအနည်းငယ်ရှိ ခဲ့သည်။ ဦးရွှဝံသည် ဆင်ပေါက်ကို ခေါင်းဆောင်တင်ထားသည်။

"မင်းက သင်္ဘောဦးစီးလုပ်၊ လိုအပ်တာ ငါ့ကိုပြော ကြားလား"

"ဟုတ်ကဲ့ ... ဆရာကြီး"

ဆင်ပေါက်သည် သူ့ကိုခေါင်းဆောင်တင်သဖြင့် စိတ်ကြီး ဝင်သွားခဲ့လေသည်။ သင်္ဘောပြင်ဆင်ပြီးခဲ့ပြီး ညနေပိုင်းတွင် ပြန်ထွက်မည်။ သင်္ဘောပြန်မထွက်မီ။

"ငါတို့ ... ဒီသင်္ဘောကို လမ်းကြောင်းပြောင်းပြီး သွားမယ်"

"ဟင် ... ဆရာကြီး။ ကျွန်တော်တို့ လာရာလမ်းအတိုင်း မပြန်ကြတော့ဘူးလား။ ဘယ်ကိုသွားမလို့လဲ"

"ဆင်ပေါက် ... ငါက ရေသူမရဲ့ဦးစီးဆိုတာ မင်းမေ့သွား ပြီလား။ ငါ့ကိုမေးခွန်းတွေ ပြန်မေးစရာမလိုဘူး။ ငါခိုင်းတဲ့အတိုင်း လုပ်"

ဦးရွှဝံက ခက်ထန်စွာပင် ပြောလိုက်လေရာ ...

"ဟုတ် ... ဟုတ်ကဲ့ ဆရာကြီး"

ဆင်ပေါက်မှာ ဦးရွှဝံ၏မျက်နှာထားကြောင့် တွေဝေသွား





ပုံရလေသည်။

"ဒီလှေကြီးဟာ ရေသူမကို ဦးစီးရတဲ့အချိန်ကစပြီး ပိုပြီး တော့ မောက်မာလာခဲ့ပါလား"

"ဒီကောင့်ကြည့်ရတာ စိတ်ပြေချင်ပြီထင်တယ်"

ဦးရွှဝံက ဆင်ပေါက်ကို မသိမသာအကဲခတ်ကာ စဉ်းစား နေမိသည်။

"ဟော့ ... ဆင်ပေါက် မင်းတို့ငါးယောက်ရဲ့ ခြေရာတွေကို ဟာဒီပိတ်စဖြူဖြူမှာထင်အောင်လုပ်ပြီး ငါ့ကိုလာပေးစမ်း။ ရား"

ပိတ်ဖြူအပိုင်းအစငါးခုနှင့် ဖျော်ထားသော ကြပ်ခိုးများ ညှိထားသည့်ခွက်ကို ပေးလိုက်သည်။

"ဆရာကြီး ... ကျွန်တော်တို့ဆီက ခြေရာတွေယူပြီး ာလုပ်မလို့လဲ"

"ဖြန်း ... ဖြန်း"

ဆင်ပေါက်၏ပါးပြင်နှစ်ဖက်ဆီကို ဦးရွှဝံ၏လက်ဝါးက ယ်ပြန်ညာပြန် ကျရောက်လာခဲ့သည်။

"မင်း ... ပြန်မေးစရာမလိုဘူး။ ငါပြောထားတယ် တ်လား။ ငါခိုင်းတာကိုသာလုပ်၊ ဒီမှာ ... ဟော့ကောင် ငါ့ က်နှာကို သေသေချာချာကြည့်စမ်း"

ဆင်ပေါက်သည် ဦးရွှဝံ၏မျက်နှာကို မဝံ့မရဲနှင့် ကြည့် က်းသည်။ ကောက်ကျစ်စဉ်းလဲသော မြေခွေးတစ်ကောင်၏ လုံးတစ်စုံက သူ့ကိုချုပ်ကိုင်ထားလိုက်သလို ခံစားလိုက်ရ ၏။ တခဏအတွင်းမှာပင် သိမ်ငယ်သောစိတ်များက ဖြစ်ပေါ် ခဲ့သည်။ သို့သော် စိတ်ကိုတစ်ဖန်ပြန်တင်းကာ ကြံကြံခံနိုင်

www.burmeseclassic.com

www.burmeseclassic.com



အောင် ကြိုးစားလိုက်သည်။ ဆင်ပေါက်သည် နဂိုကတည်းက စိတ်ဓာတ်ကြံ့ခိုင်သူတစ်ဦးဖြစ်သည်။

"အေး ... ငါမင်းတို့ကို ခုလိုနိုင်းတာတွေဟာ မင်းတို့အတွက်ပဲ၊ လာလတ္တံ့သော အန္တရာယ်တွေကင်းဝေးအောင်လို့ အစီအရင်တွေလုပ်ပေးမှာ၊ ငါ့ကိုအမြင်မစောင်းကြနဲ့"

"ဟုတ် ... ဟုတ်ကဲ့ ... ဆရာကြီး"

ဆင်ပေါက်သည် ရပ်နေလျှက်က ဒယိမ်းဒယိုင်ဖြစ်သွားသည်။ ခေါင်းထဲတွင် မူးခနဲ မိုက်ခနဲ ဖြစ်သွားသည်။

ဤသည်ကို ဦးရှုဝံက သဘောကျစွာဖြင့် ကြည့်နေသည်။

"အေး ... မင်းငါ့စကားကိုနားထောင်၊ မင်းတို့အားလုံးရဲ့ အသက်က ငါ့လက်ထဲမှာရှိတယ်"

ဆင်ပေါက်သည် ဒယိမ်းဒယိုင်နှင့် နေရာမှထွက်သွားသည်။

"ဆင်ပေါက် ... မင်းကလည်းကွာ၊ ဆရာကြီးခိုင်းရင် ခိုင်းတဲ့ အတိုင်းလုပ်မှပေါ့၊ မင်းက သူ့စကားကို စောဒကတက်တာကိုး၊ ခံရတာတောင်နည်းသေးတယ်"

မဏိက ဆင်ပေါက်ကို သရော်သလိုပြောလိုက်သည်။

"ငါတို့ကတော့ပေါ့ ... ဆရာကြီးရဲ့မျက်နှာကို စေ့စေ့တောင် မကြည့်ရဲဘူး။ ကြောက်တယ် ... သူခိုင်းတာ ဘာမဆို အကုန်လုပ်ရမှာပဲ"



အံပွားကလည်း ပခုံးနှစ်ဖက်ကို တွန့်ကာပြောလိုက်သည်။ အားလုံးသည် ဦးရှုဝံ၏လက်အောက်ကို နောက်နေကြသည်။ စိတ်ဓာတ်ပါအချုပ်နှိမ်ခံနေကြရသည်။

"ကဲ ... ဒါဆိုရင် ... ဟောဒီပိတ်စကိုယူ၊ မင်းတို့ရဲ့ ဖြရာတွေပေးလိုက်ကြ"

ပိတ်စများနှင့်ကျပ်ခိုးဖျော်ထားသည့် ခွက်ကိုမဏိအားပေးလိုက်ပြီ။ သူက အနားမှ ထွက်သွားခဲ့လေ၏။

"အင်း ... ငါလည်း ဦးရှုဝံကို နဂိုကမကြောက်ပေမယ့် ခုကြောက်နေခဲ့တယ်၊ အားလုံးကပါ ဦးရှုဝံက သေဆိုသေ၊ ရှင်ဆိုရင်ဖြစ်နေကြပြီ၊ ဒါ ... မရိုးသားဘူး။ ငါတို့အင်မတန် လေးစားတဲ့ဆရာကွမ်းခေတ်လည်း သူ့လက်ချက်နဲ့ ပင်လယ်စာ ဖြစ်သွားခဲ့ပြီ၊

အဂ္ဂပိုင်နဲ့ကိုမိုးသီးလည်း သူ့ကြောင့် ... လှေတစ်စီးနဲ့အတူ ပင်လယ်ထဲအမျှောခံလိုက်ကြရပြီ၊ အဲဒီညက မုန်တိုင်းကျတယ်၊ သူတို့သေသလား၊ ရှင်သလားတောင် မသိရတော့ဘူး။ ဒီလူကြီး ခိုင်းတဲ့အတိုင်း ငါတို့ကလုပ်ပေးခဲ့ကြရတယ်၊ ငါတို့ရဲ့စိတ်တွေကို သူကချုပ်ကိုင်ထားတာပါလား။ ဒီလိုမဖြစ်သင့်ဘူး၊ မဖြစ်စေရဘူး"

ဆင်ပေါက်သည် အသိဉာဏ်ပြန်ဝင်လာခဲ့လေ၏။ ထိုအခါ ဦးရှုဝံကို လွှန်စွာမုပင် မုန်းတီးသွားခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ( ၁၁ )
## ရှုဝမ်းမျက်နှာနှင့်လူ

မှန်တိုင်းကျစဉ် ...

အသက်ကယ်လှေထဲမှ ပင်လယ်ထဲကိုကျသွားသော အဂ္ဂပိုင်၏ အခြေအနေသည်ကား။ လှိုင်းလုံးကြီးတစ်လုံးက အရှိန်နှင့်ပြေးဝင်လာပြီး ... အသက်ကယ်လှေကို ပစ်ရိုက်ထည့်လိုက်သည်။

''ဖြန်း ... ''

''အား''

အဂ္ဂပိုင်သည် ထိုင်လျှက်သားအနေအထားရှိနေသောကြောင့် လှိုင်းက သူ့ကိုရိုက်ချသွားခဲ့လေသည်။ ထိုအချိန်တွင် မိုးသီးက လှေထဲမှာဝပ်လျှက်သားနှင့် လှေနံကို လက်တစ်ဖက်က ဆုပ်ကိုင်ထားသည်။ ထို့ကြောင့် ... လှိုင်းနှင့်အတူပါမသွားပဲ ရေထဲသို့ကျသွားသော အဂ္ဂပိုင်သည် သတိကြီးစွာထားကာ ရေပေါ်ကို ချက်ချင်းပင်ပြန်တက်လာခဲ့သည်။ လှေကိုလိုက်ပြီးတော့ ရှာနေမိသည်။ သို့သော် ... လှိုင်းလုံးကြီးတွေက တစ်လုံး





တစ်လုံးဆင့်ကာ သူ့ဆီကို လာနေကြသည်။

လေ၊ မိုးပါကျပြီး မည်းမှောင်နေသော ပင်လယ်ပြင်ကြီးထဲတွင် ဘာကိုမှ သဲသဲကွဲကွဲမမြင်နိုင်။ အသက်ကယ်လှေဆိုသည်လည်း ဘယ်ရောက်သွားမှန်းမသိ။ လှေမှောက်ခဲ့ပြီလား။ မိုးသီးလည်း လှေနှင့်အတူပါသွားခဲ့ပြီလား။ သူစိုးရိမ်သွားမိသည်။ သို့သော် သူကတော့ လှေထဲကလွင့်စင်ပြီး ရေထဲကိုကျသွားခဲ့သည်။ ကိုယ့်အသက်ထက် သူတစ်ပါး၏အသက်ကို ပိုပြီးတော့ ပူပန်နေမိသူ။

''ဝုန်း ... ''

နောက်တစ်ကြိမ် ... လှိုင်းလုံးကြီးတစ်လုံးက ပြေးဝင်လာတွင် သူ ရေအောက်ကို ရောက်သွားခဲ့ပြန်သည်။

သို့သော် လှိုင်းနှင့်အတူပါလာသော အရာတစ်ခုက သူ့ခေါင်းကို ဝင်ဆောင့်မိသွားသည်။

''ခွပ်''

''အား''

ခေါင်းထဲ မိုက်ခနဲဖြစ်သွားသည်။ ဘာမှသတိမရတော့။ ရေအောက်ကို ထိုးပြီးတော့ ကျသွားခဲ့လေသည်။ အသေကောင်ပမာ တစောင်းအနေအထားဖြင့် ကျသွားသော သူ့ကို ရေအောက်သချိုင်းကြီးကဆီးပြီးတော့ ကြိုနေသည်။ ပင်လယ်မျက်နှာပြင်မှာတော့ မိုးသံတခြိမ်းခြိမ်း လေသံတဟိန်းဟိန်းနှင့် လှိုင်းကြမ်းကြီးခက်ထန်သောင်းကျန်းနေဆဲ။

သို့ရှိစဉ် ...

သင်္ဘောကြီး တစ်ခုသည် သူ့ဆီကို ကူးလာနေသည်။ ထိုသင်္ဘောကြီးသည် ငါး _ အစရှိသော ရေသတ္တဝါမဟုတ်၊ အဂ္ဂပိုင်၏



www.burmeseclassic.com

www.burmeseclassic.com



အနီးကိုရောက်လာသည်။ ဆတ်ခနဲဆို မွေ့ချိုပြီး တစ်နေရာကို ခေါ်သွားခဲ့လေသည်။

အဂ္ဂပိုင်သည် ရေသူမသင်္ဘောကြီးပေါ်မှာ ရောက်နေ သည်။ ကိုကွမ်းခေတ်သည် သင်္ဘော၏အပြင်ဘက် ရေပြင်ကြီး ကိုငေးပြီးတော့ ကြည့်နေသည်။ ယင်းအချိန်တွင် ဦးရွှံဝံသည် ကိုကွမ်းခေတ်၏အနီးကို တဖြည်းဖြည်းနှင့် တိုးကပ်လာသည်၊

"အဖေ ... နောက်မှာ ... နောက်မှာ"

အဂ္ဂပိုင်က အော်ဟစ်ပြီးတော့ သတိပေးလိုက်သည်ကို ကွမ်းခေတ်ကမကြား။ ဦးရွှံဝံသည် လက်နှစ်ဖက်ကို ဆန့်တန်း ကာ ရောက်လာပြီး ကိုကွမ်းခေတ်ကို ကျောဘက်မှ တွန်းချလိုက် လေတော့သည်။

"အား ... "

"ဘွမ်း ... "

"ဟာ ... အဖေ ... အဖေ"

လန့်ပြီးတော့ အော်မိလိုက်လေ၏။ အာရုံထဲတွင် တစ်မျိုး ခံစားမိသည်။ အနံ့အသက်က ထူးခြားနေသည်။ မိမိ၏ပတ်ဝန်း ကျင်မဟုတ်ဟူသောအသိ။ လေးလံနေသော မျက်ခွံတွေကို အနိုင်နိုင်ပင် ဖွင့်ယူမိရသည်။

"ဟင်"

အံ့အားသင့်သွားမိသည်။ အိပ်ရာထက်ကိုရောက်နေသော ကြောင့်ပင်။ မိမိအိပ်ရာတော့မဟုတ်။ သူ့ကိုယ်ပေါ်မှာ စောင်ပါး





လေးတစ်ထည်ကို ခြုံထားသည်။ ချက်ချင်းပင် ထ,ထိုင်မိလိုက် သည်။

"အား ... ကျွတ် ... ကျွတ် ... "

ခေါင်းထဲမှာ မိုက်ခနဲဆို ဖြစ်သွားသည်။ နောက်စေ့က နည်းငယ်နာကျင်နေသည်။ စောင်ကလျှောကျသွားခဲ့သည်။ ကိုယ်ပေါ်မှာ မိမိအဝတ်အစားများမဟုတ်။ သူ ဘာဖြစ်ခဲ့သလဲ ဆိုသည်ကို ပြန်ပြီးတော့ စဉ်းစားမိသည်။ ချက်ချင်းပင် သတိရ သွားသည်။ အသက်ကယ်လှေထဲမှာ သူနှင့်ဦးမိုးသီး နှစ်ယောက် ရုန်းတိုင်းမိသည်။ သူလှေပေါ်ကကျသွားသည်။ ဒါလောက်ပဲ မှတ် မိတော့သည်။

"ငါ ... ရေနစ်သွားတာပဲ၊ ငါ့ကိုတစ်ယောက်ယောက်က ကယ်ခဲ့တယ်ထင်တယ်"

သူ့အိပ်ရာသည် ကျွန်းခုတင်ကြီးတစ်လုံးဖြစ်သည်။သို့သော် ရှေးဟောင်းခုတင်ကြီးတစ်လုံးပင်။ နံဘေးရှိစားပွဲကလည်း ရှေး ဟောင်းစားပွဲကြီး။ ဆီမီးခွက်တစ်ခုက စားပွဲပေါ်မှာ ထွန်းလင်း တောက်ပနေသည်။ မြေခွက်ကြီးထဲတွင် ငါးကြီးဆီကို ထည့်ထား ပြီး ဂွမ်းစနှစ်ထားသည်။ ဂွမ်းစက မီးညှိပြီးတောက်လောင်နေခြင်း ဖြစ်၏။ ဆီမီးခွက်ကို ကလပ်ပုံရှိ ကြေးကိုင်ခွက်ကြီး ပေါ်မှာတင်ထား သည်။

"အခန်းပဲ ... အသုံးအဆောင်ပစ္စည်းတွေကလည်း ...တော်ရှေးကျတယ်၊ ငါဘယ်လိုနေရာမျိုးကို ရောက်နေပါ ...ပို့"

အခန်းကတော့ အိပ်ခန်း ဖြစ်ပုံရသည်။ အခြားအသုံး ...သောင်များက မရှိ။ ခုတင်၊ စားပွဲ ဤမျှသာ ...



www.burmeseclassic.com

www.burmeseclassic.com



သူကိုယ်သူသုံးသပ်မိသည်။ နောက်စေ့တွင် နာကျင်မှုက အနည်းငယ် ... အနည်းငယ်နိုးနေသည်မှအပ ခွန်အားလျော့ကျခြင်းမရှိ။ ထို့ကြောင့် ခုတင်ကြီးထက်မှ အောက်ကိုဆင်းလိုက်သည်။ အခန်းတံခါးကို လှမ်းမြင်လိုက်ရသည်။ လျှောက်သွားသည်။ တွန်းကြည့်လိုက်ရာ အသာကလေးပင် ပွင့်သွားခဲ့လေသည်။

သူ အပြင်ကိုရောက်သွားသည်။ အတော်ပင် ကျယ်ဝန်းသောအခန်းကြီးတစ်ခုဖြစ်သည်။ အခန်းနံရံများသည် သစ်များဖြင့် ပြုလုပ်ထားသော်လည်း အပြင်နံရံများသည် သံထည်များဖြစ်နေသည်။ စားပွဲပုလေးတစ်လုံးပေါ်မှာ ဆီမီးခွက်တင်ထားသော ကြေးတိုင်လေးတစ်ခု အခန်းကျယ်ကြီးထဲမှာ လောက်သော အလင်းရောင်ကို မပေးနိုင်။

စားပွဲပုလေး၏ ဘေးပတ်ပတ်လည်မှာ ထိုင်ခုံပုပု သုံးလေးလုံးကိုချထားသည်။ အဂ္ဂပိုင်၏အကြည့်သည် သူ့ရှေ့တည့်တည့်ရှိ မြင်ကွင်းဆီကို ရောက်သွားသည်။ မြင့်မားသော စာအုပ်စင်ကြီးတစ်ခု၊ ကြမ်းပြင်အထက် ပေနှစ်ဆယ်လောက်အထိ မြင့်မားနေသည်။ အထူအပါးစုံလင်လှသော စာအုပ်တွေကို စီရီရီထောင်ထားသည်။ အထပ်ပေါင်းသုံးဆယ်လောက်ကိုရှိမည်သည့်ထက်မအောက်။

"အားပါးပါး၊ နည်းတဲ့စာအုပ်တွေ မဟုတ်ပါလား၊ ဒါလောက်များပြားတဲ့ စာအုပ်တွေကို ဘယ်သူတွေကများ ဖတ်ပါလိမ့်"

အမြင့်ပိုင်းက စာအုပ်ကို ယူမည်ဆိုလျှင်ပင်။ လှေကားရှည်ကြီးကိုထောင်ပြီး တက်ယူရပေမည်။ စာအုပ်စင်ကြီးဆီကို





သူလျှောက်သွားသည်။ ရောက်ခါနီးလေလေ ပိုပြီးတော့ မြင့်မားလာလေလေဟု ထင်မိရသည်။ စာအုပ်စင်ဆီကို ရောက်သောအခါ သူလိုက်ပြီးတော့ ကြည့်နေမိသည်။ အနောင့်များကို လိုက်ပြီးကြည့်သည်။ ဟောင်းနေခဲ့ပြီဖြစ်သော စာအုပ်များ၊ နှစ်ကာလများစွာကြာမြင့်ခဲ့ပြီဖြစ်သည်။ မည်သည့်ကာလကတည်းက စုဆောင်းလာခဲ့သလည်းမသိ။ ဤစာအုပ်များကို မည်သူက ဖတ်ခဲ့သလဲ။ ယခုထက်ထိ လူသူအရိပ်အယောင်ကို မတွေ့ရသေး။ အဂ္ဂပိုင်သည် စာအုပ်တစ်အုပ်ဆီကို လက်လှမ်းမိလိုက်စဉ်မှာပင်။

"ဩ ... မောင်ရင်လေး ... သတိရလာခဲ့ပြီကိုး"

အသံတစ်သံက တစ်နေရာမှထွက်ပေါ်လာခဲ့သည်။ လှမ်းနေဆဲလက်ပင် တန့်သွားခဲ့ရသည်။ အသံလုံးကကြီးသည်။ ဒေါသထွက်နေသလားဟုထင်မိရသည်။ စိတ်ထဲမှန်းမိသည်မှာ လူကောင်ထွားထွား။ အရပ်ထောင်ထောင်မောင်းမောင်းနှင့် လူကြီးတစ်ယောက်ပဲဟု လှည့်ကြည့်မိလိုက်သောအခါ။

"ဟင်"

အထင်နှင့်အမြင်လွဲသွားခဲ့ရသည်။ ခပ်လှမ်းလှမ်းကနေ ရပ်ပြီးကြည့်နေသူတစ်ယောက်၊ ခန္ဓာကိုယ်က တုတ်တုတ်ခိုင်ခိုင်၊ အရပ်က ငါးပေပင် ပြည့်မည့်ပုံမပေါ်။ မျက်နှာသည် မည်သို့ပင်ပြောရလျှင် လူဝံတစ်ကောင်၏ မျက်နှာနှင့် ခပ်ဆင်ဆင်ရှိသည်။ နာခေါင်းက သိသာစွာပိပြားသည်။ နှုတ်ခမ်းကထူထူ၊ သွားကပြုပြုနှင့်၊ စောစောကကြားလိုက်ရသော စကားသံသည် ထိုသူဆီက ထွက်လာသည်မှာ ဟုတ်မှဟုတ်ပါလေစဟု သံသယဖြစ်ရသည်။ ထိုဂင်တိုတိုနှင့်လူသည် သူ့ကိုပြုံးကြည့်လိုက်ပြီး ပြုံးသည် တိရစ္ဆာန်တစ်ကောင်နှင့်တူသည်။ အ...



www.burmeseclassic.com

www.burmeseclassic.com



လူသားတစ်ယောက်၏ အပြုံးဟုပဲ ဆိုကြပါစို့။

ထို့နောက် အရှုပိုင်ဆီကို လျှောက်လာလေသည်။ ခြေလှမ်းခွင်နှင့်လျှောက်လာသောဟန်သည် ကွတား ကွတားနှင့်။

"ငါ့ကို ကယ်လိုက်တာ သူပဲဖြစ်မှာ"

စိတ်ထဲမှာ ထိုသို့ထင်မိလိုက်သည်နှင့်။

"ဒီက မိတ်ဆွေက ကျွန်တော့်ရဲ့အသက်ကို ကယ်ခဲ့တဲ့သူလား"

"ဟုတ်သပေါ့ဗျာ၊ ကျူပ်ရေအောက်မှာသွားနေတုန်း မောင်ရင်ကို အမှတ်မထင် တွေ့မိလိုက်သော၊ ကံကောင်းသွားတယ်၊ ရေထဲမှာ တော်တော်လေးကို မွန်းကြပ်နေပြီး အပေါ်မှာ အဲ ... ပင်လယ်ကြီးထဲမှာ မုန်တိုင်းက ကျနေတယ်၊ အဲဒါနဲ့ ကျူပ်လည်း တွေးမိလိုက်ပါတယ်၊ သင်္ဘောပျက်တာလား၊ လှေမှောက်တာလား။ မုန်တိုင်းမိပြီး ဒုက္ခရောက်လာတဲ့သူပဲလို့"

"ခုလို ... ကျွန်တော့်အသက်ကို ကယ်ခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ် ခင်ဗျာ"

နက်ရှိုင်းသောမျက်ကွင်းများနောက်က မျက်လုံးကြီးတွေက သူ့ကို အံ့အားသင့်ဟန်ကြည့်မိလိုက်သည်။

"ကျေးဇူး ... ဟုတ်လား၊ အေးဗျာ၊ ဒီစကားလုံးလေး နှစ်လုံးဟာ လူတစ်ယောက်အပေါ်မှာ တော်တော့်ကို ဝန်ပိစေတာပဲဗျ၊ ကျေးဇူးအတင်ခံရတဲ့သူက တော်တော်လေးကို မနေတတ် မထိုင်တတ်ဖြစ်ရတယ်၊ ကျေးဇူးတင်တဲ့သူကလည်း အဲဒီလူကို မြင်တိုင်း တစ်သက်လုံး ကျိုးနွံနေရတော့တာပဲ"

...အုပ်များကိုဖတ်သောသူမှာ သူပဲဖြစ်လိမ့်မည်။ ကျေးဇူးဆိုတဲ့စ... ကို ဦးကာချပြီး ကိုယ်လိုရာကိုဆွဲပြောလိုက်သေး



...ည်း စကားကြီးစကားကျယ်ဟုပဲ ဆိုရလေမလား။

"ကဲ ... လာ မောင်ရင်လည်း ဆာနေရောပေါ့"

"ဟုတ်ကဲ့"

သိချင်တာတွေရှိနေသေးသည်။ မမေးဖြစ်။ အိမ်ရှင်၏ ...ခေါ်မှုကိုလက်ခံကာ လိုက်သွားရသည်။ စားပွဲပုလေးနှင့် ...လားထိုင်ပုလေးများကို အခုမှ သဘောပေါက်မိသည်။ သူ့ ...ရပ်နှင့်တိုင်းပြီးတော့ ထားထားခြင်းပင်။ သို့သော် ကုလားထိုင် ...းလုံးချထားခြင်းက သူ့အပြင် မည်သူများရှိသေးသလဲ။

"ဒီမှာ ကျူပ်တစ်ယောက်တည်းပဲ နေတယ်လေ"

"ဗျာ"

အံ့အားသင့်သွားခဲ့ရသည်။ သူ့အတွေးကိုသိသွား၍လား။ ...က်ဆိုင်မှုလား၊ ထားတော့ ... နောက်ထပ် အခန်းတစ်ခုကို ...က်သွားသည်။ လေးထောင့်စားပွဲလေးတစ်လုံး၊ စားပွဲပုလေး ...း ပြင်ပေါ်မှာ ထိုင်ကြရမည့်စီမံမှု၊ စားပွဲပေါ်မှာတော့၊ ငါးကြီး ...ကောင်ကို ပေါင်းထားသည်။ ပန်းကန်ပြားတစ်ချပ်ပေါ်မှာ ...ထားသည်။ ရေညှိဟင်းချိုတစ်ခွက်၊ ထမင်းတစ်ပန်းကန် ...က်မောက်၊ ထမင်းအပိုထည့်ထားသည့် ဇလုံကြီးကတစ်ခု၊ ...ာက်ရေတစ်ခွက်၊ လက်သုတ်ပဝါတစ်ခု။

"ကဲ ... မင်းဆာနေပြီ ... စားတော့"

ဟုပြောပြီး တစ်နေရာကို ထွက်သွားသည်။ ထိုသူမရှိ ...မှ အသံလည်းတိတ်သွားသည်။ သူတစ်ယောက်တည်းရှိ ...လို ခံစားလိုက်ရသည်။ ထမင်းက ပူပူနွေးနွေး၊ လက်ဆေး ...က ကြမ်းပြင်ပေါ်မှာ၊ လက်ဆေးပြီး အစားအစာများကို ...ပဖော်စတမ်း စားလိုက်သည်။ ထမင်း၊ ဟင်းအားလုံး

www.burmeseclassic.com

တက်တက်ပြောင်သွားသည်။ ငါးပေါင်းလည်း ဘဝပြောင်းကာ အရိုးစုသာ ကျန်တော့သည်။ လက်ဆေးအပြီး ...

"ဪ ... စားလို့ပြီးမှကို ... "

ထိုသူလည်းရောက်လာသည်။ ထမင်းစားစဉ် အနှောင့်အယှက်မဖြစ်စေလို၍ တမင်ရှောင်ပေးခဲ့တာလားမသိ။ ပုဂ္ဂိုလ်သည် စားပွဲကအစ မ,ပြီးတော့ ယူသွားခဲ့သည်။ ဟင်းလျာများကို သူချက်သည်ဆိုလျှင် အချက်အပြုတ်ကောင်းသူတစ်ဦးဟု သတ်မှတ်ရပေမည်။

သူ ... တော်တော်နှင့် ပြန်ရောက်မလာ။ နံရံကိုမှီပြီးတော့ စဉ်းစားနေမိသည်။ ဘူနှင့်ဦးမိုးသီးတို့ကို ရိုက်နှက်ကြပြီး သတိလစ်နေကြစဉ်မှာ အသက်ကယ်လှေထဲထည့်ပြီး ပင်လယ်တွင်မျှောပစ်ခဲ့ကြခြင်းပင်။ ဦးရှုဝံသည် ယုတ်မာပက်စက်လှသူပါတကား။ ဦးမိုးသီးဇော်ကံကြမ္မာကို သူဘယ်လိုမှ မခန့်မှန်းရဲတော့ပေ။ ဤလှေလေးလောက်ကို မုန်တိုင်းက စိစိညက်ညက်ကြေအောင်အစဖျောက်ပစ်နိုင်စွမ်းရှိလေသည်။ သူသာလျှင်ကံကောင်းထောက်မပြီး ကယ်သူတွေ့၍ အသက်မသေခဲ့။

စောစောကပုဂ္ဂိုလ် အခန်းထောင့်တစ်နေရာက ထွက်ပေါ်လာခဲ့ပြန်သည်။

"ကျွန်တော် ... ဘယ်ကိုရောက်နေပါသလဲခင်ဗျာ"

"အေး ... မင်း အခုသိရမယ်လေ၊ လာ ... "

သူ့ကိုခေါ်သွားပြန်သည်။ အခန်းတွေလား ဘာလားတော့မသိ။ ယင်းဘေးမှ ထောင့်ချိုးတွေတစ်ခုပြီးတစ်ခု ဖြတ်ကျော်သွားခဲ့ရသည်။ ထိုစဉ် ...

"ဒုန်း"





အသံကြီးတစ်သံ ထွက်ပေါ်လာပြီး အိမ်ကြီးသည်လည်း ယိမ့်သိမ့်တုန်သွားခဲ့ရသည်။ မြေလှမ်းပျက်ကာ ကိုယ်သည်လည်း ယိုင်ထိုးသွားခဲ့ရလေ၏။ မည်သည့်အကြောင်းကြောင့် ခုလို လှုပ်ခါသွားခဲ့ရတာလဲ၊ ငလျင်လှုပ်တာလား။ အကောင်တစ်ကောင် ကောင်ဝင်တိုက်သွားခဲ့တာလား။ အကောင်ဆိုရင်လည်း ရောမသတ္တဝါကြီးပဲ ဖြစ်နိုင်သည်။

ကြေးလမ်းများကို တစ်ခုပြီးတစ်ခု ဖြတ်ကျော်လာခဲ့လေရာ နောက်ဆုံးမှာတော့ သံထည်နံရံကြီးတစ်ခုဆီကို ရောက်လာခဲ့လေသည်။

"ကြည့်လိုက်လေ ... မင်းရောက်နေတဲ့နေရာကို"

သူ ... လက်ညှိုးထိုးပြရာဆီကို ကြည့်လိုက်လေရာ။

www.burmeseclassic.com

## အခန်း ( ၁၂ )
## သေမင်းလက်မခံ

အုံ့အားသင့်သွားမိသည်။ မှန်ထူထူခံထားသည့် ပြတင်းတစ်ချပ်အပြင်ဘက် ရှုခင်းကား၊ ရေအောက်ရှုခင်းကြီးတစ်ခု၊ သန္တာကျောက်တန်းများ၊ ရေထွက်ပင်များ၊ သစ်ပင်များကို မြင်လိုက်ရသည်။ ကြည့်နေရင်းကပင် ငါးများကအုပ်စုလိုက် ကူးသွားခဲ့ကြသည်။ ထိုစဉ် ... ကြီးမားသောငါးမန်းကြီးတစ်ကောင်သည် မှန်ရှေ့တည့်တည့်သို့ ကူးလာသည်။ အဂ္ဂပိုင်သည် သူ့ကိုရှာလေမလားဟု နောက်ကိုပင် ဆုတ်သွားမိလိုက်သည်။

ငါးမန်းကြီးသည် မှန်အနားကိုရောက်မှ တစ်ဖက်ကိုကွေ့ရှောင်သွားသည်။ သူသည် အကြောင်းတစ်ခုခုကြောင့် ဒေါသထွက်နေဟန်တူသည်။ စောစောက ဒုန်းခနဲမြည်လိုက်သံသည် သူ့လက်ချက်ပဲဖြစ်လိမ့်မည်။

"ဒါ ... ဒါဆို ကျွန်တော်ရောက်နေတဲ့နေရာက"

"ရေအောက်မှာလေကွာ၊ငါ့နေနေတာလည်းဒီရေအောက်မှာပဲပေါ့"





စိတ်ထဲမှာ တစ်မျိုးတစ်မည်ခံစားလိုက်ရသည်။ သမုဒ္ဒရာကြီး၏ နက်ရှိုင်းသောနေရာတစ်ခုမှာ သူရောက်နေသည်ကိုပင်ယုံချင်သော်လည်း မျက်မြင်မို့ မယုံ၍မဖြစ်။

"ဒီဟာကြီးဟာ၊ အိမ်မဟုတ်ဘူးဆိုရင် ... "

"အိမ်ပဲလေ၊ ရေအောက်မှာလည်း အိမ်ရှိတာပဲပေါ့ ... နေတဲ့အိမ်၊ မင်းသဘောမပေါက်နိုင်ဘူးထင်တယ်"

အဂ္ဂပိုင်က အပြင်ဘက်ကိုတစ်ဖန် ပြန်၍ကြည့်လိုက်မိသည်။ ငါးမန်းအုပ်စုက လျှင်မြန်စွာပင် ကူးသွားကြသည်ကို တွေ့လိုက်ရသည်။

"ဒီကောင်တွေ ... မုဆိုးနဲ့တွေ့ပြီး ယောက်ယက်ခတ်ကြတာကွ၊ ရေမုဆိုးတွေက ငါးမန်းတွေကို ပိုက်ချပြီး ဖမ်းတယ်၊ အဲဒါကြောင့် ကြောက်လန့်ကြတယ်၊ ဒေါသထွက်နေတယ် ... "

ကုလားထိုင်ပုလေးနှစ်လုံးကို မျက်နှာချင်းဆိုင်ချကာ ထိုင်ကြသည်။ ကုလားထိုင်ခြေထောက်တွေက တိုသော်လည်း ကိုကျယ်နေ၍ သူ့ကိုယ်လုံးကြီးနှင့် အံကိုက်ပဲရှိနေ၏။ သူပြောချင်နေသလဲ၊ တစ်ခုခုပြောချင်နေပုံရသည်။

"ငါ ... လူတွေနဲ့ စကားမပြောဖြစ်ခဲ့တာကြာပြီ၊ ကြာဆိုင်းကို မနည်းတော့ဘူး။ မင်းဟာ ငါ့ဆီကို ပထမဦးဆုံးလာတဲ့ ဧည့်သည်ပဲ"

"ဧည့်သည်တဲ့လားဗျာ၊ သေမင်းရဲ့လက်ထဲက လွတ်လာခဲ့တဲ့သူ၊ သေမင်းလက်မခံပါ ... "

"အေးပါ ... ထားပါတော့၊ သေမင်းလက်မခံလို့ပဲပါလေ၊ ဘယ်သူမဆို၊ သေမင်းက မခေါ်သေးရင်နေကြ



www.burmeseclassic.com

www.burmeseclassic.com



ဦးပေါ့၊ သူခေါ်ပြီဆိုရင် ဘယ်သူမှ ငြင်းလို့ရကြတာမှ မဟုတ်တာ

ငါ့နာမည်က မိုးနဂါးတဲ့၊ ငါ ... တစ်ယောက်တည်း ေ အောက်မှာနေနေတာ၊ အနှစ်လေးဆယ်နီးပါးရှိပြီ၊ ငါ့ရဲ့အဖေ တွေဟာ စာအုပ်တွေပဲ၊ ဒီစာအုပ်တွေကို ငါ့ရဲ့အဖိုးနဲ့အဖေ စုဆောင်းထားခဲ့ကြတာ''

မိုးနဂါးဆိုသူ၏နောက်ကြောင်းကိစ္စများသည် စိတ်ဝင်စ ဖွယ်ကောင်းလိမ့်မည်ဟု ထင်မိသည်။ နာမည်နှင့်လူကတော မလိုက်ပါ။

''ဦးက ... ဒီသင်္ဘောလို အခေါင်အဦကြီးထဲမှ တစ်ဦးတည်းနေတာ ဘာကြောင့်လဲ''

သူတစ်ချက်တော့ ငိုင်တွေသွားခဲ့သည်။ မျက်နှာသ အနည်းငယ်မှုန်မှိုင်းသွား၏။ စိတ်မသက်သာမှုတစ်ခုလို ခံစားလို ရသလို၊ မေးမိလိုက်သည်ကိုကပဲ မှားသွားခဲ့ပြီလား ... ပ

''ငါက လူမှန်းသူမှန်းစ,ပြီးသိကတည်းက ရေအောက် ကြီးပြင်းလာခဲ့တာကွ၊ ငါ့ကိုမွေးပြီး၊ မကြာမီမှာပဲ အမေဆုံးသ ခဲ့တယ်၊ ငါတောင်မမြင်ဘူးလိုက်ပါဖူးကွာ၊ ဒါပေမဲ့ ငါအ ရောက်လာတဲ့အချိန်မှာ တပြည်းဖြည်း စဉ်းစားမိလာခဲ့ရသာ တော့ ...

ငါ့ရဲ့ဆိုးရွားတဲ့မျက်နှာကြီးနဲ့ ပုံပန်းမကျတဲ့ ခန္ဓာကို စည်းပုံကြောင့် စိတ်ထိခိုက်သွားခဲ့တယ်ထင်တယ်၊ အဲဒီစိတ် လုံးပါးပါးပြီး သေဆုံးသွားခဲ့တာပဲလို့ သဘောပေါက်မိတာ

မည်သည့်အကြောင်းကြောင့် ယခုလို ပုံပန်းသဏ္ဌာန်မျ မွေးလာခဲ့ရသလည်းဟု အဂ္ဂပိုင်တွေးချမရ၊ အဖြေမပေါ်။ သို သူသိချင်သည်ကိုမိုးနဂါးကပင်စီကာပတ်ကုံးပြောပြသွားခဲ့လေသ





''လူဆိုတာ စပ်စုတတ်တဲ့အမျိုးကွ၊ ထူးခြားတာ၊ ထူးဆန်း တာကိုသိပ်ပြီး သိချင်ကြတယ်၊ ငါ့မိဘနှစ်ပါးမှာ တစ်ဦးဦးက ျိုးဖိစပွားဖို့ ချို့ယွင်းချက်ရှိနေတယ်၊ အဖိုးက ဆေးဆရာ၊ ပ္ပအသက်ပေါင်းများစွာကို ကယ်တင်ခဲ့တယ်၊ စေတနာက ငါက အသပြာက ညာမည့်ဆိုတဲ့ လူမျိုးပေါ့၊ သူက အဲ ျာရရင်ကွာ ...

သားသမီးမရနိုင်ဖို့ ချို့ယွင်းချက်ရှိနေတဲ့သူက ငါ့အဖေပဲ၊ ပိုးဆိုတာက ငါ့အမေရဲ့အဖေ၊ နာမည်တွေကိုတော့ ငါ မပြော တော့ပါဘူး။ သူဟာ မျိုးဥနှစ်ခုကို သန္ဓေအောင်မြင်စေခဲ့ပြီး မှာ သန္ဓေတည်စေခဲ့တယ်၊ ကိုယ်ဝန်ဆောင်ပြီး ငါ့ကို မွေးခဲ့ ယ်ပေါ့ကွာ ...''

လိုက်စွမျိုးနှင့်ပတ်သက်ပြီး အဂ္ဂပိုင်မှာ နားမရှင်း။ သို့ ပ် ရေးရေးတော့ သဘောပေါက်မိသလို၊ သူ၏မိဘတွေက ည်း ဒါလောက်ကြီး အကျည်းမတန်နိုင်ရာ။ သို့တိုင် ... မွေး သည့် သားကလေးက မည်သည့်အတွက် ဤပုံမျိုးဖြစ်နေ သလဲ။ မိုးနဂါးသည် အဂ္ဂပိုင်ကို စိုက်ကြည့်နေသည်။ ရင်ထဲ အတွေးကို သိနေဟန်တူသည်။

''ငါ့ကို မိုးနဂါးလို့ လူလောကထဲကိုရောက်အောင် တွန်း က်တဲ့ အရာလေးကတော့ လူဝံတစ်ကောင်ရဲ့မျိုးဥပဲ''

''ဟင် ...''

မထင်မှတ်တဲ့ ကြားလိုက်ရသည့်စကားကြောင့် အံ့အား သွားခဲ့ရသည်။ မယုံကြည်နိုင်အောင်ပင် ဖြစ်သွားခဲ့ရလေ

သို့သော် မိုးနဂါးကတော့ ဣန္ဒြေတစ်ချက်မပျက်ခဲ့၊ ရင်ထဲ



www.burmeseclassic.com

www.burmeseclassic.com



မှာတော့ မည်သို့ခံစားနေသည်လဲမသိ။

"မိုးနဂါးလို ... အမည်ပေးခဲ့တဲ့သူကလည်း ငါ့အဖိုးပဲ ဘယ်လိုကြောင့် ဒီအမည်ကိုပေးခဲ့သလဲဆိုတာကိုတော့ မသိဘူး နာမည်က ဟိတ်ဟန်ကြီးပေမယ့် လူကတော့ မင်းမြင်တဲ့အတိုင်း ပဲ၊ အရွယ်ရောက်လာတာနဲ့အမျှ ငါ့ရုပ်ရည်နဲ့ကိုယ်ကာယဟာ လူသားမဆန်ခဲ့ဘူး"

ထိုနေရာတွင် ... အသံတိမ်ဝင်သွားခဲ့သည်။ ချက်ချင်း ပင် ပြန်၍ထိန်းကာ ...

"ငါ့ကို ... အဖိုးက ကျောင်းမထားဘူး၊ နေလို့လည်းမ ပါဘူး၊ သူ့ဘာသာသူ ငါ့ကိုသင်ကြားပေးတယ်၊ ဒါတင်မကဘူး သူတတ်တဲ့ ဆေးအတတ်ပညာတွေကိုပါ သင်ကြားပေးတယ် စာတွေဖတ်နိုင်းတယ်၊ အံ့မယ် ... ငါ့ဦးနှောက်ကလည်း တစ်တ ပြရင် တစ်သံပြင်မိသားကွ၊ သင်ကြားသမျှအားလုံးကို တတ် မြောက်ခဲ့တယ်၊ အင်း ... လူမဖွမ်း၊ နတ်မဆိုတာ ဒါမျိုး ထင်ပါရဲ့ ..."

ထိုနေရာအရောက်တွင် ရယ်သွမ်းသွေးပြီးပြောသည်။ သ ဘာသာသူ သဘောကျသွားသည် ထင်ပါ၏။

"ငါ့အဖေကတော့ ... အဖိုးလုပ်သမျှကို ဘာမှမပြေ ဘူး၊ ကောင်းသည်၊ ဆိုးသည်၊ မဝေဖန်ဘူး ... ဥပေက္ခာ ထားတယ်၊ ငါ့ကိုမွေးလာပြီးကတည်းက ဂရုမစိုက်သလိုနေတယ် အမေ သေတာငါ့ကြောင့်လို့ အစွဲကြီးနေဟန်တူပါရဲ့၊ ငါ့ကိုလည်း မချစ်ဘူး၊ ငါက အဖေ့နားကပ်ပေမယ့် အကပ်မခံဘူး၊ ရှောင်ဖ တယ်၊ အဖေဟာ ငါ့ကိုမချစ်ဘူးဆိုတာ သိသာလွန်းတယ် တကယ်တော့ ငါဟာ သူ့သွေးလုံးဝမပါဘူးလေ ..."





နောက်တော့ ... အဖေလည်း ရောဂါတစ်ခုနဲ့သေဆုံး သွားခဲ့တယ်၊ အဲဒီအချိန်မှာ ငါ့အသက်က နှစ်ဆယ် ... "

မိုးနဂါးသည် သူ့စကားကို အဂ္ဂပိုင်က စိတ်ဝင်စား၊ မဝင် စား အကဲခတ်လိုက်သေးသည်။

"နောက်တော့မှ ... ငါ့အဖေအပေါ်မှာ အထင်လွဲခဲ့တယ် ဆိုတာ သိရတော့တယ် ... "

"ဟင် ... ဘာဖြစ်လို့လဲ"

"ဒီလိုကွ၊ အင်း ... အဖေကလည်း နုယ်နယ်ရရပုဂ္ဂိုလ် မဟုတ်ဘူး၊ သူက ... ပင်လယ်သွား၊ လှေ၊ သင်္ဘောတွေကို တည်ဆောက်တဲ့သူတစ်ဦးလေ၊ ခုခေတ်စကားနဲ့ပြောရရင် သင်္ဘောအင်ဂျင်နီယာလည်းဖြစ်တယ်၊ တည်ဆောက်သူလည်း ဖြစ်တယ်၊ အဖေ တည်ဆောက်တဲ့ သင်္ဘောတွေဆို၊ ခိုင်ခန့်လွန်း လို့ အချိုးအစားကျလွန်းလို့ လာမှာကြတဲ့သူတွေက အများကြီး၊ လုပ်နဲ့ပဲ စီးပွားဖြစ်နေတာ၊

ဒါပေမယ့် အဖေ့ဆီကို ပင်လယ်ဓါးပြတွေကလည်း ရံဖန် ရောက်လာတတ်ကြတယ်၊ သူတို့အတွက် သိပ်ပြီးကောင်းမွန် တဲ့ သင်္ဘောတွေကို တည်ဆောက်နိုင်းတယ်လေ၊ ဒါပေမယ့် အဖေ လက်မခံဘူး၊ အကြောင်းကတော့ ပင်လယ်ပြင်မှာ လူတကာ ဒုက္ခပေးနေကြတဲ့ လူဆိုးဓါးပြတွေကို အားမပေးချင်လို့ဘဲ"

"ပင်လယ်ဓါးပြတွေက အကူအညီတောင်းတာကို လက် မခံဘူး၊ ဟုတ်လား ... ဒါ,မှန်တာပေါ့၊ သင်းတို့ပိုပြီးကောင်းစား အောင်လုပ်ပေးလို့ ဘယ်ဖြစ်မလဲ"

"အဖေက သူတို့ခိုင်းတာကို လက်မခံတော့ ပင်လယ်ဓါးပြ တွေဟာ မကျေမနပ်ဖြစ်ကြပြီး၊ အသက်ကိုပါ ရန်ရှာကြတဲ့အခါ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လာခဲ့ရတယ်''

''ဟင် ... ဟုတ်လား။ ဒါဆိုရင် စိုးရိမ်စရာပဲ''

''ဒါပေမဲ့ ... အဖေဟာ အဲသလိုဖြစ်လာလိမ့်မယ်ဆိုတာကို ကြိုပြီးတော့ တွေးထားခဲ့ပုံရပါတယ်၊ သူ့အတွက် အကာအကွယ်လုပ်ထားခဲ့ပြီးသားဖြစ်နေတယ်''

''ဘယ်လိုအကာအကွယ်မျိုးလဲဗျာ''

အဂ္ဂပိုင် စိတ်ဝင်စားမှန်းသိ၍ မိုးနဂါး အားတက်လာသည်။ ရင်ဖွင့်ရကျိုး နပ်လာသည်ဟု ထင်မိသည်။

''အဲဒါကတော့ ဟောဒီ ... ရေလုံသဘော်အိမ်ကြီးကို သူတည်ဆောက်ခဲ့တာပဲ၊ ဘယ်တုန်းကတည်းက ကြိုတင်ပြီးတည်ဆောက်ခဲ့မှန်းတော့ မပြောတတ်ဘူး၊ ဒီကိစ္စကို အဖိုးကလည်းသိထားခဲ့ပေမယ့် ရေငုံနှုတ်ပိတ်နေခဲ့တယ်၊ အဖေမဆုံးမီ သုံးနှစ်အလိုမှာ ... တစ်နေ့မှာ ... ''

''သားအဖေဟာ မင်းရဲ့ဘဝရှေ့ရေးအတွက် ... အပြီးစီစဉ်ထားခဲ့ပြီး အဖေ့နောက်ကို လိုက်ခဲ့ ... ''

''အဖေဟာ၊ ငါ့ကိုသားလို့ မခေါ်စဖူးခေါ်ခဲ့တယ်၊ ခပ်မှုန်မှုန်ခပ်တန်းတန်းနေခဲ့ရာက အရေးတဝင်ရှိလာခဲ့တယ်၊ ငါလည်းအံ့အားသင့်မိရတာပေါ့၊ သူဟာ ... ငါ့ကို မော်တော်တစ်စီးနဲ့အတူ တစ်နေရာကို ခေါ်သွားခဲ့တယ်၊ အင်မတန်ချောင်ကျတဲ့ကျွန်းကြီးတစ်ကျွန်းရဲ့အစွန်းဘက်မှာပဲ၊ အဲဒီမှာ ငါတွေ့လိုက်ရတာကတော့ ... ရေပေါ်က အရာကြီးတစ်ခုပဲ ငါသိပ်ပြီးတော့





အံ့အားသင့်သွားမိတယ်''

''ဘယ်လိုကြောင့်လဲ ... ဦး ... ''

မိုးနဂါးသည် သူ့အကြောင်းကိုအကျဉ်းချုံးပြီး အောက်ပါအတိုင်းပြန်ပြောပြခဲ့လေသည်။

မိုးနဂါး မြင်တွေ့လိုက်ရသောအရာကြီးကား သဘော်တစ်စီးနှင့်လည်းတူသည်။ အိမ်ကြီးတစ်အိမ်နှင့်လည်းတူသည်။ ရေယာဉ်ကြီးတစ်စီးပင်တည်း။ မော်တော်က ယင်းယာဉ်ကြီးဆီကို ဦးတည်ပြီးတော့ မောင်းသွားသည်။ ထိုစဉ် ... သဘော်ကိုယ်ထည်မှ တံခါးပေါက်တစ်ခု ပွင့်လာသည်။ မော်တော်သည် ရေလှောင်ကန်ကြီးထဲကိုရောက်အောင် မောင်းဝင်သွားခဲ့လေသည်။ ထို့နောက် တံခါးလည်းပိတ်သွားခဲ့သည်။ သဘော်ဝမ်းထဲကတစ်ဆင့်၊ အပေါ်ထပ်သို့ တက်သွားခဲ့ကြသည်။ စက်ယန္တရားများ တပ်ဆင်ထားသော အခန်းကြီးတစ်ခန်း။

''ဟင် ... အဖိုး ... ''

အဖိုးဖြစ်သူကိုလည်း မမျှော်လင့်ဘဲ တွေ့လိုက်ရ၍ အံ့အားသင့်သွားခဲ့ရလေသည်။ အဖိုးကပြုံး၍သာ ကြည့်နေသည်။ ထို့နောက် မိုးနဂါးသည် အထက်သို့ဆက်ပြီး ခေါ်သွားခဲ့သည်။ အိပ်သုံးထပ်ရှိရာ ... စာကြည့်ခန်း၊ အိပ်ခန်း၊ စားသောက်ခန်းကမှအစ သေသပ်စွာ ဖွဲ့စည်းထားသည်။ သဘော်ကုန်းပတ်ပေါ်ရာသည် ခေါင်မိုးဟု သဘောထားနိုင်သည်။ ကျယ်ကျယ်ပြန့်ပြန့်ရှိပြီး ... ပင်လယ်ပြင်ကြီး၏ အရာရာအားလုံးကိုဆီးပြီး မြင်နိုင်လေသည်။ သည့်နောက်ပိုင်းမှာတော့ ဖခင်သည်



www.burmeseclassic.com

www.burmeseclassic.com



မိုးနဂါးကို သဘော်ာနှင့်ပတ်သက်သည့် စက်မှုပညာရပ်များကို စိတ်ရှည်စွာပင် သင်ကြားပေးသည်။

မိုးနဂါး၏ဘဝသည် ယင်းအလုံပိတ် သဘော်ာအိမ်ကြီး၏ မှာသာလျှင် အချိန်ကုန်ခဲ့လေတော့သည်။ သဘော်ာအိမ်ကြီးသည် ရေအောက်ကိုလည်း ငုပ်လျှိုးသွားနိုင်သည်။ ရေပေါ်မှာလည်း နေနိုင်သည်။ မိုးနဂါးသည် ကုန်းပေါ်မှာ ထာဝရရှင်သန်နိုင်မှာ မဟုတ်။ ပတ်ဝန်းကျင်ကလည်း သူ့ကိုဆွေးနွေးစွာ ဆက်ဆံခြင်း မရှိနိုင်။ အထီးကျန်ဖြစ်နေရမည့်ဘဝ။ ထိုသို့ဖြစ်ရမည့်အတူတူ သူတစ်ယောက်တည်း သီးခြားနေနိုင်ရမည့်ဘဝကို ဖခင်က စီစဉ် ပေးခဲ့လေသလား။

"မြေး ... ဟောဒီစာအုပ်တွေဟာ အဖိုးရဲ့အဖော်တွေပဲ ဘယ်ခေတ်ကိုသွားချင်သလဲ၊ ဘယ်ခေါင်းဆောင်ကြီးတွေရဲ့ အသံ အမိန့်တွေကို နားကြားချင်သလဲ၊ လူသားတွေရဲ့အကြောင်းကို ကျယ်ကျယ်ပြန့်ပြန့်သိချင်သလား။ စာအုပ်တွေက ပြောပြလိမ့် မယ်"

အဖိုးကလည်း စာအုပ်များကိုပြပြီး ဩဇာဆောင်သည့် သူကိုယ်တိုင်က စာပတ်နည်း၊ လေ့လာနည်းများကို သင်ကြား ပြသပေးလေသည်။ ကြာသော် ... မိုးနဂါးအား ကိုယ်တိုင် မတွေ့ကြုံ၊ မခံစားဘူးသေးသည့်လူတွေ၏ အတွေ့အကြုံခံစား ချက်များကို စာအုပ်များမှတစ်ဆင့် ကူးစက်ခံ လေ့လာစေ သည်။ ကျယ်ပြန့်စွာရှိနေပြီး မရောက်ဘူးသေးသည့် ကမ္ဘာ လောကကြီး၏အကြောင်းကိုလည်း စာအုပ်များက ပြောပြခဲ့လေ သည်။



# အခန်း ( ၁၃ )
# သဘော်ာအိမ်ကြီး

မိုးနဂါးသည် သူ့ဘဝနှင့်ပတ်သက်ပြီး ထိုထက်မက ကျယ် ကျယ်ပြန့်ပြန့်ပြောပြသည်။ စာအုပ်များကပေးသည့် အတတ် ပညာများအားလုံးကို သူဖတ်ရှုလေ့လာခဲ့ပြီးဖြစ်သည်။ အချို့ ...က်ပိုင်းဆိုင်ရာ၊ ကျင့်ကြံမှုများကိုပင် သူလိုက်နာခဲ့သည်များ။ ...က်တန်ခိုးချင်း ဆက်သွယ်ကာ ပုဂ္ဂိုလ်ထူးများက မိမိဆီသို့ ...ရောက်လာခဲ့သည်များကိုပင် ပြောခဲ့သည်အထိ။

"ဒါကြောင့် ... ငါ့ဆီမှာ သိမ်းထားတဲ့ စာအုပ်တွေအား ...ဟာ ငါ့ရဲ့ထာဝရအဖော်မွန်ပဲ၊ သက်ရှိပုဂ္ဂိုလ်တွေလိုပဲ ငါ့ကို ...အညီပေးကြတယ်၊ စာအုပ်ကိုပြုစုရေးသားတဲ့ ပုဂ္ဂိုလ်တွေရဲ့ ...ဉ်တွေဟာလည်း စာအုပ်အသီးသီးမှာ ကိန်းအောင်းနေကြ ...ယ်၊ ဒါကြောင့်မို့ ... ငါဟာ တကယ့်သက်ရှိလူသားတွေနဲ့ ...ရကင်းဝေးပြီးတော့နေခဲ့တာ မင်းနဲ့မဆုံစည်းမီအထိပဲ ဆိုပါ ...ာ့"

မိုးနဂါးသည် သူ၏စကားကို အဆုံးသတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ... အကြည့်က အဂ္ဂပိုင်၏ ရင်ကိုထွင်းဖောက်သွ ခဲ့ကာ ...

"မင်း ... ငါ့ဆီကိုရောက်လာခဲ့တာ ... မိုးရိုးသားသား ပါ၊ ဒုက္ခသည်တစ်ယောက်အနေနဲ့ပဲ၊ ဒါပေမဲ့ မင်းရဲ့အကြော ကို ငါသိချင်သေးတယ်"

"ဟုတ်ကဲ့ ... ကျွန်တော် ပြောပြပါ့မယ်၊ အဖြစ်က ဒီလိုဗျ ... "

အဂ္ဂပိုင်သည် ရွှေပိုင်း ဘဝဇာတ်ကြောင်းအချို့နှင့်အတူ ဦးရှုဝံက သင်္ဘောသားငါးယောက်နှင့် ရေသူမကို အပိုင်စီး သည်များ၊ မိမိ၏မြင် ကိုကွမ်းခေတ်ကို သတ်ပစ်ခဲ့သည် အကြောင်းများ၊ မိမိနှင့်မိုးသီးတို့ကို ဖမ်းဆီးကာ အသက်ကယ် လှေနှင့်အတူ ပင်လယ်ထဲ .. မျှောခဲ့သည်များ မုန်တိုင်းမိကာ မိမိပင်လယ်ထဲကျခဲ့ပြီး မိုးသီးကံကြမ္မာကို မသိရပုံ၊ စသည် များ။

"အင်း ... ဒီအတိုင်းသာဆိုရင်တော့ ... ရှုဝံဆိုတဲ့ ကြီးဟာ တော်တော်ကောက်ကျစ်တာပဲ၊ လူတွေကိုလုပ် ပြီး သင်္ဘောကိုပါ အပိုင်စီးတယ်၊ သင်္ဘောသားငါးယောက် လည်း စည်းရုံးထားတယ်"

မိုးနဂါးသည် နေရာမှထကာ လက်နောက်ပစ်ပြီး ခေါက် တုန့်ခေါက်ပြန် လမ်းလျှောက်လျှက်ရှိသည်။ စဉ်းစားခန်းဝင် သလိုမျိုးပင်။ သူ့ဟန်ပန်သည် လူးသားမကျ လူဝံမကျ နောက် သူကခေါင်းတစ်ချက်ဆတ်လိုက်ပြီး ...

"အေးပေါ့လေ၊ အဆိုးတကာ့အဆိုးဆုံး အခြေအနေ မင်းမရောက်နိုင်ပါဘူး။ တစ်နေ့မှာ ... မင်းမထင်မှတ်တာ





ဘားလုံးဖြစ်လာလိမ့်မယ်"

မိုးနဂါးသည် သူ့ကိုယ်သူ အကြားအမြင်ရနေသူတစ်ဦး၏ ပုံအရာမျိုးဖြင့် ပြောလိုက်လေသည်။ တစ်ဦးတည်း အထီးကျန် ဖြင့် နေခဲ့ရသည်မှာ ကြာခဲ့ပြီဖြစ်၍ စိတ်မမှန်တော့ဟု ထင် သည်။ သို့သော် ... နောင်အခါတွင် ...

"ကဲလေ ... ယောသည် သင်္ဘောအိမ်ကြီးဟာ ... ဒီ နေရာမှာရှိနေတာ ... ခြောက်လလောက်ရှိနေပြီကွ၊ ငါလမ်း နေရာကို ရွှေ့တော့မလို့ ငါမရွှေ့ခင် မင်းနဲ့ပက်ပင်းတိုးမိတာ ကောင်းတယ် .. မဟုတ်ရင် ငါနဲ့မတွေ့ဘဲ ဟောဒီရေအောက် ခြိုင်းထဲမှာ ... မင်းတစ်ဝရအိပ်စက်သွားရမှာပဲ ... ဟီဟိ"

အဂ္ဂပိုင်သည် မိုးနဂါး၏နောက်းကို လိုက်သွားခဲ့ရပြန်သည်။ သအထပ်ကို ပြန့်ဆင်းသည်။ စက်ခန်းထဲကို တစ်ဖန် ပြန်၍ က်လာသည်။ ပုံထိန်းလက်ကိုင်ဘီး၊ ဒိုင်ခွက်များ၊ ခလုတ် ၊ လီဗာတံ၊ ဘရိတ်များဖြင့် စနစ်တကျရှိနေသည်။ ယင်းတို့ ရှုမှာ လေးထောင့်ရှည်မျောမျော မှန်ထူထူကြီးတစ်ချပ်ကို ထားသည်။ ပြင်ပရေအောက်ဝန်းကျင်ကို ဖောက်ပြီးတော့ ရသည်။ ရေအောက်ရှုခင်းအဖုံဖုံသည် စိတ်အစဉ်ကို ဖမ်း ငိုင်စွမ်းရှိနေသည်။

မိုးနဂါးက ခလုတ်တစ်ခုကို နှိပ်လိုက်သည်။ အင်ဂျင်စက် က ညင်သာစွာပင် ထွက်ပေါ်လာသည်။ သိမ်မွေ့လွန်း သည်။ အဂ္ဂပိုင် ... တအံ့တသြနှင့် ကြည့်နေဆဲမှာပင်။ သင်္ဘောအိမ်ကြီးသည် ရေအောက်ကြမ်းပြင်မှ ကြွတက်လာ သည်။ သည့်နောက် ရေအောက်ချုံများ၊ သန္တာကျောက်တန်း မှ ဖြတ်ကျော်ကာ သွားနေလေတော့သည်။ ရေအောက်



www.burmeseclassic.com

www.burmeseclassic.com



တွင် ငုပ်လျှိုးကာသွားလာနေကြသော ရေသတ္တဝါများကလည်း သဘော်အိမ်ကြီးကြောင့် လန့်ဖျန့်သွားခဲ့ကြသည်။ ယောက်ယက်ခတ်သွားခဲ့ကြလေသည်။

"မင်းကတော့ အံ့အားသင့်နေမှာပဲ၊ ဒါ ... ဘာမှမဆန်းပါဘူး အဂ္ဂရာ ... ငါရှင်းပြခဲ့ရင် တစ်နာရီအတွင်းမှာ ပဟေဠိစက်အကြောင်းကို မင်းနားလည်သွားမှာပါ၊ ငါဟာ ... ဒီသဘော်နဲ့ပဲ၊ ရေအောက်သတ္တဝါတွေကို ဖမ်းတယ်၊ တစ်ခါတလေ၊ ကိုယ်တိုင်အပြင်ထွက်ဖမ်းတန်ရင်ဖမ်းတာပေါ့ကွာ ... "

မိုးနဂါးက ရှေ့မြင်ကွင်းကိုကြည့်ရင်း ပြောနေသည်။ မကြာမီ ရေအောက်ယာဉ်ကြီးသည် တောင်အလတ်စားပမာရှိသည့် သန္တာကျောက်တန်းကြီး နှစ်ခုကြားကို ရောက်လာသည်၊ အေးဆေးစွာပင် ဖြတ်ကျော်လျှက်ရှိသည်။ အဝိုပ်ကျသောကြောင့် အနည်းငယ် မှောင်သွားခဲ့လေသည်။ ထိုစဉ် ငါးကြီးတစ်ကောင်သည် ဒေါ်သတကြီးနှင့် ရှေ့တည့်တည့်မှ ပြေးဝင်လာနေသည်၊

ရေကာမှန်ထူကြီးကို ဝင်တိုက်ကာ နိုးနေလေပြီ။ သို့သော် အနားကိုရောက်ကာမှ ရှုတ်တရက် ကွေ့ရှောင်သွားသည်။ ထိုအခါကျမှ အဂ္ဂပိုင် သက်ပြင်းချမိရသည်။

"ဒီကောင်တွေက ငါကရှောင်ထွက်သွားမလားလို့ စမ်းကြည့်တာကွ၊ သူ့ကိုတကယ်ဝင်တိုက်မယ်မှန်းလည်းသိရော ရှောင်ထွက်သွားရော ... ဟား ... ဟား ... ဟား ... ဟား"

မိုးနဂါးသည် အားပါးတရပင် ရယ်မောလိုက်သည်။

"ဟား ... ငါလည်း ခုလိုအားပါးတရ မရယ်ဖြစ်တာ နှစ်ပေါင်းကို မနည်းတော့ဘူး၊ အခုလို အဖော်တစ်ယောက်ရှိနေတော့ ကောင်းကောင်း ရယ်ဖြစ်တော့တယ်"





မိုးနဂါး၏စကားကို ကြားလိုက်ရသော် သနားမိသွားသည်။ စာအုပ်တွေက သူ၏အဖော်မွန်များဖြစ်သည်ဟု ဆိုစေကာ လူနှင့်လူချင်း စကားပြောရသည်။ အရသာက မည်သည့်သားမှုနှင့်မှ မနှိုင်းယှဉ်နိုင်။ သဘော်အိမ်ကြီးက သန္တာ ကျောက်တန်းကြီးနှစ်ခုကြားထဲက လွတ်မြောက်သွားသည်။

ထိုစဉ် ...

"ခုန်း ... "

သဘော်တစ်စီးလုံး တုန်ခါသွားသည်။ သဘော်ဝမ်းဗိုက် ကျောက်တုံး။ ကျောက်ဆောင်တစ်ခုခုနှင့်များ ဝင်တိုက်မိလေသလားဟု၊ သို့သော် ... မိုးနဂါးကတော့ ဂရုမစိုက်။

"ငါးကြီးတစ်ကောင်တော့ မိနေပြီကွ"

"ဟင် ... ငါးမိနေတယ်၊ ဟုတ်လား ... ဘယ်နေရာမှာနေတာလဲ ... ဦး ... "

"ခဏကြာရင် သိရမယ် ... "

သဘော်အိမ်ကြီးသည် ရေအောက်ချိုင့်ကြီးကို ကွေ့ဝိုက်သွားသည်။ တစ်နေရာအရောက်တွင် တဖြည်းဖြည်းနှင့် အောက်ကိုကျလာကာ ရပ်သွားခဲ့လေသည်။

ယင်းနေရာကား ... အစိမ်းမှုပ်ရောင်ရေညှိများ တက်နေသော ကျောက်တုံးကြီးနှစ်ခု၏ ကြားမှာဖြစ်သည်။ အနည်းငယ်မှောင်နေသော်လည်း တခဏအတွင်းမှာပင် မီးချောင်းများက ထွန်းလက်လာသည်။ မီးစက်က ပေးသောအလင်းရောင်၊ သဘော်အိမ်ကြီးသည် အစစအရာရာ ပြည့်စုံလှသည်တကား။

မိုးနဂါးကခေါ်၍ အောက်ဆုံးအထပ်ကို ဆင်းသွားခဲ့ရပြန်သည်။ ရေလှောင်ခန်းကို ရောက်သွားကြသည်။ တဝုန်းဝုန်းနှင့်

www.burmeseclassic.com

www.burmeseclassic.com



ဆူညံလျှက်ရှိနေသည်။ ရေသံများပင်၊ မည်သည့်နေရာက ထွက်ပေါ်နေသလဲမသိ။ မိုးနဂါးသည် ကြမ်းပြင်တစ်နေရာက သံကွင်းကြီးတစ်ခုကို အားစိုက်ပြီး ဆွဲတင်သည်။ အဂ္ဂပိုင်လည်း မနေသာ၍ ဝင်ကူကာ ဆွဲတင်ပေးသည်။ အဖုံးပွင့်သွားသော် ...

"ဝုန်း ... ဝုန်း ... ဝုန်း ... ဝုန်း ... "

အသံတွေက ပိုပြီးတော့ ကျယ်လောင်လာသည်။ ရေသတ္တဝါတစ်ကောင်၏ ဒေါသတကြီးနှင့် တွန်းထိုးရုန်းကန်နေသော အသံများပင်။ ငါးကြီးတစ်ကောင်မိနေသည်။ မိုးနဂါးက နံရံမှ မီးခလုတ်တစ်ခုကို ဖွင့်လိုက်သည်။ ထိုအခါ ... ရေလှောင်ကန်ထဲမှာ ကူးခတ်နေသော ငါးကြီးတစ်ကောင်ကို တွေ့လိုက်ကြရလေ၏။ အတော်အတန်ကြီးမားသည်။

"ဟဲ ... ဟဲ၊ ဒီကောင်ကြီးက ငါ့ရဲ့ထောင်ချောက်ကို နားမလည်လို့ ဝင်လာခဲ့တာကွ၊ ထောင်ချောက်က အဆိုရှင်ရှိတယ်၊ အထဲကိုရောက်ပြီးတာနဲ့ အပြင်ကိုပြန်ထွက်လို့မရတော့ဘူး။ ငါ့အဖေက တီထွင်ထားခဲ့တာပေါ့ကွာ၊ ကိုင်း ... "

ကန်ထဲကရေက သိပ်မများ။ ထို့ကြောင့် ငါးကြီးမှာ အားပါးတရ မကူးနိုင်။ ရေနည်းငါးဖြစ်နေသည်။ ငါးကြီးက ... ခေါင်းအလှည့်မှာ ... မိုးနဂါး၏လက်ထဲမှ သံချိတ်ကောက်ကြီးက ပါးစပ်ပြဲကို ဆွဲချိတ်လိုက်သည်။ အဂ္ဂပိုင်ကလည်း ဝင်ရောက်ကူညီသည်။ ငါးကြီးမှာ လွန့်စွာမှ မောပန်းနေပြီဖြစ်သည်။ ဆွဲတင်ကြသည်။ အဂ္ဂပိုင်က ငါး၏ပါးဟတ်ထဲ လက်နှိုက်ကာ အားစိုက်ပြီး ဆွဲတင်သည်။ ဤသို့ဖြင့် အပေါ်ကိုရောက်လာခဲ့လေသည်။ ရေသတ္တဝါသည် ကုန်းပေါ်ကို ရောက်လာတော့ ဘာမှမတတ်နိုင်တော့။





မိုးနဂါးက ရေချိုတစ်ခွက်ကိုယူကာ ငါးကြီး၏ပါးစပ်ထဲကို လောင်းချလိုက်သည်။ တခဏအတွင်းမှာပင် ငြိမ်သက်သွားသည်။ သေဆုံးသွားခဲ့သည်။ ရေငံငါးကို မိလျှင် ပါးစပ်ထဲသို့ ရေချိုလောင်းချလိုက်ပါက အသက်မရှင်နိုင်တော့။

ငါးကြီးကိုဖျက်ရာတွင် အဂ္ဂပိုင်က ပါဝင်ကူသည်။ ကြပ်တင်၍ရသည်။ အားလုံးအဆင်သင့်။ သို့သော် အံ့အားသင့်စရာကောင်းသည်က ထင်းမီးမသုံးဘဲ ဓာတ်ငွေ့မီးဖြင့် ကျပ်တင်ခြင်းပင်တည်း။ ငါး၏အသားများကိုလွှာကာ သံစကာပေါ် ဖြန့်ကာတင်ထားခြင်းဖြင့် အောက်မှဓာတ်ငွေ့မီးပေးကာ အလုပ်လုပ်သွားသည်။ မိုးနဂါး ရှင်းပြမှ သိရသည်။ ခေတ်မီနည်းစနစ်တစ်ခုပင်။

ဤလူကြီးကား ... တစ်ဦးတည်း အထီးကျန်နေနေသော်လည်း အရာရာကို စူးစမ်းလေ့လာထားသူ။ ဖခင်ပေးခဲ့သော အတတ်ပညာများကို မဖျောက်မဖျက် ထိန်းသိမ်းထားသူပင်။ သူသည် အဂ္ဂပိုင်လို အဖော်တစ်ယောက်တိုးလာခဲ့၍ ဝမ်းသာနေပုံရသည်။ လှုပ်ရှားမှုများက ပိုပြီးတော့ ဖျတ်လတ်တက်ကြွနေလေသည်။

"ငါလူတွေနဲ့ စကားမပြောဖြစ်တာ ကြာပြီကွ၊ စကားပြောတာ မေ့သွားမှာစိုးလို့ ... မှန်ထဲကြည့်ပြီးပြောတယ်၊ စာဖတ်ရင်အသံထွက်ပြီးဖတ်တယ်၊ ငါ့အသံငါပြန်ပြီး ကြားနေရရင် စကားလုံးတွေက နားထဲမှာ စွဲသွားရောပဲ မမေ့နိုင်တော့ဘူးပေါ့"

မိုးနဂါးသည် အချက်အပြုတ်လည်း ကောင်းသူတစ်ဦး။

"မင်းရောက်လာတာ ငါအားရှိတယ်ကွာ၊ ငါ့တစ်ယောက်တည်း သည့်ထက်ပိုပြီး ကြာကြာနေရင် တစ်ခုခုဖြစ်သွားနိုင်တယ်လူ၊ စိတ်ဂယောက်ဂယက်ဖြစ်သွားမလား၊ စကားတွေမမှန်တော့



www.burmeseclassic.com

www.burmeseclassic.com



ဘဲ သွက်သွက်ခါအောင် ရှုးသွားမလား၊ မပြောနိုင်ဘူးလေ"

"ဒါပေမယ့် ... ဦးရဲ့အတွေးအခေါ်က ရင့်ကျက်နေပြီ၊ ဒီလိုပဲ နေလာခဲ့တာ နှစ်ပေါင်းမနည်းတော့ဘူးဆိုတော့ အသား ကျနေပြီလေ၊ ဦးနောက်ချောင်သွားတာမျိုး မဖြစ်နိုင်တော့ပါဘူး"

"ဟေ ... ဟား ... ဟား ... ဟား၊ မင်းက ငါ့ကို ဒီလိုပဲ တွက်ထားတယ်ပေါ့၊ အေး ... ဖြစ်နိုင်တယ်ကွ၊ ခုထက်ထိ ငါ့ကိုယ်ငါ ဘယ်သူဆိုတာ သိနေဆဲပဲ၊ ကိုယ့်ကိုယ်ကိုယ် ပြန်ပြီး တော့ ဝေဖန်နိုင်သေးရင် ဦးနှောက်မှန်သေးတယ်လို့ ပြောရိုး တယ်"

မိုးနဂါးသည် သူကိုယ်သူ အကျေနပ်ကြီး ကျေနပ်လျှက် ရှိနေလေသည်။ အဖော်တစ်ယောက်တိုးလာ၍ စိတ်ဓာတ်တက် ကြွနေခြင်းလည်း ဖြစ်သည်။ အထီးကျန် ဘဝသည် ထားကယ် အမှန်သနားစရာလည်း ကောင်းနေသည်။

"အင်း ... ငါ့ဘဝလည်း ဘာထူးသေးသလဲ၊ အခုအချိန် မှာ သူ့လိုပဲ အထီးကျန်သက်သက် ဖြစ်နေပြီ မဟုတ်လား"

သည်လိုနှင့် ... ရေလုံအိမ်သင်္ဘောကြီးထဲတွင် ရက် အတန်ကြာလာခဲ့သည်။ ကြာတော့ ညည်းငွေ့သည့်သဘောမျိုး ဖြစ်လာသည်။ သူ့လို ပတ်ဝန်းကျင်နှင့် အဆက်ဖြတ်ပြီး မနေ နိုင်ချေ။

"ဦး ... ကျွန်တော့်ဘဝမှာ မျှော်လင့်ချက် ဘာမျှမရှိ တော့ပေမယ့် ... ကျွန်တော်တို့ကို ဒုက္ခပေးခဲ့တဲ့ ဦးရှုပ်ကို မတွေ့တွေ့အောင် ရှာချင်သေးတယ်၊ သင်းကို အရှုံးပေးလိုက် ရင် ကျွန်တော် အစွမ်းအစမဲ့သွားရာကျမယ်"

မိုးနဂါးကို ဖွင့်ဟကာ တိုင်ပင်မိသည်။





"သိပ်မှန်တဲ့ စကားပေါ့ကွာ၊ မင်းမှာ အသက်နဲ့ကိုယ် ရှိပြီးတော့ ရှင်သန်နေသေးတာပဲ၊ ကိုယ့်ပိုင်ဆိုင်မှုတွေကို လုယူ သွားတဲ့လူဆီက ပြန်ပြီးလုယူရမယ်၊ အဲဒီလိုအချိန်မျိုးမှာ မင်းရဲ့ အစွမ်းအစတွေဟာ အလိုလိုနေရင်း ထွက်လာလိမ့်မယ်၊

အေး ... ကြိုးစား၊ တစ်နေ့မှာ ... မင်းမမျှော်လင့်တာ တွေ ဖြစ်လာလိမ့်မယ်လို့ ငါပြောပြီးပြီပဲ ... အဲဒီတော့ ..."

"ကျွန်တော် ... ကုန်းပေါ်ကိုပြန်တက်ချင်တယ်၊ ဒီလူ ကြီးဟာ ရေသူမကို အပိုင်စီးပြီး ဘယ်အထိခေါ်သွားသလဲဆိုတာ စုံစမ်းရမယ်"

"အေး ... မင်းရဲ့ဆန္ဒကို ငါဖြည့်ဆည်းပေးမယ်၊ နေဦး ဒီလူ ရေသူမကို ဘယ်ခေါ်သွားသလဲဆိုရင်"

မိုးနဂါးသည် ခေါင်းကိုမော့ပြီး မျက်လုံးတွေကို မှိတ်ထား လိုက်သည်။ တခဏအကြာတွင် ...

"သင်္ဘောဟာ ရေခဲမြို့တော်ဆီကို ဦးတည်ပြီးတော့ သွား နေတယ်"

"ဗျာ ... ရေခဲမြို့တော် ... ဟုတ်လား"

အံ့အားတသင့်နှင့် မေးမိလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၄ )

ရေသူမ – ၂

ရေသူမကို အပိုင်စီးထားသော ဦးရွှဝံ၊ သဘော်သား... ယောက်၏ခြေရာများကိုယူပြီး ... သူ့အခန်းထဲမှာ အလုပ်... လျှက်ရှိသည်။

"ဒီကောင်တွေ ငါ့လက်ထဲက ဘယ်တော့မှထွက်မသွ... စေရဘူး"

စားပွဲပေါ်မှာလည်း ရွှဲလုံးကြီးကိုချထားသည်။ မီးတ... မထားသော်လည်း ရွှဲလုံးကြီးက ပိုပြီးတော့ တောက်ပလျှက်ရှိ... သည်။ ရွှဲလုံးကြီး၏အတွင်းသားထဲမှ မျက်လုံးသဏ္ဍာန်၊ နှုတ်... သဏ္ဍာန်၊ လိပ်ပြာသဏ္ဍာန် စသည်ဖြင့် သဏ္ဍာန်မျိုးစုံတို... လှုပ်ရှားလျှက်ရှိနေကြသည်။

ဦးရွှဝံသည် ရွှဲလုံးကြီးကိုငုံးစိုက်၍ကြည့်ကာ တစ်ယော... တည်း စကားပြောနေသည်။

"ငါ့ကိစ္စ အောင်မြင်အောင် လမ်းပြပါကွာ၊ မင်းကို... ဆရာတင်ထားတာပဲ မဟုတ်လား။ အေး ... ကောင်းပြီ၊ ...





ငါ့အားကိုးတယ်ဆိုတာ သိထားရင် ငါ့ကိုမဖြစ်မနေကူညီ...ပြီလား"

ဆင်ပေါက်သည် ဦးရွှဝံ၏အပြုအမူကို တစ်နေရာမှနေ၍ ...ချောင်းကြည့်လျှက်ရှိသည်။

"အင်း ... ဒီလူကြီးဟာ ရူးသွပ်နေပြီ၊ ဒီရွှဲလုံးကြီးနဲ့ပဲ ...ကားပြောနေတာပဲ၊ ငါတို့ရဲ့ ခြေရာတွေကိုယူထားပြီး ခြေချုပ်... အစီအရင်တွေ လုပ်နေတယ်ထင်ပါရဲ့၊ သူချက်တဲ့ ...ထဲမှာလည်း ဘယ်လိုဆေးတွေ ထည့်ခပ်ထားသလဲမသိဘူး။ ...တွေက သူ့ဘက်ကိုပဲ ပါနေကြတယ်၊ သူပြောတာကိုပဲ နာခံ...တယ်၊ ငါတောင်းငုချက်တဲ့ဟင်းရည်ကို သောက်ချင်ယောင်...ပြီး သွေးထုတ်ပစ်ခဲ့တာ၊ ကံကောင်းတယ်၊ ဟိုကောင်လေးကောင်ကတော့ သူမှသူဖြစ်နေကြပြီ၊ သိ... ... ငါ့အကြောင်း ..."

ဆင်ပေါက်သည် ပါးရိုက်ခံထားရသည့်အတွက် အခဲ... တနုံ့ပြန်ပြီး တွန်းလှန်ရင် အခွင့်ကောင်းကို စောင့်လျှက်... ...ပြီး ခေါင်းကြီး၊ အံပွား၊ ငတိနှင့်မည်းတူတို့က အလှည့်ကျ... ...ပြီး၊ နွားမောင်းခံရသလို အလုပ်ကိုလုပ်လျှက်ရှိနေကြ...။

ဦးရွှဝံသည် ဆင်ပေါက်ကို နဂိုအတိုင်း ခေါင်းဆောင်... ပြန်ပေးထားသည်။ ဆင်ပေါက်ကလည်း ဦးရွှဝံကို ...ပြီး ကျိုးနွံဟန်ပြလေသည်။

"အင်း ... ဒီကောင်တော့ ငါ့လက်ရာကို အမြီးခံလိုက်... ...တော်တော့်ကို ဦးကျိုးသွားပြီ၊ ကျန်တဲ့ကောင်တွေလည်း ...ပေါက်ကို နမူနာယူပြီး ငါ့အပေါ်မှာ ပိုပြီးတော့ ကြောက်လာ...

www.burmeseclassic.com



ကြတယ်၊ ငါ့ကိစ္စမှာ ဒီကောင်တွေကို အသုံးပြုရမှာပဲ၊ ချော့တစ်ခါ ချောက်တစ်ချီနဲ့ ဆက်ဆံမှ ... "

ရေသူမသည် ကိုယ့်နေရင်ကိုလည်း မပြန်၊ မည်သည့်ဆိပ်ကမ်းမှလည်း မကပ်ဘဲ၊ ဦးရွှဝံ ညွှန်ကြားသည့်လမ်းကြောင်းအတိုင်း ရွေ့လျားစေလေသည်။ ယခုလည်း ညဘက်ကြီးမှာ ငလယ်ပြင်ကြီးထဲ ရွက်လွှင့်ကာသွားနေခဲ။ ရေပြင်သည် တည်ငြိမ်လျက်ရှိသည်။ လကလည်း သာနေ၍ ရာသီဥတုအခြေအနေကလည်း ကောင်းမွန်နေလျက်။

သို့ပေမဲ့ ...

တိုက်ခဲ...နေသောလေသည်၊ ထူးခြားသွားသည်။ ပိုပြီးတော့ အေးစိမ့်လာ...သည်။ ရေခဲတမျှ အေးစက်သော လေ၏ အထိအတွေ့ကို ခံစား...ကြရသည်။ သင်္ဘောမျှော်စင်ထိပ်ပေါ်မှ တက်ကြည့်နေသော အ...သည် တစ်စုံတစ်ရာကိုမြင်လိုက်ရဟန်နှင့် အောက်ကိုငုံ့ကာ ...ချင်းပင် သတင်းပို့လိုက်သည်

"ဟော ... ရှေ့မှာ၊ မြူ...သတ္တာန်ကြီးတွေ၊ ရေထဲမှာ ဟိုတစ်နေရာ၊ ဒီတစ်နေရာ တွေ့...တယ်၊ လေကလည်း အသည်းထဲအထိ အေးစိမ့်အောင်တိုက်...ယ်၊ ဆရာကြီးကို သတင်းအမြန်ပို့"

ထိုအခါ တစ်ယောက်က ဦးရွှဝံဆီ ပြေးပြီး ...င်းပို့သည်။ တခဏအကြာတွင် ဦးရွှဝံလည်း သင်္ဘောကုန်းပတ်...ရ ရောက်လာခဲ့လေသည်။ သူ့ကို အေးစိမ့်သောလေ၏ အငွေ့...ထိ...ဆီးပြီးတော့ ကြိုလိုက်သည်။ အံ့ပွားက ...

"ဆရာကြီး ... ဟိုးရှေ့မှာ၊ မြူမြူသတ္တာန်ကြီးတွေ့ရတယ်"



"ဟုတ်ပြီ ... မင်း ... ဆင်း၊ ငါတက်ကြည့်မယ်"

အံ့ပွားဆင်းလာသည်။ ဦးရွှဝံက လှေကားအတိုင်းတက်သွားသည်။ မျှော်စင်ထက်ကနေ လှမ်းပြီးတော့ ကြည့်သည်။ ...မျက်လုံးအစုံသည် ချက်ချင်းဖင် အရောင်လက်သွားသည်။

"ဟင် ... ဟော့ကောင်တွေ၊ အဲဒါ ... ရေခဲတုံးတွေကွ၊ ...သင်္ဘောနဲ့မတိုက်မိအောင် ကြည့်ပြီးရှောင် ... "

အောက်ကို အမိန့်ပေးလိုက်သည်။ သူကိုယ်တိုင်လည်း ...က်ချင်းပင် ဆင်းလာသည်။ ပွဲကိုင်နေသူ ဆင်ပေါက်ဆီကို ...ပြေးသွားသည်။

"ဟော့ကောင် ... ဆင်ပေါက်၊ သင်္ဘောကို ဂရုစိုက်ပြီး ...ာင်း ရေခဲတုံးတွေနဲ့ မတိုက်မိစေနဲ့၊ တိုက်မိရင် အားလုံးကိစ္စ ...ချာကုန်လိမ့်မယ် ... ကြားလား ... "

"ဟုတ်ကဲ့"

ဆင်ပေါက်သည် စိတ်ထဲမှာ မခံချိမခံသာ ဖြစ်သွားခဲ့ရ...ပြီ။ သူတို့သည် မည်သည့်နေရာကိုရောက်လာမှန်းမသိကြ။ ...ခြားသည့်နေရာ တစ်နေရာမျိုးကို ထဲထဲဝင်ဝင် ကြုံဆုံနေပြီ ဖြစ်ကြောင်းကိုတော့ သိလိုက်ရလေပြီ။

"သူမျှားသင်္ဘောကို အပိုင်စီးပြီး၊ အမိန့် အာဏာတွေ ...ပေးနေတယ်၊ မှတ်ထားဦးမယ်၊ နောက်တော့ သာဆင်...က် ရှေ့မှာဒူးထောက်ပြီး ... အောင်မယ်လေး၊ အဘလေး ...ရစေနဲ့ ... "

ဆင်ပေါက်၏ ရင်ထဲက အစိုင်အခဲသည်ပိုပြီးတော့ ကြီး...လာနေသည်။ ပွဲဝင်က အမြင့်ပိုင်းမှာရှိနေ၍ ရှေ့မှရေခဲတုံး...များကို ထင်ရှားစွာပင် မြင်တွေ့နေရလေသည်။ ရေခဲတုံး



www.burmeseclassic.com

www.burmeseclassic.com



ကြီးများသည် ရေသူမ သွားရာလမ်းကြောင်းအတိုင်း မျော လျှက်ရှိနေသည်။ အကြီးအသေး အရွယ်အစားအမျိုးမျိုးပင်ရှိ ကြသည်။ ရေသူမကလည်း လေအဟုန်မှာ တရှိပ်ရှိပ်ဖြင့် ငြ သွားနေလျှက်။

ပထမဦးဆုံးတွေ့လိုက်ရသည့် ရေခဲတုံးကြီးမှာ အတော် ကြီးမားသည်။ အမြင့်ပေတစ်ရာလောက်ပင် ရှိလိမ့်မည်။ ရေသူ သည် ထိုရေခဲတုံးကြီးဆီကို ဦးတည်ပြီးတော့ သွားနေရာ အနီးသို့ မရောက်မီ ...

"ဟော့ ... ဟော့ကောင် ... ဆင်ပေါက် ... "

ဦးရှုဝံက အလန့်တကြားနှင့် အော်လိုက်သည်။ အား လည်း မိမိတို့ဆီကို ပြေးဝင်လာသဲ့သို့ရှိနေသော ရေခဲတုံးကြီး ဦးရှုဝံလို မျက်လုံးကြီးအပြူးသားနှင့် ကြည့်နေမိသည်။

"ဟင် ... တာ ... "

အာမေဍိတ်သံများက အလန့်တကြား အချို့က မျက် တွေကိုပင် လွှဲပစ်လိုက်ကြသည်။

"ဝရော ... ဝေါ ... "

သို့သော် ရေသူမသည် ရေခဲတုံးကြီးနှင့် ဆယ်ပေအကွ လောက်မှ ကပ်ပြီးဖြတ်ကျော်သွားခဲ့လေသည်။ လေကလည် ပြင်းထန်လာသည်။ ရှေ့မှာလည်း ရေခဲတုံးအကြီး အသေ အလတ်စားများက ကြီးတိုးကြိုတဲ။ သို့သော် ဆင်ပေါက်သ သတိနှင့်ကွေ့ရှောင်ပြီး သွားနိုင်ခဲ့သည်။ ထိုအခါကျမှ အား သက်ပြင်းချမိကြရလေသည်။





လွန်စွာမှ ချောင်ကျသော ကမ်းခြေတစ်နေရာ။ ရေလှိုင်း က သန္တာကျောက်တန်းကြီးတစ်ခုကို ပြင်းထန်စွာပင် ရိုက် လျှက်ရှိသည်။ ကမ်းခြေတစ်လျှောက်လည်း ပင်လယ်ကမ္ဘီ ကြီးများ။ အုန်းပင်များက ပေါက်ရောက်လျှက်ရှိနေကြသည်။ ဒါတရုံတွင် ပင်လယ်မှ တက်လာသော ရေလှိုင်းများသည် ခြေအထိ ရောက်လာတတ်သည်။ အရှိန်လွန်ကာ ကမ်းပေါ် ရောက်ခဲ့ပြီးမှ ပြန်ဆင်းသွားတတ်သည်။

သန္တာကျောက်တန်းကြီး၏အကွယ်၊ ရေပြင်တွင်ပိုမို၍ လှုပ် လာခဲ့သည်။ ရေသည်ကြည်လင်နေရာက ရွှံ့နှစ်များထလာ ၍၊ ထိုတစ်နေရာသည် တခဏအတွင်းမှာပင် နောက်ကျသွား သည်။

ထိုစဉ် ...

ရေမျက်နှာပြင်ဘက်ဆီကို သဏ္ဍာန်ကြီးတစ်ခုက ပေါ်လာ သည်။ ရေများက ထိုအရာကြီးပေါ်မှနေ၍ ရေထဲကိုပင် တဝေါ နှင့် မြည်ကာ ပြန်ကျသွားခဲ့ကြသည်။ ရေပေါ်ကို အားလုံးပေါ် သော အရာကြီးသည်ကား ရေလုံသင်္ဘောကြီးပင်တည်း။ အကြာတွင် တံခါးပေါက်တစ်ပေါက်က ပွင့်လာခဲ့သည်။ ပိုင်နှင့် မိုးနဂါးတို့က ထွက်လာခဲ့ကြသည်။

"အား ... အခုမှပဲ လေကောင်းလေသန့် ရှူရတော့ ၌"

မိုးနဂါးသည် လက်နှစ်ဖက်ကို လေထဲသို့ မြှောက်ကာ ဝန့်သလို လုပ်လိုက်သည်။

"ငါက ... ရေအောက်မှာ တစ်သက်လုံးနေလာခဲ့တာ၊ ပြင်ကိုတစ်ခါ တစ်ခါမှသာ ထွက်တာ၊ ဒါပေမဲ့ ကုန်းပေါ်



www.burmeseclassic.com

www.burmeseclassic.com



မှာနေရတာထက် ရေအောက်မှာ နေရတာက ပိုပြီးတော့ ကောင်းတယ်၊ လုံခြုံမှုရှိတယ်လို့ထင်တယ်၊ ပြီးတော့ ... ဒါ့ကိုလည်း ဘယ်သူမှ မသိကြဘူးလေ''

''ကျွန်တော် ... ဒီရေလုံသင်္ဘောကြီးထဲမှာ ဆယ်ရက် လောက်နေခဲ့တာတောင်၊ စောက်တော်ညည်းငွေ့နေပြီ၊ ဦး ... အကြာကြီးနေနေခဲ့တာ အံ့အားသင့်မိတယ်''

''ဒါကတော့ ကျင့်သားမရှိသေးလို့ပါကွာ၊ လောဘ ဒေါသ၊ မောဟတွေနဲ့ ပြည့်လျှမ်းနေတဲ့ လူ့လောကကြီးထဲမှာ နေရတာကပိုပြီး ညည်းငွေ့စရာကောင်းတယ်၊ စိတ်တိုင်းမကျဘူး၊ ကိုယ့်စိတ်နဲ့ကိုယ့်ကိုယ် ဖန်တီးခွင့်ရတဲ့ အဝေးကျွန်ဘဝသည်သာ အကောင်းဆုံးပဲ''

သူ့အသက်အဆနှင့်သူမို့ အငြင်းအခုန် မလုပ်လိုတော့ပေ၊ သူတို့နှစ်ဦးသည် သင်္ဘောထဲကို ပြန်ပြီးတော့ ဝင်သွားခဲ့ကြသည်၊ ထို့နောက် အရာဝတ္ထုကစ်ခုကို ဆွဲထုတ်လာခဲ့ကြလေသည်။ မိုး နဂါးက နောက်ကတွန်း၊ အဂ္ဂပိုင်က ရှေ့ကဆွဲနှင့်၊ ထို့နောက် သင်္ဘောနှင့်ကုန်းဘောင်ကြား၊ ကမ်းပေါ်သို့မယူဘဲ၊ ရေထဲက ချလိုက်ကြသည်။ ယင်းအရာကား ရွက်လှေအသေးစားလေး တစ်စင်းပင်တည်း။ အရှည်သည် ပေနှစ်ဆယ်လောက်ရှိသည်၊

''ဒီဟာလေးဟာ မင်းအတွက် အသုံးဝင်လိမ့်မယ်၊ ပေါ ပါးပေမယ့် လှိုင်းလေဒဏ်ကိုခံနိုင်တယ်၊ မမှောက်နိုင်ဘူး။ မုန် တိုင်းထဲမှာလည်း သွားနိုင်တယ်၊ အဲ ... မုန်တိုင်းနဲ့တိုးကြုံ တာနဲ့ ရွက်ကိုမချလိုက်နဲ့နော် ... ''

''ဗျာ ... ရွက်ကိုမချရဘူး ဟုတ်လား''

မုန်တိုင်းကျပြီဆိုလျှင် ရွက်တွေကိုချရသည်က ထုံးစံပင်၊





လို့သော် ... မိုးနဂါးက ဆန့်ကျင်ဘက်စကားကို ပြောနေသည်။

''ငါပြောသလိုသာလုပ်ပါကွာ၊ မင်းသဘောပေါက်လာလိမ့် မယ်''

''ဦးရဲ့အပြောက ကျွန်တော်ပဲ မုန်တိုင်းဒဏ်ကို ထပ်ပြီး တော့ ကြုံရဦးတော့မလိုလို''

''ကဲ ... မင်းက ကိုယ်စွမ်းကိုယ်စ သုံးချင်တဲ့သူဆိုတော့ ဒါကနေ အနောက်မြောက်ဖူးရူးကိုသာ သွားပေတော့ ... ဒီနေ ရာက လူပြတ်တယ်ဆိုပေမယ့် စိတ်တော့မချရဘူး၊ ငါ့သင်္ဘော ကြီးကို တွေ့သွားနိုင်တယ်''

''ဟုတ်တယ် ... မြန်မြန်သွားပေတော့ ... ဦး''

လက်ပြနှုတ်ဆက်ကြသည်။ မိုးနဂါးသည် သင်္ဘောထဲသို့ ပြီး ဝင်သွားခဲ့လေသည်။ တစ်ခဏအကြာတွင် ညင်သာသော သံထွက်ပေါ်လာသည်။ ရေလုံသင်္ဘောကြီးသည်လည်း ရေ အောက်ကို တဖြည်းဖြည်းနှင့်ငုပ်လျှိုးသွားခဲ့လေသည်။ မမြင်ရ တော့။ ရေပြင်ထက်မှာ ဂယက်များကသာပွတ်ပြီးတော့ ကျန်ရစ် ကြလေ၏၊ လှိုင်းလည်းထသွားခဲ့သည်ဖြစ်ရကား သင်္ဘောငယ် လေးသည် လှုပ်ရှားသွားသည်။

မိုးနဂါးက ဤသင်္ဘောကို ရေလုံသင်္ဘောကြီးထဲမှာပင် ည်ဆောက်ပေးခဲ့သည်။ အံ့သြစရာကောင်းလှသည်ကား စတို ထဲတွင် ပစ္စည်းပစ္စယအစုံရှိသည်။ မော်တော်ငယ်တစ်စီးလည်း သည်။ ဤအတတ်ပညာကို သူ၏ဖခင်ဆီကရခဲ့သည်ဟု ပြော သည်။

အင်ဂျင်တပ်သင်္ဘောလေးတစ်စီးပင်ဖြစ်သည်။ သင်္ဘော မှာ ဆီဂါလံနှစ်ဆယ်ခန့် ဆန့်သည်။ ပုံးတစ်ပုံး၊ ရွက်တိုင်



www.burmeseclassic.com

www.burmeseclassic.com



အရှင်၊ ရွက်များ။ လှော်တက်နှစ်ချောင်း။ စားနပ်ရိက္ခာ ၁၅ရက်စာအပါအဝင် သင်္ဘောနှင့်သက်ဆိုင်သည့် ပစ္စည်းများကို စုံစေ့စွာ ထည့်ထားသည်။ သင်္ဘောအငယ်စားလေးတစ်စီးပင် ဖြစ်သည်။

"ရေသူမ–၂လို့ အမည်ပေးလိုက်ပေါ့ကွာ၊ ဒါပေမယ့် ဆိုသိပ်သုံးဖို့ မလိုပါဘူး။ ဒီအတိုင်းပဲ အဆင်ပြေသွားမှာပါ"

မိုးနဂါးက ကြိုပြီးတော့ ပြောခဲ့သည်။ ပင်လယ်ရေအောက်တွင် မိုးနဂါးနှင့် ဆယ်ရက်အတူတူနေခဲ့သည့် သံယောဇဉ်ကယခုတော့ ခံစားနေရပြီဖြစ်သည်။ ရေလုံအိမ်ကြီး ရှေ့မှောက်မှ ပျောက်ကွယ်သွားသောအခါ ရင်ထဲမှာ ဟာပြီးတော့ ကျန်ရစ်ခဲ့သည်။ သူတစ်ဦးတည်း ခွဲထွက်လာခဲ့သည့်အတွက် အဝေးကျွန်သမားကြီး မိုးနဂါးအပေါ်မှာ မညှာတာရာ ကျနေခဲ့ပြီလား။ သူနှင့်အတူ မခွဲမခွာဘဲ တစ်သက်လုံးနေသွားရန်ကလည်း မဖြစ်နိုင်။

"အို ... ငါ့မှာက လုပ်ရောတွေ အများကြီးရှိသေးတယ်"

ဟု စွတ်မိုတ်ပြီးတော့ သံယောဇဉ်ဖြတ်လိုက်ရလေသည်။ ရေထဲချခဲ့သည့် သင်္ဘောငယ်လေးကို ကျောက်တိုင်တစ်တိုင်မှာ ကြိုးနှင့်ချည်နှောင်ထားသည်။ လှိုင်းကြောင့် ... ရေပြင်က လှုပ်ရှားလျက်ရှိနေသည်။ ထို့ကြောင့် သင်္ဘောငယ်လေးသည်လည်း လှုပ်ရှားနေလျက် ချစ်စရာကောင်းသောရေသူမ–၂ကို မိုးနဂါးက အချိန်စားကျစွာ တည်ဆောက်ပေးခဲ့သည်။

သူပေးခဲ့သည့် ရေသူမ–၂ ဟူသည့် အမည်ကလိုက်ဖက်လှသည်။ ရေသူမ သင်္ဘောကြီးနှင့်တစ်ပုံစံတည်းပင် ဖြစ်သည်။

အဂ္ဂပိုင်သည် သင်္ဘောကို တစ်နေရာတွင် ဝှက်ထားပြီး ဤကျွန်း၏အနေအထားကို လေ့လာရန် ဆုံးဖြတ်လိုက်သည်။ ထို့ကြောင့် မလှမ်းမကမ်းရှိ ကျောက်ဆောင်နှစ်ခု၏ကြားမှာ ဝှက်





ထားလိုက်သည်။ ကျောက်ဆူးအသေးစားလေးလည်း ပါသည်။ ကျောက်ချထား၍ရသည်။ ထို့နောက် ... ကုန်းပေါ်ကို ပြန်တက်လာသောအခါ၌

"ဟင် ... "

မထင်မှတ်သော မြင်ကွင်းတစ်ခုက သူ့ကိုဆီး၍ ကြိုနေလေသည်။ ယင်းသည်ကား ... ပင်လယ်ဓါးပြ ငရဲတို့အုပ်စုကို မမျှော်လင့်ဘဲ တွေ့လိုက်ရသောကြောင့်ပင်တည်း။ သူတို့သည် လမ်းခြေတစ်လျှောက် လျှောက်လာခဲ့ကြသည်။ ပို၍ အံ့အားသင့်စရာကောင်းလှသည့်အချက်သည်ကား မိန်းကလေးတစ်ယောက်ကို ဖမ်းခေါ်လာခဲ့ခြင်းပင်။ ထိုမိန်းကလေးကား အခြားသူမဟုတ်။ မှုံလင်းပင်တည်း။

"ဟင် ... ပန်ပန်၊ ဒီလူကြီး ... ပန်ပန့်ကိုပြန်ဖမ်းမိသွားပြန်ပြီ"

သူ့ရင်ထဲမှာ လှုပ်ရှားသွားခဲ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၅ )

## ကယ်ချင့်ရှယ်ကြုံပြန်ရ

သင်္ဘောတစ်စီးက ကျွန်းကြီး၏တစ်ဖက်မှာ ရပ်နားသာ၊ သည်။ ညအချိန်မို့ သင်္ဘောကို မည်းမည်းသဏ္ဌာန်ကြီးတစ်ခု အဖြစ်သာ မြင်တွေ့နေရသည်။ ကမ်းနှင့်အတန်ငယ် လှမ်းသော နေရာမှာ ရပ်နားထားခြင်းဖြစ်သည်။ လှိုင်းက အသင့်အတင့်ပြု နေသည်။ လှေတစ်ယောက်သည် ကိုယ်ကိုဖော့ကာ ကူးလာပြီ သင်္ဘောနားကိုရောက်လာခဲ့သည်။ ထို့နောက် ... ကျောက်ဆူး ကြိုးမှတစ်ဆင့် တွယ်တက်ခဲ့လေသည်။ တစ်ခဏအတွင်းမှာပင် သင်္ဘောပေါ်ကို ရောက်သွားခဲ့သည်။

အဂ္ဂပိုင်သည် အကွယ်တစ်ခုကနေ သင်္ဘောပေါ်မှ အခြေ အနေကို လေ့လာအကဲခတ်လိုက်သည်။ သင်္ဘောသားတစ် ယောက်က ကုန်းပက်လက်ရှိန်းကို လက်နှစ်ဖက်ဖြင့်ထောက်ကာ မည်းမှောင်နေသော ပင်လယ်ပြင်အဝေးတစ်နေရာဆီကို လှမ်းပြီ တော့ ကြည့်နေသည်။ အစောင့်ချထားသူဖြစ်သည်။ သူသည် စိတ်ထဲမှာ သက်သာမကောင်းဖြစ်မိသည်နှင့် နောက်ကိုဖျတ်ခနဲ လှည့် အကြည့် ...





"ခွပ် ... အား ... "

လက်သီးတစ်လုံးက မျက်နှာတည့်တည့်ဆီကို ဝင်သွား သည်။ နာကျင်မှုနှင့်အတူ မျက်နှာတစ်ပြင်လုံး မီးဝင်းဝင်းတောက် သွားခဲ့ရသည်။ သို့သော် ... ထိုသူသည် ရမ်းသမ်းပြီး တိုက်ခိုက် သည်။ မှုန်ထွန်နေ၍ သဲကွဲစွာ မမြင်ရချိန်မှာ ...

"ခွပ် ... အား ... "

ဂျိုစောင်းကို သစ်သားတုတ်ကြီးတစ်ချောင်းက ပြင်းစွာ လာထိသည်။ တစ်ချက်သာ အော်နိုင်သည်။ သင်္ဘောပေါ်မှ ပိုးကျသွားခဲ့လေသည်။

"ဘွမ်း"

သင်္ဘောကို လှိုင်းပုတ်သံနှင့်ရောသွားသည်။ ထိုသူ့မည်သို့ ဖြစ်သွားမှန်းပင် သိလိုက်ကြမှာ မဟုတ်။ ကံကောင်းသည်မှာ အခြားသင်္ဘောသားများသည် ယခုအချိန်မှာ အိပ်ရာဝင်ကာ အနားယူနေကြသောကြောင့်ပင်။ သည့်နောက် ... အခြေအနေကို ကြည့်ပြီး အခန်းတစ်ခုနားသို့ ချဉ်းကပ်လာခဲ့လေသည်။ သို့ရှိစဉ်

"နင် ... ငါ့အလိုဆန္ဒကို ငြင်းဆန်မယ်ကြံရင် နင့်တစ် ကိုယ်လုံးကို အပိုင်းပိုင်းအတစ်တစ်လုပ်ပစ်ပြီး ငါးမန်းစာကျွေး လိုက်မယ်"

"အို ... ရှင့်လိုလူမျိုးကို ကျွန်မ စိတ်ကူးထဲတောင် မထည့်ဘူး။ အသက်သာ အသေခံလိုက်မယ်၊ ဘယ်တော့မှ မလိုက်လျောဘူးမှတ်"

အခန်းထဲမှ အသံများက မမျှော်လင့်ဘဲ ထွက်ပေါ်လာခဲ့ သည်။ ပင်လယ်ဓါးပြခေါင်းဆောင် ငရဲနှင့် ပန်လင်းတို့၏ အသံ များပင်။



www.burmeseclassic.com

www.burmeseclassic.com



"အေး ... ငါက နင့်ကိုအသာတကြည်ပြောနေတာ လက်မခံလည်း ငါကတော့ မရဘူး၊ ဟဲ ... ဟဲး ငရဲသို့ ကောင်က ဘယ်သူကိုမှ အရှုံးပေးဖို့ ဝုံးစံမရှိဘူး၊ နင်လည်း ဘယ်လိုပဲငြင်းငြင်း၊ အခုချက်ချင်း ငါ့အကြောင်းသိစေရမယ်"

ငရဲသည် အဆိပြန်နေသော မျက်နှာကြီးဖြင့် ပန်လင်း ကို တိုးကပ်လာခဲ့သည်။ ပန်လင်းသည် နောက်ဆုတ်၊ နောက် ဆုတ်နှင့် အခန်းထောင့်မှာ ကပ်သွားခဲ့လေပြီ။

"ဟဲဟဲ ... နင် ငါ့ကို ဘယ်လိုပဲရှောင်ရှောင်၊ မရ ဘူး"

"ရှင် ... ရှင်နော်၊ သွား ... သွား၊ ကျွန်မအနား မကပ်နဲ့"

ပန်လင်းက ထိတ်လန့်နေသည်။ ငရဲနှင့်သူမသည် အ နှင့်ဆိတ်ပမာ ကွာခြားလှသည်။ အနိုင်အထက်ပြုခဲ့လျှင် ဘယ် မှ လွတ်မြောက်နိုင်မှာမဟုတ်။ ငရဲသည် မှန့်သိုးနေသော ဆင်ဝ ကောင်ပမာ သူမ၏ကိုယ်လုံးလေးကို ဆီးမှုဆွဲမြှောက်လိုက်သည်။

"အို ... လွှတ် ... လွှတ် လူယုတ်မာ၊ လူယုတ်မာကြီး

ပန်လင်းကတော့ အကြောက်အကန် ငရဲ၏လက်နှစ် ကြားထဲမှာ ယက်ကန်၊ ယက်ကန်နှင့်ပါသွားသည်။ ထို့နော ငရဲက သူမကို အိပ်ရာပေါ်ပစ်ချလိုက်လေသည်။

"လွှတ်နော် ... လွှတ်၊ လွှတ် ... ငါ့အသားကိုမတ လူယုတ်မာ"

"နင်ရုန်းလည်းအပိုပဲ၊ နင် ... ငါ့လက်ခုပ်ထဲကရေ နေပြီ"

ငရဲသည် သူမ၏ခြေလက်များကို ချုပ်ကိုင်နေသည်။





လင်းရုန်းကန်လျှက်ရှိသည်။ ကိုယ်ဝတ်လွှာအကျွတ်ကျွတ်နှင့်ပင် ဖြစ်နေလေပြီ။ ကြာတော့ မျက်လုံးများပင် ပျာဝေလာခဲ့ရသည်။ သတိလစ်ချင်လာသည်။

ထိုစဉ် ...

"ခွပ် ... အား"

ငရဲ၏နောက်စေ့ကို တစ်ယောက်ယောက်က ဝင်ရိုက်လိုက် သည်။ ငရဲသည် အကြောမာလှသူဖြစ်သည်။ ချက်ချင်းလဲကျ သွား၍ ဒယိမ်းဒယိုင်နှင့် နောက်ကိုလှည့်အကြည့်မှာ ...

"ဖြောင်း ... အား ..."

မျက်နှာတစ်ပြင်လုံး မီးတောက်မီးလျှံများ ဖြာထွက်သွား ခဲ့ရသည်။ မျက်လုံးတစ်ဖက်ကို ဖုံးအုပ်ထားသည့် သားရေပြား လေးပင် ပြုတ်ကျသွားခဲ့ရသည်။ ထို့နောက် ... ဒူးထောက်ပြီး လဲကျသွားသည်။ ငရဲကြမ်းပြင်နှင့်မျက်နှာအပ်သွားခဲ့ရလေပြီ။ ကပ်ပြီး အနိုင်အထက်ပြုနေစဉ် အဂ္ဂပိုင်က တံခါးကိုဆောင့် ွန်းကာ ဖျက်ပြီးဝင်လာခဲ့သည်ကိုပင် မသိလိုက်။ ပန်လင်းသည် ကိုယ်ပေါ်မှာ ဖရိုဖရဲဖြစ်နေသော အဝတ်အစားများကို ပြန်ပြင် ဝတ်သည်။

ဟာရိုကိန်းမီးအိမ်၏ အလင်းရောင်အောက်မှာ ရပ်နေသူ ကို ဇဝေဇဝါမျက်လုံးများနှင့် ကြည့်နေမိသည်။

"ပန်ပန် ... ဘာကြည့်နေတာလဲ၊ ငါ ... အဂ္ဂလေ"

ထိုအခါကျမှ ပန်လင်းသည် သူ့ကိုမှတ်မိသွားခဲ့လေသည်။

"ဟင် ... ကိုအဂ္ဂ"

"လာ ... မြန်မြန်၊ ခုလောက်ဆို၊ သူ့လူတွေနိုးလောက် ပြီ"



www.burmeseclassic.com

www.burmeseclassic.com



ပန်လင်း၏လက်ကိုဆွဲကာ၊ အခန်းအပြင်ကိုထွက်ပြေးသွားခဲ့ကြသည်။ ထင်သည့်အတိုင်းပင်၊ အဂ္ဂပိုင်၏တံခါးဖွင့် ရိုက်ချိုးသံများကြောင့် ပင်လယ်ဓါးပြများ နိုးလာခဲ့ကြရလေပြီ။

''ဟော့ ... ငါတို့ဆရာကြီးတော့ ပွဲကြမ်းပြီထင်တယ်၊ အေးအေးဆေးဆေး မဖြစ်ဘူးကွ''

''သွားကြည့်ကြရအောင်''

''နေကြစမ်းပါ ... အနှောင့်အယှက်မပေးကြပါနဲ့၊ အသင်ပြေသွားမှာပါ''

ပြန်အိပ်သည့်သူတွေက အိပ်ကြသည်။ အချို့စိုးရိမ်မကင်းရှိကြသူတွေက အခန်းပြင်ကိုထွက်လာခဲ့ကြသည်။ ပွင့်နေသော ငရဲ၏အခန်းကို တွေ့လိုက်ကြရသည်။ ချက်ချင်းပင် ဝင်သွားခဲ့ကြသည်။

''ဟင် ... ဆရာကြီး ... ''

ကြမ်းပြင်ပေါ်မှာ မှောက်နေသော ငရဲကိုတွေ့လိုက်ကြရသည်။

''ကောင်မလေးလည်း မရှိတော့ဘူး၊ ဆရာကြီးကို ဘယ်လိုတိုက်ခိုက်ပြီးတော့ ထွက်ပြေးသွားတာလဲမသိဘူး''

''သင်္ဘောပေါ်မှာပဲ ရှိဦးမယ်၊ ရှာကြဟေ့ ... ရှာကြ''

သင်္ဘောတစ်စီးလုံး ပွက်လောရိုက်သွားခဲ့ကြလေသည်။ အားလုံးစုစည်းမိကြစဉ်တွင် ...

''ဘွမ်း''

ရေထဲသို့ကျသွားသံကို မမျှော်လင့်ဘဲ ကြားလိုက်ကြရသည်။ ပြေးကြည့်ကြသည်။ ရေဂယက်များ ဝဲသွားသည်ကို မြင်လိုက်ကြရလေရာ ...





''ထွက်ပြေးသွားပြီကွ''

သူတို့သည် ငရဲကိုပဲ သတိပြန်ရအောင် နာနှပ်ရမည်လား။ ထွက်ပြေးသွားသော သူကိုပဲ လိုက်ဖမ်းရမလား။ ဘာလုပ်ရမှန်း မသိ။ သို့သော် ... သင်္ဘောသည် လျို့ဝှက်စွာ ကျောက်ချထားခြင်းဖြစ်သည်။ မိမိတို့ လှုပ်လှုပ်ရှားရှားပြု၍ သက်ဆိုင်ရာက သိသွားခဲ့ကြလျှင် တစ်ဖွဲ့လုံး အဖမ်းခံကြရမည်ကိုလည်း စိုးရိမ်ကြသည်။

ယင်းအချိန်တွင် ...

အဂ္ဂပိုင်နှင့်ပန်လင်းတို့သည် ရေအောက်မှနေ၍ ကူးကာသွားနေကြသည်။ ကမ်းခြေဆီကို မှန်းဆပြီး ကူးလာခဲ့ကြသည်။ သင်္ဘောနှင့်ဝေးဝေးကိုရောက်တော့မှ ရေမျက်နှာပြင်ထက်ဆီကို ထွက်လာခဲ့ကြသည်။ ထိုအခါ ကမ်းနှင့်သိပ်မဝေးတော့ ကမ်းခြေကိုခြေချမိလိုက်ကြသည်နှင့် ခြေပစ်လက်ပစ်ဖြစ်သွားခဲ့ကြသည်။ မောဟိုက်နွမ်းနယ်နေကြ၍ စကားမပြောနိုင်ကြ။ အနားယူနေကြလေသည်။ တစ်ခဏကြာမှ ...

''ကျေး ... ကျေးဇူးပဲ ကိုအဂ္ဂ၊ ဒါ ... ဒါနဲ့ ပန်ပန် [illegible]သင်္ဘောပေါ်မှာရှိနေတယ်ဆိုတာ ဘယ်လိုသိသွားတာလဲ [illegible]''

စိတ်မော၊ လူမောဖြစ်ခဲ့ရသည့်ပန်လင်းသည် အမောမပြေသေးသည့်လေသံနှင့်ပင် မေးရှာသည်။

''ကိုယ် ဒီနေရာကိုရောက်နေတာ ... ညနေကတည်းကပဲ



www.burmeseclassic.com

www.burmeseclassic.com



ငရဲတို့အုပ်စုက ပန်ပန့်ကိုဖမ်းပြီး ခေါ်သွားခဲ့တာဖြင်လိုက်ရတယ်၊ အဲဒါကြောင့် ... အခြေအနေကိုကြည့်ပြီးတော့ လိုက်လာခဲ့တာ''

''တော်သေးတာပေါ့၊ ကိုအဂ္ဂသာလိုက်မလာရင် ပန်ပန့်ဘဝတော့ဆုံးပြီပဲ ... ဟင့် ... ဟင့်''

သူမသည် ရှိုက်ကြီးတငင်ပင် ငိုနေရှာသည်။

''မငိုနဲ့တော့ ပန်ပန့်၊ ခု ... ဘာဘေးအန္တရာယ်မှ မရှိတော့ဘူးလေ၊ စိတ်ကိုလျှော့လိုက်ပါတော့၊ ကိုယ်ကပန်ပန့်ကိုကယ်ဖို့နောက်ကျသွားပြီလို့ထင်တာ၊ ခုတော့ တော်သေးတာပေါ့''

''ဘယ်လိုပဲဖြစ်ဖြစ်၊ ကိုအဂ္ဂ ပန်ပန့်ကိုကယ်ခဲ့တာ နှစ်ခါရှိပြီ၊ ကြုံဆုံရတာ မယုံနိုင်စရာပဲ၊ ပန်ပန့်ဖြင့် အိပ်မက်လားလို့တောင် ထင်မိရတယ် ...''

''အိပ်မက်မဟုတ်ပါဘူး ပန်ပန့်၊ တကယ်ဖြစ်ပျက်ခဲ့တာပါ၊ ကဲ ... တော်လောက်ပြီ၊ ဒီပင်လယ်ဓါးပြကြီးက ငရဲကိုဘယ်လိုဖမ်းခေါ်လာခဲ့သလဲဆိုတာကို ပြောပြစမ်းပါဦး''

''ပန်ပန် ရွာကအထွက်မှာ သူတို့က ချောင်းပြီးဖမ်းခေါ်သွားကြတာပဲ၊ ငရဲက ဟိုဘစ်ခါ ပန်ပန့်ကိုလက်လွှတ်လိုက်ရကတည်းက အခဲမကျေဖြစ်နေတာ၊ မော်တော်ပေါ်တင်ပြီး သင်္ဘောပေါ်ကို ခေါ်သွားခဲ့ကြတာပဲ''

''သူ့အလုပ်က လွယ်လွယ်လေးပါလား၊ ပန်ပန် အခုရွာကို ပြန်မလား၊ ကိုယ်လိုက်ပို့ပေးမယ်လေ''

''ဟင့်အင်း ... မပြန်ချင်ဘူး''

''ဟင် ... ဘယ်လိုအကြောင်းကြောင့်လဲ''

''အင်း ... ပြောရမယ်ဆိုရင် ပန်ပန်က ရွာမှာ အဒေါ်နဲ့





နေရတာ၊ မိဘတွေက မရှိကြတော့ဘူး။ ပန်ပန်ငယ်ငယ်ကလေးတည်းက ဆုံးသွားခဲ့ကြတာ၊ အင်း ... ဟို ... ဟို အဒေါ့ယောက်ျားဦးလေးက ပန်ပန့် ကြံ ... ကြံစည်နေတာကြာပြီ၊ အဒေါ်ကလည်း သိတယ်၊ ဒါပေမယ့် ... သူက ယောက်ျားကိုကြောက်နေရတယ်ဆိုတော့ ဘာတတ်နိုင်မှာလဲ''

''ဟင် ... ပန်ပန့်ဒုက္ခကလည်း မသေးလှပါလား၊ အဲဒီတော့ ပန်ပန် ရွာကိုမပြန်ရင် အဒေါ်ကလည်း စိတ်ပူနေမှာပေါ့''

''ဒါလောက်ကြီး စိတ်ပူမှာတော့ မဟုတ်ပါဘူး၊ ရွာကလူတွေကလည်း ငရဲကိုကြောက်လို့ ပန်ပန့်ကိုလိုက်ရှာကြမှာ မဟုတ်ဘူး၊ ဒါလောက်အထိ ဥပေက္ခာပြုကြတဲ့သူတွေကို ပန်ပန်မုန်းတယ်၊ ဒါကြောင့် မပြန်ချင်တော့ဘူးလို့ ပြောတာ''

ပန်လင်းသည် တကယ်ပင် စိတ်နာနေဟန်တူသည်။ ရွာကိုပြန်ရန် ခါးသီးစွာပင် ငြင်းသည်။

''ကဲပါလေ ... ပန်ပန် မပြန်ချင်ရင်လည်း မပြန်ပါနဲ့၊ အဲဒီတော့ အခြေအနေက ဒီမှာလည်း ကြာကြာနေလို့မဖြစ်ဘူး၊ ငရဲတို့အုပ်စုက တစ်ကျော့ပြန်ရောက်လာနိုင်တယ်''

''ငရဲက သူ့ကိုဘယ်သူဆော်လိုက်တယ်ဆိုတာ သိလိုက်မှာမဟုတ်ဘူး၊ ကိုအဂ္ဂဆော်ထည့်လိုက်တာပြင်းတယ်၊ တော်တော်လေးကို နာနာစ်ယူနေရဦးမယ်၊ လိုက်လာနိုင်ဦးမှာမဟုတ်ဘူး''

''ဒါပေမယ့်၊ ရန်သူကို အထင်သေးလို့မဖြစ်ဘူးလေ၊ ကိုယ်တို့ ဒီနေရာကနေ ရွှေ့ထားရင်ကောင်းလိမ့်မယ်''

''ကိုအဂ္ဂ သဘောပဲလေ''

ပန်လင်းကလည်း လက်ခံသည်။ သူမ၏ဘဝအခြေအနေကို အဂ္ဂပိုင်အား ပုံအပ်ထားလိုက်လေပြီ။ မှောင်ရီရီထဲမှာပင်



www.burmeseclassic.com

www.burmeseclassic.com



ရေသူမ–၂ ဝှက်ထားရာဆီကို လျှောက်သွားနေကြသည်။ ပန်လင်းက အဂ္ဂပိုင်၏ လက်ကိုဆုပ်ကိုင်ကာ လိုက်သွားသည်။ နှစ်ယောက်စလုံး၏ အဝတ်အစားများက ရေစိုရွှဲနေကြသည်။ သို့သော် ယင်းအခြေအနေကို ဂရုမစိုက်အား။

''ဝုန်း ... ဝုန်း ... ဖျန်း ... ''

ရေလှိုင်းများက ကမ်းခြေရှိ ကျောက်ဆောင်ကျောက်တန်းများကို တဝုန်းဝုန်းနှင့် ရိုက်ခတ်နေကြသည်။ ကျောက်တန်းပေါ်ကိုတက်လိုက်သည်နှင့် ရေသူမ–၂ကို ကျောက်တန်းနှစ်ခုကြားထဲမှာတွေ့လိုက်ကြရသည်။ အဂ္ဂပိုင်က သင်္ဘောထဲကို အရင်ခုန်ပြီးတော့ ဆင်းလိုက်သည်။ ထို့နောက် ကျောက်တန်းထက်မှာ ကျုံ့ကျုံ့လေးထိုင်နေသော ပန်လင်းကို လက်လှမ်းကာ အောက်ကို ဆင်းစေသည်။ ပန်လင်းက ကြောက်နေသည်ဖြစ်၍ အားနှင့်ခုန်ချလိုက်ရာ ... အဂ္ဂပိုင်က အမိအရပင် ဖမ်းထားလိုက်သည်။ သူမ၏တစ်ကိုယ်လုံး အဂ္ဂပိုင်၏ ရင်ခွင်ထဲနစ်မြုပ်သွားခဲ့ရလေ၏။

''အို ... အင်း ... အင်း။ ပန်ပန်လောကြီးသွားတယ်''

ပန်လင်းက မနေတတ်သလိုဖြစ်သွားကာ အရှက်ပြေပြောသည်။ အဂ္ဂပိုင်လည်း အတွေ့အထိကြောင့် စိတ်ထဲမှာတစ်မျိုးတစ်မည် ခံစားသွားခဲ့ရလေသည်။ သို့သော် ဖက်ထားသောသူမ၏ကိုယ်လုံးလေးကို မချင့်မရဲနှင့် လွှတ်ပေးလိုက်ရသည်။

''ကိုယ် ... ဒီမှာ တစ်ညနေပြီး နောက်နေ့ကျမှ ခရီးထွက်မလို့ပဲ၊ ဒါပေမယ့် ... ပန်ပန့်ကို ကယ်လိုက်ရတဲ့ အခွင့်အရေးက ကြုံလာခဲ့ရတယ်လေ၊ ဒီအတွက် ငရဲ့ သတိပြန်ရလာခဲ့လျှင် နေမှာမဟုတ်ဘူး၊ ချက်ချင်းလိုက်ချင် လိုက်လာမှာ၊ ဒါကြောင့် ... ဒီနေရာကနေ အမြန်ဆုံး ခွာကြမှဖြစ်မယ်''





''ကိုအဂ္ဂ သဘောပဲလေ၊ ပန်ပန်လည်း ငရဲရဲ့လက်ကလုံးဝမလွတ်မြောက်နိုင်သေးဘူးလို့ စိတ်ထဲမှာ အလိုလိုထင်နေမိတယ်၊ အန္တရာယ်က ကျောမှာကပ်နေသလိုပဲ''

ကျောက်ဆူးကို အမြန်ဆုံးတင်လိုက်ရသည်။ စက်ကိုနှိုးသည်။ လှိုင်းပုတ်သံများနှင့်အတူ ... စက်သံကရောသွား၏။ ရေသူမ–၂ကို ကျောက်တန်းနှစ်ခုကြားမှ ထိုးထွက်စေလိုက်၏။ ပင်လယ်ပြင်သည် အမှောင်ကိုမိတ်ဖွဲ့ကာ သူတို့ကိုဆီးပြီးတော့ ကြိုနေ၏။

''မင်းက ကိုယ်စွမ်းကိုယ်စသုံးချင်တဲ့သူဆိုတော့ ဒီကနေ အနောက်မြောက်စူးစူးကိုသာ သွားပေတော့''

မိုးနဂါး၏ အသံကိုပြန်ပြီးတော့ ကြားလာခဲ့ရသည်။

''ဘယ်လိုအကြောင်းကြောင့် ငါ့ကိုအနောက်မြောက်ဘက်သွားခိုင်းတာပါလိမ့်၊ အို ... ဘာပဲဖြစ်ဖြစ်၊ သူကအကြောင်းရှိလို့မှာတာပဲ ဖြစ်ရမယ် ... ''

ရေသူမ–၂ကို အနောက်မြောက်အရပ်ဆီသို့ ဦးတည်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၆ )
## အနောက်မြောက်ဘူးရှုသို့

ရေသူမ–၂သည် ချေပြင်ပေါ်မှာ တရိပ်ရိပ်နှင့်ပြေးနေ ခပ်လှမ်းလှမ်းတစ်နေရာမှာ ကျောက်ချရပ်နားထားသော သင်္ဘေ တစ်စီးကို အမှောင်ထဲတွင် မည်းမည်းသဏ္ဌာန်အဖြစ် လှမ်း မြင်လိုက်ရသည်။ ငရဲပိုင်ဆိုင်သော ငရဲအမည်ရှိသင်္ဘောကြီးပင် သင်္ဘောကတော့ တည်ငြိမ်လျက်ပင်။ မော်တော်တစ်စီးတော လိုက်လာသည်ကိုပင်မမြင်ရေး ထို့ကြောင့် သူတို့နောက်ကိုလိုက် ရည်ရွယ်ချက်မရှိကြပေ။ သို့သော် သူတို့အထင်က လွဲမှားသ ကြောင်းကို ချက်ချင်းပင် သိသွားခဲ့ရသည်။

အကြောင်းမှာ ... မော်တော်တစ်စီးသည် ကျောက်ဆ တစ်ခု၏အကွယ်မှ ချက်ချင်းပင်ထွက်လာသောကြောင့်ပင်တည်

''ဟို ... ဟိုမှာဟေ့၊ သင်္ဘောတစ်စီး မသင်္ကာစရာ ဟိုကောင်မလေး ... အဲဒီသင်္ဘောမှာပါသွားသိမ့်မယ်ထင်တယ်

တစ်ယောက်က လက်ညှိုးထိုးပြီးတော့ ပြောသည်။ သူ သည် ရေသူမ–၂ကို တွေ့သွားခဲ့ကြလေပြီ။





''ဟင် ... ငရဲရဲ့လူတွေပဲဖြစ်မှာပဲ၊ ကြည့်စမ်း၊ သူတို့ ျက်ချင်းလိုက်လာကြတယ်''

''ကိုအဂ္ဂ ... ဘယ်လိုလုပ်ကြမလဲဟင်၊ ပန်ပန်တို့ကို တွေ့သွားပြီ၊ ဒီတစ်ခါ ပြန်မိပြီးမိသွားရင်တော့ မလွယ်ဘူး''

ပန်လင်းမှာ ကြောက်လန့်လျက်ရှိသည်။

''မကြောက်နဲ့ပန်ပန်၊ သူတို့ ကိုယ်တို့ကို ဘယ်လိုမှမမိ စေရဘူး ... ကြည့်နေ ... ''

အဂ္ဂပိုင်သည် စက်ကိုအရှိန်မြှင့်ကာ ပြေးစေသည်။

''ပြေးပြီကွ ... ပြေးပြီ၊ ကျိန်းသေတယ်၊ ဟိုကောင်မ လေးပါသွားပြီ၊ တစ်ယောက်ယောက်က သင်္ဘောပေါ်ကိုတက်ပြီး ယ်ထုတ်သွားတာပဲ''

မော်တော်သည် ရှေ့က အဂ္ဂပိုင်တို့၏ သင်္ဘောနောက်ကို ိုက်လာသည်။ သင်္ဘောက အလတ်စားဖြစ်ပြီး ပုံစံကျကျ တည် ဆောက်ထားသည့်အပြင် စက်အားဖြင့်လည်း အပြေးကောင်းလှ သည်၊ ထိုစဉ် ... လေကလည်း တိုက်ခတ်လာသည်ဖြစ်၍။

''ရွက်အတူတူကို ယှဉ်ရင်ပိုကောင်းမယ်''

စိတ်ကူးရသည်နှင့် အလိုအလျောက် ပဲ့ထိန်းခလုတ်ဖြင့် ိုရာအရပ်သို့ ဦးဆည်ထားစေလိုက်သည်။ ပန်လင်းက အဂ္ဂပိုင် ၏လှုပ်ရှားမှုကိုကြည့်နေသည်။ သင်္ဘောခန်းထဲကို ဝင်သွားပြီး ျက်များကိုလုတ်သည်၊ သူမကလည်း ပိုင်းပြီးတော့ ကူညီသည်။ ျက်တိုင်စိုက်ကာ ရွက်လိပ်ကိုဖြည်သည်။

ပန်လင်းကလည်း ဤအလုပ်မျိုးကို နားလည်သည်ဖြစ်၍ ည်ပိုင်းလှေတံတင်းလုံးပေါ်ကိုတက်ကာ ရွက်ကြိုး၊ ဆိုင်းကြိုးများကို ပင်သည်၊ ရွက်တိုင်က နှစ်တိုင်။ အောက်မှ အမာခံသံတိုင်နှင့်



www.burmeseclassic.com

www.burmeseclassic.com



တွဲကာ မူလီဖြင့် သေချာစွာ ကြပ်ရသည်။

လုပ်ကိုင်နေကြရင်းက နောက်ကိုမကြာမကြာ လှည့်ကြည့်ကြသည်။ မော်တော်သည် ခပ်လှမ်းလှမ်းကနေ လိုက်နေဆဲပင်။ သေနတ်များပါလာနိုင်သည်။ သို့သော် ... လှမ်း၍မပစ်ကြ။ ဤအနီးအနားတွင် လှည့်ကင်းများရှိနိုင်သည်။ သူတို့အသံကြားသွားလျှင် ပြဿနာကောင်းကောင်း တက်သွားနိုင်သည်။ ထို့ကြောင့် သေနတ်ကိုမသုံးကြတာဘဲ ဖြစ်လိမ့်မည်။

"ကိုအဂ္ဂ ... နောက်က ထပ်ချပ်မကွာ လိုက်လာနေဆဲပဲ"

"လိုက်လာပါစေ"

ရွက်များကိုသာ လျှင်မြန်စွာ တပ်ဆင်ကြသည်။ နှစ်ယောက်စလုံး ကျင်လည်စွာ လုပ်ကိုင်နိုင်ကြသည်ဖြစ်၍ အချိန်အနည်းငယ်အတွင်းမှာပင် ပြီးသွားသည်။ လေအတိုးမှာ ရွက်များက ဖောင်းကားပြီးတော့ တက်သွားကြသည်။

"ဟင် ... "

ရွက်များကိုကြည့်ပြီးတော့ အံ့အားသင့်သွားခဲ့ကြသည်။ ရွက်များသည် သာမန်ပုံစံမျိုးမဟုတ်ဘဲ ကြီးမားသော ဆင်နားရွက်ဒုစ်ခုကို ပူးကပ်ထားသကဲ့သို့ပင်တည်း။ ရွက်တိုင်နှစ်ခုစလုံးသည် ထိုအတိုင်းပင်။ ... အဟုန်တွင် ဆင်နားရွက်ကြီးများကား ဖောင်းကားနေကြကာ ပို၍လျှင်မြန်သောအရှိန်ဖြင့် ပြေးနေလေသည်။ စက်အားပင်မလို။ ထို့ကြောင့် စက်ကိုပိတ်လိုက်သည်။

ရေသူမ၏ မီးကိုမဖွင့်ရဲသလို၊ နောက်မှလိုက်လာသည့် မော်တော်သည်လည်း မီးမသုံး။ တကယ်တော့ သူတို့သည် ရှေ့က သဘော်ပေါ်မှာ ပန်လင်းပါသွား ပါမသွား သေချာသိကြသူများမဟုတ်ကြ။ မော်တော်ပေါ်မှာ ငရဲပါမလာသည်ကတော့ ကျိန်းသေသည်။ ပင်လယ်ဓါးပြလေးယောက်သာ ပါလာကြသည်။





"ဟော့ ... ရှေ့က သဘော်ာ ရပ်လိုက်စမ်း"

တစ်ယောက်က အမှောင်ထဲမှာအော်ပြီးတော့ သတိပေးလိုက်သည်။

"လာသေးတယ် ... မိအောင်မလိုက်နိုင်ကြတော့ ရပ်ခိုင်းတယ်"

"ကိုအဂ္ဂ ... ညာဘက်ကိုသိပ်မကပ်နဲ့၊ အဲဒီမှာ ရေအောက်ကျောက်ဆောင်တချို့ရှိတယ်"

"ဟုတ်လား"

သဘော်ာကို အလိုက်သင့် တိမ်းယိမ်းရသည်။ ပန်လင်းက ...မှတတွတ်တွတ်နှင့် သတိပေးလျှက်ရှိသည်။ သူမသည် ဤ...ရာနှင့်ပတ်သက်ပြီး ကောင်းကောင်းသိထားသည်ပဲ။

ပန်လင်းသာ ပါမလာခဲ့လျှင် သဘော်ာက ရေအောက်ကျောက်ဆောင်တစ်ခုကို ဝင်တိုက်ပြီး သဘော်ာလည်း ပျက်စီးသည်။ ဒုက္ခရောက်သွားနိုင်သည်။ နောက်မှမော်တော်သည် ...ကြမ်းပင် စွတ်ပြီးတော့ လိုက်လာခဲ့လေရာ ... အန္တရာယ်...ဖြစ်ကြ။

ရေသူမသွားရာလမ်းအတိုင်း တောက်လျှောက်လိုက်ပါ...သည်။ ပန်လင်းသည် အကြံတစ်ခုရသွားပြီး ...

"ရှေ့မှာ ညာဘက်ကိုကပ်ပြီးမောင်း ... ချက်ချင်း...ကိုပြန်ကွေ့လိုက်"

အဂ္ဂပိုင်လည်း ပန်လင်းပြောသည့်အတိုင်း လိုက်လုပ်...။ သဘော်ာကို ညာဘက်သို့ဆွဲသည်။ နည်းနည်းလွန်မြောက်...



www.burmeseclassic.com

www.burmeseclassic.com



သွားပြီးမှ ဘယ်ဘက်ကိုချက်ချင်းပြန်ဆွဲသည်။ နောက်မှပါလာသည့် ဖမ်တော်ကလည်း ညာဘက်ကိုကပ်သွားအပြီး သဘော်သွားရာလမ်းကြောင်းအတိုင်း ဘယ်ဘက်ကိုကပ်ဆွဲမည်ပြုပြီးမှ အရှိန်မထိန်းနိုင်တော့။ လွန့်ထွက်သွားခဲ့လေရာ ...

"ဟာ ... ဟ ... "

ရေအောက်မှ ငုတ်တစ်ခုပမာ ထိုးထွက်နေသော ကျောက်ဆောင်မည်းမည်းကြီးကိုမမြင်။ အရှိန်ပြင်းစွာပင် ဝင်တိုက်လေတော့သည်။

"ဒုန်း ... ဝုန်း ... "

"အား ... အား"

မော်တော်သည် ပေါက်ကွဲကာ မီးဟုန်းဟုန်းတောက်လောင်သွားလေတော့သည်။ အစအနများသည် လေထဲတွင်လွင့်စဉ်ကာ ရေပြင်ပေါ်ကို တဖြုတ်ဖြုတ်နှင့် ကျကုန်ကြလေတော့သည်။

"သွားပြီ ... သူများကို ဒုက္ခပေးချင်ကြတဲ့သူတွေ၊ ခုလိုဖြစ်ရတာ စိတ်တော့မကောင်းပါဘူး"

သူတို့နောက်ကို လိုက်လာမည့်မော်တော် မရှိကြတော့။ ပန်လင်း ပါးနပ်၍သာ အန္တရာယ်အယှက်တစ်ခုကို ဖြုတ်ချနိုင်ခြင်းပင်။ ပန်လင်းကတော့ ဘာမှမခံစားရသလို အေးအေးဆေးဆေး။

အေးဆေးစွာ ထွက်ခွာရမည့်ခရီး။ အခုတော့ ညကြီးမှ အလောတကြီးနှင့် ထွက်လာခဲ့ကြရလေပြီ။ အစက မိုက်မဲမှုဝါ





ခုဟုထင်မိသော်လည်း ကျွန်းပေါ်မှာဆက်ပြီးနေခဲ့လျှင် စောစောကလူများနှင့်ဆုံမိကြမှာ ကျိန်းသေသည်။ မထူးတော့ ... ထွက်မိမှတော့ ရပ်နားဖို့မစဉ်းစားဘဲ တောက်လျှောက် ခရီးနှင်ရမည်သာ။ ကမ်းနှင့်ကျောက်ဆောင်များနှင့် တဖြည်းဖြည်းဝေးလာခဲ့သည်။

ဆင်နားရွက် နှစ်ထပ်ရွက်ကြီးများမှာ အကြည့်ရဆိုးလှသည်။ ပြီးတော့ ရွက်တိုင်ကနှစ်တိုင်၊ မိုးနဂါးသည် မည်သို့စိတ်ကူးဖြင့် ဤရွက်ကြီးများကို ပုံစံထုတ်ထားသည်လဲမသိပေ။ သူအကြံပေးသည့်အတိုင်း အနောက်မြောက်စူးစူးကို ခရီးနှင်နေလျှက် ပန်လင်းကလည်း ဘယ်ကိုသွားမလဲဟုမမေး။ မွန်းကြပ်မှုတွေများနေ၍ လွတ်မြောက်ရာ နယ်မြေဆီကို သွားချင်နေသလားမသိ။ လှိုင်းက ငြိမ်နေလျှက်ရှိရာမှ ရုတ်တရက် ထန်လာခဲ့သည်။

တစ်နေရာတွင် လေကြမ်းကြမ်းတိုက်နေ၍ လှိုင်းတွေကလှုပ်ရှားထကြွလာခြင်းပင်။ ရေသူမ–၂သည်လည်း လှိုင်းလုံးကြီးတွေအောက်မှာ လူးလိမ့်လာခဲ့သည်။ လေသည်လည်း အနည်းငယ်ငြိမ်သွားသည်။ သဘော်သည် စောစောကလောက် မပြေးတော့။

"ကိုအဂ္ဂ ... မုန်တိုင်းကျတော့မယ့် လက္ခဏာပဲ"

"ဟုတ်တယ် ... ကမ်းနဲ့ကဝေးနေတယ်၊ အချိန်မီ ခိုလှုံသွားနိုင်မှာ မဟုတ်တော့ဘူး"

"အို ... သွားတော့သွားကြည့်ပေါ့"

ထို့ကြောင့် ကမ်းခြေဘက်ကိုမှန်းပြီး သဘော်ဦးကိုတည့်လိုက်သည်။ သို့သော် ... အကြံအစည်မဖြစ်မြောက်တော့ပါ။ မုန်တိုင်းကား ကျလာခဲ့လေပြီမို့တည်း။



www.burmeseclassic.com

www.burmeseclassic.com



"ဝူး ... ဝေါ ... ဝေါ ... ဝေါ ... "

"ကြိုရပြန်ပဟ ... မုန်တိုင်း"

အဂ္ဂပိုင်သည် မချင့်မရဲနှင့် အော်မိလိုက်ပြန်သည်။ ဒု
တိုင်းနှင့်ကိုအကျိုးပေးနေသည်။ ရေသူမ သင်္ဘောပေါ်မှ အသ
ကယ်လှေပေါ်ကို အချခဲ့ရသည်။ ဦးရုဝံ၏ ယုတ်မာပက်စက်မှု
မမေ့။ မိုးသီးနှင့်အတူ မုန်တိုင်းမိပြီး သူကတော့ ရေထဲကို လွှင့်
ခဲ့သည်။ မိုးနဂါးသာ မကယ်ခဲ့လျှင် ရေအောက်သချိုင်းမှာ မြှုပ်
ခံနေရလောက်ပြီ။ ခုတစ်ခါလည်း ပန်လင်းကိုကယ်ကာ ပြေးရ
မုန်တိုင်းက ရောက်လာကောင်းပြန်ပြီတမို့။

"ကိုအဂ္ဂ ... မုန်တိုင်း၊ မုန်တိုင်းရွက်တွေကို ချလို
တော့မယ်"

"မချနဲ့ ... မချနဲ့၊ ပန်ပန်"

"ဟင် ... ဘာဖြစ်လို့လဲ၊ မုန်တိုင်းလာရင် ရွက်တွေ
ချရမှာပဲလေ"

"သိတယ် ... ဒါပေမယ့် အကြောင်းရှိတယ်၊ ကိုယ်ပြေ
သလိုသာ လုပ်ပါ ... ပန်ပန် ... "

ပန်လင်းမှာ အဂ္ဂပိုင်ကို နားမလည်နိုင်အောင် ဖြစ်သွား
ရသည်။ စိတ်ဖောက်ပြန်သွားပြီလား။ ရူးနှမ်းသွားပြီလား။ ရွ
တွေကိုမချခဲ့လျှင် သင်္ဘောသည် ချက်ချင်းပင် ကိမ်းမှောက်သွ
မှာမလွဲ။

"ဝူး ... ဝူး ... ဝေါ ... ဝေါ ... ဝေါ"

လေရော မိုးပါ တစ်ပြိုင်တည်းကျလာခဲ့ပြီ ဖြစ်ပါ၏။ လေ
ထန်လာတော့ လှိုင်းတွေကပိုပြီးတော့ ကြီးလာသည်။ သင်္ဘေ
ငယ်လေးမှာ အလူးအလဲပင် ခံစားနေရရှာသည်။





"ကိုအဂ္ဂ ... ကိုအဂ္ဂ ... "

ပန်လင်းသည် သင်္ဘောထဲမှာ ယိမ်းထိုးနေသည်။ ခိုင်မာ
သော တိုင်ကြီးတစ်ခုကို မြဲမြံစွာပင် ဆုပ်ကိုင်ထားရသည်။ အဂ္ဂ
င်သည်လည်း ပဲ့ကိုထိန်းရာ မနိုင်မနင်းဖြစ်နေလျက်၊ သူကိုယ်
ိုင်လည်း ရွက်များကို ဖြုတ်ပစ်ချင်နေသည်။ သို့သော် ... မိုး
ါး၏ အတန်တန်တားမြစ်မှုကြောင့် အောင့်အီးကာနေရသည်။
အတိုင်းဆိုလျှင် သင်္ဘောသည် အချိန်မရွေး တိမ်းမှောက်သွား
င်သည်မဟုတ်ပါလား။

"ကျိမ်း ... ကျိမ်း ... "

မိုးခြိမ်းသံများကလည်း နားကွဲမတတ် ထွက်ပေါ်လာ
ည်။ ကောင်းကင်မျက်နှာပြင်ကြီးကို ချွန်မြည့်သောလက်သည်း
ကြီးများဖြင့် ကုပ်ခြစ်လိုက်ကြသလို လျှပ်စီးကြောင်းတွေ
သည်း တဖျစ်ဖျစ်တဝင်းဝင်းနှင့်။ လေသည် သင်္ဘော၏ပဲ့ပိုင်း
ာက်မှနေ၍ ဝင်ပြီးတော့ ဆောင့်သည်။ ထိုအခါ ရေသူမ-၂
ည် လှိုင်းလုံးကြီးတွေပေါ်မှ ကျော်လွှားကာ ရှေ့ကိုသာ တရိပ်
ဖြင့် ပြေးနေလေသည်။

အံ့အားသင့်စရာကောင်းသည်မှာ ရွက်တွေကိုမဖြုတ်ဘဲ
ထားသည့်တိုင် သင်္ဘောသည် ဝဲ,ယာအချိန်အဆ မှန်လျက်ရှိ
သည်။ လေအားကောင်းလာလေလေ၊ ဆင်နားရွက်သဏ္ဍာန်
ကြီးတွေက ဖောင်းကားလာလေလေ၊ မည်မျှအထိ အရှိန်
င်းနေသလည်းဆိုလျှင် သင်္ဘောသည် ရေပြင်ထက်မှပင်
ပ်လွတ်ထွက်သွားသည်။ ထိုသို့ အတန်ကြာဖြစ်နေပြီးမှ
ဘောသည် လေထဲကို မြောက်တက်နေသည်ကို သတိမထား
ကြ။ နှစ်ခု ... နှစ်ခုပူးကာ ဆက်ထားသော ဆင်နားရွက်



www.burmeseclassic.com

www.burmeseclassic.com



သဏ္ဍာန်ရွက်ကြီးများသည် လိပ်ပြာတောင်ပန်ဆက်ထားသ
သို့ တူနေလေကြလေသည်။

"ဖျန်း ... ဝုန်း ..."

လှိုင်းလုံးကြီးတစ်လုံးသည် ရေသူမကို အရှိန်ပြင်းစွာ
ရိုက်ခတ်လိုက်သည်။ သို့သော် ရေသူမကား ခံနိုင်ရည်ရှိလှသ
သိမ့်ခနဲသာတစ်ချက် ဖြစ်သွားသည်။ သင်္ဘောကိုယ်ထည်
ကွဲထွက်သွားပြီလားမှတ်ရသည်။ သို့သော် ... ထိုသို့မ
အဂ္ဂပိုင်သာ ပဲ့စင်ထက်က အောက်ကိုပစ်ကျသွားသည်၊ ပန်
ဆိကို တစ်ပတ်ပြီးတစ်ပတ် လိမ့်သွားသည်။ ပန်လင်းခေါင်းကိုယ်
ပစ်တိုက်မိသွားသည်။ ထိုအခါ ... နှစ်ယောက်သား ဖက်
မိထားလိုက်ကြလေသည်။ သို့သော် ... နှစ်ယောက်သားလူး
တော့ ထ,မိလိုက်ကြသည်။ သင်္ဘောသည် လိမ့်လူးနေခြင်း
တငြိမ့်ငြိမ့်နှင့် ဖြစ်နေသည်။ ထူးခြားမှုကြောင့် ရှက်ဘိုင်ကို မိ
ပြီးထကြည့်လိုက်ကြရာ ...

"ဟင် ... ဟာ ..."

အံ့အားတသင့်နှင့်ဖြစ်သွားခဲ့ကြရသည်။ မယုံနိုင်
ကောင်းလောက်သောအခြေအနေနှင့် မြင်ကွင်းတစ်ခု
သင်္ဘောသည် ရေပြင်မှလွတ်ကွာကာ လေထဲတွင် စီးမျော
နေသောကြောင့်ပင်တည်း။ ကြည့်နေရင်းကပင် ရေပြင်ထ
တဖြည်းဖြည်းနှင့်မြင့်တက်လာနေသည်။

အောက်တွင် လေမိုးသံတဝေါဝေါ၊ တဗွေ့ဗွေ့နှင့်မိုးပြ
များက ထွက်ပေါ်လျက်ရှိနေကြသည်။ သို့သော် ... လေ
မိုးဒဏ်၊ မုန်တိုင်းဒဏ်များကို မခံစားရတော့၊ လွတ်မြေ
လေပြီ။





"အံ့ဩစရာပါလား"

နှစ်ယောက်ပြိုင်တူ ထွက်သွားခဲ့ကြသည့် အာမေဍိတ်သံ
များ။



www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

## အခန်း ( ၁၇ )
## တိမ်ပင်လယ်ကြီး

မုန်တိုင်း၏တွန်းအားကြောင့် ရေပြင်ပေါ်ကနေ အရှိန်ယူကာ တက်သွားသော ရေသူမ။ သဘော်ရွက်များကလည်း လေယာဉ်တောင်ပံကြီးများသဖွယ် ဖောင်းကား၍ ကောင်းကင်ထက်မှာလည်း လေစီးကြောင်းကမိနေသည်။ ရေပြင်အထက် ပေပေါင်းများစွာ ကွာဝေးသောနေရာကို ရောက်နေလေပြီ။

"အဲ ... မုန်တိုင်းတိုးပြီဆိုတာနဲ့ ရွက်ကိုမချလိုက်နဲ့နော်"

မိုးနဂါး၏ သတိပေးချက်ကို ပြန်ပြီးတော့ အမှတ်ရလာမိသည်။

"သူဟာ ... သူတည်ဆောက်ခဲ့တဲ့ သဘော်အကြောင်းကိုသိနေလို့ ဒီလိုပြောလိုက်တာကိုး။ ဒါမှမဟုတ် ... ငါမုန်တိုင်းနဲ့တိုးလိမ့်ဦးမယ်ဆိုတာ သူ ... ကြိုပြီးတော့ မြင်နေလို့များလား"

သူ့အတွေးက ပန်လင်း၏အသံကြောင့် ပြတ်တောက်သွားခဲ့ရသည်။

"ကိုအဂ္ဂ ... ဟိုမှာကြည့်စမ်း"

ပန်လင်းသည် အံ့အားသင့်စရာအခြေအနေကို မျက်ဝါ



ဝင်ထင်ခံစားနေရရင်း ... ရှေ့ကိုလက်ညှိုးထိုးပြလိုက်သည်။

အမှောင်တွင် ထူးခြားစွာတည်ရှိနေသော တိမ်ပင်လယ်ကြီးတစ်ခု၊ ရှေ့မှာ ... သူတို့ကို ဆီးကာကြိုလျက်ရှိနေသည်။

ယင်းတိမ်ပင်လယ်ကြီးကား အနီရောင်၊ ပုလွန်ဆီရောင်၊ အဝါရောင်များဖြင့် တစ်ကန့်စီ၊ တစ်ကန့်စီ ဆက်စပ်နေလျက်။ ထို့ကြောင့် ဝန်းကျင်သည် ယင်းအရောင်များဖြင့် ယှက်ဖြာ စွန်းထင်းလျက်ရှိနေသည်။

ရေသူမ–၂သည် တိမ်ပင်လယ်ကြီးဆီကို အရှိန်ကြီးစွာဖြင့် သွားနေသည်။ လေလုံးကြီးက နောက်မှနေတစ်ချက် တစ်ချက် ဝင်ဆောင့်သည့်အတွက် လွင့်ပါမသွားကြစေရန် ခိုင်မာသော တိုင်ကြီးတစ်ခုကို ဖက်တွယ်ထားကြရသည်။ ရေသူမ–၂သည် တိမ်ပင်လယ်ကြီးထဲကို ထိုးဖောက်ကာဝင်သွားခဲ့လေပြီတည်း။

အရောင်အသွေးစုံသော တိမ်သားစိုင်တို့၏ ရိုက်ခတ်မှုကြောင့် ရေသူမ–၂သည်လည်း တောက်ပသွားခဲ့ရလေသည်။

ပန်လင်းသည် မုန်တိုင်းစ,ပြီးတော့ မိသောအချိန်၊ ရေသူမ ထဲကို မြောက်တက်သွားသောအချိန်များတွင် ကြောက်စိတ်ဖြစ်ပေါ်နေမိသော်လည်း ယခုမကြောက်တော့ ထူးဆန်းစွာပေါ်လာသော ကောင်းကင်လေစီးကြောင်းမိကာ သယ်ဆောင်ခြင်းခံနေရသော ရေသူမပေါ်တွင် စိတ်အေးစွာပင် လိုက်ပါလျက်ရှိသည်။

"ကိုယ်ကတော့ ဘာကိုမှ မကြောင့်ကျတော့ဘူး ပန်ပန်၊ ဖြစ်လို့လဲဆိုတော့ ... အခု ရေသူမ ဦးတည်ပြီးသွားနေတဲ့ ဟာ ကိုယ်သွားချင်တဲ့နေရာဖြစ်နေလို့ပဲ"

"ဟင် ... ဟုတ်လား ... ဒါဆို ဟန်ကျသွားတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



တိမ်ရောင်စုံမှ ဖြာထွက်လျှက်ရှိသော အရောင်များသ ပန်လင်း၏လှပသောမျက်နှာလေးကို ပို့ပြီးတော့ ကျက်သ ရှိသွားစေခဲ့သည်။ ကိုယ်ပေါ်မှာ စိုရွှဲနေသော အဝတ်အစား သည်လည်း တစ်ခဏအတွင်းမှာပင် ခြောက်သွေ့သွားခဲ့ကြ ပြီ။ ပန်လင်းသည် သူမ၏တစ်သက်တာတွင် အဆန်းပြား အခြေအနေနှင့် ကြုံတွေ့နေရခြင်းအပေါ်မှာ မယုံကြည်နိုင်အေ ပင် ရှိနေရသည်။ ရေသူမသည် တော်တော်ဝေးဝေးအထိ ပျံ မျောနေပြီးမှ အောက်ကို ရုတ်တရက် ထိုးဆင်းသွားသည်။

"ဟင် ... "

ပန်လင်းသည် အဂ္ဂပိုင်၏လက်မောင်းတစ်ဖက်ကို တ ကြပ်စွာပင် ဆုပ်ကိုင်ထားမိလိုက်သည်။ အောက်ကို ခဲတစ် ပစ်ချလိုက်သလို ပြုတ်ကျသွားလေမလားဟု စိုးရိမ်မိသွား သည်။ သို့သော် ... သူမထင်သလို ဖြစ်မလာ။ ရေသူ တစ်ဆင့်ပြီးတစ်ဆင့် နိမ့်သွားသော လေစီးကြောင်းအစ ဆက်လက်ပြီး ကျဆင်းလျှက်ရှိသည်။

အောက်မှာ ပင်လယ်ပြင်ကြီးကို မမြင်ရတော့၊ ညာ မှာပင် လင်းရောင်စုံဖြာလျက်ရှိနေသော တိမ်ပင်လယ်ကြ ဆီးပြီးတော့ မြင်နေရသည်။

"အောက်ကိုလည်း မမြင်ရတော့ဘူး။ ရေထဲမကျ ကျောက်ဆောင်တွေပေါ် ကုန်းပေါ်ကိုကျသွားခဲ့ရင် ... ပြဿ

"ရေထဲကိုပဲ ကျမှာပါ ပန်ပန် ... စိတ်အေးအေးထာ

ထိတ်လန့်နေသော ပန်လင်း၏ကျောပြင်ကို ပွတ်သ သတိပေးနေရသည်။ သို့သော် ... ရေထဲကိုကျနိုင်း မ မသေချာ၊ မှန်းရကခက်ခက်၊ ထိုစဉ် ... လွှန်စွာမှ အေးငြ





အတွေ့အထိကို ခံစားလိုက်ကြရသည်။ ရေသူမ–၂သည်လည်း တစ်ပြိုင်တည်းမှာပင် ရေပြင်နှင့် ထိတွေ့သွားခဲ့လေသည်။

ညက မပြောင်းလဲသေး။ အမှောင်ဖုံးနေဆဲပင်။ ရေပြင် နှင့် သင်္ဘောငမ်းရိုက်ရှုပ်ပြီး ထိသွားသောအသံကို ကောင်းစွာ ကြားလိုက်ကြရသည်။ သင်္ဘောသည် ကုန်းပေါ်ကိုလည်းကျ မသွား၊ တောအုပ်ထဲကိုလည်း ကျမသွား။ ရေထဲကိုသာ ကျသွား သည်။

"ဘွမ်း ... "

ရေစက်များက သင်္ဘောပေါ်ကို ဝင်လာခဲ့သည်။

"အမလေး ... အား ... "

အမှတ်တမဲ့မို့ လန့်ပြီးတော့ အော်မိလိုက်ကြသည်။ သူတို့ ကိုယ်ပေါ်ကို ကျလာခဲ့ကြသောရေများသည် ရေခဲရေတမျှ လွန် စွာမှ အေးစက်နေသောကြောင့်ပင်။

"အား ... သင်္ဘောကြီး လေထဲမျောနေတုန်းက ဒါလောက် ထိတ်လန့်ရဘူး။ ရေအေးနဲ့ထိတွေ့မှပဲ ... အော်ဖြစ်ကြတော့ တယ်၊ ပန်ပန်ကော ဘယ်လိုဖြစ်သွားသေးသလဲ"

"အိုး ... ဒါလောက်အေးစက်နေတဲ့ရေနဲ့ ထိတွေ့မှတော့ လန့်သွားတာပေါ့ ... အဟင်း ... ဟင်း ... "

ပန်လင်းကလည်း အရှက်ပြေရယ်ပြီးတော့ ပြောသည်။

"ဟာ ... နေဦး ... "

အဂ္ဂပိုင်သည် ရုတ်တရက်ဆိုသလို နေရာမှထသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သင်္ဘောပေါ်မှနေ၍ အောက်ကိုလှမ်းကြည့်လိုက်လေ၏။ ညင်၊ မှောင်ရိရိအောက်တွင် ပင်လယ်ကြီးသည် ဖြူဖွေးလျှက်ရှိနေ သည်။ ကောင်းကင်ထက်မှာ ကြယ်ကလေးတွေက ပိုပြီးတော့ တောက်ပနေကြသလို၊ ကြည့်နေရင်းကပင် အလင်းအားက ပြည့် လာသလိုပင်။

ထိုအခါ ... ပင်လယ်ကြီးကို ပိုပြီးတော့ ထင်ရှားစွာမြင် နိုင်လာခဲ့ရလေသည်။ ပန်လင်းသည်လည်း အဂ္ဂပိုင်၏အနားကို ရောက်လာခဲ့သည်။

"ဟင် ... ရေပြင်ကြီးက ဖွေးနေပါလား ကိုအဂ္ဂ"

"သေသေချာချာကြည့်စမ်း ... ပန်ပန်၊ ရေပြင်ကြီး ဖွေးနေတာ ... ရေအရောင် ပြောင်းလဲမှုမဟုတ်ဘူး၊ ဟချို့ နေရာတွေမှာ ရေခဲတွေ ဖုံးလွှမ်းနေလို့ပဲ ... "

"ဟင် ... ဟုတ်ပါရဲ့၊ ရေခဲပြင်ကြီးဖြစ်နေတာပါလား"

အံ့အားတသင့်ဖြင့် ကြည့်နေမိကြသည်။ အချို့နေရာတွင် ရေပြင်ကအဝတိ။ ရေသူမသည် ရေခဲပြင်ကြီးပေါ်ကိုမကျဘဲ ရေထဲ ကိုသာကျသွား၍ တော်ပေသေးသည်။ သို့မဟုတ်က လွဲထွက်ပြီး ပျက်စီးသွားနိုင်သည်။ ရေသူမသည် ရေပြင်ပေါ်မှာ သူ့အရှိန်နှင့် သူသွားနေလေသည်။ အဂ္ဂပိုင်က ပဲ့ခန်းထဲဝင်ပြီး ပဲ့ထိန်းအလုပ် ကိုလုပ်ရသည်။ ပန်လင်းက ... ရေသူမ၏နောက်မှ ရေခဲတုံး များမျောလိုက်လာခြင်းရှိမရှိ ကြည့်ရသည်။ ဤသို့မှ ဂရုမစိုက် လျှင် သင်္ဘောကိုဝင်ပြီး တိုက်သွားနိုင်သည်။ သင်္ဘောပျက်စီး သွားလျှင် ပွဲကပြီးပြီ။

"နောက်ကြောင်းရှင်းတယ်ကိုအဂ္ဂ၊ ရေခဲတုံးတွေ မျောပါ လာတာမျိုးမရှိဘူး"





ပန်လင်းသည် ပဲ့စင်ခန်းထဲကိုဝင်လိုက်သည်။ ရေပြင်ကြီး သည် အအေးဓာတ်ကြောင့် အငွေ့ချောင်းချောင်းထလျှက်ရှိ သည်။

"ဒီအတိုင်းဆက်ပြီးသွားနေလို့ မဖြစ်ဘူး၊ သင်္ဘောကပ် နိုင်မယ့်နေရာတစ်ခုခုကိုရှာမှ ဖြစ်မယ်"

"ခုနစ်စင်ကြယ်တောင် အမြီးထောင်နေပြီ၊ မိုးလင်းဖို့ ာများကြီးလိုသေးတယ်၊ ကမ်းက ဘယ်လောက်ဝေးသေးသလဲ မသိဘူး"

ပန်လင်းသည် ပဲ့ခန်းထဲမှနေ၍ ရှေ့မြင်ကွင်းကို စူးစိုက် းတော့ ကြည့်မိလိုက်သည်။ ညာဘက်တွင် မည်းမည်းသဏ္ဍာန် ကြီးတစ်ခုကို တွေ့မိလိုက်သလို။

"ကိုအဂ္ဂ ... ညာဘက်ကို ကြည့်လိုက်ပါဦး"

အဂ္ဂပိုင်က ပဲ့စင်ခန်းထဲမှနေ၍ မှန်ကာကိုဖောက်ထွင်းကာ ကြည့်လိုက်သည်။

"ကုန်းနဲ့တူတယ် ပန်ပန်၊ နေဦး ... "

သင်္ဘောဦးကိုလှည့်လိုက်ကာ မီးထိုးပြီးတော့ ကြည့်လိုက် ည်။ အတော်လှမ်းသေးသည်။ ထိုဆီကို အလင်းရောင်က ရောက်လေအားကလည်း အနည်းငယ်ပျော့လာသည်။

"ပန်ပန် ... စက်နှိုးလိုက်မယ်လေ"

"မဆိုးဘူး ... ပန်ပန်၊ သင်္ဘောပေါက်လွယ်သားပဲ"

ပန်လင်းက ပဲ့ပိုင်းဆီကိုပြေးသွားပြီး စက်ကိုနှိုးလိုက်သည်။ ာအတွင်းမှာပင် ရှက်အားရော၊ စက်အားကိုပါသုံးကာ၊ ာထင်ရသောနေရာဆီ ဦးတည်ပြီးပြေးနေလျှက်၊ နီးလာ၍ ားလာသောအခါ ကမ်းခြေတစ်ခုဖြစ်နေသည်ကို သိလိုက်



www.burmeseclassic.com

www.burmeseclassic.com



ရသည်။ ဝမ်းသာမိလိုက်ကြသည့်ဖြစ်ခြင်း။

ရေလှိုင်းများကလည်း ကမ်းခြေဆီကို တဝုန်းဝုန်းနှင့်ပြေး တက်သွားလိုက်၊ ဆင်းလာလိုက်ကြနှင့်။ ရေကတဖြည်းဖြည်းနှင့် တိမ်လာသည်မို့ တစ်နေရာအရောက်တွင် ကျောက်ချလိုက်ကြ ရသည်။ ထိုအခါကျမှ ရွက်တွေကိုလည်း ချလိုက်ကြလေသည်။ အဖေအဘက်က နှိပ်စက်လျှက်ရှိနေသည့် ဖြစ်ရကား။

သဘော်စတိုခန်းလေးထဲကိုဝင်ပြီး ရှာဖွေကြည့်မိသည်။ စောင်ထူထူ နှစ်ထည်၊ အနွေးထည်ကြီးနှစ်ခုကို တွေ့ရသည်။

“ဦးမိုးနဂါးက အားလုံးအသင့်စီစဉ်ထားတာပါလား။ ရေ ဘာဖြစ်လာမလဲဆိုတာကို ကြိုပြီးသိနေတာလား”

“ကဲ ... ပန်ပန်၊ ဒီအခန်းထဲဝင်အိပ်၊ ဒီအနွေးထည်ကို ဝတ်၊ ဟောဒီစောင်ကိုခြုံ၊ ဒီတစ်ညတော့ သဘော်ပေါ်မှာ မိုးလင်းရတော့မှာပဲ”

စောင်နှင့်အနွေးထည်ကို ပေးလိုက်သည်။ အိပ်ခန်းလေး သို့ဝင်စေသည်။

“ဟို ... ကိုအဂ္ဂက ဘယ်မှာအိပ်မှာလဲဟင်”

“စတိုခန်းထဲမှာ အိပ်မယ်လေ”

တစ်ယောက်တစ်နေရာစီ ခိုက်ချလက်ချ အိပ်ကြသည် တစ်ခဏအကြာ တံခါးလာခေါက်သည်။

“ကိုအဂ္ဂ ... ကိုအဂ္ဂ ...”

ပန်လင်း၏အသံ။ အဂ္ဂပိုင်လူးလဲပြီးတော့ ထလိုက်ရသည် တံခါးကိုချက်ထိုးမလား။ ပန်လင်းက မီးချောင်း၏အလင်းရောင် အောက်မှာ စောင်လေးကိုပိုက်ပြီး ရပ်နေလျှက်။

“ဘာဖြစ်လို့လဲ ပန်ပန် ... ခုထိမအိပ်သေးဘူးလား”





“ပန်ပန်တစ်ယောက်တည်း မအိပ်ရဲလို့”

“ဟင် ... ဒါဖြင့်ရင်”

ပန်လင်းသည် စတိုခန်းထဲကို အတင်းတိုးဝင်လာ၏။

“ဟုတ်တာပေါ့၊ ပန်ပန်တစ်ယောက်တည်း ဘယ်အိပ်ရဲ ပါ့မလဲ”

“ဒီမှာက နွေးတယ်၊ ကိုအဂ္ဂ ... ပန်ပန်အိပ်မယ်နော်”

“အင်း ... အိပ် ... အိပ်”

အဂ္ဂပိုင်က နေရာရွှေ့ပေးလိုက်သည်။ ပန်လင်းသည် လက်ကိုခေါင်းအုံးပြီး စောင်ခြုံကာ ချက်ချင်းလိုလို အိပ်ပျော်သွား၏။ အဂ္ဂပိုင်သည် သက်ပြင်းတစ်ချက်ချလိုက်ပြီး ဘေးမှာပဲ လှဲချလိုက်လေတော့၏၊ အပြင်ဘက်တွင် အေးစက်သောလှိုင်း လုံးကြီးတွေက ကမ်းခြေဆီပြေးတက်လာလိုက်၊ ဆင်းသွားလိုက် ကြနှင့်၊ ရေသူမသည် လှိုင်းရိုက်ခံရသဖြင့် တသိမ့်သိမ့်တုန်ခါ နေလျှက်။

အအေးဓာတ်က သဘော်ကြီးတစ်စီးလုံးကို လွှမ်းခြုံထား သည်။ သို့သော် ... ရှားရှားပါးပါး၊ စတိုခန်းလေးထဲမှာတော့ နွေးလျှက်ရှိနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၈ )
## ဖောခွေးဖြူများ

ပန်လင်းသည် ဖျတ်ခနဲဆို လန့်နိုးလာခဲ့သည်။ အိပ်ရာကမထသေးဘဲ ကြောင်နေမိသေးသည်။ နောက်တော့မှ သူ ဘယ်နေရာကိုရောက်နေမှန်း သိသွားခဲ့ရသည်။

"ဟင် ... ငါသင်္ဘောထဲမှာပဲ"

ထ,ထိုင်မိလိုက်သည်။ ပြန်စဉ်းစားမိတော့၊ စတိုခန်းထဲမှာ အဂ္ဂပိုင်နှင့်အတူတူ အိပ်မိခဲ့သည်ကို သတိရသွားမိ၏။ ဘေးမှာ အဂ္ဂပိုင်မရှိ။ စောင်လည်းမရှိ။ စောင်ကိုခြုံကာ အပြင်ဘက်ကို ထွက်လိုက်သည်။ သင်္ဘောထဲမှာပင်လျှင် အအေးဓာတ်က အတော်ကို ရှိနေသည်။

အဂ္ဂပိုင်ကို ထမင်းစားခန်းလိုလို ဖွဲ့စည်းထားသော အခန်းကလေးထဲမှာ တွေ့လိုက်ရသည်။ ဓါတ်ငွေ့မီးဖိုတစ်လုံးနှင့် အလုပ်ရှုပ်နေသည်။

"ကိုအဂ္ဂ"

"နိုးလာပြီလား။ မျက်နှာသစ်လိုက်ဦး၊ အဲဒီမှာ သွားတိုက်





တံ၊ သွားတိုက်ဆေးဘူး အားလုံးအဆင်သင့် ... ရေအိမ်လည်း ရှိတယ်"

နောက်ကိုတစ်ချက်သာ လှည့်ကြည့်ပြီး ပြောလိုက်သည်။ ကမ္ဘာ့ပေါ်တွင် အသေးငယ်ဆုံး သင်္ဘောလေးထဲမှာ အားလုံးအစုံ အလင်ရှိနေသည်။ သင်္ဘော၏ဖွဲ့စည်းပုံကလည်း သင်္ဘောကြီးများနှင့်မခြား။

"အင်း ... ဟုတ်ကဲ့"

ပန်လင်းက ဘေစင်မှာ သွားတိုက်၊ မျက်နှာသစ်သည်။ ပြီးနောက် ... အဂ္ဂပိုင်ကို ကူညီလုပ်ကိုင်ပေးရန် ရောက်လာ၏။ သို့သော် ချက်ပြုတ်သည့်အလုပ်က ပြီးစီးနေပြီဖြစ်သည်။ မိုးနဂါးကျေးဇူးကြောင့် ဆန်၊ ဆီ၊ ဆားကမှအစ၊ လက်ဖက်ရည်ဖျော် နို့ဆီ၊ သကြားအထိ အကုန်ရသည်။ သူ့ရုပ်ရည် သူ့ပုံစံ နှင့် ဤပစ္စည်းများကို အပြင်မှာ မည်သို့ထွက်ဝယ်ခဲ့လေသနည်း။

ထမင်း၊ ငါးခြောက်ငါးခြမ်းကအစ၊ စည်သွပ်ဘူးများအထိ ထည့်ပေးလိုက်သည်။ မောင်မင်းကြီးသား အသက်ရှည်ပါစေဟု စိတ်ထဲမှ ဆုတောင်းပေးလိုက်သည်။ ပေါင်မုန့်ကတော့ နဂါးက သူ့ဘာသာသူဖုတ်သည်။

"ဟင် ... ကိုအဂ္ဂရဲ့သင်္ဘောပေါ်မှာ အစုံပါလာတာကိုး"

"ကိုယ့်အစွမ်းအစကြောင့်တော့ မဟုတ်ဘူး၊ ကျေးဇူးရှင် တစ်ယောက်ကြောင့်ပါ"

"ကျေးဇူးရှင်တစ်ယောက်ကြောင့် ဟုတ်လား"

"ကဲ ... ဒါတွေကို နောက်တော့မှပြောပြမယ်၊ ဟာနေ ... ပိုက်တွေကို ဖြည့်လိုက်ကြဦးစို့ရဲ့"



www.burmeseclassic.com

www.burmeseclassic.com



အခုမှပင် သာရကောင်းမှန်းသိလာခဲ့ကြသည်။ ထို့ကြောင့် ခေါင်းမဖော်စတမ်းပင် စားပစ်လိုက်ကြလေသည်။

"ပန်ပန်တို့ ဘာဆက်လုပ်ကြမလဲဟင်"

"ကမ်းပေါ်ကိုတက်ပြီး အခြေအနေကြည့်ကြမယ်လေ။ အဝတ်အစားတစ်စုံ ထပ်ပြီးတော့ ထွက်လာတယ်၊ အနွေးထည် လောက်နဲ့မလုံလောက်ဘူး။ ကိုယ်ပေါ်မှာထပ်ပြီးဝတ်မှသက်သာ မယ်၊ အပြင်မှာ ... ပိုပြီးတော့ အေးလိမ့်မယ်"

အင်္ကျီများကို ထပ်ပြီးတော့ ဝတ်လိုက်ကြသည်။ သားမွေး ဘောင်းဘီများကလည်း သူတို့နှင့်တိုင်းပြီးတော့ ချုပ်ထားသလို ပင်။ အနွေးထည်ကလည်း ဒူးဆစ်အထိရောက်သည်။ ခေါင်းစွပ် များပင်ပါလိုက်သေးသည်။ မိုးနဂါး၏အမြော်အမြင်ကြီးမားပုံက မယုံနိုင်လောက်စရာ။ မိမိတို့ ဤလိုနေရာမျိုးကို ရောက်လာကြ လိမ့်မည်ဟု ကြိုတင်ခန့်မှန်းမိခဲ့လေသလား။ အကြားအမြင်ရနေ သောသူလိုပင်၊ ဒက်ထိကွက်တိ ကြိုပြီးတော့ မြင်နေသည်။ မိုးနဂါးသည် သူ့အတွက် ပဟေဠိဆရာကြီးဖြစ်နေလေသည်။ သူ၏ ကုဋ္ဌာသယစတိုခန်းလေးထဲမှ ဂျူပနီတင်ဒိုမီးတစ်လက်နှ ရှစ်လက်မဓါးမြှောင်တစ်ချောင်းကို ရှာတွေ့သည်။ ဓါးမြှောင်ကို တော့ သူမအားပေးလိုက်၏။ ခေါက်ထားသော အသက်ကယ ဘော၏အဆို့ရှင်ကို ဖွင့်လိုက်သောအခါ လေဝင်သွားပြီး လှူ ယောက်စီးနိုင်သော အရာကြီးတစ်ခုဖြစ်သွား၏။

ရေသူမပေါ်မှ အောက်တိုချကာ တက်တစ်ချောင်းစီ ကမ်းဘက်ကို လှော်လာခဲ့ကြသည်။ ထင်သည့်အတိုင်းပင် အ မှာ စိမ့်နေအောင်အေးသည်။ ရေခဲများသည် ကျွန်းတန်း သဖွယ်ရှိနေကြသည်။ မြင်ကွင်းသည် နှင်းမှုန်တွေလား၊ ရေခဲ





တွေလားဟု မသိရလောက်အောင်ပင် ဝေဝါးလျက်ရှိနေသည်။

ကျွန်းနှင့်နီးကပ်လာသည်။ ရေခဲတုံးအချို့က မျောပါနေ ကြသည်။ ဖောင်နားသို့ကပ်လာကြ၍ တက်နှင့်ထိုးထုတ်နေကြ ရသည်။ သို့ဖြင့် ကုန်းမြေဆီကို ဆိုက်ကပ်မိကြလေသည်။

ဝုန်းခြားသည်မှာ ကုန်းမြေသည် အောက်ခံမြေသားပေါ်မှာ ရေခဲတစ်ထပ်၊ နှင်းထုတစ်ထပ်ဖုံးလွှမ်းနေသောကြောင့်ပင်၊ လေ တစ်ချက်တိုက်လျှင် နှင်းများက ဖုံးလွင့်သကဲ့သို့ လွင့်သွားခဲ့ကြ သည်။

ထို့နောက် ရေခဲသို့ ကျသွားခဲ့ကြသည်။ လေကလည်း ရေခဲရေနှင့်ပက်ဖြန်းလိုက်သလားမှတ်ရအောင် အေးစက်လွန်းလှ သည်။

ထိုအခါ အဝတ်မဲ့မျက်နှာပြင် ကွက်ကွက်ကလေးသည် ရေခဲရိုက်ပြီးသား ဖြစ်သွားခဲ့ကြရသည်။ ကုန်းပေါ်တွင် သစ်ပင် များရှိကြသော်လည်း ပင်စည်အောက်ခြေကို ရေခဲတစ်ထပ်၊ နှင်း တစ်ထပ်ဖုံးလွှမ်းနေကြသည်။ အောက်ဆုံးအလွှာကတော့ မြေပြင်။

"တော်တော်ထူးဆန်းတဲ့နေရာပဲ၊ ဒီလိုနေရာမျိုး ဘယ်မှာ မှရှိမှာ မဟုတ်ဘူး"

"ဟုတ်တယ် ... ပန်ပန်လည်း နားမလည်နိုင်အောင် ဖြစ်နေတယ်"

ထူထဲသော အဝတ်များကို ဝတ်ထားကြသော်လည်း မိမိ



www.burmeseclassic.com

www.burmeseclassic.com



တို့နှင့်စိမ်းသော ဒေသဖြစ်နေသည်။ အအေးဓာတ်က အဝတ်တွေကို ထိုးဖောက်ပြီး အရည်ပြားထဲအထိ စိမ့်ဝင်နေသလားဟုပင် ခံစားနေကြရသည်။ တစ်ယောက်နှင့်တစ်ယောက်ခွာပြီးတော့ မလျှောက်ကြ၊ ပူးကပ်ဖက်တွယ်ပြီးတော့ လျှောက်ကြရသည်။

ပန်လင်းက တစ်နေရာကိုလက်ညှိုးထိုးပြသည်။ ဂူနှင့်တူသော အရာတစ်ခု၊ သေချာကြည့်သော် ဂူတော့ဂူပင်။ မူလက ကျောက်ဂူဖြစ်နိုင်သော်လည်း ရေခဲများကဖုံးလွှမ်းလျက်ရှိပြီး နှင်းတွေကပါ ထပ်ပြီးဖုံးလွှမ်းနေသဖြင့် ရေခဲဂူကြီးလို ဖြစ်နေသည်။

''ဒီအတိုင်းလျှောက်သွားနေလို့မဖြစ်ဘူး၊ အအေးဒဏ်ကြောင့် ထန်လွန်းတယ်၊ အဲဒီဂူထဲကိုဝင်နေရင် သက်သာရာရလိမ့်မယ်လို့ထင်တယ်''

''သွားကြမယ်လေ''

လေကလည်း တစ်ချက်တစ်ချက်ဝေ့ကာ တိုက်ခတ်လာသည်။ ချွန်မြည့်သောအပ်နှင့် အထိုးခံလိုက်ကြရသလိုပင်။ အခဲရခက်လှသည်။ ဂူဆီကိုရောက်လာခဲ့ကြသည်။ အခြေအနေကြည့်ပြီးဝင်လိုက်ကြသည်။ ဂူထဲမှာ မည်သည့်သတ္တဝါမှမရှိ၊ နှင်းတွေကတော့ တစ်တောင်လောက်ကိုတက်နေကြသည်။ လေမဝင်၍ တဒင်္ဂတော့ သက်သာရာရသွားခဲ့ကြလေသည်။ ထို့ကြောင့် ဂူထဲက အပြင်ကို မထွက်ချင်တော့၊ လျှောက်လည်းမလေ့လာချင်တော့။ အအေးဒဏ်ကိုမခံနိုင်ကြ။ တစ်ခဏနားပြီး ဤနေရာကနေ ရေသူမဆီကို လှည့်ပြန်ကြမည်ဟု ဆုံးဖြတ်လိုက်ကြသည်။ ကော်ဖောပမာခင်းထားသည့် နှင်းလွှာထုကြီးပေါ်မှာ နှစ်ယောက်အတူထိုင်ချလိုက်ကြသည်။

ပန်လင်းသည် အဂ္ဂပိုင်ကို မိန္ဒဲပြီးတော့နေသည်။ ကိုယ်ငွေ့





ဓာတ်ကို လိုချင်၍ဖြစ်သည်။ ထို့ကြောင့် သူမကိုအလိုက်သိစွာပင် ထွေးလိုက်မိထားရသည်။

''ပန်ပန် ... ညက အိပ်ပျော်ရဲ့လား''

''ကောင်းကောင်းအိပ်ပျော်တာပေါ့၊ မိုးအလင်းတစ်ရေးပဲ၊ ပန်ပန်ဖြင့် ဘာမှကိုမသိတော့ဘူး''

''ဘာမှကို မသိတော့ဘူး ဟုတ်လား''

''ဟင် ... ဘာ ... ဘာကိုလဲ''

သူမသည် အဂ္ဂပိုင်၏မျက်နှာကို အထိတ်တလန့်ဖြင့် ကြည့်မိလိုက်သည်။

''ခြော် ... ပန်ပန်ခံစားခဲ့ရတဲ့ စိတ်ညစ်စရာတွေ၊ ဒုက္ခတွေ ပင်ပန်းမှုတွေအားလုံးဟာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားတော့ ခေါင်းထဲကို ရောက်မလာတော့ဘူးမဟုတ်လား''

''ဟွန်း ... တော်ပါသေးရဲ့''

''ဘာကိုတော်ပါသေးရဲ့လဲ''

သူမ၏ပခုံးကိုဆုပ်ကိုင်ထားရင်းက လှုပ်ကာမေးသည်။

''ဟုတ်တယ်လေ ... ပန်ပန်ကလည်း၊ အဲဒါကိုပဲပြောတာ ... အဟင်းဟင်း ...''

တင်းကြပ်နေကြသော စိတ်များကို ပြေလျော့စေသော စကားများက သမုဒ္ဒရာဘက်သို့ ခွယ်လာစေခဲ့သည်။ ဂူထဲမှာ နေသော်လည်း အပြင်မှာလောက် မအေး။ ကြည့်နေရင်းက နှင်းတွေကလည်း ကျလာနေကြသည်။

''နှင်းတွေကျလာပြီ၊ ဒီထက်ပိုပြီးတော့သဲမလာခင် ကိုယ်တို့ပြန်ကြမှ တော်မယ်ထင်တယ် ပန်ပန်''

''ဟုတ်တယ် ... ပြန်ကြမယ်''



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ... ပန်လင်းက ဤသို့ခွေးတွေးစွာနေရသ ကို သက်သောင့်သက်သာရှိနေသလိုပင်။ အဂ္ဂပိုင်ကိုပြန်ပြီးတေ ဖက်တွယ်ထားသည်။ သူမ၏နားဝသို့ တိုးကပ်ကာ တိုးတိုးပြေ သည်။

"ပန်ပန် ... ထတော့၊ ဟိုမှာ ... ကြည့်စမ်း၊ နှင်းတေ ကပိုပြီးတော့ အကျစိပ်လာပြီ"

"အင်း ... "

ပန်လင်းက မထချင်၊ ထချင် အဂ္ဂပိုင်က ဆွဲထူလိုက် သည်။ သူမ နှုတ်ခမ်းစူသည်ကိုမသိချင်ယောင်ဆောင်လိုက်

ထိုစဉ်မှာပင် ...

ရုတ်တရက် အလင်းတစ်ဝက်က ပျောက်သွားသည် မှောင်ရိပ်သန်းသွား၏။ မိုးအုံ့သွားသည်လား၊ ရေခဲပြင်ဒေသ မှာ မိုးတိမ်တွေရှိနိုင်လို့လား။ ဂူထဲမှာပင်လျှင် သိသာစွာ မှေ သွားသည်။ အပြင်ကိုထွက်ရမှာလား၊ ဂူထဲမှာပဲဆက်နေရ လား၊ ပြန်ပြီးလင်းလာမှ ထွက်ကြရင်ကောင်းမလား၊ ဆုံးဖြတ် မရသေးမီမှာပင်လျှင်။

"ဝုတ် ... ဝုတ် ... ဝုတ် ... ဝုတ်"

ခွေးဟောင်သံများကို ကြားလာခဲ့ကြရသည်။ သေချာ နားထောင်သောအခါ တစ်ကောင်တည်းမဟုတ်။ ခွေးတွေအ ကြီး၏အသံ။

"တောခွေးတွေဖြစ်မယ် ... ပန်ပန် အထဲကိုဝင်နေစ"

"တောခွေးတွေလား၊ ဟင် ... ကိုအဂ္ဂ"

"သိပ်တော့ မသေချာဘူး၊ အမဲလိုက်ခွေးတွေနဲ့ မု တွေလည်းဖြစ်နိုင်တယ်"





"ဝုတ် ... ဝုတ် ... ဝုတ် ... ဝုတ်"

အသံက တဖြည်းဖြည်းနှင့်နီးကပ်လာသည်။ အဂ္ဂပိုင်သည် ဝအကျယ်မှာကပ်ကာ အပြင်ဘက်ကိုကြည့်လိုက်သည်။ လူ ယောက်သည် ရှေ့မှခြေကုန်သုတ်ပြီးတော့ ပြေးလာသည်။ က်ထဲမှာလည်း ဝါးချွန်များကို ကိုင်ဆောင်ထားကြသည်။ ဝတ် ားကြသည်က သားမွေးအရည်များ၊ ခေါင်းဆောင်းတွေက ည်း သားမွေးခေါင်းဆောင်းတွေ။

ကြည့်နေရင်းကပင် နောက်မှ တဖွတ်ဖွတ်နှင့်ပြေးလာ ကြသော ဖြူဖြူကောင်များကို တွေ့လိုက်ရသည်။ ဘာကောင် ွမှန်းမသိသေး။ တဖြည်းဖြည်းနှင့်နီးလာကြသောအခါ ထင် ားစွာမြင်လာခဲ့ရသည်။ ထိုအခါ အံ့အားသင့်သွားမိသည်။ လူ စ်ယောက်၏ခါးစောင်းလောက်ရှိသော ထိုသတ္တဝါများသည် ောခွေးနှင့်ဆင်ဆင်တူနေသောကြောင့်ပင်တည်း။ အဖြူရောင် ောခွေးများ။

ရှေ့မှပြေးနေကြသော လူနှစ်ယောက်သည် ဂူနှင့်မျက် ောင်းထိုးလောက်အရောက်တွင် ရပ်လိုက်ကြသည်။ ပြေး၍ ွတ်မှန်းသိ၍ဖြစ်မည်ထင်သည်။ တောခွေးများကို ပြန်ပြီးတော့ င်ဆိုင်တိုက်ခိုက်ကြတော့မည့်ဟန်များနှင့်။ လက်ထဲမှ ဝါးချွန် ားကို အသင့်ပြင်လိုက်ကြသည်။

ချက်ချင်းမှာပင် ထိုအကောင်များသည် ထိုသူနှစ်ဦးကို လာခဲ့ကြသည်။ ရှေ့ဆုံးမှအကောင်က ခပ်လှမ်းလှမ်းကပင် ားခနဲဆို ခုန်အုပ်လိုက်လေသည်။ တော်တော်အားကောင်း ည်ဟုဆိုရပေမည်။ အဝေးကပင် လှမ်းပြီးတော့ ခုန်အုပ်နိုင် ည်အထိ လျင်မြန်ဖျတ်လတ်လွန်းသည်။ တစ်ယောက်သည်



www.burmeseclassic.com

www.burmeseclassic.com



သူ့အပေါ်ကျလာသော သတ္တဝါကို ဝါးချွန်ဖြင့် ဆီးခံလိုက်သည်။

"အူး ... "

ထိုသတ္တဝါထံမှ ချောက်ချားစရာကောင်းသော အသံကြီးက ထွက်ပေါ်လာသည်။ တောခွေးဖြူများသည် အရောင်သော်လည်းကောင်း။ ကိုယ်စေ့ခွာသော်လည်းကောင်း ထူးခြားကြသည်။ ထို့အပြင် မျက်နှာကြီးတွေကလည်း သာမန်တောခွေးများထက် ပိုပြီးတော့ ကြောက်စရာကောင်းနေသည်။ ပါးစပ်ကြီးတွေက ပြဲပြဲ အစွယ်လေးချောင်းက အပြင်ကို ထွက်နေကြသည်။ ချွန်ထက်သော သွားတွေကလည်း အဖွေးသားနှင့် ကြောက်စရာကောင်းလှသည်။

သူတို့လက်ချက်သာမိလိုက်လျှင် ချက်ချင်းအရိုးစုဖြစ်သွားမှာမလွဲ။ ပထမတစ်ကောင်က ဝါးချွန်စာမိသွားသည်။ ရင်ဖောက်ဝင်ကာ ကျောမှ ဖောက်ထွက်သွားသည်။ ထိုသူသည် တောခွေးဖြူ မြေသို့မကျမီမှာပင် ဝါးချွန်ကို ဆွဲထုတ်လိုက်သည်။ ကျောဘက်မှ တစ်ကောင်ကလည်း လစ်ပြီဆိုပြီး ခုန်အအုပ်မှာ ရှုတ်တရက် နောက်ကိုလှည့်ပြီး ထိုးထည့်လိုက်သည်။

"အူး ... "

နာကျင်စွာ အော်လိုက်သံက ဆူညံသွားသည်။ ဝါးချွန်သည် လည်မြို့ကို ဖောက်ထွက်သွားသည်။ သူနှင့်အတူပါလာသူ တစ်ယောက်သည်လည်း တောခွေးဖြူတို့၏ ဝိုင်းရံတိုက်ခိုက်ခြင်းကိုခံနေရသည်။ သားရဲမင်းရဲစီးနေကြသော တောခွေးဖြူများသည် တစ်ပြိုင်တည်းဝင်ပြီး ခုန်အုပ်ကြတော့မလို၊ ဝမ်းခေါင်းသံကြီးပေးကာ မာန်ဖီနေကြသည်။

ထိုစဉ် ... ရှုတ်တရက်ဆိုသလို ...





ရှေ့နှင့်နောက်ညှပ်ပြီး နှစ်ကောင်က ခုန်အုပ်လိုက်ကြလေရာ ... ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၉ )
## ရင်ဆိုင်တိုက်ခိုက်ကြခြင်း

ထိုသူသည် ရှေ့နောက်တစ်ပြိုင်တည်း ခုန်အုပ်လိုက်ကြ သော ခွေးနှစ်ကောင်ကို ဝါးချွန်နှင့်ဆက်ခနဲ၊ ဆတ်ခနဲဆို လှည့် ကာထိုးထည့်လိုက်လေ၏။ ရှေ့ရောနောက်ပါ သွက်လက်စွာ လှည့်ပြီးတော့ ထိုးလိုက်သည်မှာ သွက်လက်မြန်ဆန်လွန်းလှ သည်။

သို့သော် ... တောခွေးဖြူများကား တစ်အုပ်တစ်မကြ ပင်။ တစ်ကောင်ပြီးတစ်ကောင် ရောက်လာကြသည်။ တိုးပွား လာနေကြသည်။ အားလုံးတစ်ပြိုင်တည်းဝင်ရောက်တိုက်ခိုက်ကြ လျှင် မလွယ်။ မိနစ်ပိုင်းအတွင်းမှာပင် အသက်ပျောက်သွားကြ ရလိမ့်မည်သာ။ သို့သော် ထိုသူနှစ်ဦးသည် သေကာမှသေရေ ကိစ္စမချောမိ တောခွေးဖြူများကို တတ်နိုင်သမျှ သုတ်သင်သွား ကြမည်ဟူသော စိတ်မျိုးကရှိနေကြပုံရသည်။

''အင်း ... ခုအတိုင်းသာဆိုရင် ဒီနှစ်ယောက်ကတော့ အသက်ရှင်ဖို့ လမ်းမမြင်နိုင်တော့ဘူး''





အဂ္ဂပိုင်သည် ဝင်ပြီးကူညီတိုက်ခိုက်ရန် ဆုံးဖြတ်လိုက် သည်။ လူသားတစ်ယောက်မှ မရှိနိုင်ဟု ထင်ရသောနေရာတွင် ပမျှော်လင့်ဘဲ လူနှစ်ဦးကို တွေ့လိုက်ရ၍ အံ့အားသင့်သွားခဲ့ သည်။ အားလည်းရှိသွားခဲ့သည်။

''ပန်ပန်၊ ဂူအတွင်းဘက်မှာပဲနေ၊ အပြင်ကိုမထွက်နဲ့ ကြားလား''

ပန်လင်းက အဖြေမပေးနိုင်မီမှာ ကင်ဒိုဓါးကြီးကို ဆွဲကိုင် ပြီး ဂူထဲမှာတစ်ဟုန်ထိုးပြေးထွက်ခဲ့သည်။ ပန်လင်းသည် မည်သို့ မှ တားဆီးချိန်မရလိုက်။

အဂ္ဂပိုင်ကား တောခွေးဖြူများ၏ အလယ်ကိုရောက်သွား ခဲ့လေပြီ။ လက်မှာကိုင်ထားသော ကင်ဒိုဓါးရှည်ကြီးနှင့် တရစပ် ပင် ခုတ်ပိုင်းလျှက်ရှိနေသည်။

''ကဲကွာ ... ကဲကွာ''

''ဝုစ် ... ဝုစ် ... ဝုစ် ... ''

တောခွေးဖြူများသည် ခေါင်းတစ်ခြား၊ ကိုယ်တစ်ခြား ဖြစ်သွားခဲ့ကြသည်။ ဝင်လာသမျှ တောခွေးရိုင်းဖြူများသည် အဂ္ဂပိုင်၏ ဓါးပြားမှာ အသက်ပျောက်သွားခဲ့ကြရသည်။ စော စောကလူနှစ်ယောက်သည် အမှတ်တမဲ့နှင့်ဝင်လာသော လူတစ် ယောက်ကြောင့် အံ့အားသင့်သွားခဲ့ကြရသည်။ သို့သော် ... မည်သူမည်ဝါဆိုသည်ကို ကြာကြာမကြည့်အား။ တောခွေးရိုင်း များကိုသာ ဆက်လက်ပြီး သုတ်သင်လျှက်ရှိသည်။ အားလည်း တက်လာကြသည်။ တစ်ခဏအတွင်းမှာပင် တောခွေးဖြူ တစ်ဝက်နီးပါးခန့်သည် အနိစ္စသဘောနှင့် ကိစ္စချောသွားခဲ့ကြရ သည်။



www.burmeseclassic.com

www.burmeseclassic.com



တောခွေးဖြူများသည် သူတို့၏အဖော်များ အကျအဆုံး များကြသဖြင့် သွေးပျက်လာကြသည်။ ထို့ကြောင့် ... နောက်ကြောင်းကိုလှည့်ပြီး ပြန်ပြေးသူက ပြေးကြသည်။ ရဲသူများက သေသေကျေကျေ ဖွတ်အတင်းဝင်ပြီး တိုက်ခိုက်နေကြဆဲ။

တောခွေးဖြူအချို့သည် ကစဉ့်ကလျားဖြင့် ထွက်ပြေးကြရင်း တစ်ကောင်သော တောခွေးဖြူက ဂူဆီကိုရောက်သွားသည်။ ပန်လင်းနှင့်တန်းပြီးတော့ တိုးသည်။ ထိတ်လန့်သွားခဲ့လေ၏။

"ဟင် ... "

"ဟမ်း ... "

တောခွေးဖြူသည် ပန်လင်းကို မထင်မှတ်ဘဲတွေ့လိုက်ရသောအခါ ပါးစပ်ကြီးကိုဖြဲကာ ဟမ်းခနဲဆို မာန်ဖီလိုက်သည်။ နောက်ဆုတ် ... နောက်ဆုတ်နှင့်ရှိရင်း သူမကိုပေးထားသည့် ဓါးမြှောင်ကို သတိရသွားခဲ့သည်။ ခါးကြားမှ ဆွဲထုတ်လိုက်သည်။

တောခွေးရိုင်းသည် ဒေါသကြီးနေသည် ဖြစ်ရကာ ပန်လင်းကို တစ်ချက်တည်း ခုန်အုပ်လိုက်လေ၏။

"ဟမ်း ... "

"အား ... "

ပန်လင်းသည် အော်လည်းအော်၊ ဓါးမြှောင်နှင့်လည်း ကြောက်အားလန့်အားနှင့်အထိုး။ လည်ပင်းကို ထိုးမိသွားသည်။ တောခွေးဖြူက အရှိန်နှင့်သူမ၏ကိုယ်ပေါ်ကို ပိကျသွားခဲ့သည်။ သို့သော် ချက်ချင်းပင် ... လိမ့်ရှောင်ကာထွက်လိုက်သည်။ ကျောက်တုံးတစ်တုံးကို နှင်းကြားထဲမှာ စမ်းမိသည်နှင့် လဲနေလျက်က ခေါင်းလည်ပြီးထွက်လာသော ဒဏ်ရာနှင့်တောခွေးဖြူ၏ခေါင်းကို ဆတ်ကာ၊ ဆတ်ကာ ထုချလိုက်သည်။





ယင်းအချိန်တွင်၊ အဂ္ဂပိုင်သည်လည်း အပြေးရောက်လာသည်။

"ပန်ပန် ... "

"ကိုအဂ္ဂ ... "

ပန်လင်းသည် နေရာမှလူးလဲပြီးထကာ ပြေးလာသည်။

"ပန်ပန် ဘာဖြစ်သွားသေးသလဲ"

"ဘာ ... ဘာမှမဖြစ်ဘူး၊ ဟို ... ဟိုမှာ ... "

ပန်လင်းက အမောတကောနှင့် လက်ညှိုးထိုးပြသည်။ ...ခွေးဖြူမှာ ပန်လင်း၏လက်ချက်ကြောင့် ခေါင်းစိစိညက် ...က်ကျေကာ သေဆုံးနေလေပြီ။ လည်မြို့မှာလည်း ဓါးတန်း ...န်းနှင့်။

"တော်သေးတာပေါ့ ပန်ပန်ရယ် ... ဒီတောခွေးဖြူကြီး ပန်ပန်ရှင်းပစ်နိုင်ခဲ့တာ"

"မဟုတ်ဘူး ... တမင်ရှင်းပစ်တာ မဟုတ်ဘူး၊ ပန်ပန် ...ပီလုပ်ရာ လုပ်မိလိုက်တာ"

ပန်လင်းသည် အဂ္ဂပိုင်၏ရင်ခွင်ထဲမှာခုမှတကယ်ကြောက် ...သည်။ တောခွေးရိုင်းများသည် သူတို့၏အဖော်များ သေဆုံး ...ကြသည်ကိုကြည့်ပြီး သွေးပျက်ကာ ထွက်ပြေးသွားခဲ့ကြ ...သည်။

"တော်သေးတယ်ကွာ၊ ဟိုတစ်ယောက်က ဝင်လာပြီး ...လို့ ... ဒါနဲ့ ဘယ်ရောက်သွားပါလိမ့်"

"ဟိုဂူဆီကို ပြန်ပြေးသွားတာ တွေ့လိုက်တယ်"

သူတို့နှစ်ယောက်သည် ဂူဆီကိုပြေးသွားခဲ့ကြသည်။ ဂူ ... လူနှစ်ယောက်၊ သေဆုံးနေသော တောခွေးဖြူကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



တွေ့လိုက်ကြရသည်။ ထိုသူနှစ်ယောက်သည် အဂ္ဂပိုင်ကို မြ
လိုက်ကြရသည်နှင့် ...

"ဟင် ... သား"

"အဂ္ဂ ... "

ခေါ်လိုက်ကြသံများက ပြိုင်တူ၊ အဂ္ဂပိုင်လည်း အံ့အ
တသင့်ဖြင့် ကြည့်နေမိစဉ်မှာ၊ ထိုသူနှစ်ဦးမှ အင်္ကျီနှင့်တစ်ဆ
တည်းရှိသော ခေါင်းစွပ်ကို ဖယ်ရှားလိုက်ကြသည်။

"ဟင် ... အဖေ၊ ဦး ... ဦးမိုးသီး"

ကြောင်ပြီးကြည့်နေမိကြရာက ဖခင်ကိုကွမ်းခေတ်ကို ဖ
တွယ်မိလိုက်သည်။

"အ ... အဖေ မသေဘူးနော်၊ ဝမ်းသာလိုက်
အဖေရယ်၊ သားက အဖေ ... လူ့လောကကြီးထဲမှာ မရှိတေ
ဘူးမှတ်နေတာ"

ဝမ်းသာလိုက်လှဲစွာဖြင့် ပြောမိလိုက်သည်။

"ဦးရှုဝံက ဘယ်လောက်ပဲ ယုတ်မာပေမယ့် ကံကော
ထောက်မစွာနဲ့ အဖေ မသေခဲ့ပါဘူး သားရယ် ... "

"ကျွန်တော်ဖြင့် ဘယ်လိုဝမ်းသာမိမှန်းကို ပြောမပြ
တော့ပါဘူး၊ အဖေရယ် ... "

ထို့နောက် ... မိုးသီးကို ဖက်တွယ်မိလိုက်ပြန်သည်
"ဦး ... ဦးလည်းမသေဘူးနော်၊ ကျွန်တော်က ဦးအ
ကယ်လေ့နဲ့အတူ ဘယ်ကိုရောက်သွားပြီလဲလို့ မခန့်မှန်းနိ
တာ၊ ဘယ်လိုကြောင့် ဒီနေရာမှာ အဖေနဲ့လာပြီး ဆုံရတာ

"အဂ္ဂ ... မင်းအသက်ကယ်လေ့ပေါ်က ကျသွာ
ပင်လယ်ထဲမှာ သေဆုံးသွားခဲ့ပြီလို့ ထင်နေတာ၊ ခုတော့





အားလုံးမသေကောင်းမပျောက်ကောင်း ပြန်ပြီးတော့ ဆုံခွင့်ရ
တာ ဝမ်းသာလိုက်တာကွာ၊ ဟုတ်မှဟုတ်ရဲ့လား၊ အိပ်မက်မက်
နေတာလားလို့တောင် ထင်ရတယ်"

အားလုံး ဝမ်းသာအယ်လဲရှိနေကြသည်။ ထို့နောက် သူတို့
ကို ငေးရီပြီး ကြည့်နေသော ပန်လင်းကို သတိရသွားခဲ့ကြသည်။

"သား ... သူကလေးက"

"ဪ ... သူက ပန်လင်းတဲ့၊ ပန်ပန်လို့လည်းခေါ်တယ်၊
သားနဲ့ခရီးဖော်အတူတူဖြစ်ခဲ့တာ၊ နောက်မှပြောပြမယ် အဖေ၊
လာ ... ပန်ပန်၊ ဒါ ... ကိုယ့်အဖေနဲ့ ဦးလေး ... "

မိတ်ဆက်ပေးလိုက်သည်။ ပန်လင်းသည်လည်း ကြောင်
တက်တက်နှင့် ခေါင်းညိတ်လိုက်လေသည်။ သူမသည် ဘာကိုမှ
နားမလည်။

"ဒါနဲ့ သားတို့က ဒီကျွန်းပေါ်ကို ဘယ်လိုရောက်နေကြ
တာလဲ၊ လူသူမနေဘဲ တောခွေးရိုင်းဖြုတွေနဲ့ သားကောင်တွေ
သာကျက်စားနေကြတဲ့ ရေခဲကျွန်းပေါ်ကို သုံးလအတွင်း ဘယ်သူ
မှ ရောက်မလာကြဘူးသား"

ရေခဲကျွန်းကို ကိုကွမ်းခေတ်တို့ ပေးထားသော အမည်
ဖြစ်သည်။

"နောက်မှ အေးအေးဆေးဆေးပြောပြမယ် အဖေ၊ အဖေ
တို့နဲ့ပတ်သက်ပြီး ဘယ်လိုအသက်ရှင်ခဲ့ကြသလဲဆိုတာကိုလည်း
သိချင်သေးတယ်၊ သားတို့မှာ သင်္ဘောပါလာတယ်"

"သင်္ဘော ဟုတ်လား ... ရေသူမကိုသား ပြန်ရလာ
တာလား"

"မဟုတ်ဘူး ... နောက်တော့ အဖေတို့သိရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ဒါဖြင့်လည်း သွားကြရအောင်၊ ဟောဒီကျွ
ပေါ်မှာ တစ်စက္ကန့်တောင်မနေချင်တော့ဘူး၊ သုံးလလုံးလုံး
တောခွေးဖြူတွေနဲ့ပဲ ရင်ဆိုင်နေရတာ၊ ငါကတော့ ဒီကောင်
ကို ရှောင်တိမ်းသတ်ဖြတ်နေရတယ်၊ ဒါ ... တောခွေးဖြူတွေ
အရည်ခွံတွေကို ဖြစ်ကတတ်ဆန်း အဝတ်အစားချုပ်ဝတ်ထ
တာ ...

သူတို့အမျိုးတွေရဲ့ အရည်ခွံတွေကို ငါတို့က ဝတ်ထ
တော့ ပိုပြီး အငြိုးကြီးလေပေါ့ကွာ၊ လစ်ပြီဆို အုံနဲ့ကျင်းနဲ့လာ
တိုက်ခိုက်ကြတော့တာပဲ၊ တစ်တောလုံးမှာရှိကြတဲ့ သတ္တဝါ
ကိုလည်း ဒီကောင်တွေက ချမ်းသာမပေးကြဘူး"

"ငါကတော့၊ ဒီကိုရောက်လာတာ သိပ်မကြာသေး
ပေါ့ကွာ၊ ဒါပေမယ့် စားဖို့လည်းခက်တယ်၊ အသက်ရှင်ဖို့လည်
ခက်တယ်ကွ၊ ဒီတောခွေးဖြူတွေက ငါတို့အသားကိုစားချင်
တစ်ချိန်လုံး ချောင်းနေကြတာ၊ သူတို့အန္တရာယ်ကြောက်လို့
တစ်လုံးထဲမှာ အလုံပိတ်ပြီး အိပ်ကြရတယ်၊ မီးကိုတော့ အသ
မပြတ်ဖိုထားရတယ်၊ မီးရောင်ကိုတော့ ကြောက်ကြတယ်"

"ဟုတ်တယ် ... မိုးသီးရောက်လာမှ ငါလည်းအား
သွားတာ၊ တောခွေးတွေကငါတို့ကိုပဲ ဆယ့်နှစ်ရာသီချောင်း
တာ၊ တိုက်ခိုက်ကြပြီဆိုရင်လည်း အသက်ကိုလုကြရတာပဲသ
အပြင်ကိုထွက်ပြီး အစာရှာဖို့ခက်ခဲတော့ ... ငါတို့တိုက်ခိုက်
သေသွားကြတဲ့ တောခွေးအသေကောင်တွေကိုပဲ စားကြရတာ"

"ကဲ ... အဖေ၊ နောက်မှပြောကြတာပေါ့၊ ဟိုတော
ဖြူတွေနောက်တစ်ကျော့ပြန်ရောက်မလာနိုင်ဘူးလို့မပြော
ဘူး"





"အေး ... ဟုတ်တယ်"
ဂူထဲမှ ထွက်လိုက်ကြလေသည်။

ကမ်းခြေကိုအရောက်တွင် ကိုကွမ်းခေတ်နှင့် မိုးသီးတို့
သည် ရေပြင်တစ်နေရာတွင် ကျောက်ချရပ်နားထားသော
သင်္ဘောငယ်လေးတစ်စီးကို မမျှော်လင့်ဘဲ တွေ့လိုက်ရသည်။

"ဟာ ... တော်တော့်ကို အချိုးအစားကျနတဲ့ သင်္ဘော
လေးပါလား၊ ရုတ်တရက်ကြည့်ရင် ငါတို့ရေသူမနဲ့ မခြားတူနေ
တာ၊ သား ... ဒီသင်္ဘောကို ဘယ်လိုရလာခဲ့တာလဲ"

"ပြောပြပါ့မယ်အဖေ၊ အဲဒီသင်္ဘောနဲ့ပတ်သက်ပြီး ပြော
ရာတွေက အများကြီး၊ ကဲ ... ဟိုမှာ အသက်ကယ်ဖောင်"

အဂ္ဂပိုင်တို့ ဤမှာဘက်ကမ်းကို ဖောင်နှင့်ကူးလာခဲ့ကြ
ည်ကို သဘောပေါက်သွားခဲ့ကြသည်။ ဖောင်ကိုရေသို့ချကြ
ည်။ အလာတုန်းက နှစ်ယောက်၊ သင်္ဘောဆီကို ပြန်အသွား
လေးယောက်။ အဂ္ဂပိုင်နှင့် မိုးသီးတို့က တက်တစ်ချောင်းစီနှင့်
မြန်မြန်စွာ လှော်ခတ်သွားခဲ့ကြသည်။ သူတို့လမ်းတစ်ဝက်
ကအရောက်မှာပင် တောခွေးဖြူတို့က တောထဲမှ ပြေးထွက်
ခဲ့ကြသည်။

"ဝုတ် ... ဝုတ် ... ဝုတ် ... ဝုတ်"

တောခွေးဖြူများသည် ရေလယ်မှ ဖောင်ကိုမြင်လိုက်ကြ
ာအခါ ဒေါသတကြီးဖြင့် ခုန်ပေါက်ကာ အော်ဟစ်နေကြ
။ အချို့ဆိုလျှင် ရေထဲအထိ ဆင်းလာခဲ့ကြပြီး ဖောင်ဆီကို



www.burmeseclassic.com

www.burmeseclassic.com



လိုက်ကြမည်ပြုကြသေးသည်။

"တောခွေးတွေလိုက်လာကြပြီ၊ ငါတို့ထွက်လာတာ နည်း၊ နည်းလေးစောသွားပေလို့သာပေါ့ကွာ၊ မဟုတ်ရင်တော့ ဒီကောင်တွေနဲ့ထပ်ပြီးတော့ ရင်ဆိုင်ကြရဦးမှာပဲ"

ကိုကွမ်းခေတ်က နောက်ကိုလှည့်ကြည့်ရင်း ပြောလိုက်လေသည်။ တောခွေးဖြူများကား ကမ်းစပ်မှာ ယောက်ယက်ခတ်နေကြဆဲ။



အခန်း (၂၀)

ကမ်းပါးတင်ရှင်မည်သူလဲ

ကိုကွမ်းခေတ်သည် ... သဘော်လက်ရမ်းကို လက်နှစ်ဖက်ဖြင့်ထောက်ကာ ရေပြင်ပေါ်ကြည့်နေလျက် လေကအဆက်မပြတ်တိုက်နေသည်။ ရေသူမက တရိပ်ရိပ်နှင့်ပြေးနေသည်။ ညဉ့်သည် ... အမှောင်တစ်ဝက်ကိုလွှမ်းခြုံထားသည်။ သူအာရုံနှင့်အသိကအဝေးကိုရောက်နေစဉ်မှာ ... မိမိအနားသို့ရောက်လာသော အန္တရာယ်ကိုသတိမထားမိ။

"ခွပ်"

"အား"

ခေါင်းတွင်ထိခိုက်နာကျင်မှုတစ်ခုကို ခံစားလိုက်ရသည်။ အသိတရားက ရုတ်တရက်အမှောင်ကျသွားသည်။ အသိမဲ့သွားသည်။ သူ့ကျောပြင်ကိုတစ်ယောက်ယောက်က လက်နှင့် တွန်းလိုက်သည်။ ထို့ကြောင့် ... သဘော်ပေါ်မှအောက်ကို တရှိန်ထိုးင်ကျသွားခဲ့လေသည်။ ရေထဲသို့ကျသွားခဲ့စဉ်မှာ ... အအေးဓာတ်ကြောင့် ... ရုတ်တရက် ပြန်ပြီးတော့သတိရလာသည်။



www.burmeseclassic.com

www.burmeseclassic.com



ယင်းကပင် သူ့အသက်ကို ကိုယ်တိုင် ကယ်တင်ဖို့ဖြစ်လာခဲ့ခြင်းပင်။

သူတစ်ကိုယ်လုံးရေထဲကို စုံးစုံးမြုပ်သွားခဲ့သေးသည်။ မသိစိတ်က သတိပေးနေသေးသည်။ အသက်မရှူမိလိုက်။ ထို့ကြောင့် … အဆုတ်ထဲကိုရေတွေဝင်မလာခဲ့၊ ခြေနှစ်ချောင်းက အကြောက်အကန်ပင်တွန်းကန်ပစ်လိုက်သည်။ ထို့ကြောင့် ရေမျက်နှာပြင်ကို တစ်ရှိန်ထိုးပင်တက်လာခဲ့သည်။

"ဟား"

ရေအောက်မှလွတ်မြောက်သွားသည်။ အသက်ကိုဝအောင်ရှူပစ်လိုက်ရသည်။ ခေါင်းထဲမှနာကျင်နေဆဲ အနည်းငယ်မူးနောက်နေဆဲ၊ သတိမလစ်စေရန် နောက်ထပ်တစ်ဖန်ရေထဲသို့ပြန်ပြီး နစ်မြုပ်မသွားစေရန် အားတင်းထားရသည်။

"ငါ့ကို တစ်ယောက်ယောက်ကလုပ်ကြံလိုက်တာပဲ"

သူကျိန်းသေသိလိုက်သည်။ ဦးခေါင်းကလွဲပြီး အခြားသူမဖြစ်နိုင်၊ သားနှင့်မိုးသီးက အတန်တန်သတိပေးနေသည့်အထဲက မိမိကအယုံလွယ်ခဲ့သည်။ သူတစ်ပါးအပေါ်မှာ … ကရုဏာရေစီးကမ်းပြိုလိုက်တက်ပြီး သနားလွယ်တတ်သည်က မိမိ၏အားနည်းချက်တစ်ခု၊ ခုတော့ … ဘာတတ်နိုင်တော့မှာလဲ၊ လှိုင်းက အနည်းငယ်ထန်နေသည်။ လှိုင်းလုံးကြီးတွေကြားထဲမှာ ကိုယ်ကိုဖော့ထားရသည်။

ရေသူမကိုမတွေ့ရတော့။ လေအားကောင်းကောင်းနှင့်ရွေ့လျားသွားခဲ့ပြီဖြစ်သည်။ မမြင်ကွယ်ရာဆီကို ရောက်သွားခဲ့ပြီ။

"ငါသင်္ဘောပေါ်ကပြုတ်ကျခဲ့တာ ဘယ်သူမှသိကြဦးမှာမဟုတ်ဘူး"





သူကိုယ်တိုင်လည်း ရေစီးကြောင်းမှာရွေ့လျားလျက်မျောပါလျက်ရှိနေသည်။ ရေကျွမ်းသူဖြစ်သည့်အတိုင်း … အလိုက်သင့်ပင်မျောပြီးတော့လိုက်ပါသွားသည်။ ရေသူမကိုလိုက်မှီနိုင်ဦးမလားဟု မျှော်လင့်ချက်ထားမိလိုက်သေးသည်။ လှိုင်းကပိုပြီးတော့ကြီးလာသည်။ သူ့ကို အတင်းတွန်းတိုက်ပြီး သယ်ဆောင်သွားသည်။

"ဝေါ"

နောက်မှဝေါခနဲဆိုပြေးလိုက်လာသော လှိုင်းလုံးကြီးတစ်လုံးသည် တအားပင်ကော်ကာတင်လိုက်သည်။ လှိုင်းထိပ်ပေါ်ကိုရောက်သွားသည်။ တစ်ဖန်ပြန်ပြီးတော့ လျော့အကျတွင်အရှိန်နှင့် ခပ်ဝေးဝေးအထိရောက်သွားသည်။ ဤသို့ဖြင့် … လှိုင်းလုံးကြီးတွေက သူ့ကိုပင့်ကာရိုက်ကာ ဝေးသထက်ဝေးအောင် နည်းမျိုးစုံသုံး၍ခေါ်ဆောင်သွားကြသည်။

ညကမှောင်နှင့်မည်းမည်း၊ ခေါင်းထဲမှာရှိသည်က မိမိအသက်ရှင်ဖို့ပင် ကောင်းကင်ထက်ကို တစ်ချက်ကြည့်သည်။ ပန်းခေါင်ယံ ခုနစ်စင်ကြယ်သည်ပင် အမြီးထောင်စပြုနေပြီ၊ ကြယ်စုကိုလှစ်ခနဲသာမြင်လိုက်ရသည်။ လှိုင်းကတစ်ချက်ပင့်တင်လိုက်၍ မြောက်တက်သွားခဲ့ပြန်သည်။ ပြန်အကျတွင် ရေထဲမှာတစ်ပတ်လည်ထွက်သွားသည်။ ရေစီးကြောင်းအတိုင်း ခက်ခဲစွာမျောပါသွားရင်း အခွင့်သာလျှင်သာသလို ကမ်းဆီကိုမှန်းဆပြီးတော့ကူးသည်။

ထိုစဉ်မှာပင် …

ဘယ်ဘက်ရှိရေပြင်သည် … ပိုပြီးတော့လှုပ်လှုပ်ရှားရှားသွားသည်။ ယင်းနေရာတွင် ရုတ်တရက်မြူကျလာသလို



www.burmeseclassic.com

www.burmeseclassic.com



မှိုင်းတိုင်းတိုင်းကြီးဖြစ်သွားသည်။ ရေအောက်မှထိုးထွက်လာသော အရာတစ်ခု ရှည်မျောမျောသဏ္ဍာန်ကြီးတစ်ခုသည် မြွေကြီးတစ် ကောင်ကိုယ်ထည်ပမာ ... ရေမျက်နှာပြင်ကကင်းလို့ ကိုးပြီးကောင်း တက်သွားသည်။ ယင်းအရာကြီး၏ထိပ်ပိုင်းသည် လူတစ်ယောက် မျက်နှာသဏ္ဍာန်လိုလို ... ဆင်ဆင်တူနေသည်။ အတိအကျတော့ မဟုတ်။

ရှည်မျောမျောသဏ္ဍာန်ကြီးက ခွဲ့နှောင်းသောကိုယ်ဟန် ဖြင့် အထက်ကိုတိုးတက်သွားပြီးနောက် ... တခဏတော့ ယိမ်းထိုးနေသေးသည်။ ပါးလျားသောမြူကိုယ်ထည်ကြီးတစ် ဖြစ်နေသည်။ တစ်ဘက်သို့တစ်ဘက်သို့ထိုးဖောက်ပြီးတော့ပြ နေရသည်။ အစိုးမရပင်လယ်ကြီးတဲကို သူမည်ကဲ့သို့ရောက်လ မှန်းမသိလိုက်။

(အမှန်မှာရောက်လာနိုင်စရာအကြောင်းမရှိပေ။ မည်သို့ပြ ပျက်ပြောင်းလဲခဲ့သည်ကို အဖြေရှာ၍မရ)

ရေပြင်အထက် ပို၍မြင့်မားသည့်နေရာအတိထိုးတက်ရေ ကာ ယိမ်းထိုးနေသောရှည်မျောမျောအရာကြီးသည် ဝါးပြည် ပြည်းနှင့် ကိုကွမ်းခေတ်ဘက်ဆီကိုရွေ့လျားကာလာနေသည်။

ထူးခြားသောအနံ့အသက်တစ်ခုကြောင့် ... ကိုကွမ်းခေ သတိထားမိသွားခဲ့ရသည်။

''ဒါ ... အစိုးမရပင်လယ်ကြီးထဲမှာ ဖြစ်ပေါ်လေ့ရှိသ အနံ့အသက်မျိုးပဲ ငါဘယ်လိုကြောင့် ... ဒီအနံ့အသက်ကိုရ ပါလိမ့်၊ အဲဒီပင်လယ်ကြီးထဲကို ငါရောက်နေတာလား မဖြစ် ပါဘူး''

သူဘာယ်လိုမှနားမလည်နိုင်အောင် ဖြစ်သွားခဲ့ရလေသည်





(လူးဆန်းအံ့ဩဖွယ်ရာများနှင့် ပြည့်နှက်နေသော ... ကမ္ဘာမြူဒါတြိဂံဒေသကဲ့သို့ အစိုးမရပင်လယ်ကြီးသည်လည်း လူတွေနားလည်ရန် ခဲယဉ်းသောအကြောင်းအရာများနှင့် ပြည့် နှက်နေခဲ့သည်တကား)

မြွေကိုယ်ထည်ရှည်ရှည်မျောမျောအရာကြီးသည် ... လေထဲမှာလွင့်မျောလာခဲ့ပြီး ကိုကွမ်းခေတ်၏ရှေ့မှောက်ကိုရောက် လာခဲ့သည်။ ကိုကွမ်းခေတ်သည် ပက်လက်မျော၍လိုက်နေရင်း က ထိုအရာကြီးကိုအမှတ်မထင်မြင်တွေ့သွားခဲ့သည်။

''ဟင်''

သူ့အပေါ်မှာ ဝိုးပြီးယိမ်းထိုးနေသော ထိုအရာကြီးသည် အောက်ကိုခါးညွတ်ကာထိုးကျလာစဉ်၌ ... ပိုမိုဆိုးရွားသော အနံ့ကြီးကိုရှူရှိုက်မိလိုက်ရသည်။ မျက်နှာနှင့်တူသောအရာကြီး သည် သူ့အပေါ်ထိုးကျလာပြီး ...

''အား''

ထိုကျွန်းမျောသည် အလန့်တကြားနှင့်အော်မိလိုက်သည်။ ရေအောက်သို့တစ်ဖန်ပြန်ပြီးတော့ နစ်မြုပ်သွားခဲ့စဉ်မှာပင် ထိုအရာကြီးကသူ့ကိုတစ်ပတ်ပြီးတစ်ပတ် ရစ်ပတ်လိုက်သည်။ သူသည်လေထဲကို တစ်ဖန်ပြန်ပြီးတော့ မြောက်သွားသည်ကိုသာ သိလိုက်သည်။ နောက်တော့ဘာမှမသိတော့။

ကိုကွမ်းခေတ်သတိရလာသောအခါ ... ကမ်းခြေတစ်ခု ပေါ်တွင် တင်လျှက်ရှိနေသည့်အခြေအနေကို တွေ့လိုက်ရလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူသည် သတိလက်လွတ်ရှိတတ်သူမဟုတ်ပေ။ ချက်ချင်း ပင် ... သူဘာဖြစ်ခဲ့သည်ကို အားလုံးသတိရနေသည်။

"ငါ ဘယ်လိုကြောင့် ကမ်းခြေမှာလာပြီးတော့ တင်နေ တာပါလိမ့်"

ဤအချက်ကိုတော့ သူမေ့နေသည်။ မေ့နေသည်ကိုခြင်း ထက် မြူလိုလိုရှည်လျားသောအရာကြီးက သူ့ကိုရစ်ပတ်လိုက် သည့် အချိန်ကစပြီး ဘာကိုမှသတိမရတော့ပေ။

"အဏ္ဏဝါမယ်"

ကိုကွမ်းခေတ်၏နှုတ်မှ အလိုလိုပင်ထွက်သွားခဲ့သည်။ ယင်းမြူတန်းကြီးကို အစိုးမရပင်လယ်ကြီးထဲတွင် ... တစ် တစ်ရံမြင်ဖူးခဲ့သည်။ မုန်တိုင်းကျသောအချိန်တွင် ပေါ်လာတတ် ပြီး လေ့၊ သင်္ဘောများကယ်တင်တက်သည်ဟု ကိုယ်တွေ့ကြုံ ခဲ့ကြသူများက ပြောပြကြသည်။ မယုံတစ်ဝက်ယုံတစ်ဝက် ရှိခဲ့ သူတွေလည်း စောဒကမတတ်ကြပါ။ အငြင်းအခုန်လုပ်၍ရသ ကိစ္စမျိုးလည်းမဟုတ် ...

မိမိသည် ... ပင်လယ်ထဲမှာကူးခတ်ရင်း ... လှိုင်းပု ၍ရောက်လာခဲ့သည်လား။ အကြောင်းတစ်ခုခုကြောင့် ကမ်းပေါ် လာပြီးတင်နေသည်လား၊ သို့မဟုတ် ပင်လယ်အမိတ်ဆွေ အမည်ပေးထားကြသည့် 'အဏ္ဏဝါမယ်'ကြောင့်လားဆိုသည် သူပြောမပြနိုင်ပါ။ ကိုကွမ်းခေတ်သည် ... နေရာမှထကြည့်လို သောအခါ မိမိရောက်နေသည့်နေရာသည် ... ရေခဲဖုံးလွှမ်းလျ ရှိသော ကုန်းမြေကြီးတစ်ခုဖြစ်နေသည်။ ထို့အပြင် ... နှင်း ကလည်း တစ်ထပ်အပေါ်ဆုံးမှ ဖုံးလွှမ်းလျက်ရှိသည်။

"တော်တော်ထူးဆန်းတဲ့နေရာပဲ ရေခဲပြင်အတိကြီးလ



ဟုတ်ဘူး။ ဆီးနှင်းကလည်းဖုံး။ အောက်ခံကတော့ မြေလွှာ ယ်လိုကြီးပါလိမ့်"

သို့သော် ရေပြင်ကိုကြည့်လိုက်သောအခါ ... အချို့နေရာ းတွင် ... ရေခဲတုံးကြီးများမျောပါလျက်ရှိနေကြသည်။ အချို့ များများသည်ကား ရေခဲပြင်အတိ နေရာယူထားလျှက်–

"ဘယ်လိုကြမ္မာဆိုးမျိုးက ငါ့ဆီကိုရောက်လာခဲ့တာပါလိမ့် ဘယ်လိုအသက်ရှင်ပြီးတော့နေရမှာလဲ"

စိတ်ပျက်အားငယ်ခြင်း ဖြစ်သွားမိသည်။ သို့သော် က်ချင်းပင်အားတင်းမိလိုက်သည်။

"ငါအသက်မသေဘဲ ဒီရေခဲကျွန်းပေါ်ကိုရောက်ခဲ့တာ ကောင်း။ ဆက်လက်ပြီး အသက်ရှင်ခွင့်ရအောင် ငါကြိုးစားရ ပဲ"

ကိုကွမ်းခေတ်သည် လက်နက်မပါ လက်ဖဝါး၊ ခြေဖဝါး ည်းသက်သက်နှင့် ရေခဲကျွန်းပေါ်ကိုတက်လာခဲ့သည်။ ထိုအချိန် စပြီး တောထဲတွင်မင်းမူနေကြသော တောခွေးရိုင်းဖြူများနှင့် စဉ်ရင်ဆိုင်ရကာ သူတို့၏အသက်ကိုမခံပဲ ကိုယ်ကဦးအောင် တ်ဖြတ်ကာ အဟာရအတွက် ... ယင်းတို့၏အသားကိုပင် သောက်ခဲ့ရကြောင်း

တစ်ခါတရံကမ်းခြေသို့သွားကာ ... ကယ်တင်နိုင်မည့် သင်္ဘောတွေ့လိုတွေ့ငြား မျှော်ရသည်။ ငါးများကိုဆူးထိုး၍ဖမ်း ည်။ ခရုကမာကောင်လေးများကိုဖမ်းပြီးတော့ စားသောက်ရ ည်။ ကမာခွံကိုဓါးပမာထက်မြတ်လာအောင်သွေး၍ ဆံပင်များ ်လာလျှင်ဖြတ်၊ ပါးပြိုင်းမွေး၊ မုတ်ဆိတ်မွေးများရိတ်ကာ ကိုယ်မိမိပြုပြင်ခဲ့ရသည်။ အခြားသားကောင်များ၏အရည်ခွံ

www.burmeseclassic.com

www.burmeseclassic.com



များ၊ တောခွေးရိုင်းတို့၏အရည်ခွံများကို အအေးဒဏ်ခံနိုင်ေ
အဝတ်အစားချုပ်ဝတ်ခဲ့ရသည်။ ရေခဲကျွန်းပေါ်မှာ တဖြည်းဖြ
နှင့်နေသားကျလာသော်လည်း မိမိ၏အသက်ကို ... တော
ရိုင်းဖြူများထံ မအပ်နှံမိစေရန် အစွမ်းကုန်ကာကွယ်ရသ
များမကြာမီမှာပင် မိုးသီးလည်း မိုးပေါ်ပစ်ချလိုက်သလို ရေ
လာခဲ့၍ အားတတ်သွားခဲ့ရလေသည်။

ကိုကွမ်းခေတ်က ... သူ့ဖြစ်စဉ်ကို ... ရေသူမပေါ်
ပြောပြသည်။

''အဖေ့ကို ဒီတစ်သက်မတွေ့ရတော့ဘူးလို့ ထင်ထား
ဒါနဲ့ ဦးကတော့ ... ဘယ်လိုကြောင့် အဖေ့ဆီကိုမရောက်ခဲ့သ
ဆိုတာပြောပြပါဦး''

''အင်း ငါလည်းသေကံမရောက်ခဲ့ဘူး။ မင်းလှေကား
ကကျသွားပြီးကတည်းက ငါလည်းတော်တော်လေးကိုစိ
ကောင်းဖြစ်သွားခဲ့ရတယ်၊ ဒါကြောင့် ... မုန်တိုင်းထဲမှာ ဘ
လိုပဲသေသေ၊ ငါအသေခံတော့မယ်ဆိုပြီး စိတ်ဒုံးဒုံးချ
လိုက်တယ်၊ မင်း ... လှေကားပေါ်ကပျောက်ပြီး ... မကြ
မှာပဲ ... ''

မိုးသီးသည် ပင်လယ်ထဲမုန်တိုင်းကျစဉ်မှာ သူတွေ့
ခဲ့ရသည့်အဖြစ်အပျက်များကို အောက်ပါအတိုင်းပြန်ပြီး
ပြောပြလေသည်။ အနားမှာရှိနေသော ပန်လင်းသည်
ကိုကွမ်းခေတ်၏ အဖြစ်အပျက်များကို ရင်တထိတ်ထိတ်
နားထောင်ခဲ့ရပြီးနောက် ... မိုးသီးသည်းထိတ်ရင်ဖိုဖြစ်ရပ်
ဆက်လက်ပြီးတော့ နားထောင်ခဲ့ရပြန်လေသည်။





မုန်တိုင်းကရက်စက်ကြမ်းတမ်းစွာ တရပ်စပ်ပင်မွှေနေ
သောကြောင့် ... ပင်လယ်ပြင်ကြီးသည် လှိုင်းလုံးကြီးများဖြင့်
ကြွလျှက်ရှိနေသည်။ အစွယ်ငေါငေါထွက်ကာ သွားအဖြီးသား
ကြသော ဘီလူး၊ သဘတ်တွေသောင်းကျန်းနေကြသည့်ပမာ

ယင်းအချိန်တွင်မိုးသီးသည် လှေပေါ်မှာတစ်ယောက်
ည်။ သားစားဘီလူးက သားကောင်ကိုမစားမီ အရင်ကစား
ကဲ့သို့ လှိုင်းလုံးကြီးများကလည်း လှေကိုကျွမ်းထိုးမှောက်ခုံ
ပတတ်ကစားလျှက်ရှိနေကြသည်။

''အဂ္ဂ၊ အဂ္ဂ မင်းဘယ်ရောက်သွားလဲ ... ဒီနားမှာပဲလား
ဆီကိုအမြန်ကူးခတ်လာခဲ့၊ ငါဒီမှာရှိတယ်ဟေ့''

မိုးသီးသည် မိုးသံ၊ လေသံ တဝေါဝေါတသောသောကြား
မှာ ... အဂ္ဂပိုင်ကိုအော်ဟစ်ပြီးတော့ခေါ်နေသည်။ လှေနံကို
ကန်နှစ်ဖက်ဖြင့် ထောက်ကာ အော်ခေါ်လိုက်၊ လေးဘက်
ကြည့်ပြီး ဟိုဘက်ကိုလှည့်အော်လိုက် ဒီဘက်ကိုလှည့်အော်
က်နှင့် ဂနာမငြိမ်အောင်ပင်ဖြစ်နေသည်။ ရုတ်တရက် ရူးသွပ်
သူတစ်ယောက်လိုပင် ...

လှေစောင်းပြီး မှောက်သွားမကောင် ဖြစ်သွားသည်မှာ
ပါ၊ သူသည် ဘာကိုမှသတိမထားမိတော့ သေရမှာကိုလည်း
ကြောက်တော့၊ မိမိချစ်ခင်ခဲ့ကြသူ ရင်းနှီးခဲ့ကြသူများသည်
ပြီး သူ့ရှေ့မှာပျောက်ဆုံးသွားခဲ့ကြလေပြီ ဘာကိုမှတွယ်တာ
မရှိတော့ပါ။ သို့သော် ... လှိုင်းလုံးကြီးတွေက တစ်လုံးပြီး
လုံးလှေကိုရိုက်ခတ်ပြီး သူ့ကိုယ်ပေါ်မှကျော်သွားခဲ့ကြသည်။
ကားမမှောက် သူလည်းဘာမှမဖြစ်။

ထိုစဉ် ...



www.burmeseclassic.com

www.burmeseclassic.com



ရှတ်တရက်ဆိုသလို လှေဦးကို ရှည်မျော့မျော့အရာ တစ်ခုက လာရစ်ပတ်သည်။ ယင်းအရာကြီးသည်လှေဦး လက်ငါးချောင်းနှင့်ဆုပ်ကိုင်ထားသလိုပင်၊ သို့သော် ညဘက် လည်းဖြစ်ပြန်၊ မှန်တိုင်းကျ၍ မိုးမှောင်လည်းကျနေစဉ်မို့ သေ သဲကွဲစွာမမြင်နိုင်၊ လှိုင်လူး လှေလည်းလူးနေသည့်အတွက် သာဆိုးနေလေတော့သည်။ ထိုအရာကြီးသည် လှေကိုအပ ဆုပ်ကိုင်ကာ ရေအောက်မှနေ၍ဆွဲပြေးသည်။ လှေသည် လှိုင်းကြီးများပေါ်မှ ခုန်ပေါက်ကျော်လွှားကာပါသွားသည်။

လှေပြေးနှုန်းမှာ မည်မျှပင်မြန်သနည်းဆိုလျှင် အရာ လုံးသည် မြင်ကွင်းထဲမှာ ရိပ်ခနဲ၊ ရိပ်ခနဲနှင့်သာကျန်ရစ်ခဲ့ တော့သည်။ ဆူညံသောအသံများသည်လည်း ဝီးခနဲ ဝီးခ နေကာ လုံးထွေးနေခဲ့သည်။ အောက်မှနေ၍လှေကိုဆွဲပြေး သတ္တဝါကြီးသည် ရေဘဝဲကြီးတစ်ကောင်လော၊ သို့သော် ရေဘဝဲတစ်ကောင်သည် ဤမျှသောအမြန်နှုန်းဖြင့် ဆွဲပြေ မည်မဟုတ်။ မိုးသီးသည်လှေဝမ်းထဲမှာမှောက်ချလိုက်ကာ ဓ နှစ်ဘက်တို့ကို လက်ဝါးဖြင့်ကျစ်ကျစ်ပါအောင် ဆုပ်ကိုင် သည်။

လှေသည်လည်း ကျွမ်းထိုးမှောက်ခုံမဖြစ်၊ ရေပေါ်မှာ လိုက်ပြီးပြေးနေသည်နှင့်မတူပဲ လေထဲမှာတောက်လျှောက် သွားသည်နှင့်တူနေသည်။ နားထဲမှာ မုန်တိုင်းအော်သံ၊ မိုး လေသံ၊ လှိုင်းပုတ်သံများက တမုဟုတ်ချင်း ပျောက်ကွယ် ခဲ့ကြသည်။ အေးစက်သောခံစားမှုက ခန္ဓာကိုယ်ထဲကိုဝင်ရေ လာခဲ့ကြသည်။ မည်သို့ဖြစ်ပါလိမ့်မဟူ၍ ခေါင်းထောင်ပြီး ကြည့်လိုက်ရာ ...





"ဟင် ... "

မြင်ကွင်းအားလုံးသည် ဖြူဖြူဖွေးဖွေး ရေခဲပြင်ကြီးဖုံးလွှမ်း သောနေရာကို သူ့အံ့အားသင့်စွာပင်မြင်လိုက်ရသည်။ ရေခဲ ကျောက်ဆောင်၊ မျှောပါနေသောရေခဲတုံးများက တငြိမ့်ငြိမ့်နှင့် မှေသည်လည်း အရှိန်ဟုံ့သွားခဲ့သည်။ လှေကိုဆွဲပြေးသော ရအောက်မှအရာကြီးကိုလည်းမတွေ့တော့ မိုးစင်စင်လင်းနေ လျက် သူမသေနိုင်တော့ ...



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၁ )
## ရွှဲလုံးဖေခင်

''အဲ့သလိုနဲ့ငါလည်း ဒီရေခဲကျွန်းပေါ်ကိုမထင်မှတ် ရောက်လာခဲ့တာပဲကွာ၊ ပင်လယ်ရေထဲနစ်မသေပဲ အသက် ခွင့်ရခဲ့ပေမယ့် ... ငါတစ်ယောက်တည်း အသက်ရှင်ခွင့်ရခဲ့ ဘာကောင်းသလဲ ကိုယ့်ရဲ့လုပ်ဖော်ကိုင်ဖက်၊ ခင်မင်တဲ့သူ အားလုံး အသက်ဆုံးရှုံးခဲ့ကြမှတော့ ... ငါ့ဘဝမှာအသက်ရှင် လည်း အဓိပ္ပါယ်မရှိဘူးဆိုပြီး စိတ်အားငယ်သွားမိတယ်၊

ဒါပေမဲ့ ရေခဲကျွန်းပေါ်တက်လာပြီး နှစ်ရက်အကြာ ဆရာကွမ်းခေတ်နဲ့အမှတ်မထင်ဆုံတွေ့လိုက်ရလို့ ဝမ်းသာခဲ့ရ ပေါ့''

မိုးသီးသည် သူ ပင်လယ်ထဲမှာကြုံတွေ့ခဲ့ရသည့် အဖြစ် အပျက်ကိုပြန်ပြီးတော့ ပြောပြခဲ့သည်။

''မင်းရဲ့အဖြစ်အပျက်ကလည်း တော်တော်စိတ်ဝင် စရာပဲမိုးသီး၊ အသက်ကယ်လှေက ဒီကိုအမြန်ဆုံးနည်းနဲ့ရေ လာခဲ့တာကိုက ပဟေဠိတစ်ခုပဲ မင်းလည်းငါ့လိုပဲ အစိုး





ပင်လယ်ကြီးထဲကိုရောက်သွားခဲ့တာပဲလား''

''အစိုးမရပင်လယ်ကြီးထဲကို ရောက်စရာအကြောင်းမရှိ နိုင်ဘူးဆရာ၊ ဒါပေမယ့် ထူးထူးဆန်းဆန်းတွေဖြစ်တတ်တာက အဲဒီပင်လယ်ကြီးပဲဆိုတော့ ကံကြမ္မာကတွန်းပို့လိုက်လို့ တကယ် ပဲရောက်သွားသလား၊ အဲဒါကိုတော့ ဘယ်လိုမှသဘောမပေါက် နိုင်တော့ဘူး။ ဆရာ့ကိုလည်းပြောခဲ့ပြီးပြီပဲ အခုထက်ထိအဖြေရှာ လို့ကိုမရတာ''

''အေး ဒါလည်းဟုတ်တာပဲလေ၊ ငါကိုယ်တိုင်က အစိုးမရ ပင်လယ်ကြီးထဲကိုဘယ်လိုရောက်သွားမှန်းမသိတာ၊ ပြီးတော့ ဒီနေရာကိုတွန်းပို့ပစ်လိုက်တယ် ပြောတဲ့ဒါနဲ့ သားရဲ့အဖြစ်အပျက် တွေကိုလည်း အဖေသိပါရစေဦး၊ ပြီးတော့ ဒီကလေးမပန်လင်း နဲ့ ပတ်သတ်ပြီးတော့လည်းပေါ့ ... ''

''ဟုတ်ကဲ့ ဒီလိုပါအဖေ ... သား အသက်ကယ်လှေပေါ် ကကျသွားတော့ ရေအောက်ကိုဒါရိုက်ရောက်သွားခဲ့တယ် သတိ ကြီးကြီးထားတော့ ချက်ချင်းပဲ ရေပေါ်ကိုတက်လာနိုင်ခဲ့တယ် ဒီလိုနဲ့ နောက်တစ်ကြိမ်ရေအောက်ကို ရောက်သွားပြီး ပြန်တက် လာမှာ ရေထဲမှာမျောပါလာတဲ့ အမာခံပစ္စည်းတစ်ခုက ခေါင်း ကို ဝင်ပြီးတော့ဆောင့်သွားတယ် သားလည်းသတိလစ်သွားပြီး ဘာမှမသိရတော့ဘူး ဒီလိုနဲ့သတိရလာတဲ့အခါမှာ ... ''

အဂ္ဂပိုင်သည် သူ့ကိုလူထူးဆန်းကြီးမှ နဂါးဂဏ်ကယ်တင် လိုက်ပုံ၊ မိုးနဂါးနှင့်ပတ်သက်သည့် သိသင့်စရာအကြောင်းများ ရေလုံသင်္ဘောအိမ်ကြီးထဲမှာ ... သူနေပြီး ရေအောက်မှာသွားလာ နေသူ တစ်နေရာပြီးတစ်နေရာရွှေ့နေသူ ရေလုံပိတ်သင်္ဘောကြီး ထဲမှာ ကြီးမားသောစာအုပ်စင်ကြီး ခေတ်မီစွာတည်ဆောက်



www.burmeseclassic.com

www.burmeseclassic.com



ထားပုံများ–

မိုးနဂါးသည် ကစ်ယောက်တည်းနေစဉ် စိတ်တန်ခိုးနှ ပတ်သက်သည့်ကျင့်စဉ်များကို ကျင့်ပုံရကြောင်း၊ မိမိအတွက် ရေသူမသဘော်နှင့် တစ်ပုံစံတည်းတူသော သဘော်ငယ်တစ်စီး ကို တည်ဆောက်ပေးခဲ့ကြောင်း ရေလုံပိတ်သဘော်ကြီးထဲမှ ရက်အတန်ကြာနေပြီး ကုန်းပေါ်သို့ပြန်တင်ပေးခဲ့သည်များ။

သည့်နောက် ... ပန်လင်းနှင့်ပတ်သက်သည့်အကြောင်း အရာများ သူမကိုပင်လယ်ဓားပြငရဲ၏လက်ထဲက ဖွန့်ဗားပြီ ကယ်တင်ခဲ့ရပုံ၊ မိုးနဂါးကမြောက်ဝှူးဝှူးကိုသွားဟု လမ်းညွှန် သည်။ ငရဲလက်ထဲမှလွတ်မြောက်ရန် ရေသူမ–၂နှင့်ထွက်ပြေးစ မှန်တိုင်းမိသည်။ ပင်လယ်အထက် လေစီးကြောင်းထဲမှာ လွ မျောခဲ့ပြီး ဤရေကျွန်းနေရာသို့ ရောက်လာခဲ့ကြောင်းများကိုပါ ပြောပြလိုက်သည်။

''အင်း ငါတို့သုံးယောက်ဒီရေခဲကျွန်းမှာ လာပြီးစုဆုံကြ တာ ... တော်တော်အံ့အားသင့်စရာကောင်းတာပဲ ချိန်းထား ရင်တောင် ဘယ်လိုနည်းနဲ့လာရမှန်းမသိတဲ့နေရာ ငါ့တစ်သက် မှာ ဒီလိုနေရာမျိုးကိုရောက်လာခဲ့ရမယ်လို့ အိပ်မက်တောင်မမက် ခဲ့ဘူး''

ကိုကွမ်းခေတ်က သူတို့၏အဖြစ်အပျက်ကိုအံ့အားသင့်ရ မဆုံး ပန်လင်းလည်းယခုမှပင် အဂ္ဂပိုင်နှင့် ပတ်သက်သမျှအား လုံးကိုသိသွားခဲ့ရသည်။

''ကဲ ... သမီးလည်းဘာမှအားမငယ်နဲ့ ဦးတို့ရှိတယ် ဖြစ်သမျှအကြောင်း အကောင်းချည်းပဲပေါ့ကွယ်''

''ဟုတ်ကဲ့ ခုလိုအားပေးတာကျေးဇူးတင်ပါတယ်''



ပန်လင်းသည် လူအင်အားကို တိုးပွားလာသည့်အတွက် းတတ်သွားမိသည်။

''ဒီသဘော်လေးကို ကောင်းကင်လေစီးကြောင်းကနေ ယ်လာပေးခဲ့သလိုဖြစ်နေတယ် တချို့လေယာဉ်ပျံပေါ်ကနေ ချပြီး လေစီးကြောင်းအတိုင်းမျောပါနေနိုင်တာ ဒါမျိုးထင်ပါရဲ့ းတို့ဟာတိုက်ဆိုင်မှုကြောင့် ဒီနေရာကိုရောက်လာခဲ့ကြတာပဲ၊

ဘာတဲ့ ရေလုံပိတ်သဘော်ကြီးဟုတ်လား မိုးနဂါးဆိုတဲ့ ဟာ အဲဒီထဲမှာပဲနေတယ် သားကိုယ်တိုင်ကြုံဘူးခဲ့လို့သာ က်ခံလိုက်ရတာ မဟုတ်ရင် ပင်လယ်ထဲနစ်လို့သွေးပျက်ပြီး ပုံချင်ရာတွေပြောနေတယ်လို့ထင်မှာပဲ''

''သြော် အဖေရာ သားအဲဒီထဲမှာ မိုးနဂါးနဲ့အတူတကယ် နေခဲ့တာပါ ခု သူဘယ်ကိုရောက်နေပြီလည်းမသိဘူး သူ့ရုပ်ရည် ကိုမြင်ကြရင် အံ့အားသင့်သွားလိမ့်မယ် ဒါပေမယ့် ဉာဏ်ကတော့ တယ်၊ လူထူးဆန်းကြီးတစ်ယောက်ပဲ သူနဲ့အတူနေခဲ့ရတဲ့ က်တွေဟာ တန်းဖိုးရှိတယ်''

အဂ္ဂပိုင်သည် ... မိုးနဂါးနှင့်တူနေခဲ့ရသည့်ရက်များကို ပြန်လည်သတိရနေမိသည်။ ပန်လင်းကတော့ ... သူတို့သားအဖ းတို့၏ အဖြစ်အပျက်များကို အစအဆုံးကြားလိုက်ရ၍ အံ့အား သင့်နေမိသည်။

''ဒီ ... ရေသူမ–၂ ကို သူရဲ့ရေလုံပိတ်သဘော်ကြီးထဲမှာ ထုတ်ခဲ့တာဟုတ်လား၊ ဒါဆို သူ့သဘော်ကြီးကတော်တော်ကြီးမှာ ''

''ဟုတ်တယ် ကြီးတယ် သုံးအိမ်ထောင်စာလောက်နေလို့ ရတယ်၊ ရေပေါ်မှာလည်းသွားနိုင်တယ်၊ ရေအောက်မှာလည်း

www.burmeseclassic.com

www.burmeseclassic.com



သွားနိုင်တယ် မီးစက်ကအစရှိတယ် ရေအောက်ကငါးတွေကို ဖမ်းနိုင်တယ်''

''အင်း ... ဒီလူဟာ ရေအောက်မှာနေနေရတာကို ကျင့်သားရနေပြီပဲ၊ ဒါပေမယ့် ရေပေါ်တက်တဲ့အခါမျိုးလည်း ရှိ မှာပေါ့၊ ဒါပေမဲ့ သားနဲ့အတူနေတဲ့အချိန်မှာတော့ ဒီလိုမျိုးမ ခဲ့ဘူး''

''ငါက ... ဒီသင်္ဘောကိုသဘောကျနေတာ တော်တော် ကိုအချိုးအစားကျနတာပဲ''

''သားက ရေသူမရဲ့ပုံစံကိုရေးဆွဲပြလိုက်တာ သူ့ ပစ္စည်းပစ္စယအစုံရှိတယ်၊ စတိုခန်းကလည်းအကျယ်ကြီးပဲ အား လုံးကိုတစ်ခုစီလုပ်ပြီးမှ တပ်ဆင်လိုက်တာ သူသုံးတဲ့ကောင်တ မျိုးကလည်း မီးလောင်တာတောင်ပျက်စီးမသွားဘူး၊ သားတ တာကတော့ ဒီအလုံပိတ်သင်္ဘောကြီးနဲ့ နိုင်ငံခြားထိသွားတ ထင်တယ် ... ဒါကြောင့် ဒီလိုအကောင်းစားပစ္စည်းတွေကို လာနိုင်ခဲ့တာ''

''အေးကွ သင်္ဘောကိုဆင်ထားတဲ့ပစ္စည်းတွေက တက ကို အကောင်းစားတွေချည်းပဲ သားပြောတာဖြစ်နိုင်တယ် သူ့ဆီက ... ဒီအတတ်ပညာတွေကို မလေ့လာခဲ့ဘူးလား''

''သူကသင်ပေးပါတယ်အဖေ သားမသိသေးတာတွေ ရလို့ ဗဟုသုတလည်းတိုးခဲ့ရတာပေါ့ သူ့ဆီမှာသင်္ဘော ဆောက်ပုံဒီဇိုင်း စာအုပ်တွေအများကြီးပဲ ဘာသာမျိုးစုံနဲ့ရေး တာ''

''ဟင် တော်တော်အဆင့်အတန်းမြင့်တဲ့လူပဲ သူ့ပညာ ကုန်းပေါ်မှာကောင်းကောင်းအသုံးချခဲ့ရင် ဟန်ကျမှာ၊ ဒီသ





ကိုလေစီးကြောင်းထဲမှာ အလိုက်သင့်ပါသွားနိုင်အောင် ထွင်နိုင်တဲ့ ည်းစနစ်က တော်ရုံပညာမဟုတ်ဘူးကွယ့် ... သူထွင်ထားတဲ့ က်တွေက လေယာဉ်တောင်ပျံတွေလိုလည်း အသုံးချနိုင်တယ်''

ကိုကွမ်းခေတ်နှင့်မိုးသီးတို့သည် ရေသူမ-၂ ကိုအထပ်ထပ် လေ့လာရင်း သဘောကျနေမိသည်။ ဦးရှုဝံအပိုင်စီးသွားသည့် ရေသူမကိုလည်း နှမြောတသနေမိသည်။ သတိရသွားခဲ့သည်။

''ဒါနဲ့ အဖေတို့က ဒီသင်္ဘောနဲ့ဘယ်လိုခရီးဆက်ကြမလဲ သား''

ကိုကွမ်းခေတ်သည် အစီအစဉ်ကိုမည်သို့ချမှတ်ရမှန်း သိအောင်ပင်ရှိနေသည်။ အဂ္ဂပိုင်က တစ်ခဏတော့စဉ်းစားနေ သည်။

''သားတို့ရဲ့ရေသူမကို ပြန်ရဖို့အရေးကြီးတယ် အဖေ၊ နဂါးပြောတဲ့အတိုင်း ... အနောက်မြောက်စူးစူးကိုပဲ ဆက်ပြီး သွားချင်တယ်၊ ဘာပဲဖြစ်ဖြစ်အကြောင်းထူးလိမ့်မယ်လို့ ထင်နေ တယ်''

''အနောက်မြောက်ဟုတ်လား၊ အဲ ... ဒါလည်းရေခဲပြင် စ်ဝက်၊ ရေပြင်တစ်ဝက်ဖုံးလွှမ်းနေတဲ့ နေရာမျိုးပဲဖြစ်မှာပဲ၊ နဂါးကမထင်မှတ်တာတွေ အားလုံးဖြစ်လာလိမ့်မယ်ဆိုတဲ့ ပိတ်ဖတ်စကားအတိုင်း ဆက်သာသွားကြရမှာပေါ့ သားရယ်''

ရေသူမသင်္ဘောအပိုင်စီးထားသော ဦးရှုဝံနှင့်သင်္ဘောသား နောက်တို့၏အခြေအနေသည်ကား ... သင်္ဘောသည်



www.burmeseclassic.com

www.burmeseclassic.com



အေးစက်သောရေပြင်ကိုဖြတ်ပြီးတော့ မောင်းနေရသည်။ ဆင်ပေါက်က မျောပါနေသောရေခဲတုံးကြီးများနှင့် မတိုက်မိ ရန် ... သတိထားပြီးတော့ပဲ့ကိုင်နေရသည်။ ရှေ့မှာလည်း ရေခဲတုံးအကြီးအသေးတွေကစိပ်လာသည်။ နောက်မှာလည်း မျောပါလာခဲ့သည့် ရေခဲတုံးကြီးတွေကို ရှောင်ရပြန်သည်။

''ဟော့ ... ငါတို့သင်္ဘောရှေ့ဆက်သွားဖို့ခဲယဉ်းနေ ဘယ်လိုလုပ်ကြမလဲ''

''ဟုတ်တယ် ရှေ့မှာရေခဲတုံးကြီးတွေ နောက်ကတစ် ထိုးမျောပါလာတဲ့ ရေခဲတုံးကြီးတွေကိုတော့ သတိထားမိသ တိုင် ရှောင်ဖို့မလွယ်ဘူး ဝင်တိုက်ရင် သင်္ဘောတစ်စီးလုံး ညက်ညက်ကြေသွားနိုင်တယ်''

ဆင်ပေါက်က အခြေအနေသုံးသပ်ရင်း ပြောသ အလင်းရောင်ကလည်း နေ့အသွင်မှလုံးဝပျောက်ကွယ်သွားသ အပြာရောင်ရောနေသောအလင်းရောင်ကြီးက ရေခဲပင်လယ် ကိုလွှမ်းခြုံထားသည်။ ဦးရှုဝံသည် ရွှဲလုံးကြီးကိုထုတ်ကာ နှ တတွက်တွက်နှင့်ရွတ်နေသည်။ သူ့ရွှဲလုံးကြီးကလည်း အဝ နတ်ခမ်းသဏ္ဍာန်၊ မျက်လုံးသဏ္ဍာန်၊ တိမ်တောင်သဏ္ဍာ သစ်ပင်တောတောင်များသဏ္ဍာန်နှင့် ချားရဟတ်လည်သ လည်ပတ်လျှက်ရှိသည်။

''အင်း ... ဒီလူကြီးတော့ ရွှဲလုံးကြီးကိုထုတ်ပြပြီး ငါတို့ကိုဘယ်လိုအယုံသွင်းဦးမလဲမသိဘူး''

ဆင်ပေါက်က စိတ်ထဲကမြင်းပြင်းကာတ်ကာပြော သည်။ မကြာလိုက်ပါ ဦးရှုဝံဆီက အသံထွက်လာသည်။

''ဟုတ်ပြီ ဟုတ်ပြီ ပော့ကောင်ဆင်ပေါက် သင်္ဘေ





ရှေ့ဆက်ပြီးမောင်းသွား တည့်တည့်သာသွား ငါရဲ့ရည်ရွယ်ချက် အောင်မြင်လိမ့်မယ်တဲ့''

''ရွှဲလုံးဗေဒင်က အဲသည်လိုပြောသလား''

''ဟော့ကောင် မင်းလျှာမရှည်နဲ့ ငါပြောသလိုလုပ် ငါ့ကို ရော်မော်ကားပြောတဲ့ကောင် မင်းကိုသတ်ပြီး ရေခဲပြင်အောက် တစ်ခါတည်းမြှုပ်ပစ်ခဲ့မယ်''

ဦးရှုဝံသည် ဆင်ပေါက်ကိုလက်ညှိုးငေါက်ငေါက်ထိုးကာ ပြောလိုက်သည်။

''ခင်ဗျားကြီးပြောထားဦးပေါ့ နောက်တော့မှ ဆင်ပေါက် ကောင်လည်းဆိုတာ ကောင်းကောင်းသိစေရမယ်''

ဆင်ပေါက်ကလည်း စိတ်ထဲမှကြုံးဝါးလိုက်သည်။ ရေသူမ ထိမ်းကာဆက်ပြီးတော့ မောင်းလာခဲ့သည်။ ဤမှာပင်လျှင် ဝင်မှတ်သောအခြေအနေတစ်ခု ဖြစ်လာခဲ့သည်။ လေက အားဆောင့်ပြီးတော့တိုက်ခတ်လာသည်။

''ဝူး ... ဝေါ ... ဝေါ ... ဝူး ... ဝေါ ဝေါ ...''

ပေါ်ထွက်လာသည့် လေသံကြီးကိုကနားမချမ်းသာစရာ။ ဝင်ဟိုးကြီးတွေထောင်ပေါင်းများစွာအော်ဟစ်လိုက်ကြသလိုပင် သည်းထဲအူထဲမှာ လှိုက်လှိုက်ပြီးတော့တက်လာခဲ့သည်။ ကြောင့် ... ရွက်ကြီးများမှာလည်း ပိုမိုဖောင်းကားလာခဲ့ သည်။ ထို့ကြောင့် သင်္ဘောသည် ရှေ့ကိုတစ်ရှိန်ထိုးပင်ပြေး လေတော့သည်။

''ဟာ ဆင်ပေါက် ဆင်ပေါက်ပဲ့ကိုသေသေချာချာကိုထိန်း တုံးတွေကိုဝင်တိုက်ကုန်လိမ့်မယ်၊ ဦးရှုဝံကပါ အထိတ် နှိုဖြင့်သတိပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



''တောက် ဆရာကွမ်းခေတ်ရဲ့ သဘော်ာဖြစ်နေလို့ပေါ့ကွာ မဟုတ်ရင် ဖြစ်ချစ်ရာဖြစ်၊ ငါ့အသက်ကိုလည်းနှမြောမနေတော့ ပါဘူး။ သင်းမျက်နှာကိုလည်းငါမမြင်ချင်တော့ဘူး''

ရေသူမသည် ရေခဲတုံးများ၊ရေခဲကျောက်များကိုရှောင်ရှား ကာ စွတ်ရွက်ပြီးတော့ပြေးနေသည်။ မရှောင်သာရင်တော့ ကျိုန်း သေဝင်တိုက်မိတော့မည် ယင်းသို့ဖြစ်လာခဲ့ရင်တော့ ဘယ်လို မှမတတ်နိုင်၊ ကိုကွမ်းခေတ်၏သဘော်ာသာမဟုတ်ခဲ့လျှင် ရေခဲ တောင်တစ်ခုခုနှင့် တမင်တိုက်ပစ်မိမှာမလွဲ သဘော်ာတစ်စီးဖြစ် ပြီးနစ်မြှုပ်သွားကာ အားလုံးရေအောက်ကိုရောက်သွားကြမှ ကိစ္စ ပြတ်မည်။ သဘော်ာသားငါးယောက်တို့သည်လည်း ... ဘီလူးစီး သဘာတ်စီးသည့်ပမာပြေးနေသော သဘော်ာကြောင့် ရင်တထိတ် ထိတ်နှင့်ရှိနေကြရသည်။ ရှေ့တွင် နှစ်ခြမ်းကွဲသောရေခဲပြင်ကြီး တစ်ခုက သူတို့ကိုဆီးပြီးတော့ကြိုနေသည်။ ရေစီးကြောင်းက အလည်တည့်တည့်မှာပဲရှိတော့သည်။ အင်္ဂလိပ်အက္ခရာ Vကို မှောက်ထားသည့်အတိုင်း ^ ပုံသဏ္ဌာန်ဖြစ်နေသည်။ သဘော်ာကို ဘယ်ညာတိမ်းရှောင်လို့ကလည်းမဖြစ်တော့. ဝင်တိုက်မိမှာမလွဲ။

''ဟော့ကောင် ဘယ်လိုမှမတွေ့နဲ့တော့ တည့်တည့်သာ သွား''

''ကျုပ်သိတယ်''

အခြောက်တိုက်အမိန့်ပေးနေသည့် ဦးရှုဝံကိုပိုပြီးတော့ မုန်းသွားခဲ့သည်။ ထိုစဉ်မှာပင်လျှင် ရေသူမသည်ရေခဲပြင်နှစ်ခု ကြားထဲကို ဝင်သွားခဲ့လေပြီ၊ ရေခဲပြင်နှစ်ခုကြားကရေစီးကြောင်း သည် ကျဉ်းသထက်ကျဉ်းလာခဲ့သည်။ မကြာမီမှာ ... သဘော်ာ ဘေးနံရံများက ... ရေခဲပြင်နှစ်ခုကို ပြင်းထန်စွာဝင်တိုက်မိမည့်





ကို စိုးရိမ်မိရသည်။ ညပ်သွားနိုင်သည်။

ထိုစဉ်မှာပင် လေတိုက်နှုန်းက ချက်ချင်းပင်လျော့ကျသွား ခဲ့သည်။ ပြေးနေသောသဘော်ာသည်လည်း ချက်ချင်းပင်အရှိန် လျော့ကျသွားခဲ့လေသည်။ ရေလမ်းကြောင်းသည်လည်း တဖြည်း ဖြည်းနှင့်ကျဉ်းမြောင်းလာသည်။

''ဂျစ် ... ဂျစ် ... ဂျစ်''

သဘော်ာဘေးနံရံများသည် ... ရေခဲများဖြင့်ပွတ်တိုက်သွား ခဲ့ကြသည်။ နှစ်ခြမ်းကွဲသွားသော ရေခဲပြင်ကြီးနှစ်ခုသည် ခပ်စောင်းစောင်းအနေအထားဖြင့် ... ထိပ်ပိုင်းမှထိစပ်လျှက်ရှိ ရကား သဘော်ာသွားသည့်လမ်းကြောင်းသည် ကျဉ်းသထက်ကျဉ်း လာသည်။ နောက်တော့ ဆက်မသွားနိုင်တော့ပဲ ... ရပ်တံ့သွား ခဲ့လေသည်။

''ဆက်သွားလို့မရတော့ဘူး''

ခေါင်းကြီးက ဦးရှုဝံကိုမျက်နှာလိုမျက်နှာရပြောလိုက် သည်။ စိတ်အလိုမကျ ဒေါသထွက်နေသောဦးရှုဝံက ...

''ဖြန်း''

ခေါင်းကြီး၏ခေါင်းသည် လည်ထွက်သွားသည်။ ပါးတစ် ဖက်လည်း မီးစနှင့်အထိုးခံလိုက်ရသလို ပူခနဲခံစားသွားခဲ့ရသည်။

''ငါသိတယ်မြင်တယ်၊မင်းလာပြီးဆရာလုပ်စရာမလိုဘူး''

ခေါင်းကြီးသည် အခြောက်တိုက်ကြီးခံလိုက်ရ၍ ဒေါသ ထွက်သွားသည်။ သို့သော် ... သူ့အာရုံကိုစိုးမိုးနေသော ဦးရှုဝံ ၏ညှို့ချက်များသည်လည်း ချက်ချင်းပင်ပျောက်ကွယ်သွားခဲ့ရ လေ၏။ ထိုအခါစိတ်ခံစားမှုအမှန်က ပြန်ပြီးတော့ပေါ်လာခဲ့တော့ သည်။



www.burmeseclassic.com

www.burmeseclassic.com



"တောက် ဒီလူကြီးတော့ကွာ"

ပါးပြင်ကိုပွတ်သတ်ရင်း မကျေမနပ်ဖြစ်သွားခဲ့ရလေ၏။



## အခန်း ( ၂၂ )
## ငရဲသင်္ဘောကြီးမှာ

နောက်ပိုင်းတွင်ကျန်ရစ်ခဲ့သော ပင်လယ်ဓားပြငရဲ၏
ခြေအနေသည်ကား ငရဲသည်ပန်လင်းကိုသင်္ဘောပေါ်မှာအပိုင်
ပ်းသွင်းရန်ကြိုးစားနေဆဲမှာပင် တိုက်ခိုက်ခံလိုက်ရသည်။
လင်းလည်းပါသွားခဲ့သည်။ သူသတိမေ့ပြီးတော့ ကျန်ရစ်ခဲ့
ည့်သူ့ကိုမည်သူက တိုက်ခိုက်သွားသည်မသိလိုက် တပည့်များ
ပိုင်းပြီးနှာညှုပ်ကြမှ သတိရလာခဲ့သည်။ သို့သော် ခံစားနေရ
ည်ကတော့မသက်သာလှ။

"ငါ့ကိုဘယ်ကောင်စော်သွားတာလဲ မင်းတို့ထဲကတစ်
ယာက်ယောက်ပဲလားဟေ့ အားကျွတ်ကျွတ် ..."

"ဆရာ ကိုယ်ထင်ရာတွေလျှောက်ပြောနေတာကိုး
သင်္ဘောပေါ်ကိုလူတစ်ယောက်တက်လာခဲ့တာ ဟိုကောင်မလေး
ည်းပါသွားခဲ့ပြီ"

"ဟင် ဟုတ်လား သူတို့နောက်ကိုချက်ချင်းလိုက်မသွား
ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



''လိုက်သွားကြပြီဆရာ ဒါပေမဲ့ ခုထက်ထိပြန်မလာ
သေးဘူး''

''ဟော ... တောက်''

(အဂ္ဂပိုင်နှင့် ပန်လင်းတို့နောက်ကိုလိုက်သွားခဲ့ကြ
ငရဲ၏တပည့်အချို့သည် ကျောက်ဆောင်ကိုမော်တော်နှင့်
တိုက်မိ၍ တစ်ယောက်မကျန်ဇာတ်သိမ်းသွားခဲ့ကြပြီဖြစ်၍

''ဒီကောင်တွေရမ်းပြီးလိုက်နေကြတာလား ဘယ်သူ
မသိဘဲနဲ့ လျှောက်လိုက်နေကြရင် ဆုံးတော့မှာမဟုတ်
သဘော်ထွက်မယ် ငါကိုယ်တိုင်လိုက်မယ်''

''ဆ ဆရာကြီး ညကြီးမင်းကြီးမှာမဖြစ်ဘူးထင်တ

''ဖြစ်တယ် ငါ့ကိုဆော်သွားခဲ့တာနှစ်ခါရှိပြီလက်ချ
တော့လာမှာမဟုတ်ဘူး၊ ဟိုကောင်မလေးပါမိရင် ကေ
ကောင်းကိုသင်ခန်းစာပေးရမယ်''

''မဟုတ်ဘူးဆရာကြီး ဒဏ်ရာရထားတယ်ဆိုတော့
ပြီးတော့လှုပ်လှုပ်ရှားရှားမလုပ်သင့်သေးဘူး ပြီးတော့လှည်း
တွေနဲ့လည်း ပက်ပင်းတိုးနိုင် ... ''

''ဟော့ကောင် ... ပါးစပ်ပိတ်ထားနောက်တစ်ခါထပ်
ရင် မနက်နေထွက်တာတောင် မမြင်နိုင်ဘဲဖြစ်သွားလိမ့်မ

ထိုလူပါးစပ်ပိတ်သွားသည်။ ငရဲက နာမည်ကြီးပင်
ဓားပြ၊ သူ မထင်လျှင်လက်ရင်းတပည့်ကိုပင်ချမ်းသာ
အသက်ကိုနှုတ်ယူတတ်သည်။ အကျိုးသင့်အကြောင်းသင့်
လည်း လက်ခံသူမဟုတ်။ ခိုးကြောင်ခိုးဝှက်ထားသော ငရဲ
ရှိသဘော်သည် ကျောက်ဆူးကိုတင်ကာ နေရာမှချက်ချ
ထွက်လာခဲ့သည်။





ချေပြင်ပေါ်ကိုမိုးမောင်းမထိုးရဲ၊ မိမိတို့၏သဘော် ဤအနား
ပိုက်ရှိနေသည်ကို လှည့်ကင်းသဘော်တစ်စီးကမြင်တွေ့သွား
လျှင် ရှုပ်ကုန်လိမ့်မည်။

''ဟော့ကောင်တွေ ဒီအနားမှာ စက်လှေမော်တော်တစ်စီး
ရသလား၊ ကြည့် ဟိုကောင်မလေးနဲ့အတူငါ့ကိုတိုက်ခိုက်သွား
ကောင်လည်းရှိနိုင်တယ်''

''ဟုတ်ကဲ့''

ဟုတ်ကဲ့သာလိုက်ရသည် မော်တော်စက်လှေတစ်စီးစီး
တွေ့သည့်တိုင် သိပ်ကျိုးနိုးသေသည့်ကိစ္စမဟုတ် ငရဲကတစ်
ဖက်ကန်း အန္တရာယ်လည်းမမြင်၊ ညသန်းခေါင်လောက်က
း လေကတအားကောင်းစွာတိုက်ခိုက်လာသည်။ ထိုအခါ
ပင်လယ်ဓားပြကြီးသည် ရွက်ကြီးများဖောင်းကားလာခဲ့ကြ
တရိပ်ရိပ်နှင့်ပြေးနေလေတော့သည်။ ငရဲကိုယ်တိုင်သဘော်
ပုနေ၍ အောက်ကိုလိုက်ပြီးတော့ကြည့်သွားသည်။

အမှောင်ထဲမှာ မည်သည့်မော်တော်၊ စက်လှေကိုမတွေ့
ပါးထိုးပြီးတော့လည်းမရှာရဲ၊ သူ့ကိုအလိုရှိနေကြသည့် ဥပဒေ
က်တော်သားများက မတော်တဆတွေ့သွားကြမှာစိုးသော
ကြောင့်ဖြစ်သည်။

''ဝုန်း ... ဝုန်း ... ဝုန်း''

လေအတိုက်ကကြမ်းလာသောကြောင့် ရေလှိုင်းများ
ကျောက်ဆောင်တချို့ကို တဝုန်းဝုန်းနှင့်တိုက်ခိုက်နေကြသည်။

''ဟော့ ငါတို့ ... ကျွန်းတစ်ကျွန်းရဲ့အကွယ်မှာဝင်ခိုနေ
ယ်လို့ ... ''

''မရတော့ဘူး ဆရာကြီး၊ ကျွန်တော်တို့သဘော်ဘယ်ကို



www.burmeseclassic.com

www.burmeseclassic.com

ရောက်နေသလဲမသိဘူး သေသေချာချာကြည့်ပါဦး''

ပဲ့ကိုင်ကလှမ်းပြီးတော့အော်လိုက်သည်။ သို့သော် လေ ကြောင့်တိုးတိုးသဲ့သဲ့မျှသာကြားလိုက်ရသည်။ ထိုအခါငရဲသ သင်္ဘောဦးဆီကနေ၍ ရေပြင်ကိုမြူးပြီးတော့ ကြည့်လိုက်သည် အမြင်ကဆန်းကြယ်နေသည်။ ကမ်းနစ်ဘက်ကိုမမြင်ရတော့ ကမ်းနစ်ဘက်သည် အစိမ်းရောင်မိုးခိုးလုံးကြီးများသဏ္ဍာန်ဖြ ပေါ်လျှက်ရှိသည်။ အရောင်တွေက တောက်ပလွန်းနေကြသည်

"ဟိုက် ... ဘယ်လိုဖြစ်သွားကြတာလဲ ငါတို့ဘယ် ရောက်နေကြတာလဲ၊ သင်္ဘောလမ်းကြောင်းဘာဖြစ်လို့မပြော တာလဲ''

"ပဲ့ကို ကိုယ့်သဘောအတိုင်းထိန်းလို့မရတော့ဘူးဆ ကြီး သင်္ဘောကသူသွားချင်ရာကိုသွားနေတာ ဘာကြောင့်လဲ မသိဘူး''

ပဲ့ထိန်းကလှမ်းပြီးတော့အော်လိုက်သည်။ သင်္ဘောသ အားလုံးကလည်း အလိုလိုနေရင်းထိတ်လန့်နေကြလေပြီ၊ ယင် အစိမ်းရောင်ကပင်လျှင် တဖြည်းဖြည်းနှင့်ဖြန့်ကျက်လာခဲ့သည် သင်္ဘောကိုပင်စွန်းထင်လာခဲ့လေပြီ၊ သင်္ဘောကြီးတစ်စင်းလုံ လူတွေရော၊ အရာဝတ္ထုများအားလုံး အစိမ်းရောင်ဖြစ်သွားခဲ့ သည်။

(ယင်းသို့မဖြစ်မီအဂ္ဂပိုင်နှင့်ပန်းလင်းတို့သည် ရေသူမ နှင့်ထွက်ပြေးခဲ့ကြသည်။ မုန်တိုင်းမိပြီး သင်္ဘောက လေစီးကြော အတိုင်းပါသွားသည်။ နောက်ဆုံး ငရဲကျွန်းသို့ရောက်သွားခဲ့ သည်။ ယင်းသို့ဖြစ်ပြီး သကာလ ငရဲတို့ကအဂ္ဂပိုင်နှင့် ပန်းလင် တို့ကို ယင်းညမှာပင်လိုက်ရှာကြရာ ယင်းအချိန်တွင် မုန်တိုင်





ညီးစဲခဲ့ပြီ ကွက်ကွက်ကလေးဝိုက်ခတ်ခဲ့သော မုန်တိုင်းကို ရဲတို့သင်္ဘောက အဖျားခတ်ပင်မခံလိုက်ရ၊

ယခု မုန်တိုင်းစဲပြီးသကာလ ... ဆန်းကြယ်သောအခြေ နေတစ်ခုကို ကြုံတွေ့လိုက်ကြခြင်းပင်၊ ရှေ့ဆက်၍ ... )

"ဟာ ... ဒါ ... လုံးဝမဖြစ်သင့်ဘူး၊ ဒီနေရာဟာ ငါတို့ ှားလာနေကြနေရာပဲ၊ ဘာဖြစ်လို့ပြောင်းလဲသွားခဲ့ရတာလည်း မြင်မှားနေကြတာများလား''

"မပြောတတ်ဘူးဆရာကြီး လေကတအားကိုကောင်းနေ ယ်၊ သင်္ဘောကလည်းသွားချင်ရာကိုသွားနေတယ်၊ဟာဆရာ ိုင်းလှိုင်းလုံးကြီးတွေ''

ပိုပြီးအထိတ်တလန့်ဖြစ်စေနိုင်သောအရာများက ... ိမ့်လှိုင်းလုံးကြီးတွေက တစ်လုံးပြီးတစ်လုံးတက်လာခဲ့ကြခြင်း ်တည်း၊ ထိုလှိုင်းလုံးကြီးများကလည်း အရောင်စိမ်းစိမ်းကြီး ျားပင် ...

"ဝုန်း ... ဝုန်း ..."

လှိုင်းအဟော်ကြောင့် သင်္ဘောကြီးကမြောက်တတ်သွားခဲ့ ြသည်။ ပြန်အကျတွင် ခေါင့်ချလိုက်သလိုဖြစ်သွားသည်။ ပြီဟု စိတ်ကိုဒုံးဒုံးချလိုက်ကြသည်။ သို့သော် သင်္ဘောက ဘက်သည်ဘက်သည်တစ်ပြန်စီစောင်းသွားသည်။ နစ်မသွား ယအဟုန်မှာကစုန်ပေါက်ကာ ရေပြင်ထက်တွင်တရိပ်ရိပ်ပြေး ှားနေသည်။ ငရဲသည်အခြေအနေကို ကြုံတွေ့နေရစဉ်မှာ သယဝင်လာခဲ့သည်။

"ငါတို့ကို အစိုးမရပင်လယ်ကြီးထဲကို ရောက်အောင်တွန်း ိုက်ကြတာများလား''


www.burmeseclassic.com

www.burmeseclassic.com



သင်္ဘောသားများသည် … အစိမ်းရောင်များကိုယ်ထည် မှာ စွန်းထင်းခံလိုက်ရပြီးချိန်၌ … စိတ်တွေဂယောချောက်ချား ဖြစ်လာခဲ့ကြသည်။ ပင်လယ်စုန်းကပ်ငြိခံရချိန်မှာ … ခံစား သကဲ့သို့ဖြစ်လာသည်။

"ဟော့ … ဟော့ မင်းတို့သတိထားကြ၊ တစ်ယောက်နဲ့ တစ်ယောက်အထင်မြင်မှားနိုင်ကြမယ့် အခြေအနေမျိုး"

ငရဲကသတိပေးသည်။ သို့သော် တစ်ယောက်မျက်နှာတစ် ယောက်ကြည့်ပြီး စိတ်တွေခက်ထန်လာကြသည်။

"ဟော့ကောင်မင်းကငါ့ကိုဘာကြည့်နေတာလဲကွ၊ မင်းကို ကြည့်ရတာ ငါတို့လူနဲ့လည်းမတူဘူး၊ ပင်လယ်ထဲကတက်လာ တဲ့ နာနာဘာဝကောင်လား"

"ဘာကွ … ဒီလိုစကားမေးရမှာ မင်းကကော ငါတို့ အထဲကမဟုတ်ဘူး၊ တစ္ဆေတစ်ကောင်ဟုတ်တယ် ရုပ်ကြမ်းကြီး နဲ့သေပေတော့"

တစ်ယောက်နှင့်တစ်ယောက်အထင်မှား၍ အမြင်မှားဖြစ် လာခဲ့ကြသည်။ ထို့ကြောင့် … တိုက်ခိုက်သတ်ပုတ်ကြလေတော့ သည်။ လက်လက်ခြင်းတိုက်ခိုက်ကြသလို ခက်ထန်ကြမ်းတမ်း လာခဲ့ကြပြီဖြစ်၍ လက်နက်များပင် ပါလာခဲ့ကြလေတော့သည်။

"သေစမ်း သေစမ်း မင်းကဘယ်သူလဲ၊ ပင်လယ်ကတက် လာတဲ့ကောင်လားကွ"

"မင်းကကောဘယ်ကကောင်လဲ၊ ဘယ်လိုကြောင့် သင်္ဘောပေါ်ကိုရောက်လာခဲ့တာလဲ ကဲကွာ ကဲကွာ"

အခြေအနေမကောင်းလှ၊ တစ်ယောက်ကိုတစ်ယောက်မ မှတ်မိကြတော့၊ သွေးထွက်သံယိုဖြစ်သည်အထိ သတ်ပုတ်သတ်





ဖြတ်ကုန်ကြလေတော့သည်။

"ဖြောင်း" "ခွပ်" "အား"

"ဟော့ ဟော့ကောင်တွေ မင်းတို့မင်းတို့ အချင်းချင်းတွေကွ"

ငရဲသည် … သင်္ဘောကြီးခုနစ်ပေါက်ကာလူးနေသည့်ကြား က … အော်ဟစ်ပြီးတားဆီးသည်။ ဓါးရှည်ကြီးကိုလည်း ဝှေ့ယမ်းကာ ဟိန်းဟောက်နေသော်ကလည်း ထူးခြားမှုကမရှိ သို့ကြောင့် ကြံရာမရဖြစ်သွားခဲ့ကြသည်။ နောက်တော့ သူကိုယ် တိုင်ပင်လျှင် စိတ်တတ်ကခက်ထန်လာခဲ့လေတော့သည်။

"မင်းတို့ကွာ ငါ့စကားကိုနားမထောင်ကြတော့ ငါ့လူ ဟုတ်ကြလို့ပဲဟော့၊ ပင်လယ်ထဲကတက်လာခဲ့ကြတဲ့တစ္ဆေကောင် တွေ သေကြပေတော့"

ပြေးဝင်သွားခဲ့သည်။ ထိုအခါ ရှုပ်ထွေးမှုများဖြစ်သွားခဲ့လေ ရာ အော်သံ၊ ဟစ်သံ၊ နာကျည်းစွာအော်လိုက်ကြသံများက ပြည့်သွားခဲ့လေတော့သည်။ သွေးသံရဲရဲနှင့် လဲကျသူကလဲ၊ ပြေးကျသူကပြေး၊ ထိုးသူကထိုး၊ ခုတ်သူကခုတ်နှင့် ငရဲပွတ်သံ ကြည်မှာ ဒါကိုပြောတာလားဟု ဆိုရမလောက်ပင် … ထိုအချိန်တွင် သင်္ဘောအစိမ်းရောင်လွှမ်းခြုံခြင်းခံနေရကာ ပိုင်းလေကြားထဲမှာ ခုန်ပေါက်ပြီးတော့ပြေးနေသည်။ ရေမြင် ကွင်းကလည်း အစိမ်းရောင်မီးခိုးလုံးကြီးများလိုလို … မြူတွေ လိုက ဖုံးလွှမ်းရွေ့လျားလျှက်ရှိနေသည်။ အအေးဓာတ်က လည်း ရုတ်တရက်လွှမ်းခြုံလာခဲ့လေရာ လျှင်မြန်စွာပြောင်းလဲ ဖြစ်ခုကိုထပ်ပြီးတော့ ကြုံလိုက်ကြရပြန်သည်။

ထိုစဉ်မှာပင် …

"ဝိုး … ဝိုး … ဝိုး"



www.burmeseclassic.com

www.burmeseclassic.com



လေထဲမှလွင့်စင်လာသောအရာများ လူးလည်ခါနေ သဘော်ကိုလာမှန်သည်။ ရွက်တိုင်တစ်ခုက ဖြောင်းကနဲဆို ထွက်သွားသည်။ အရာဝတ္ထုတွေကိုလာမှန်သည်။ လူတွေကို မှန်သည်။

"ဖြောင်း ... ဝုန်း ... အား"

ယင်းအရာများကား အခြားမဟုတ်၊ ရေခဲတုံးများ တည်း။ အရွယ်အစားအမျိုးမျိုးရှိကြကုန်သော ရေခဲတုံးများ လေထဲမှာလောက်လွဲနှင့်ပစ်နေသလို ပလူပျံအောင် ဖြစ် သည်။ မည်သည့်နေရာက မည်သည့်အကြောင်းကြောင့်လွင့် ရောက်လာခဲ့ကြမှန်းပင်မသိချေ။ အချို့ကလည်း ကြောက် လန့်အားနှင့် သဘော်ပေါ်ကခုန်ချကြသည်။

"အား"

ထိုအခါ အေးစက်သောရေထဲသို့ ကျသွားခဲ့ကြ သွေးခဲမတတ်ခံစားသွားခဲ့ကြရလေသည်။ ရေထဲကိုကျသွား သူများသည် အစိမ်းရောင်လှိုင်းလုံးကြီးများ၏ ဖုံးလွှမ်း ခံလိုက်ကြရလေသည်။ အစိမ်းရောင်မြူလုံးကြီးများက လေ ကြမ်းတိုက်ခတ်နေသည့်တိုင် လွင့်ပါးမသွားကြပဲ။ ဘေးတ တစ်ချက်ဆီသို့ ရှဲသွားကြရုံသာ၊ ထိုအခါမြင်ကွင်းမှာ သည်ကား ရေခဲတောင်ကြီးများ ရေခဲကျောက်ဆောင် ကဲ့သို့ အရာများပင်တည်း။

ငရဲပင်လယ်ဓားပြသဘော်ကြီးသည် လှိုင်းထန် ရေစီးကြောင်းအတိုင်း တစ်ရှိန်ထိုးပင်ဝင်သွားခဲ့သည်။ ဘက်မှာလည်း ရေခဲတုံးများကပြတ်ကာမျောပါလာခဲ့ကြ အားလုံးသည်ရေခဲပြင်ကြီးအတိ။





ရှေ့တွင်ပတ်ကြားအက်နေသော ရေခဲတောင်ကြီးတစ်ခုက ထီးပြီးတော့ခံနေသည်။ လေကတရမန်းကြမ်းတွန်းပို့သဖြင့် သဘော်ကြီးမှာ တစ်ရှိန်ထိုးပင် ဦးတည်ပြီးမျောပါသွားခဲ့လေရာ

"ဟာ ... ရှေ့ ရှေ့မှာ"

သတိပြန်ပြီးဝင်လာသော သဘော်သားတချို့က အလန့် တကြားဖြင့်အော်လိုက်ကြသည်။ ငရဲသဘော်ကြီးသည် ရေခဲ တောင်ကြီးဆီကို ဦးတည်ပြီးတော့သွားလေပြီတည်း။

"ဟော့၊ ဟော့၊ ဟော့၊ ငါ ... ငါတို့"

ငရဲက ... သူတို့ဆီကိုပြေးဝင်လာသလိုဖြစ်နေသော ရေခဲတောင်ကြီးကိုကြည့်ပြီးတော့ အော်မိလိုက်သည်။ သဘော် သားအချို့ရေထဲကို ခုန်ချကြသည်။ သို့သော် ... ငရဲသဘော် ကြီးကားပတ်ကြားအက်ရေခဲကြီးထဲကို အရှိန်ဖြင့်တိုးဝင်သွားခဲ့ပြီ ဖြစ်ပါသတည်း။

"ဝေါ ... ဝေါ ... "

သဘော်ကြီးအထဲကိုရောက်သွားခဲ့သည်နှင့် ရေခဲတောင် ကြီး၏အက်ကြောင်းကြီးသည် အလိုလိုပင်ပြန်ပြီးတော့စေ့သွား ပုံလေ၏။

"ဂျိမ်း"

အနောက်မြောက်စူးစူးကိုပင် ဆက်ပြီးထွက်လာခဲ့ကြသော ရေသူမ–၂ သဘော်မှာ ... ကိုကွမ်းခေတ်၊ အဂ္ဂပိုင်၊ မိုးသီးနှင့် လင်းတို့ပါလာခဲ့ကြသည်။ ရေခဲတုံးများကြားတွင် ဖြတ်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရခြင်းပင်၊ တကယ်တော့ ရေခဲပင်လယ်ကြီးက တမူထူးခြား ဖြင့် သူတို့ကိုကြိုဆိုလျှက်ရှိနေဆဲပင် နေ့ ညခွဲခြား၍မရနိုင်သေ အလင်းရောင်မှိုင်းမှိုင်းကြီးက ဝန်းကျင်ကိုစိုးမိုးထားသည်။

မည်သည့်နေရာကိုပဲကြည့်ကြည့်၊ ရေခဲငွေ့များကချော ချောင်းထလျှက်ရှိသည်။ သို့သော် … သဘော်သည် ပွဲကိုင်ရလူ ကူကာ အေးဆေးစွာငြင်ရွေ့လျားလျှက်ရှိနေသည်။ ရေခဲတုံး ကို သဘော်ဦးကတွန်းဖယ်ကာ ခရီးဆက်လာခဲ့ကြသည်။ မိမိ ၏ခရီး မည်သို့အဆုံးသတ်ရမှန်းမသိ၊ ရည်ရွယ်ချက်လည်း သဘော်ခေါ်ဆောင်ရာကိုသာ လိုက်ပါလာခဲ့ကြသည်။

တစ်နေရာအရောက်တွင် ထူးခြားသောရေစီးကြောင်း ကိုရောက်သွားခဲ့ကြသည်။ မိုးသီးကပ္ပဲကို ထိန်းပေးရုံနှင့်သဘော် သည် ညာဘက်ကိုကွေ့စိုက်ပြီးတော့ ဝင်သွားခဲ့လေသည်၊ ကိုကွမ်းခေတ်က သဘော်ဦးပိုင်းမှနေ၍ အခြေအနေကိုအ ခတ်လျှက်ရှိသည်။

မကြာမီ … မြင်ကွင်းသင်္ကေတတစ်ခုက ဘွားခနဲ ပေါ်လာခဲ့လေသည်။ ရှေ့မှာကြီးမားကျယ်ပြန့်သော ရေခဲပြင် တစ်ခုက ဆီးပြီးခံနေသောကြောင့်ပင်တည်း။ ရေလမ်းကြောင်း ကွေ့ပိုက်ကာ သွားနေသော်လည်း သဘော်ကအလိုလိုပင် ကပ် ကပ်ပြီးသားဖြစ်သွားခဲ့ရလေ၏။



အခန်း ( ၂၃ )

## ရေခဲနန်းတော်

''သဘော်ကဆက်သွားလို့မရတော့မယ့်အတူတူ တို့ဆင်း ကြမယ်ဟေ့''

ကိုကွမ်းခေတ်ကအားလုံးကို နှိုးဆော်လိုက်သည်။ ယခုမှ သဘော်ဦးစီးတစ်ယောက်၏အသံမျိုးထွက်ပေါ်လာခဲ့သည်။ မိမိပိုင် သဘော်တစ်စီးလုံး ဆုံးရှုံးခဲ့ပြီဖြစ်သည်။ ယခုရေသူမ–၂ သည် အတွက်ရသေ့စိတ်ဖြေသဘောမျိုးသာ သဘော်ကျောက်ဆူးကို ပိုင်ကချလိုက်ရသည်။ ကမ်းသို့ကပ်ထားသည့်နေရာမှာပင် ရေအောက်ကိုအတော်လေးနက်နေသေးသည်။

သဘော်ပေါ်မှဆင်းလိုက်ကြသည်။ ပိုပြီးအသည်းခိုက် ောင်အေးသောနေရာဖြစ်သည်။ ကုန်းမြေကြီးတစ်ခုလုံးသည် ပေါ်မှရေခဲများ ဖုံးလွှမ်းလျှက်ရှိနေသည်။ ရေခဲပေါ်မှာ … လွှာကတစ်ထပ် ရေခဲကျွန်းများကဲ့သို့ပင် သို့သော် ယခုနေ သည် ပိုပြီးတော့ကျယ်ပြန့်သည်။ နှင်းဖုံးနေကြသော သစ်ပင် များသည် စိပ်သည့်နေရာကစိပ်၊ ကြဲသည့်နေရာကကြဲနှင့်



www.burmeseclassic.com

www.burmeseclassic.com



ချုံများလည်းရှိသည်။ နှင်းဖုံးနေ၍ ဆွတ်ဆွတ်ဖြူလျှက်ရှိနေ
သည်။

ဤနေရာမှာ ထူးခြားမှုတစ်ခုခုရှိနေလိမ့်မည်ဟု မသိစိ
ထဲမှာ အလိုလိုပင် ... ခံစားလက်ခံထားမိကြသည်။ သစ်ပ
ကြီးများကြပ်းသောနေရာကို လျှောက်လာခဲ့ကြသည်။ လေက
ချက်တစ်ချက်ပင့်ကာတိုက်လိုက်စဉ်မှာ ... အအေးဓာတ်
ရိုးတွင်းချင်ဆီထိတိုင် ထိုးဖောက်ပြီးတော့ ဝင်သွားခဲ့သည်။ အ
ခက်လှသည်။

"ဦး ... ဟိုမှာ"

ပန်လင်းကတစ်နေရာကို လက်ညှိုးထိုးပြလိုက်သ
တွေ့လိုက်ရသည်ကား ... သမင်ဖိုကြီးတစ်ကောင် မလှုပ်မယှ
နေရာမှာပင်မတ်တတ်ရပ်နေသည်။ တစ်ကိုယ်လုံးသည် ရေ
များဖုံးလွှမ်းလျက်ရှိ၏။ ရေခဲထဲကိုရောက်နေသည့် သမင်ဖို

"ဒါ ... ဘယ်လိုဖြစ်တာလဲ၊ သားကောင်တစ်ကိုယ်
ကိုရေခဲက ဝါးမြိုထားသလိုပါလား"

ကိုကွမ်းခေတ်က အံ့အားတသင့်ဖြင့်ပြောလိုက်သ
နောက်တစ်နေရာတွင်လည်း ကျားကြီးတစ်ကောင်ကထိုအ
ရေခဲထဲကိုရောက်နေတာလား။ ရေခဲ၏ဖုံးလွှမ်းခြင်းကိုခံလိုက်ရ
လား မပြောတတ်၊ နောက်ထပ်သုံးလေးနေရာလောက်
တောခွေး၊ ဝက်ဝံဖြူကအစ ဆင်းရိုင်းကြီးများအထိ ရေခဲ
ရောက်နေကြသည်ကို တွေ့လိုက်ကြရသည်။

"အဖေ ... ဒီသတ္တဝါတွေဟာ ရုတ်တရက်ရာသီ
ပြောင်းလဲသွားတဲ့ ဒဏ်ကိုခံလိုက်ကြရတာဖြစ်မယ်၊ နဂိုမူလ
တော့ ရိုးရိုးကုန်းမြေပဲ၊ မမျှော်လင့်ဘဲရောက်လာတဲ့ ရာသီဥ





ပူတို့ကို ဒုက္ခပေးသွားခဲ့ကြတာပဲ၊ သစ်ပင်တွေကိုပဲကြည့်ပါလား။
ကိုင်းအခက်တွေကအစ ... ရေခဲချေးတွေကပ်နေကြတာ"

"ဟုတ်တယ် ... သားပြောတာနီးစပ်တယ်၊ အခြေအနေ
ကနေ့ချင်းညချင်းကိုပြောင်းလဲသွားတာမျိုး နှစ်ကိုရာချီမကကြာခဲ့
လောက်ပြီ ဘုရား ဘုရား ဒါဘယ်လိုနေရာမျိုးပါလိမ့်"

မည်သို့မှ အဖြေရှာမရသော အခြေအနေမျိုးပင် တကယ့်
ရေခဲတောင်များ၊ ရေခဲတောင်ပူစာများဖြစ်ထွန်းနေကြသလို
တောင်ကုန်းတောင်ပူစာအချို့သည် ရေခဲများဖုံးလွှမ်းခြင်းကို ခံနေ
ကြရသည်။ သို့သော် ... ရေခဲဖုံးလွှမ်းခြင်းခံနေရသော
တောင်ကုန်းပေါ်မှာပေါက်ရောက်နေကြသည်။ အပင်များသည်
ပေါ်မှဖုံးလွှမ်းနေသော ရေခဲထုကြီးကိုဖောက်ပြီးထွက်နေကြ
သည်။ အချို့သေားဘိကိုဖောက်ထွက်ရန် ကြိုးစားနေကြသည်။
သြဲ့ရေခဲကိုအံ့တုကာ ဖောက်ထွင်းနေကြသည့်အပင်များ၊
တက်၍လျှောက်လာခဲ့ကြရာ ... ဤတစ်ခါမှာတော့ ပေသုံးရာ
မြင့်လွန်းသည့် ရေခဲတောင်ကြီးစစ်စစ်ကိုမြင်တွေ့လိုက်ကြရ
သည်။ တောင်ကြီး၏အောက်ခြေမှာ မည်းမည်းအရာကြီးတစ်ခု

"အဖေ တောင်ကြီးထဲမှာ ဘာကြီးလဲ၊ အထဲကိုဖောက်ပြီး
တော့ဝင်နေတယ်၊ ရေသတ္တဝါတစ်ကောင်များလား"

"အေးကွ ဒါလောက်ကြီးမားတဲ့ရေခဲတောင်ကြီးထဲကို
ရောက်နေတာဆိုတော့ နှစ်ပေါင်းနည်းတော့မှာမဟုတ်ဘူးလာ
ကြသွားကြည့်ရအောင်"

ထိုနေရာဆီကိုခြေလှမ်းတွေကပြိုင်တူ၊ တစ်ဖာလုံလောက်
ထိတော့လျှောက်ရသည်။ ရေခဲတောင်ကြီးဆီသို့ အနီးကပ်
သွား၍မရတော့။ အကြောင်းမှာ ... ယင်းဆီကိုမရောက်မီ



www.burmeseclassic.com

www.burmeseclassic.com



ရေခဲချောင်းလေးတစ်သွယ်က ... ရေခဲတောင်ကြီးကိုကွေ့ဝိုက်ပြီးတော့ စီးဆင်းနေသည်မို့တည်း။ သို့သော် သိပ်မကွာဝေးတော့ပြီမို့ ... ဤမှာဘက်က လှမ်းကြည့်၍မြင်နိုင်ပါ၏။

သူတို့အားလုံးသည် ထိုသဏ္ဍာန်ကြီးတို့ ထင်ရှားစွာမြင်တွေ့လိုက်ကြသောအခါ ...

“ဟင် ... ဒါ ... ဒါဟာ သင်္ဘောကြီးတစ်စင်းပဲ”

မိုးသီးက ... အံ့အားသင့်စွာဖြင့်ပြောလိုက်သည်။ အားလုံးသည်လည်း ပါးစပ်အဟောင်းသား။ အဂ္ဂပိုင်သည် ... သင်္ဘောဘေးနံရံကစာလုံးကြီးများကို လက်ညှိုးထိုးပြလိုက်သည်။

“ဟိုမှာ ... ”

အကြည့်တွေက ... ထိုနေရာကိုစုပြုံပြီးတော့ ရောက်သွားခဲ့ကြသည်။ ယင်းစာလုံးနှစ်လုံးကား ...

“ငရဲ”

“ငရဲ ... ငရဲဆိုပါလား၊ ဒါဆို ငရဲသင်္ဘောကြီးပေါ့၊ ငရဲသင်္ဘောကြီးကဘယ်လိုကြောင့် ဒီအထဲကိုရောက်နေရတာလဲ”

အံ့အားသင့်၍မဆုံးနိုင်အောင် ဖြစ်သွားခဲ့ကြရသည်။ လက်ငင်းမြင်တွေ့နေကြရသည့်တိုင်အောင် ဟုတ်မှဟုတ်ရဲ့လားဟုပင် ... ထင်မယောင်ထင်မှားဖြစ်နေပါကြရသည်။ သင်္ဘောကြီး၏ လက်ယမ်းကိုလက်နှစ်ဖက်နှင့်ထောက်ကာ ရပ်နေသူတစ်ယောက်၊ တစ်ဖက်လပ်နေသော မျက်လုံးကိုသားရေပြားနှင့်ကပ်ထားသည်။ ထိုသူသည် ... ပင်လယ်ဓားပြကြီးငရဲပင်တည်း။

ငရဲသည် ရုတ်တရက်ဖြစ်ပေါ်လာသော အခြေအနေကို မယုံကြည်နိုင်စွာဖြင့် မျက်လုံးကြီးတွေပြူးကားကြည့်နေကြသည်။ ယင်းလတ်တလောကျရောက်လာသော အဖြစ်အပျက်ကပင်





ငရဲနှင့်တကွ သင်္ဘောကြီးတစ်စင်းလုံးကို ကြမ်မှာဆိုးထဲသို့သွပ်သွင်းလိုက်ဟန်တူ၏။ သင်္ဘောကုန်းပတ်ပေါ်တွင် ယိမ်းယိုင်ထိုးနေသော လူနှစ်ယောက်ကိုတွေ့လိုက်ကြရသည်။ ထိုလူအားလုံးတို့သည်လည်း ရေခဲတောင်ကြီး၏ဝါးမြိုခြင်းကို ခံလိုက်ကြရလေပြီ။

“ဒီလိုဖြစ်တာ မကြာသေးဘူးကွ၊ သင်္ဘောဟာ ရေခဲတောင်ကြီးရဲ့အက်ကြောင်းထဲကို အရှိန်နဲ့ထိုးဝင်သွားပုံရတယ်၊ အထဲကိုရောက်ပြီးမှ အက်ကြောင်းကြီးနှစ်ခုက ချက်ချင်းလိုလိုပြန်ပြီးတော့စေ့သွားပုံရတယ်၊ ဒါကြုံတောင့်ကြုံခဲဖြစ်ရပ်ပဲ၊

ငရဲဟာပင်လယ်မှာနာမည်ကြီးတဲ့ ဓားပြကြီးတစ်ယောက်ပဲ၊ ပစ္စည်းတွေကိုယူရုံသာမကဘူး၊ ခရီးသည်တွေကိုလည်းအသက်ရန်ရှာတယ်၊ သတ်ပစ်တယ်၊ အဲဒီကုသိုလ်ကံက သူ့ကိုပြန်ပြီးတော့အကျိုးပေးသွားခဲ့တာပဲ၊ မကောင်းကြံမကောင်းဖြစ်ဆိုသည့်အတိုင်း၊ ဓေသပန်းမလှသည့်ငရဲကိုကြည့်ပြီးတော့ သံဝေဂရသွားခဲ့ကြသည်။

ငရဲသည်လည်းကောင်း၊ ငရဲသင်္ဘောကြီးသည်နောင်နှစ်ပေါင်းများစွာပင် ... ရေခဲတောင်ကြီးထဲမှာ ဤအတိုင်းပင်ရှိနေပေလိမ့်မည်။ ထိုနေရာမှဆက်ပြီးတော့ ထွက်လာခဲ့ကြသည်။ လမ်းမှာ ရေခဲဖုံးသောအကောင်ဘလောင်အချို့ကို ဖြတ်သန်းလာကြသည်။ ယုန်၊ ရှဉ့်၊ အထီးသေးငယ်သောသတ္တဝါများပင်ပါလာခဲ့ကြသည်။

“ဒီနေရာဟာ ... ဟိုးယခင်က ... ကုန်းမြေစစ်စစ်ဆိုတာပလွဲနိုင်တော့ဘူး၊ ကျွန်တော်တို့လမ်းမှာတွေ့ခဲ့ရတဲ့ သတ္တဝါတွေဟာ မြေသားကုန်းမြေပေါ်မှာကျက်စားခဲ့ကြတဲ့ တိရစ္ဆာန်တွေပဲ



www.burmeseclassic.com

တစ်ချိန်မှာ ... ရေခဲရာသီဥတုကြီးက မမျှော်လင့်ပဲ ဖုံးလွှမ်းသွား ခဲ့ရတာဖြစ်ရမယ်''

မိုးသီးကလည်း ဗဟုသုတမသေးဘူး။ သူဖတ်ဖူးမှတ်ဖူး သောစာပေများကို အကြောင်းပြုကာ ထင်မြင်ချက်ကိုပြော သည်။

''ဖြစ်နိုင်ချေတော့ရှိတယ်၊ ဒါပေမယ့် ဒီနေရာကို လူ အရောက်အပေါက်ရှိသလား၊ မရှိဘူးလားဆိုတာမသိရဘူး။ လူမသိ သူမသိနေရာကြီးထင်ပါရဲ့ကွာ''

ရေခဲပြင်ဒေသကြီး၏အလင်းရောင်သည် အဖြူထည်ကြ ထဲမှာ ပြာလဲ့လဲ့အရောင်ဖောက်ထွက်နေသည်။ သို့သော် အအေ ဓာတ်သည် သူတို့နှင့်မဆိုင်သောရာသီဥတုတစ်မျိုး။ နှင်းမှုံလေ များကလည်း တဖွဲဖွဲနှင့်ကျဆင်းလျက်ရှိသည်။ ထို့ကြောင့် ရှေ့ဝ ကျင်သည် ဝေဝါးသွားခဲ့ရသည်။

''အဖေ သားတို့ဘယ်အထိဆက်ပြီးလျှောက်ကြမလဲ ဒီနေရာကြီးဟာ ဘယ်အထိကျယ်ပြန့်ပြီး ဘယ်မှာဆုံးမလည်းမ ဘူး၊ ကမ္ဘာ့အဆုံးထိများတောက်လျှောက်ခရီးပေါက်နေမလား''

အဂ္ဂပိုင်က သတိပေးလိုက်သည်။

''ထူးခြားချက်ဘာရှိမလည်းလို့သိချင်လို့လျှောက်ကြည့် ပါ၊ ဒီအတိုင်းဆိုရင် ခြောက်သွေ့နေတဲ့ရေခဲကန္တာရကြီးဖြစ် တယ်၊ ခြောက်သွေ့တယ်ဆိုတာက သက်ရှိသတ္တဝါတွေရှိပုံမရ ကိုဆိုလိုတာ ဟုတ်တယ်၊ ဒီအတိုင်းဆက်ပြီးလျှောက်နေလည်း မှာမဟုတ်ပါဘူး။ သဘော်ာဆီပြန်လှည့်ကြမယ် ဒီကနေထွက် ဖို့လမ်းကြောင်းရှာ''

ကိုကွမ်းခေတ်၏စကားမဆုံးလိုက်၊ ရှေ့တွင်ပိုပြီးတော





သောအလင်းရောင်ကြီးတစ်ခုက အမြင့်ပိုင်းတစ်နေရာမှ အောက်သို့ တဖြည်းဖြည်းကျဆင်းလာသည်ကို တွေ့လိုက်ရ သောကြောင့်ပင် ဆလိုက်မီးထိုးလိုက်သကဲ့သို့ပင်တည်း။ နေ့လိုလို လိုလိုနှင့်ကျဆင်းလာသောအလင်းရောင်သည်။ မည်သည့် နေရာကပါလဲ၊ အံ့အားတသင့်ဖြင့်ကြည့်နေမိကြသည်။ အလင်း ရောင်သည်ပိုပြီးတော့တောက်ပလာလေသည်။

မည်မျှအားကောင်းသည်ဆိုလျှင် သူတို့ဆီပင်ရောက်လာခဲ့ လာသည်။

''တော်တော်ထူးခြားတာပဲကွ ဘာလဲတော့မသိဘူး။ သွား ကြည့်မလား''

''အကျိုးအကြောင်းသိရတာပေါ့ သွားကြမယ်လေ''

''မိုးသီးနဲ့ပန်ပန်တို့ကော သွားကြည့်မလား''

''ဟုတ်ကဲ့ ... ဦးတို့သဘောပါပဲ''

''ထူးခြားမှုတစ်ခုခုတော့ရှိလိမ့်ထင်တယ် ဆရာ''

သဘောတူညီကြသည်။ အားလုံးလျှောက်သွားကြသည်။ အလင်းရောင်အောက်မှာ ကျဆင်းလျက်ရှိနေကြသော နှင်းတွေ က တဖွဲဖွဲ၊ ပိုပြီးတော့ အကျစိပ်လာကြသည်။ တစ်ခဏအကြာ တွင် ရှေ့မှာကာဆီးနေသော အရာကြီးတစ်ခုကိုတွေ့လိုက်ကြ ရသည်။ တံတိုင်းကြီးတစ်ခု၊ ရေခဲတံတိုင်းကြီးတစ်ခုပင်တည်း။ အလင်းရောင်သည် တံတိုင်းကြီး၏အတွင်းဘက် ... အတော် မြင့်သောနေရာက ကျဆင်းလျက်ရှိသည်ကို သေချာစွာတွေ့ လိုက်ကြရသည်။ မြင့်သွန်းကြီးမားသော ရေခဲတောင်ကြီးတစ် ခုထိက ထွက်ပေါ်လာသောအလင်းရောင်ကြီးပင်တည်း။



www.burmeseclassic.com

www.burmeseclassic.com



ယင်းစူးလက်သောအလင်းရောင်ကြီးသည် တံတိုင်းတ… နေရာကိုကျရောက်သွားသည်။ တံတိုင်းကြီးက အထက်ကို… နှစ်ဆယ်မကမြင့်မားလှသည်။ ရေခဲနံရံကြီးဟုခေါ်သည်က ပို… တော့မှန်ကန်ပေလိမ့်မည်။ အလင်းရောင်ဟန်းထိသော နံရံ… ၏တစ်နေရာသည် … အပေါက်ကြီးတစ်ခုဖြစ်သွားသည်။

(သို့မဟုတ် နဂိုကပင် အပေါက်ကြီးတစ်ခုဖြစ်နေသည်… လား။ အမှုမဲ့အမှတ်မဲ့မို့ သတိမထားမိလိုက်ကြပေ)

"ဟိုမှာ … အပေါက်ကြီး"

ပန်လင်းကလက်ညှိုးကာပြောလိုက်သည်။ သူမ … လည်းအားလုံးကမြင်ပြီးသားဖြစ်သည်။ အာရုံက ထိုနေရာဆီ… စုပြုံပြီးတော့ ရောက်သွားခဲ့ကြသည်။ အဂ္ဂပိုင်က …

"အထဲမှာထူးခြားမှုတစ်ခုရှိလိမ့်မယ်ထင်တယ်၊ ရေခဲနံ… ကြီးတစ်ခုလိုတောက်လျှောက်ခြားထားတယ်၊ လာကြ ရောက်… တုန်းဝင်ကြည့်ကြရအောင်"

အားလုံးကလည်း တစ်ဦးတစ်ယောက်၏တိုက်တွန်းခြ… ကို ခံလိုက်ကြရသလို အထဲဝင်ကြည့်ချင်စိတ်များ ဖြစ်ပေါ်လာ… ကြရသည်။ ထို့ကြောင့် ထိုသို့ဖြစ်ပေါ်လာသော အပေါက်ကြီး… ကို စိတ်လိုလက်ရပင်မလျှောက်သွားခဲ့ကြသည်။ အပေါက်… သည် လူသုံးလေးယောက်စလောက် ရင်ဘောင်တန်းပြီးဝင်… သည် အထိကျယ်ဝန်းလှသည်။ ဘေးဘောင်နံရံများသည်လ… ရေခဲအတိပြီးသည်။ သက်တံ့ရောင် ရောင်စဉ်ခုနစ်သွယ် တ… ဖျတ်နှင့် လင်းလတ်လျှက်ရှိနေသည်။

ထူးဆန်းသည်ဖြစ်သော်လည်း ဤသို့ဖြစ်ရသည့်… ကြောင်းကို မသိနိုင်ကြ၊ တံတိုင်းကြီးအတွင်းဘက်ကိုရော…





…သွားခဲ့ကြသည်နှင့် ခပ်လှမ်းလှမ်းတွင် ထူးခြားသောသဏ္ဌာန်ရှိ…သည့် အဆောက်အဦတစ်ခုကိုတွေ့လိုက်ကြရသည်။ ယင်း၏ …နောက်ဘက်တွင် အလင်းရောင်ထွက်ပေါ်လာသော ရေခဲ…တောင်ကြီးကရှိနေသည်။ အလင်းရောင်သည် တဖြည်းဖြည်းနှင့် …ရွှေ့လျားသွားကာ အဆောက်အဦးကြီးပေါ်ကိုထိုးသွားသည်။ …ို့ကြောင့် … ပိုပြီးတော့တောက်ပနေလေသည်။

အားလုံးပါးစပ်အဟောင်းသားဖြင့်ငေးကြည့်နေကြသည်။ …တိုက်ကြီးတစ်ခုလိုလို၊ နန်းတော်ကြီးတစ်ဆောင်လိုလို ထူးခြား…သာပုံသဏ္ဌာန်ရှိသည်။ သို့သော် အလုံးစုံသည် ရေခဲနှင့်တည်…ဆောက်ထားခြင်းသားဖြစ်ပါသတည်း။

"တော်တော်အံ့အားသင့်စရာကောင်းတယ်၊ ဒီလိုနေရာ…းမှာ အဆောက်အဦကြီးတစ်ခုရှိနေတယ်"

"ဟုတ်တယ်ဆရာ … မယုံနိုင်စရာပဲ"

တဒင်္ဂတော့မှင်တတ်မိကာ … ငေးကြည့်နေမိကြသည်။ …တစ်ခါမှာတော့ နှုတ်ကတိုင်ပင်ခြင်းမပြုကြတော့ ထိုအဆောက်…ဦးကြီးဆီကို ခြေလှမ်းညီညီဖြင့် လျှောက်သွားနေကြလေသည်။ …တို့သွားပြီးမကြာမီမှာပင်လျှင် စောစောကပွင့်နေသော တံခါး…ပေါက်ကြီးလိုလို အရာကြီးသည် ပျောက်ကွယ်သွားသည်။ …သားပြည့်သောနံရံကြီးတစ်ခု ပြန်ပြီးတော့ဖြစ်နေလေသည်။ …သို့သော် ထိုအခြေအနေကို ကိုကွမ်းခေတ်တို့မသိလိုက်ကြပါ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၄ )
## နှစ်နှယ်သူငယ်ချော

ရေခဲနန်းတော်ကြီးဆီကိုရောက်သွားခဲ့ကြသည်။ အဝ
တ်ကပိုပြီးတော့သိပ်သည်းလျှက်ရှိနေသည်။ ပေါင်းမိုးလေး
ခု ထုတ်ထားသည်ကိုတွေ့လိုက်ကြရသည်။ နှင်းများကအကျ
လာ၍ ပေါင်းမိုးအောက်ကိုဝင်လိုက်ကြရသည်။ အဆောက်အ
အောက်ကိုကြည့်လိုက်သောအခါ ဟာလာဟင်းလင်းပွင့်
ရှိသော အပေါက်ကြီးတစ်ခုကိုတွေ့လိုက်ကြရသည်။

"တံခါးမရှိဘူး ပွင့်နေတယ်၊ လာ လာကြ"

စဉ်းစားဆင်ခြင်တုံတရားမရှိကြတော့ အဆောက်အ
ထဲကို အားလုံးလိုလိုဝင်သွားခဲ့ကြသည်။ ပို၍လွန်ကဲသော အ
ခတ်၏ လွှမ်းခြုံခြင်းကိုခံစားလိုက်ကြရသည်။ ပန်းလင်း
ပင် အဂ္ဂပိုင်နှင့်ကိုယ်ချင်းထိကာ ကပ်ထားမိလိုက်၏။

"ဒီအတိုင်းဆို သွေးခဲသွားလိမ့်မယ် ပြန်ထွက်ကြ
ကောင်းမယ်"





ချက်ချင်းပင်မေးရိုက်မတတ်ခံစားလာကြခဲ့ရသည်။ အထဲ
ကိုဆက်ဝင်ဖို့မကြိုးစားကြတော့ ပြန်ထွက်ကြမည်အပြုတွင် ရုတ်
တရက်အအေးဒဏ်က ရုတ်တရက်ကျဆင်းသွားခဲ့သည်။ သိသာ
စွာခံစားလိုက်ကြရသည်။

"ဟင်"

အပြောင်းအလဲပြန်ဆန်လွန်းလှသည်။ စောစောကသွေးခဲ
တတ်ခံစားနေရသော အခြေအနေမှ ... လွန်မြောက်သွားခဲ့
ကြသည်။ မည်သည့်အကြောင်းကြောင့်ပါလဲ ထို့ကြောင့် ...
ပြင်ကိုပြန်ထွက်ကြမည် စိတ်ကူးထားသည်လည်း လွင့်ပြယ်
သွားခဲ့ကြရလေ၏။

အထဲကိုပြန်ပြီးတော့ မျက်နှာမူလိုက်ကြသည်။ မြင်ကွင်းက
ကျယ်ဝန်းသောခန်းမကြီးတစ်ခုက အရင်ဆီးကြိုနေသည်။
ကြမ်းခင်းသည်လည်းရေခဲပြင်ကြီးဖြစ်နေသည်။ သို့သော် မာကျစ်
သောရေခဲတုံးကြီးများကို အကွက်ဖော်ထားသည်။ လမ်းလျှောက်
ရသည်။

လျှော်တိုက်ချော်လဲရန်အကြောင်းမရှိ။

"တော်တော်ခန်းနားတာပဲ သူဘယ်တွေကဆောက်ထားခဲ့
တာပါလိမ့်"

အဂ္ဂပိုင်အတော်လေးကိုစိတ်ဝင်စားသွားသည်။ ကျယ်ဝန်း
သောအခန်းကြီးပေါ်က ဖြတ်လျှောက်နေမိကြသည်။ မိမိတို့ကို
စောင့်အယှက်ပေးမည့်သူများ ပေါ်ချင်ပေါ်လာနိုင်သည်။ သတိ
ထားပြီးလျှောက်နေကြရသည်။ အအေးဒဏ်က ခံနိုင်ရည်ရှိသော
အနေအထားမှာရှိသည်။ ခန်းမကြီးလိုနေရာကိုကျော်လွန်ပြီးသော
အခါ စကြံလမ်းကြီးနှစ်ခုက ဘယ်ညာခွဲပြီးတော့ထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



မည်သည့်လမ်းကိုသွားရမှန်းမသိ၊ ချီတုန်ချတုန်ဖြစ်နေကြဆဲပင် ...

''ညာဘက်ကိုကွေ့လာခဲ့ပါ''

မမျှော်လင့်ပဲထွက်ပေါ်လာသောအသံတစ်သံ၊ အသံက နူးညံ့သိမ်မွေ့သည်။ သို့သော် ... မည်သည့်နေရာကထွက်ပေါ်လာမှန်းမသိ၊ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်မိကြသည်။

''ငါတို့ ဒီအထဲကိုရောက်နေတာကိုသိတဲ့ လူရှိတယ်၊ မိန်းကလေးတစ်ယောက်ရဲ့အသံပဲ သွားကွာ''

လူသူနေထိုင်သည်ဟူသော အသိကိုရလိုက်ကြ၍ အံ့အားသင့်သွားခဲ့ကြရလေသည်။ ထို့ကြောင့် ... ညာဘက်စကြံလမ်းအတိုင်း လျှောက်သွားခဲ့ကြသည်။ ကြမ်းခင်းသည် ရေခဲပြင်ကြီးပမာထင်နေမိခဲ့ကြရာက အဂ္ဂပိုင်စူးစမ်းကြည့်ရာ မှန်ကြည်ကြည်ကဲ့သို့ထိုးဖောက်ကာမြင်နိုင်သော သလင်းကျောက်ဖြစ်နေကြောင်း သိလိုက်ရသည်။ သို့သော် သလင်းကျောက်အခင်း၏အောက်တွင် ရေခဲပြင်ကြီးဖြစ်နိုင်သည်။

စကြံလမ်းမကြီးသည် အတော်ရှည်လျားသည်။ ခြေလှမ်း နှစ်ရာခန့်လျှောက်ပြီးသောအခါ ဘယ်ဘက်ကိုကွေ့သော လမ်းတိုလေးတစ်ခုကပေါ်လာခဲ့သည်။ ယင်းလမ်းတိုလေးသို့ သွားခဲ့သည်နှင့်စိမ်းပြာရောင်တောက်ပနေသော အခန်းကြီးတစ်ခုက ဘွားခနဲဆိုပေါ်လာခဲ့လေသည်။

လွန်စွာမှမွှေးကြိုင်သော အနံ့တစ်မျိုးကိုလည်းရရှိလိုက်သည်။ ယင်းရနံ့ကြောင့်ပင်လျှင် စိတ်ရောကိုယ်ပါ ငြိမ်းချမ်းသွားခဲ့ကြရလေသည်။ အခန်း၏အလယ်တွင် အပေါက်ဝကိုမျက်နှာမူကာ ရပ်နေသောလူတစ်ယောက်၊ အမျိုးသမီးတစ်ယော





တည်းပင်တည်း။ ဖြူဖွေးတွတ်သောအဝတ်အစားများကို ဝတ်ဆင်ထားသည်။ ရှည်လျားနက်မှောင်သော ဆံကေသာမျှင်များကို ကျောပြင်တက်မှာဖြန့်ချထားသည်။

မျက်နှာလေးက ပုလဲနှစ်ရောင်ဝင်းလက်နေကာ မျက်ခုံး၊ မျက်လုံး၊ နှာတံ၊ နှုတ်ခမ်းကအစ အပြစ်ဆိုဖွယ်ရာမရှိရလောင် တင့်တယ်လွန်းလှသည်။ မဆူမကြဲ၊ မနိမ့်မမြင့် ကိုယ်လုံးလေးကလည်း အနေတော်၊ ကျဉ်သောခါး၊ ကားသောတင်နှင့် သွယ်စွယ်ကိုပွတ်ခံထားသကဲ့ရှိသော လက်မောင်းသားပြည့်ပြည့်လေးများကလည်း ပြည့်ဖွတ်သောအလှတစ်ပါးဟု ဤမျှအေးစက်သောနေရာမျိုးမှာ သာမန်အဝတ်အစားမျိုးကိုသာ ဝတ်ဆင်ထားသည်။ အမျိုးသမီးတစ်ယောက်ကို အံ့အားတသင့်နှင့်ကြည့်မိကြလေသည်။ ထိုအမျိုးသမီး၏မျက်နှာသည် ဣန္ဒြေရှိမှုကြည်ကြည်မှု၊ ပြုံးရွှင်မှု ... များအားလုံးကိုပေါင်းစပ်ထားသည်။ ထားသောဖိနပ်များသည်ပင် ဖလ်ရောင်ကြည်ကြည်ဖိနပ်မျိုးဖြစ်သည်။ ပုလဲနှစ်ရောင်မို့ပြည့်တင်းသော ခြေခုံမို့မို့လေးများနှင့် ယောင်းဝိုင်ပမာ ညီညာသွယ်လျသော ခြေချောင်းလေးတွေ အချိုးကျလှသည်။

''ဒီကိုလာခဲ့ကြပါ မစိုးရိမ်ကြပါနဲ့၊ ဒီမှာရှင်တို့ကိုရန်ပြုသူမရှိပါဘူး''

သူမကထပ်ပြီးတော့ဖိတ်ခေါ်လိုက်သည်။ ရန်သူများရှိနေသားဟု တုန့်ဆိုင်းနေခြင်းမဟုတ်ပေ၊ ဤမျှဝေးလံသီခေါင်သောနေရာမျိုး၊ လူသူအရောက်အပေါက်မရှိသလောက်လုံးဝမရှိသလောက်ဖြစ်သည်။ ရေခဲကန္တာရကြီးထဲမှာ တည်ဆောက်ထားသောအဆောက်အဦကြီးသည်သော်လည်းကောင်း၊ ဤအမျိုး



www.burmeseclassic.com

www.burmeseclassic.com



သမီးသည်သော်လည်းကောင်း၊ သက်ရှိထင်ရှားတစ်ဦးရှိနေသ အတွက် မယုံကြည်နိုင်လောက်အောင်ကို ရှိနေကြခြင်းပင်။

အဂ္ဂပိုင်အနားသို့ရောက်လာကြသောအခါ ... သူမ၏ကို မှ ... လွန်စွာမှနှစ်သက်ဖွယ်ကောင်းသော မွှေးရနံ့ကိုရလို ကြလေသည်။ အခန်းထဲသို့မဝင်မီရရှိလိုက်သော ရနံ့မျိုး သည်။ ကိုယ်သင်းနံ့သာဆိုခဲ့လျှင် ... တော်တော့်ကို ကသိုလ် ထူးသူဟုဆိုရပေလိမ့်မည်။

သူမ၏မျက်နှာကိုအနီးကပ်မြင်လိုက်ကြရချိန်၌ ပိုပြီး အံ့အားသင့်မိရသည်။ အကြောစိမ်းလေးတွေကထင်းနေ ထိလိုက်လျှင်ကြေသွားမလားဟုပင် စိုးရိမ်မိရသည်။ ဤလူ ထဲတွင် ယောက်ျားလေးသုံးယောက်ပါလာ ခဲ့ကြသော်လ စက်စက်ယိုအောင်လှပသော အမျိုးသမီးကိုကြည့်ပြီး စိတ် ဖောက်ပြန်ခြင်းမရှိမိကြ၊ သို့သော် လေးစားမြတ်နိုးခြင်း ဖြစ်မိကြသည်။ လေးစားသည်ဆိုသည်က ... မိခင်တစ်ဦး အစ်မကြီးလို၊ ကိုယ့်ထက်ဂုဏ်ဒြပ်အားဖြင့်ကြီးသူလို၊ အရ ကိုစွမ်းအောင်နိုင်သော အမျိုးသမီးတစ်ဦးအပေါ်မှာ အထင် မိခြင်းသို့ပါတည်း။

အမျိုးသမီးက ခေါင်းညိတ်ပြီးတော့ လှည့်ထွက် သည်။ ခေါ်ဆောင်သွားသည်။ အလိုက်သိစွာဖြင့် နောက်မှ သွားကြသည်။ သူမ၏ရှည်လျားသောဆံကေသာမျှင်လေး သည် ... သကောက်ကွေးအထိရောက်နေသည်။ ကျဉ်သော နှင့် တင်သားမို့မို့များကိုဖုံးအုပ်သွားခဲ့လေသည်။

ပန်လင်းသည်ပင် ... သူမ၏နံ့နံ့ပင်ဆံပင်လေးကို မသာစမ်းကြည့်မိလိုက်သည်။ ဒေါင်းတည်မောင်းတည် နေ





သော်ပန်လင်းသည် ထိုအမျိုးသမီး၏အလှကို ဥပေက္ခာပြုနိုင်စွမ်း ရှိသည်။ အားကျသည်လည်းမရှိ၊ အံ့အားသင့်မိခြင်းလည်းမဖြစ် မိသလို ...

(ဝမ်းထဲကကျိတ်ပြီး မနာလိုဖြစ်နေမိလျှင်တော့မသိ၊ အချို့ မိန်းကလေးများသည် ... မိမိထက်သာသွားသူအပေါ်မှာ မည်သို့ မှမခံစားရသလို ... အသာမြှုပြီးနေတတ်ကြသည်မဟုတ်ပါလား)

မကြာမီ ...

နောက်ထပ်အခန်းကျယ်ကြီးတစ်ခုစီကို ရောက်သွားခဲ့ကြ ပြန်သည်။ ကုလားထိုင်၊ စားပွဲ ... ပရိဘောဂအစုံအလင်များ နှင့် ခန်းမကြီး၏အလယ်မှာ သပ်ရပ်စွာပင်ချထားသည်။ သို့သော် သလင်းကျောက်ဖြင့်ပြုလုပ်ထားသော ... ပရိဘောဂများပင်တည်း။

''ဧည့်သည်တော်များ ဒီမှာထိုင်ပါ''

အသံလွင်လွင်လေးဖြင့် ... လက်ဝါးကိုဖြန့်ကာ ညွှန်ပြ လိုက်သည်။ သူမကတော့ ... စားပွဲထိပ်ကသလင်းကျောက်ထိုင် ခုံမှာ ထိုင်လိုက်လေသည်။ အားလုံးသည် ... သူမကိုသာလျှင် ပသိမသာအကဲခတ်နေကြသည်။ သာမန်အမျိုးသမီးတစ်ယောက် မဟုတ်ပါရဲ့လား၊ နတ်မိမယ်များဖြစ်နေမလား ဟု တွေးနေမိကြ လေသည်။

''ကျွန်မအမည်က နှင်းသူဇာပါ၊ ရှင်တို့ထင်သလို နတ် သမီးသမီးလည်းမဟုတ်ပါဘူး၊ သူယောင်မယ်တစ်ဦးလည်း ဟုတ်ပါဘူး၊ ရှင်တို့လိုသွေးနဲ့ကိုယ် သားနဲ့ကိုယ်သာမန်လူသား တစ်ယောက်ပါပဲ''

သူမက ... သူတို့ကိုအကဲခတ်ကာကြည့်ရင်းပြောလိုက် သည်။ အားလုံး၏မျက်နှာရိပ်မျက်နှာကဲကိုသိ၍ ... ရှေးဦးစွာ



www.burmeseclassic.com

စကားပလ္လင်ခံကာ ... မိတ်ဆက်လိုက်ခြင်းပင်ဖြစ်ဟန်တူသည်။ စကားဆိုသည့်ကာအစ ... အပြစ်ဆိုဘွယ်ရာမရှိအောင် ... ယဉ်ကျေးသိမ်မွေ့လှသည်။

"ကဲ ... ဆိုကြပါဦး။ ဒီနေရာကိုဘယ်လိုအကြောင်းကြော ရောက်လာခဲ့ကြသလဲဆိုတာ"

သူမသည် ... မိမိတို့ဘာသာစကားကိုပြောတတ်နေ အံ့အားသင့်မိခြင်းတော့ဖြစ်မိရသည်။ အမည်ကလည်း ရှိုးရိုးလေ ပ် နှင်းသူဇာတဲ့ ...

(သူမ၏မျက်နှာ ပုံပန်းသဏ္ဌာန်အရဆိုလျှင် နှင်းကော ရေခဲမိမယ် စသည်ဖြင့်ခေါ်သင့်သည်။ အဆင်ပြေလိုက်လေျှာည် ထွေမည့် အမည်ကိုပြောလိုက်သလား ... ဟု ... )

ကိုကွမ်းဇော်သည် မိမိနှင့်တကွ ... အဂ္ဂပိုင်၊ မိုးသိ ပန်လင်းတို့ပါမကျန် အားလုံးဖြစ်ပျက်ခဲ့သည်များကို အမှန်အတိုင်း ပြောပြလိုက်လေသည်၊ ထိုအခါ နှင်းသူဇာသည် ပြောပြနေစ အတွင်းမှာ ... တစ်ခွန်းတစ်ပါဒဝင်ရောက်ပြောဆိုခြင်းမပြု တည်ငြိမ်သောမျက်နှာလေးဖြင့် အေးဆေးစွာပင်နားထောင်လျှ ရှိနေလေသည်။ စကားဆုံးသေးအခါကျမှ ...

"အင်း ... ရှင်တို့ရဲ့အဖြစ်အပျက်က ကြားရတဲ့သူမခံချ စရာလည်းကောင်းတယ်၊ တရား စရာလည်းကောင်းတယ်၊ ဒါပေမယ့် ကိုယ်ကသူတစ်ပါးအပေါ်မှာ ဖျူစင်တဲ့စိတ်ခါတ်ထာ သူတွေဆိုတော့ ဒီလိုခံစားကြရတာလည်း ဒုက္ခအတဲ့ပါ။

အတုန့်အလှည့်ကြောင့် ပေးဆပ်ကြရမှာပဲလို့သဘော ထားလိုက်ပါ။ ကောင်းကျိုးချမ်းသာပြန်ပြီးရကျမှာပါ ... ဆုံး သွားပြီလို့သတ်မှတ်ထားတဲ့အရာတွေလည်း ကံအလှည့်ပေး





ချင်ရကြမှာပေါ့လေ"

နှင်းသူဇာသည် ... ဖြေသိမ့်စကားပြောပေးသည်။ အရွယ် င့်မလိုက်အောင်ပင် ... တရားပြည့်ဝသူတစ်ဦးဟုမှတ်ချက်ချ ကြရလေသည်။ အဂ္ဂပိုင်က ...

"ဒီနေရာကြီးဟာ ကျွန်တော်တို့အတွက် သိပ်ပြီးတော့ ူးဆန်းပြီး အံ့အားသင့်စရာကောင်းနေပါတယ်၊ အဲဒါနဲ့ပတ်သက် ုံးရှင်းပြပေးနိုင်မလား မမကြီး"

သူမကို မမကြီးဟုခေါ်လိုက်သောကြောင့် မျက်နှာပြင်မှာ ပြုံးရိပ်တစ်ခုက မသိမသာသန်းသွားခဲ့ရလေသည်။

"အင်း မေးလည်းမေးသင့်ပါတယ်၊ သိလည်းသိထိုက်ပါ ယ်၊ ဟိုးအရင်ပဝေသဏီကာလက ဒီနေရာဟာ ကုန်းမြေသက် က်ကြီးပဲကွယ့်၊ မမတို့ရဲ့ဘိုးဘေးဘီဘင်တွေက ရှေးအထက် ာရီကာစပြီး ... ပြောင်းလဲခဲ့တာလို့ပြောတယ်"

"အဲဒီလိုပြောင်းလဲခဲ့တဲ့ အကြောင်းအရင်းကိုရော သိခွင့် မလား"

"သိခွင့်ရပါတယ် ပြောပြပါ့မယ် ဒီလိုပါ"

နှင်းသူဇာသည် ရေခဲပြင်ဒေသကြီး ဖြစ်လာခဲ့ရသည့် ကြောင်းကို အောက်ပါအတိုင်းပြောပြခဲ့လေသည်။

ဤနေရာသည် ... တောအုပ်ကြီးများ၊ သစ်ပင်ပန်းမလ ၊ တောင်တန်း၊ သောင်ကုန်းကြီးများ၊ စိမ့်စမ်းများ၊ ချောင်း၊ အင်းအိုင်များဖြင့် စိမ်းစိုလှပသောသဘာဝမြေပြင်

www.burmeseclassic.com



ကြီးတစ်ခုဖြစ်လေသည်။ မြောက်ဘက်တွင် ... ဟိမဝန္တာ၏ တောင်စဉ်တောင်တန်းကြီးများကို ထင်ရှားစွာမြင်တွေ့နေရသည်။ ပင်လယ်ပင်ကြီးနှင့်လည်းတစ်ဆက်တည်း တစ်စပ်တည်းဖြစ်နေ လေသည်။

နေထိုင်ကြသူများသည်လည်း မိမိတို့ကျွမ်းကျင်ရာ၊ သန်ရာ ... မိရိုးဖလာအသက်မွေးဝမ်းကျောင်း အလုပ်များကို လုပ်ကိုင်စားသောက်ကြသည်။ လယ်ယာ၊ ဥယျာဉ်ခြံ၊ သစ်ခုတ်၊ ဝါးခုတ် ... အလုပ်များကအစ ... အမဲလိုက်၊ တံငါအလုပ်များ ကအစ လုပ်ကိုင်ကြလေသည်။

ကျေးရွာများကလည်း ... သူ့အစုနှင့်သူ ... ကည့်ရှိနေ ကြသည်။ ရွာသူကြီး(သူကြီး) အာဏာသည်အားလုံးအပေါ်မှာ လွှမ်းမိုးသည်၊ ရွာသားများကလည်း ရွာလူကြီး၏စကားကို ရိုသေ လိုက်နာကြသည်။ ကိုးကွယ်ခြင်းကတော့ မိမိတို့သန်ရာ သန်ရာ ကိုပင် ...

သို့သော် ရွာသားများသည် မိမိတို့နေရာအစွဲကြီးကြသည်၊ လူစိမ်းသူစိမ်းတစ်ဦးတစ်ယောက်ရောက်လာခဲ့လျှင် သက်မကင်း သောမျက်လုံးများဖြင့်ကြည့်နေတတ်ကြသည်။ ထိုမျှသာမက ဖမ်းဆီးကာစစ်ဆေးမေးမြန်းကြသည်အထိ ဖြစ်ကြရသည်။ ရွာလူ ကြီးကအစ ထိုအချိန်မျိုးတွင် သမာပတ်တရားနှင့်စစ်ဆေးခြင်း မျိုးမရှိတတ်။

သူပါအမြင်စောင်းပြီဆိုလျှင် ထိုသူမှာမသက်သာ ဝိုင်းဝန်း ပြီးထုထောင်းကြမည်။ ရိုက်နှက်ကြမည်။ ထိုအခါ သေလုမျော ပါးခံစားရပြီးမှ ... လွှတ်ပေးခြင်းကိုခံကြရသည်။ သို့မဟုတ် ခြေလွန်လက်လွန်ဖြစ်ကာ အသက်ဆုံးသည်အထိလည်း ဖြစ်သွား





တတ်ကြရသည်။ မိမိရွာသားများမှလွဲပြီး မည်သူ့ကိုမှမယုံကြည် တတ်မခံဟူသော သေးသိမ်သည့်သဘောထားများရှိကြသည်။

မဇ္ဈိမဒေသတွင် ... အချို့သောနေရာများ၌ ထိုကဲ့သို့သော အရားသေဝါဒကိုလက်ကိုင်ထားကြသူများရှိကြသည်။

တစ်နေ့သောအခါ ...



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၅ )
## ဆန်းကြယ်သောအဖြစ်အပျက်များ

သတင်းစကားတစ်ခုသည် ရွာသားများဆီကိုပျံ့နှံ့သွား ကြသည်။ ယင်းကား ... လူငါးယောက်သည် ရွာများနှင့်မ မှဝေးရှိတောအုပ်ကြီးထဲသို့ ရောက်ရှိကြသည်ဟူသော အကြောင်း ပင်ဖြစ်သည်။

"အဲဒီလူတွေဟာ ... ဗြဟ္မပုတ္တရမြစ်ရေလျှံတဲ့အခါ ထိုင်လျှက်မျောပါလာကြသူတွေပဲဖြစ်ကြတယ်၊ တော်တော်ကို ထူးဆန်းအံ့သြဖွယ်ကောင်းတယ်"

"ဟော့ ... ဒီလူတွေဟာ ကောင်းသောရောက်လာခြင်း မဖြစ်တန်ရာဘူး၊ နတ်ဆိုးတွေရဲ့စေတမာန်ပဲဖြစ်ရမယ်၊ ငါတို့ ရွာသားတွေကိုပြုစားကြမှာ၊ အသွေးအသားတွေကိုငါးမျှားကြမယ့် မိစ္ဆာကောင်တွေပဲ၊ ပေါ့ဆဆမနေကြနဲ့"

"အဝေးကနေ စောင့်ကြည့်နေလို့မဖြစ်သေးဘူးလေ၊ သူတို့ဆီကိုသွားကြရမှာပေါ့၊ မောင်းထုတ်တန်ရင် မောင်းထုတ်ပစ် ရမယ်"





တစ်ယောက်တစ်ပေါက်နှင့် ပြောဆိုကူနိုကြသည်။ ထိုကိစ္စ နှင့်ပတ်သက်ပြီး အခြားရွာများကလည်း ပါလာခဲ့ကြလေသည်။ ရွာပေါင်းစုံကလူများစုပြီးတော့ ... တောအုပ်ဆီကိုထွက်လာခဲ့ ကြလေသည်။ အားလုံး ... လက်နက်ကိုယ်စီပါလာခဲ့ကြသည်။

တောအုပ်ကြီးထဲကိုအရောက်တွင် ... ထိုသူများကိုတော နှင်းပြီးရှာကြသည်။ ကျောက်ဂူကြီးတစ်လုံးထဲတွင် ထိုသူငါး ယောက်ကိုတွေ့လိုက်ကြရသည်။ ထိုသူများသည် ညစ်ထေးသော အဖြူရောင်အဝတ်များကိုဝတ်ထားကြသည်။

ပါးပြိုင်းမွေး၊ မုတ်ဆိတ်ကျင်ဆွယ်များကလည်း မျက်နှာ တစ်ပြင်လုံးအပြည့်၊ ရှည်လျားသောဆံပင်များကလည်း ပွယောင်း ယောင်းနှင့် ချေးညှော်အထပ်ထပ်တက်ကာ အချို့ဆိုလျှင် ဆံပင် အချောင်းကြီးများပင်ဖြစ်နေကြသည်။

ရွာသားများတွေ့လိုက်ကြစဉ်တွင် ထိုလူငါးယောက်လုံး ဂူထဲမှာငြိမ်သက်စွာထိုင်နေကြသည်။ မျက်လွှာတွေကိုချ၍ တစ်စုံ တစ်ခုကို အာရုံဝင်စားနေကြသည်။

"ဟော့ ဒီလူတွေဟာ ... ငါတို့ရွာတွေဒုက္ခရောက်ပါစေလို့ သူတို့ဆရာနတ်ဆိုး၊ နတ်မင်းကြီးတွေဆီက အကြံဉာဏ်တောင်း နေကြတာဖြစ်ရမယ်၊ မင်းဟိုဒီအတိုင်းပဲကြည့်နေကြတော့မှာ လား"

"အေး ဟုတ်တယ်၊ သင်းတို့ဆုတောင်းပြီးသွားရင် ငါတို့ တွေအပေါ်မှာ ဘေးအန္တရာယ်တွေကျရောက်လာတော့မယ်၊ ဆု တောင်းလို့မပြီးခင် သင်းတို့ကိုအမြန်မောင်းထုတ်ပစ်ကြ"

ထိုအခါ ရွာသူရွာသားများသည် ဂူထဲကိုဝင်ရောက်ကြ ပြီး ထိုသူများကိုကြမ်းတမ်းသော အပြုအမူများဖြင့်ဆွဲထုတ်ကြ



www.burmeseclassic.com

www.burmeseclassic.com



လေတော့သည်။

"ဟေ့ မင်းတို့ ဒီနေရာကအမြန်ထွက်သွားကြ"

ထိုအခါ ... ထိုသူများသည် ရွာသားများကိုအေးဆေး သောအမူအရာများနှင့်ကြည့်ကာ ...

"ငါတို့ဟာ ... သင်းတို့ထင်သလို ... မကောင်းမှုကို ကျူးလွန်ဖို့ရောက်လာကြတာမဟုတ်ဘူး၊ တရားဘာဝနာဆီးဖျက် ပြီး မင်းတို့ကိုအမြင်မှန်ရစေဖို့လည်းပါတယ်"

"ဘာတွေပြောနေတာလဲ ... ကျုပ်တို့မှာ ဘာအကြောင်း နှင့်မှ အမြင်သွေလွဲတာမျိုးမရှိကြဘူး၊ လာဆုံးမဖို့မလိုဘူး ခင်ဗျား တို့သာ ဒီနေရာကထွက်သွားကြ"

သို့သော် ထိုသူများသည် ဖွတ်ပေပြီးတော့နေသည်။ ဂူထဲ ကထွက်မသွားကြ။

"ဟေ့ ဒါလောက်တောင်ဖြစ်နေတာ ဒီနေရာမှာတင် အပြတ်ရှင်းပစ်လိုက်ကြမယ်"

သည်းမခံနိုင်ကြသူများက ထိုပုဂ္ဂိုလ်ငါးယောက်ကို သတ် ဖြတ်ကြမည်ပြုကြသည်။ ထိုအချိန်တွင် ရွာလူကြီးအပါအဝင် ရွာကအချို့ကဝင်ပြီးတော့တားဆီးကြသည်။

"ဟေ့ မင်းတို့အရမ်းမလုပ်ကြနဲ့၊ သူတို့ဟာ သူတော်စင် တွေဖြစ်ရမယ် မင်းတို့မှားကုန်ကြလိမ့်မယ်"

ထိုအခါ ... သူတို့လူတစ်စုကလွဲပြီး မည်သူကမှမငြ နပ်ကြ။

"အံမာ နင်တို့ကဘာဖြစ်လို့တားဆီးကြတာလဲ၊ ကိုယ့်ရွာ ရောပြီးတော့သေချင်လို့လား။ ရှုပ်တယ်ကွာ ဂူထဲကတစ်ယောက် မှမထွက်ကြစေနဲ့ အားလုံးကိုရှင်းပစ်"





ဂူကိုကျောက်တုံး၊ ကျောက်ခဲများဖြင့်ပိတ်ပစ်လိုက်ကြ သည်။ ထို့နောက် အပေါက်တစ်ပေါက်ကိုသာချန်ထားပြီး သစ် ကိုင်းခြောက်များကိုမီးရှို့ကာ အထဲကိုပစ်သွင်းကြသည်။ ဂူအပြင် မှ လူများအားလုံးတစ်ယောက်မကျန် ထိုကဲ့သို့ပြုလုပ်ကြလေရာ ဂူထဲမှာ မီးဟုန်းဟုန်းတောက်လောင် ခဲ့လေတော့သည်။ မီးတောက်မီးလျှံများသည် တစ်ပေါက်တည်းသာရှိသည့် ဂူထဲမှ တစ်ဆင့် အပြင်ကိုပင်လျှံထွက်လာခဲ့ကြလေသည်။

"ဟား ဟား ဟား ဟား သင်းတို့ဘာတတ်နိုင်သေးသ လဲ၊ သွားပြီ သွားပြီ သွားကုန်ကြပြီ မိစ္ဆာကောင်တွေ ဂူထဲမှာ မီးသင့်ပြုဟ်ပြီးသားဖြစ်ကုန်ကြပြီ"

အကြင်နာတရားကင်းမဲ့ကြသူများသည် ... ဟားတိုက် ကာရယ်မောလိုက်ကြသည်။ ထို့နောက် ... မိမိတို့၏ရွာအသီးသီး ကို ပြန်သွားခဲ့ကြလေသည်။ ထိုညမှာပင် 'မိစ္ဆာသုတ်သင်ရေး' အောင်ပွဲအဖြစ် ရွာအသီးသီးမှာ မီးပုံပွဲကျင်းပကြသည်။ သေရည် သေစားအစာများသောက်စားကာ အောင်ပွဲခံကြသည်။ မူးယစ်ရမ်း ကားကြလေသည်။ ထို့ကြောင့် ... တစ်ညလုံးပင်ပန်းနွမ်းနယ် ခဲ့ကြသည်ဖြစ်၍ နေရာမှာပင် ကြိုးသလို၊ ဖြစ်သလို ခြေပစ်လက် ပစ်အိပ်ကြကုန်လေသည်။

သန်းခေါင်ယံလောက်တွင် ထူးခြားသောဖြစ်ရပ်ကြီးတစ်ခု ပေါ်လာခဲ့လေတော့၏။ သူတို့၏ တစ်သက်တာတွင် ဤကဲ့ သို့သော ဖြစ်ရပ်မျိုးကို ယခုတစ်ကြိမ်သာ ပထမဆုံးနှင့် နောက်



www.burmeseclassic.com

www.burmeseclassic.com



ဆုံးအကြိမ်ကြုံဖူးကြသည်။ နောက်ကိုလည်း မည်သည့်အခါမျှ ကြုံဖူးမှာမဟုတ်ချေ။

"ဝေါ ဝေါ ဝေါ ... ဝူး ဝူး ဝူး"

တဝေါဝေါ၊ တဝူးဝူးဖြင့်ထွက်ပေါ်လာသောအသံကြီးများ က ပြင်းထန်ကျယ်လောင်သောအသံကြီးများကြောင့် ရွာများ အားလုံးမှ ရွာသူရွာသားများသည် လန့်နိုးကုန်ကြသည်။

"ဟာ ဘာ ဘာ သံကြီးလဲ၊ လေကြီးမိုးကြီးကျတာလား"

"ဟုတ်ပါရဲ့ လာနေတဲ့အသံကြီးကိုက ကြောက်စရာကြီး"

အိမ်ထဲမှာမနေရဲကြတော့ပေ ... အားလုံးအိမ်ပြင်ထွက် ကုန်ကြသည်။ ယင်းအချိန်မှာပင် ... တောင်အရပ်ဆီကလေ ကြမ်းကြီးတစ်ခုက နီမောင်းသောအရောင်အဆင်းဖြင့် တိုက်ခတ် လာလေတော့သည်။

"ဝေါ ဝေါ ဝေါ ... ဝူး ဝူး ဝူး"

ယင်းနီးမောင်းသော အရာကြီးသည် တောတောင်ပြ ချောင်းအင်းအိုင်များနှင့်တကွ ရွာများ၏အပေါ်ကိုပါ လွှမ်းခြုံ ထင်းသွားခဲ့လေတော့သည်။

"ဟား ဟား ဟား၊ လေနီကြမ်းကြီး တိုက်ခတ်လာ ပေ့"

ရုတ်တရက်ထွက်ပေါ်လာသော အရေးကြောင့် ... ရွာသ များသည် ဘယ်သို့ပြေးသွားရမှန်းမသိဖြစ်သွားခဲ့ကြသည်။ အ ကား တောတောင်များဆီကို သွေးရူးသွေးတန်းဖြင့်ပြေးကြသ သို့သော် ... ပြေးမလွတ်ကြပါ ... ထိုသူတို့သည် ပြင်းထ တိုက်ခတ်ကြသော လေအဟုန်နောက်သို့ လွင့်ပါးသွားခဲ့ကြ မို့တည်း။





"အား ... အား ... အား"

ထို့အပြင် ...

အိမ်များသည်လည်း တိုင်မှကျွတ်ကာလေနှင့်အတူပါသွား ကြသည်။ အိမ်မွေးတိရိစ္ဆာန်များသည်လည်း လေထဲမှာမြောက် းတော့ပါသွားခဲ့ကြသည်။ တစ်ညလုံး တိုက်ခတ်သောလေနီ ကြမ်းကြောင့် ဝန်းကျင်ပတ်ကုန်းသည် ဖုံမှုန့်များ၊ အမှိုက်သရိုက် များနှင့်လုံးလည်ချာလည်လိုက်နေတော့သည်။

တဟီးဟီးတဟူးဟူးအသံကြီးများကလည်း ဆူညံလျက်ရှိ နေကြလေသည်။

နံနက်မိုးလင်းသော် ...

ထိုနေရာများတွင်လူသူ တိရစ္ဆာန်များကအစ ... အိမ်များ အားလုံးဘာမှမရှိတော့၊ ပျောက်ကွယ်သွားခဲ့ကြသည်။ အချို့သည် လင်းပြင်ကြီးဖြစ်ပြီးတော့ ကျန်ရစ်ခဲ့လေသည်။

နောက် ... ရှစ်သီတင်းခန့်အကြာတွင် ... ရာသီဥတုက မျိုးပြောင်းသွားသည်။ လွန်စွာမှအေးလာသည်။ နှင်းများကျ သည်။ အချို့နေရာများတွင် မြစ်ချောင်းအင်းအိုင်များသည် ပြင်ကြီးအဖြစ်သို့လည်းပြောင်းလဲသွားခဲ့လေ၏။ ပင်လယ်ပိုင်း လည်း ... အအေးဓာတ်ပိုမိသိပ်သည်းလာကာ ... ရေခဲ ကြီးဖြစ်သွားခဲ့လေသည်။

အချို့နေရာများတွင်သာ ရေစီးကြောင်းဖြစ်ကာကျန်ရစ်ခဲ့ တောတောင်ကြီးများသည် တောအုပ်များထဲမှ ရုတ်တရက်



www.burmeseclassic.com

www.burmeseclassic.com



ထွက်ပေါ်လာခဲ့ကြလေရာ ... အပြင်းထန်ဆုံးသောအအေးဓာတ်ကို ရုတ်တရက်ကြုံတွေ့လိုက်ကြ၍ နေရာမှာတင်ပင် တောင့်တောင့်ကြီးဖြစ်သွားခဲ့ကြရသည်။ သွေးခဲပြီးသေဆုံးသွားခဲ့ကြလေသည်။ နောက်တော့ သူတို့တစ်ကိုယ်လုံးကို ရေခဲများကဖုံးလွှမ်းသွားခဲ့ကြသည်။

ထိုဒေသကြီးတစ်ခုလုံးသည် ရေခဲပြင်ဒေသကြီးတစ်ခုအဖြစ်ပြောင်းလဲသွားခဲ့လေသည်။ သဘာဝဘေးဆိုးကြီးကျရောက်ခဲ့လေရာ လွတ်မြောက်ခဲ့သောရွာတစ်ရွာရှိခဲ့သည်။ ယင်းရွာသည် အခြားမဟုတ်၊ သူတော်စင်ပုဂ္ဂိုလ်များကို ရွာသားများသတ်ဖြတ်ရန်ကြိုးစားရာ၌ ဝင်ရောက်တားဆီးကြသော ရွာသားများနေသောရွာကြီးတစ်ရွာပင်ဖြစ်သည်။ ဂူထဲမှလူများကို အပြင်မှမီးရှို့ဖြစ်ရာ ... ဖြစ်ရပ်ဆန်းတစ်ခုဖြစ်ပွားခဲ့လေသည်။

ဂူထဲတွင် မီးဟုန်းဟုန်းတောက်လောင်နေစဉ် လှောင်ပိတ်ခံနေကြသူများသည် ဂူအပြင်သို့ရောက်ကြသည်။ သူတို့ကယ်တင်ခဲ့သောရွာသားများနှင့်အတူ လွတ်မြောက်သွားခဲ့ကြသည်။ ဖြစ်နိုင်ချေရှိသည်က ဂူသည်တစ်ဖက်ပိတ်ကြီးမဟုတ်ချေ။ ရှုပ်လျှားသောဂူကြီး၏တစ်ဘက်တွင် ထွက်ပေါက်ရှိဟန်တူသည်။ ဤသည်ကိုရွာသားများကသိ၍ ထိုပုဂ္ဂိုလ်ငါးယောက်ကို ကယ်ထုတ်သွားခဲ့ကြခြင်းပင်ဖြစ်သည်။

ပုဂ္ဂိုလ်ငါးယောက်ထဲမှ အသက်အကြီးဆုံးလူကြီးက–

''သင်တို့ကမကယ်လည်း ငါတို့ဘာသာလွတ်မြောက်အောင်လုပ်နိုင်တယ် ဒါပေမယ့် သင်းတို့ကစိတ်ကောင်းရှိကြလို့ကယ်တင်ခဲ့ကြတဲ့အတွက် ငါ သတိပေးမယ်၊ သင်တို့ရွာတစ်ရွာလုံး ဒီကနေချက်ချင်းအမြန်ပြောင်းသွားကြတော့၊ မကြာခင်အချိန်တွင်းမှာ ဒီနေရာကိုသဘာဝဘေးဆိုးကြီးကျရောက်လိမ့်မယ်၊ ငါပြောတာယုံကြည်ကြသလား''

''ယုံ ယုံပါတယ်ခင်ဗျား''

ထိုပုဂ္ဂိုလ်များ၏ထူးခြားသော အပြုအမူများကြောင့် နိမိတ်စကားများကိုယုံကြည်လိုက်ကြလေသည်။ ထိုအခါရွာသို့အမြန်ပြန်သွားကြသည်။ ရွာလူကြီးက ... ရွာသားများကိုအကျိုးအကြောင်းပြောပြသည်။ နောက်မကြာမီမှာပင်လျှင် တစ်ရွာလုံးဘေးလွတ်မည်ထင်သည့်နေရာကို ရွှေ့ပြောင်းသွားခဲ့ကြသည်။

အိမ်မွေးတိရစ္ဆာန်များပါမကျန်ရစ်ခဲ့ကြပေ။ ထိုပုဂ္ဂိုလ်များခန့်မှန်းကြသည့်အတိုင်းပင် ... ညဥ့်သန်းခေါင်ကျော်ကျော်လောက်မှာ ... သဘာဝဘေးအန္တရာယ်ကြီး တစ်ခုသည်ချက်ချင်းပင်ကျရောက်လာခဲ့လေသတည်း။ သူတို့နေထိုင်ကြသည့် နေရာကြီးသည်လည်း အပြောင်းအလဲကြီးပြောင်းလဲသွားခဲ့သည်။ မည်သို့မျှမမှတ်မိနိုင်သော အခြေအနေမျိုးကိုရောက်သွားခဲ့လေတော့သည်။ သည့်နောက်ပိုင်းတွင် ...

ယင်းနေရာသည် ... ဟိမဝန္တာ၏အစိတ်အပိုင်းတစ်ခုသယ်ဖြစ်လာခဲ့လေသည်။ လူသူအရောက်အပေါက်မရှိသလောက်ခေါင်လှသော ရေခဲကန္တာရကြီးတစ်ခုဖြစ်လာခဲ့သည်။ သို့သော်ထူးထူးခြားခြား ရေခဲအဆောက်အဦတစ်ခုလည်း မိုးပေါ်ကကျလာသလို ဘွားခနဲဆိုရောက်လာခဲ့လေသည်။ သို့သော် ...

တကယ်တော့မိုးပေါ်က ကျလာခဲ့သည်မဟုတ်ပေ။







www.burmeseclassic.com

www.burmeseclassic.com



တစ်ရက်တွင် ရေခဲမြစ်တစ်ခုအတိုင်း ဖောင်အသီးသီးဖြင့်လို ပါလာခဲ့ကြသူများ ထိုသူတို့သည် ကြေးနီရောင်အဆင်းရှိ သည်။ ရေခဲဖုံးလွှမ်းလျှက်ရှိသော ကုန်းမြေကြီးပေါ်တွင် နေ တစ်နေရာကိုရှာဖွေနေကြသည်။ ထို့နောက် ရေခဲတုံးကြီးများ ထုဆစ်ကာ အဆောက်အဦတစ်ခုကိုတည်ဆောက်ကြလေ သည်။



အခန်း ( ၂၆ )

ဆုံးရှုံးခဲ့ပြီးကာမှ

ခမ်းနားကြီးကျယ်သော ယင်းအဆောက်အဦကြီးကို ည်ဆောက်ကြရာ ... ရက်အနည်းငယ်အတွင်းမှာပင် ပြီးဆုံး းခဲ့လေသည်။

သည့်နောက်မှာတော့ ... ထိုကြေးနီရောင် လူသားများ ည် လာရာလမ်းအတိုင်းတစ်ဘက်ရေခဲမြစ်မှနေ၍ ပြန်ပြီး ဝင်းသွားခဲ့ကြသည်။ ရက်အနည်းငယ်အကြာတွင် လူတစ်စု ည် လှေကြီးတစ်စင်းနှင့်အတူ ထိုနေရာသို့ရောက်လာခဲ့ကြ ည်။

သူတော်စင်ပုဂ္ဂိုလ်ငါးယောက်နှင့်အတူ ရွာလူကြီးအချို့ လုပသောမိန်းကလေးပါလာခဲ့ကြသည်။ သူတို့အထဲတွင် ကလေးတစ်ဦးသည် နတ်သမီးတစ်မျှလှပချောမောလွန်းလှ ည်။

ကျန်မိန်းကလေးများမှာ အဖော်များဖြစ်ကြဟန်တူသည်။ တော်စင်ပုဂ္ဂိုလ်ငါးယောက်သည် ကြေးသေတ္တာလေးတစ်လုံး



www.burmeseclassic.com

www.burmeseclassic.com



ကိုယူဆောင်လာခဲ့ကြသည်။

ရေခဲနန်းတော်ကြီးထဲတွင် အတူပါလာသောမိန်းကလေးများကိုသာ တာဝန်ပေးသည်။

"ဒီကြေးသေတ္တာလေးထဲမှာ မှော်ဝိဇ္ဇာဒီပနီကျမ်းရှိတယ်၊ ဒီစာအုပ်ကိုလိုက်နေကြတဲ့သူတွေရှိကြတယ်၊ ဒါပေမယ့်ဘယ်သူမှရယူနိုင်ဖို့မလွယ်ဘူး၊ ကြံစည်ကြိုးစားလိုက်ကြတာနဲ့ ဘေးဥပါဒ်အန္တရာယ်ကျရောက်မှာဖြစ်တယ်၊ သမီးက စောင့်ရှောက်ပါ ကာကွယ်ပါ"

"ဟုတ်ကဲ့ သမီးရဲ့အသက်နဲ့လဲပြီးတော့ ကာကွယ်စောင့်ရှောက်ပါ့မယ်"

မိန်းကလေးသည် အာမခံလိုက်လေသည်။ ထိုမိန်းကလေးကား ဤကျမ်းသေတ္တာကိုကာကွယ်စောင့်ရှောက်နိုင်ရန် မည်သို့သော အရည်အချင်းများရှိပါသနည်း။ မည်သည့်စွမ်းအားများရှိပါသလဲ၊ ထို့အပြင် သူတော်စင်ပုဂ္ဂိုလ်များနှင့်မည်သို့ပတ်သတ်နေပါသလဲ၊ မည်သူမှမသိနိုင်ကြ။ ယင်းကြေးသေတ္တာလေးကို ရေခဲနန်းတော်ကြီးအတွင်း လျှို့ဝှက်သောနေရာမှာ လုံခြုံစွာထားရှိခဲ့လေသည်။

(ကြေးသေတ္တာကိုစောင့်ရှောက်သော မိန်းကလေးသည် နောင်အခါ လူစားထိုးတာဝန်ယူကာ တစ်ယောက်ပြီးတစ်ယောက် ပြောင်းသွားခဲ့သည်။ လူစားလဲသောမိန်းကလေးများသည် တစ်ယောက်နှင့်တစ်ယောက်အလှခြင်းကမတူ၊ တစ်မျိုးစီကျက်သရေရှိကြသည်။ တင့်တယ်ကျသူများဖြစ်ကြလေသည်။





နှင်းသူဇာသည် ... ရေခဲနန်းတော်ကြီးဖြစ်ပေါ်လာသည့်အကြောင်းကို ... အဂ္ဂပိုင်တို့အားအကျဉ်းချုံးကာပြောပြခဲ့သည်။ ထိုအခါ ... အားလုံးသည်ထူးဆန်းသောအဖြစ်အပျက်များကိုအံ့အားသင့်မိကြလေသည်။

"ဒီရေခဲကန္တရကြီးဖြစ်ပေါ်လာခဲ့တဲ့အကြောင်းရင်းကတော့ ဒါပါပဲ၊ ကျွန်မလည်း ... ရှေ့မှာတာဝန်ယူသွားခဲ့ကြတဲ့ အမျိုးသမီးတွေက လက်ဆင့်ကမ်းပြီးပြောပြသွားခဲ့ကြလို့ ခုလို ပြန်ပြီးပြောပြနိုင်ခဲ့တာပါ"

"ဒီလိုဆို ... ဒီတာဝန်ယူခဲ့ရတဲ့ မမကြီးက ဘယ်နှစ်ယောက်မြောက်ဖြစ်ပါသလဲ"

"အဲ ဒါတော့ပြောမပြတတ်ပါဘူး၊ နှစ်ပေါင်းများစွာကြာခဲ့ပြီလို့ပဲ မှတ်ထားလိုက်ပါတော့"

နှင်းသူဇာကတော့ ဤမျှနှင့်ပင်စကားဝိုင်းကို အဆုံးသတ်လိုက်သည်။ ထို့နောက် ကိုကွမ်းခေတ်ကို အဓိပ္ပါယ်ပါသောအကြည့်ဖြင့်ကြည့်ကာ ...

"ရှင် ... လူသတ္တဝါနဲ့ သက်မဲ့ပစ္စည်းတွေကိုဆုံးရှုံးခဲ့ဖူးပြီးပြီမဟုတ်လား၊ ပြန်မရနိုင်တော့ဘူးလို့လည်း စိတ်ဒုံးဒုံးချထားပြီးပြီမဟုတ်လား"

နှင်းသူဇာက ကောက်ကာ ငင်ကာမေးလိုက်သည်။ ကိုကွမ်းခေတ်သည် ရုတ်တရက်မို့ ဘာပြောရမှန်းမသိအောင်ပင်ဖြစ်သွားခဲ့ရသည်။ သူ့တစ်သက်တာတွင် ချစ်ဇနီးမမိုးတိမ်နှင့် ပိုင်ရေသူမကုန်သည်လှေကြီးလည်း ဆုံးရှုံးခဲ့ပြီးမဟုတ်ပါလား။ သားဖြစ်သူအဂ္ဂပိုင်သည်ပင် ... ကံကောင်းထောက်မ၍ မိမိနှင့်ပြန်တွေ့ရသည်။ ထိုအကြောင်းတွေကို နှင်းသူဇာသည်



www.burmeseclassic.com

www.burmeseclassic.com



မည်သည့်အတွက်မေးရပါသနည်း။ သူမ၏ထိုးထွင်းစိတ်ဉာဏ်ဖြင့် သိနေခဲ့ပါသလား။

"ဟုတ်ပါတယ် ကျွန်တော်ဇနီးနဲ့ကိုယ်ပိုင်ကုန်သည်လှေကြီးတစ်စင်းဆုံးရှုံးခဲ့ပြီးပါပြီ"

"ကဲ ... ဒီလိုဆိုရင် ကံတရားကိုရော ယုံကြည်ပါသလား"

"ယုံကြည်ပါတယ် ကုသိုလ်ကံအဆိုးအကောင်း၊ ကောင်းတဲ့ကြမ္မာ၊ မကောင်းတဲ့ကြမ္မာဆိုတာ ... လူတိုင်းအပေါ်မှာ သက်ရောက်နေတာပဲလေ"

"ဟုတ်ပါပြီ ကံဆိုတာ အလှည့်အပြောင်းရှိတယ်၊ အဆိုးကြီးပဲလည်းမလာဘူး၊ အကောင်းချည်းပဲလည်းမလာဘူး တစ်လှည့်စီပဲလာတတ်တယ်၊ ရှင့်အတွက်အဆိုးတွေရောက်လာပြီးပြီဆိုတော့ အခုအကောင်းတစ်လှည့်လာတော့မယ်"

"ဒီက ... အဲ၊ နှင်းသူဇာက ... ဘယ်လိုအကြောင်းကြောင့် ခုလိုပြောနိုင်တာပါလည်းခင်ဗျာ"

"ကောင်းပြီ ကျွန်မလက်တွေ့ပြမယ်"

နှင်းသူဇာသည် လက်ခုပ်သုံးချက်တီးလိုက်လေသည်။

"ဖျောက်" "ဖျောက်" "ဖျောက်"

ထိုအခါ ... ရေခဲနံရံကြီးမှ တံခါးတစ်ချပ်သည်ပွင့်သွားသည်။ ဤနေရာတွင် ... တံခါးတစ်ချက်ရှိနေသည်ကို မသိနိုင်ပါချေ။ တံခါးပွင့်သွားသည်နှင့် ... မိန်းကလေးငါးယောက်ကထွက်လာခဲ့ကြသည်။ အစားအစာများထည့်ထားသော ငွေပန်းကန်ပြားကိုယ်စီ၊ နို့များပါရှိသောကြေးဂူတစ်ကောင်များနှင့် အတူသူတို့ဆီကိုလာနေကြသည်။

ထိုမိန်းကလေးများသည် အပြာနုရောင်ဆင်တူအဝတ်



အစားများကို ဝတ်ဆင်ထားကြသည်။ နှင်းသူဇာသည် ဧည့်သည်များရောက်လာလိမ့်မည်ကို ကြိုတင်သိနေပါသလား၊ ခေါင်းထဲမှာမေးခွန်းမှာ မေးခွန်းများသာပြည့်နေသည်။ အဖြေကမရှိ။

လှပချောမွေ့သော မိန်းကလေးများသည် ... သူတို့ဆီရောက်လာခဲ့ကြသည်။ အစားအသောက်များထည့်ထားသည့် ငွေပန်းကန်ပြားလေးများ၊ ကြေးရေတကောင်းများကို ... စားပွဲပေါ်မှာချလိုက်ကြသည်။ သူတို့ကိုယ်မှ ... သင်းပျံ့သောအမွှေးရနံ့များ ထွက်လျှက်နေလေရာ ... ထိုရနံ့ကြောင့် စိတ်ထဲမှာကြည်လင်သန့်ရှင်းသွားခဲ့ကြလေ၏။ ထိုအထဲတွင် မိန်းကလေးတစ်ယောက်သည် ကိုကွမ်းခေတ်ကို မြင်လိုက်ရသောအခါ မျက်နှာမှာ အပြောင်းအလဲတစ်ခုဖြစ်သွားခဲ့ရသည်။ မျက်ဝန်းလေးတွေ ပိုင်းစက်သွားခဲ့ရသည်။

"ဟင် ... ကို ကိုကွမ်းခေတ်"

ကိုကွမ်းခေတ်သည် ... သူ့ နာမည်ကိုခေါ်လိုက်သဖြင့် အမှတ်မထင်မော့ကြည့်မိလိုက်သည်။ ထိုအခါ ကိုကွမ်းခေတ်၏ မျက်နှာသည် အံ့အားသင့်ခြင်းကြီးစွာဖြင့် ...

"ဟင် ... မင်း ... မင်း ... မမိုးတိမ်မဟုတ်လား"

တုန်ယင်သောအသံဖြင့် မေးလိုက်လေသည်။ သို့မေးသည့်တိုင် ... မယုံတစ်ဝက်၊ ယုံတစ်ဝက်နှင့် မှားများမှားခဲ့လေပြီလေဟု ...

"ဟုတ် ဟုတ်ပါတယ်၊ ကျွန်မမမိုးတိမ်လေကိုကွမ်းခေတ်ရဲ့ ... ဟင့် ... ဟင့်"

အမိုးတိမ်သည် တစ်ချက်ရှိုက်ခါငိုကြွေးလိုက်သည်။ ကို့နောက်ဟန်မဆောင်နိုင်တော့ပဲ ကိုကွမ်းခေတ်၏အနားတွင်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်လုံးလေးကိုပစ်ပြီးထိုင်ချလိုက်သည်။

''အိပ်မက်များလား မိုးတိမ်ရယ်၊ မင်းသေသွားပြီလို့ ငါတို့ဆယ်နှစ်လုံးလုံးယုံကြည်လာခဲ့ကြတာ၊ ဘယ်လိုဒုက္ခမျိုးနဲ့ကြုံတွေ့ခဲ့/ရပြီးမှ ဒီနေရာကိုရောက်နေတာလဲ၊ မင်းကိုငါမမှတ်မိနိုင်ဘူး၊ မိုးတိမ်ရယ်၊ မင်းက ... ပိုပြီးတော့လှလာသလိုပဲ၊ အရွယ်ကလည်း ပြောင်းမသွားဘူး ငါ့ကိုပြောပြပါဦး''

ကိုကွမ်းခေတ်သည် အမောတကောဖြင့်မေးလိုက်သည်၊ ထိုအခါ အဂ္ဂပိုင်သည် မမျှော်လင့်သောအခြေအနေများကိုပြုံရ၊ တွေ့ရကြားလိုက်ရသောအခါ အံ့အားသင့် သွားခဲ့ရလေသည်။

''ဟင် ... ဒါ ... ဒါဆိုရင် ကျွန်တော့်အမေပေါ့ဟုတ်လား။ သဘော်ာပေါ်ကနေလွှင့်စင်ပြီးတော့ကျသွားခဲ့တဲ့ အမေ မမိုးတိမ်ပေါ့နော်''

အဂ္ဂပိုင်သည် အမောတကောဖြင့် မေးလိုက်သည်။ သူသည် မိခင်ကိုရှစ်နှစ်သားအရွယ်လောက်ကပင် ဆုံးရှုံးခဲ့ရသည် မဟုတ်ပါလား။ မိုးသီးသည်ပင် ... မမိုးတိမ်ကိုကြည့်ကာပါးစပ်အဟောင်းသားဖြစ်သွားခဲ့ရသည်။

''မမိုးတိမ် ခင်ခင်ဗျား ဒီနေရာမှာနှစ်ပေါင်းအကြာကြီးကတည်းကရှိနေတယ်၊ ဟုတ်လား ဆရာစောစောကပြောလိုက်သလို အိပ်မက်တော့မဟုတ်ပါဘူးနော်၊ အိပ်မက်ဆိုရင်လည်း တကယ်ဖြစ်တဲ့အိပ်မက်မျိုးပဲ မက်နေတာပဲဖြစ်ပါစေဗျာ''

တုန်ယင်သောအသံကြီးဖြင့်ပြောလိုက်လေသည်။ နှင်းသူဇာကတော့ သူတို့ကိုအေးဆေးစွာကြည့်နေသည်။ သူမကလက်ဝှေ့ယမ်းပြလိုက်သည်နှင့် ကျွန်မိန်းကလေးများသည် နေရာကထွက်





သွားခဲ့ကြလေသည်။ ဤမျှအေးသောနေရာမျိုးမှာ သာမာန်အဝတ်အစားကိုသာဝတ်ဆင်ထားသည့်အတွက် အံ့အားသင့်နေမိကြသည်။

(သို့သော် သူတို့ထိုင်နေရင်းကပင်လျှင် ခံနိုင်ရည်ရှိသောအအေးဓာတ်သို့ တဖြည်းဖြည်းနှင့်ကူးပြောင်းလာခဲ့လေသည်။ ဤအခန်းကြီးထဲတွင် သဘာဝစွမ်းအင်ကို မည်သို့ပြောင်းလဲစေခဲ့သလည်းမသိပေ)

''ကဲ မမိုးတိမ်ကပဲ ကိုယ်ဖြစ်ခဲ့တဲ့အကြောင်းတွေကို အေးအေးဆေးဆေးပြောပြလိုက်ပါကွယ်''

''ဟုတ်ကဲ့''

မမိုးတိမ်က နှင်းသူဇာအပေါ်မှာကျိုးနွံသည့် အမူအရာကသိသာသည်။

''ဒီလိုပါ ကိုကွမ်းခေတ် ... မုန်တိုင်းထဲမှာရေသူမသဘော်ာက လူးခါနေတုန်းလှိုင်းလုံးကြီးတစ်လုံးက ကျွန်မအပေါ်ပြင်းပြင်းထန်ထန်ကျလာခဲ့တယ်၊ ကျွန်မလည်းသဘော်ာပေါ်ကနေအောက်ကို ပစ်ကျသွားတဲ့အခါမှာ ... ''

လှိုင်းလုံးကြီးတစ်လုံးသည် ... ရေသူမသဘော်ာပေါ်ကို ကျော်ပြီး တအားရိုက်ခတ်လာခဲ့သည်။

''ဝုန်း'' ''အား''

မမိုးတိမ်သည်လည်း လှိုင်းပြင်းပြင်းဒဏ်ကြောင့် မျက်နှာတစ်ပြင်လုံး မီးပွင့်မတတ်ခံစားလိုက်ရသည်။ ခန္ဓာကိုယ်သည်



www.burmeseclassic.com

www.burmeseclassic.com



လည်း တစ်စစီပြုတ်ထွက်သွားပြီလားမှတ်ရသည်။ ရေထဲကို ကျသွားသည်ကိုပင် ခံစားမှုက မသိ၊ တသိ အသိကဝင်လာခဲ့သည်နှင့် သတိကို ကိုယ်မှာမြဲမြဲစွာ ကပ်ထားလိုက်ရလေသည်။

"ငါ ... ငါ ... မသေရဘူး၊ မသေနိုင်ဘူး၊ ငါအသက်ရှင်ရမယ်၊ ပင်လယ်ပြင်ကြီးရဲ့ဝါးမြိုစားသောက်မှုကိုမခံဘူး။ သားကောင်အဖြစ်မခံဘူး"

မမိုးတိမ်သည် စိတ်ဓာတ်ကြံ့ခိုင်သူပီပီ ရေသူမဆီကိုပြန်ရောက်ရန်အတတ်နိုင်ဆုံးကူးခတ်လေတော့သည်။

"ဝူး ... ဝေါ ... ဝေါ ... ဝေါ"

မုန်တိုင်း၏အရှိန်သည် မြင့်မားလှသည်။ မိုးရေ၊ လေ၊ ထပ်နှောင့်ခဲ့ပြန်သည်ဖြစ်၍ လှိုင်းလုံးကြီးတွေကပိုပြီးတော့ထကြလာခဲ့ကြလေသည်။

ရေသူမသင်္ဘောကိုမြင်ရတစ်ချက်၊ မမြင်ရတစ်ချက်ရှိနေသည်။

ထိုစဉ် ...

လှိုင်းလုံးတစ်လုံးကသူ့ဆီသို့ အရှိန်နှင့်ပြေးဝင်လာခဲ့လေရာ

"ဝုန်း" "အား"

လှိုင်း၏အရှိန်နှင့် ပင့်တင်လိုက်သလို ဖြစ်သွားကာ လေထဲတွင် မြောက်တက်သွားခဲ့လေသည်။ အောက်ကိုပြန်အကျတွင် ...

"ဘွမ်း"

ရေအောက်ကိုတိုက်ရိုက်ပင်ကျသွားခဲ့လေ၏။ ရေနက်ပိုင်းကိုရောက်သွားသည့်တိုင် ... သတိကမလစ် အပေါ်မှာတော့မုန်





တိုင်းက ဝုန်းဒိုင်းကြဲနေသည်။ သူမသည်ရေကူးကျွမ်းသူမို့ ရေအောက်မှာကူးခတ်နေမိသည်။ ကယ်မယ့်သူမရှိသူမို့ တစ်ချက်တော့ တစ်ချက်တော့ အားငယ်စိတ်ဝင်သွားခဲ့ရလေသည်။

ထိုစဉ် ...

ရေအောက်နေရာသည် ... သိသာစွာလွန့်လူးသွားသည်။ မမိုးတိမ်၏ခန္ဓာကိုယ်လေးသည်ပင် ... တစ်ပတ်၊ နှစ်ပတ်လည်ထွက်သွားခဲ့ရသည်။ ရေသည် ... ချက်ချင်းနောက်ကျိသွားသည်။ ထိုမှတစ်ဖန်အဖြူထည်ကြီးအဖြစ်သို့ အရောင်ပြောင်းလဲသွားသည်။ သို့ရှိခိုက်တစ်နေရာမှနေ၍ ရှည်လျား ... တန်းကြီးတစ်ခုက ရေအောက်မှနေ၍ မမိုးတိမ်ဆီကိုရွေ့လျားလာခဲ့သည်။ ယင်းဖြူတန်းကြီး၏ထိပ်ပိုင်းသည် လူခေါင်းသဏ္ဌာန်ဟုထင်ရသည်။ သေချာစွာကြည့်လျှင် ... မျက်စိ၊ ပါးစပ်၊ နှာခေါင်းပေါက်နေရာများက ရေးရေးပါးပါး၊ ရှည်လျားသောကိုယ်ထည်ကြီးကလည်း တစ်ဖက်မှတစ်ဖက်သို့ ထွင်းဖောက်ပြီးတော့မြင်နေရသည်။

မမိုးတိမ်သည် ... သူမ၏ရှေ့မှရုတ်တရက်ရောက်လာသော ရှည်လျားသဏ္ဌာန်ကြီးကို ရုတ်တရက်မြင်လိုက်ရ၍ ထိတ်လန့်သွားမိသည်။ စိတ်ထဲမှာရေအောက်မိစ္ဆာကြီးတစ်ကောင်လားဟုပင်ထင်သွားခဲ့ရသည်နှင့် ... မျက်လုံးမှိတ်ပစ်မိလိုက်သည်။

ယင်း ... ရှည်မျောမျောအရာကြီးသည် သူမဆီကိုရောက်သွားသည်နှင့် ဆက်မသွားတော့၊ သူမ၏ကိုယ်ကို အထပ်ထပ်ရစ်ပတ်လိုက်သည်။ သို့သော် ... အခိုးအငွေ့များကရစ်ပတ်လိုက်သလိုဖြစ်ခဲ့၍ ကိုယ်ပေါ်မှာအထိအတွေ့ကိုမခံစားလိုက်ရ၊ ရုတ်ချည်းမှာပင်လျှင် ... မမိုးတိမ်၏ခန္ဓာကိုယ်လေးသည် ရေထဲမှာဆွဲတင်ခံလိုက်ရသည်။ ရေအောက်သတ္တဝါကြီးတစ်



www.burmeseclassic.com

www.burmeseclassic.com



ကောင် ရေမျက်နှာပြင်ပေါ်ကိုဆောင့်ဆွဲပြီးတော့ တင်လိုက်သလိုပင် ... ထိုအခါ မပိုးတိမ်သည်လည်း ထိတ်လန့်သွားကာ သတိလစ်သွားခဲ့လေ၏။ ဘာဆိုဘာမှမသိရတော့။



အခန်း ( ၂၇ )

အကြံသမားတာဝန်ပြီး

မပိုးတိမ်သတိရလာသောအခါ ... ဤရေခဲနန်းတော်ကြီး
ကိုရောက်နေသည်။ မည်သို့မည်ပုံရောက်ခဲ့သလဲဆိုသည်ကို
မနားမလည်။

''မပိုးတိမ်ကို ကျွန်မတို့ကယ်တင်ခဲ့တာပါ၊ ဒါပေမယ့်
နေရပ်ကိုပြန်ပို့နိုင်တဲ့အထိတော့ မစွမ်းဆောင်နိုင်ခဲ့ဘူး၊ အဲဒါကို
တော့ ခွင့်လွှတ်ပေးပါ တစ်နေ့နေ့တစ်ချိန်ချိန်ကျရင်တော့ ဒီ
သားစုပြန်ပြီးတော့ ဆုံတွေ့နိုင်ကျလိမ့်မယ်ဆိုတာ ... ကျွန်မ
ပြီးသားပါ''

နှင်းသူဇာသည် ထူးခြားသောအမူအရာဖြင့် ခပ်အေးအေး
ပြောသည်။ ထို့နောက် ... မပိုးတိမ်ကိုမည်သို့တွေ့ရှိပြီး
ယ်တင်ထားသည့်အကြောင်းကိုဖြည့်စွက်ပြီး ပြောလေမလားဟု
လင့်မိနေကြသော်လည်း မပြောခဲ့၊ ဤနေရာတွင် ကွပ်လပ်
ထားခဲ့လေသည်။

''ရှင်တို့အားလုံးကို ဒီအထဲမှာညှော်ခံတာ ... ဒီနေရာကို



www.burmeseclassic.com

www.burmeseclassic.com



ရှိုးသားစွာရောက်လာခဲ့ကြသူတွေမို့ပဲ၊ ခုနေခါမှာ ကိုယ့်ကြမ္မာကို မငဲ့ညှာပဲဖွတ်တိုးပြီး ဝင်နေကြတဲ့သူတွေရှိနေကြတယ်၊ အဲဒီလူ တစ်စုဟာ ... ဒီနေရာကိုရောက်နေကြပြီ''

သူမဆိုက အမှတ်တမဲ့ ထွက်လာသောစကားကြော အားလုံးစိတ်ဝင်စားခဲ့ကြလေသည်။ သို့သော် ... နှင်းသူဇာ၏ မျက်နှာလေးသည် မဆိုသလောက်လေးတင်းမာနေသည်၊ မျက်ဝန်းအစုံကလည်း အရောင်တလက်လက်နှင့်ထွက်နေသည်၊ ဤသို့ပြောင်းလဲသွားသော မျက်နှာလေးကပင်လျှင် ပိုပြီးတော့ ကြည့်ကောင်းလာသည်။ သို့သော် သူမသည်စိတ်အလိုမကျဖြစ် နေခြင်းပင် ...

အဂ္ဂပိုင်က သူ့အမေမျက်နှာကိုသာပင် ... ကြည့်နေသည်၊ မျက်စိအောက်ကပျောက်ကွယ်သွားမှာ စိုးရိမ်နေမိသည့်အလား၊ မမိုးတိမ်သည် သားကို ကရုဏာမိုးရွေသောအကြည့်မျိုးဖြင့်ကြည့် ကာ ...

''သား ဒီအရွယ်ထိတောင်ရောက်နေပြီနော်၊ သားကို အမေသတိရနေတာပါ။ အခုလိုခွဲနေကြရပေမယ့် တစ်နေ့ကျရင် ငါ့သားလေးပြန်ပြီးတော့ ဆုံတွေ့နိုင်လိမ့်မယ်လို့ထင်နေမိတယ်''

မမိုးတိမ်ကလည်း လင်ယောကျ်ားနှင့်သားကိုပြန်ပြီးတော့ ဆုံတွေ့မိရသဖြင့် ... ဝမ်းသာနေမိလေသည်။ သူတို့၏ဖြစ်ရပ် သည် ... ကြုံနိုင်ခဲလောက်အောင်ပင် ဆန်းကြယ်လွန်းလှပါလိမ့်

''တစ်နေ့မှာ ... မင်းမထင်မှတ်တာတွေအားလုံးဖြစ်လာ လိမ့်မယ်''

အဂ္ဂပိုင်သည် မိုးနဂါးပြောသည့်စကားကို ပြန်ပြီးတော့ ကြားယောင်လာမိပြန်သည်။





''မှန်လိုက်လေ ... ဦးမိုးနဂါးရယ်၊ ခင်ဗျားဟာ အကြား မြင်များရနေသလားဗျာ''

ထိုစဉ် ...

နှင်းသူဇာသည် ဆက်ခနဲဆိုနေရာမှထလိုက်သည်။

''လူတစ်စု၊ ဒီဘက်ကိုလာနေကြတယ် သင်းတို့မှာအကြံ စည်ရှိကြတယ်၊ မှော်ဝိဇ္ဇာဒီပနီကျမ်းကြီးကိုယူဖို့ ရောက်လာ ကြတာ၊ ဒါပေမယ့် ... ဒီအကြံကိုရှိနေတဲ့သူက တစ်ယောက် တည်းပဲ ... ''

နှင်းသူဇာသည် နေရာမှထလျှောက်သွားသည်။

''ကျွန်တော်တို့ပါလိုက်ခဲ့ပါရစေ''

ကိုကွမ်းခေတ်က နှင်းသူဇာကိုစိတ်မချသည်နှင့်ခွင့်တောင်း သည်၊ နှင်းသူဇာက တစ်ချက်ကြည့်လိုက်ပြီး ...

''လိုက်ချင်လိုက်ခဲ့ကြလေ မိန်းကလေးကတော့နေခဲ့ပါ''

ပန်လင်းကိုပြောလိုက်သည်။ ပန်လင်းက ခေါင်းညိတ်ပြီး ကျန်ရစ်ခဲ့လေ၏။ ကိုကွမ်းခေတ်၊ အဂ္ဂပိုင်နှင့် မိုးသီးတို့သည် နှင်းသူဇာက၏နောက်မှလိုက်သွားခဲ့ကြသည်။

''သမီးက ဘယ်သူလဲ၊ သူတို့နဲ့ဘယ်လိုကြောင့်လိုက်ပါ လာခဲ့တာလဲ''

''သမီးရဲ့နာမည်က ပန်လင်းပါ၊ ဒီကိုရောက်လာခဲ့ရပုံ ကတော့''

ပန်လင်းသည် သူမနှင့်အဂ္ဂပိုင်တို့ဆုံစည်းခဲ့ကြပုံကစပြီး တော့ ဤနေရာကိုရောက်လာခဲ့သည်အထိရှင်းပြလိုက်သည်။

''ဩော် ... ဒီလိုကိုး အေးကွယ် ဘာမှအားမငယ်နဲ့၊ ဒေါ်ဒေါ်ကလည်း သမီးလေးကိုစောင့်ရှောက်ပါ့မယ်''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်ရှင် ..."

ပန်လင်းသည် သူမကို ဒေါ်ဒေါ်ခေါ်ရမှာအားနာမိသည်။ အကြောင်းမှာ ... မမိုးတိမ်သည် လွန်စွာမှ နုပျိုနေသည်ဖြစ်ရကား အဂ္ဂပိုင်နှင့် သားအမိဆိုတာထက် မသိသူကမောင်နှမဟု ထင်နိုင်သောကြောင့်ပင်တည်း။ ဤရေခဲနန်းတော်ကိုရောက်ကတည်းကမှ မည်သည့်အကြောင်းကြောင့် ... အခြားမိန်းကလေးများနှင့် မတွေ့နိုင်ဘဲနေရပါသနည်း။ ထိုစဉ် ... စောစောက အခန်းတစ်ခန်းဝယ် ကိုဝင်သွားခဲ့ကြသော မိန်းကလေးများသည် ပြန်ရောက်လာကြလေသည်။ မမိုးတိမ်နှင့်ပန်လင်းတို့ကို အဖော်အဖြစ်နေပေးရန် ဖြစ်သည်။

ရေသူမသင်္ဘောသည် ရေခဲမြစ်အတိုင်းဆင်းလာခဲ့ပြီး ပင်ကြားအက်ရေခဲတောင်ကြီးက ဆီးပြီးတော့ခံနေ၍ ... ရှေ့ဆက်သွားမရတော့၊ ထို့ကြောင့် ... ထိုနေရာမှာတင်ရပ်လိုက်ရသည်။

"ဟေ့ ငါတို့သင်္ဘောဆက်သွားလို့မရဘူး၊ အားလုံး သင်္ဘောပေါ်ကဆင်းကြ"

ဦးရှုဝံကသင်္ဘောသားငါးယောက်ကို အမိန့်ပေးလိုက်သည်။ သူတို့ဆင်းကြရမည့်နေရာမှာ ပြန့်ပြူးသောရေခဲပြင်သာတည်း။ ထို့ကြောင့် ... သင်္ဘောပေါ်မှအောက်ကိုတစ်ယောက်ပြီးတစ်ယောက်ဆင်းလာခဲ့ကြသည်။ ဦးရှုဝံသည် ရှဲလုံးထည့်ထားသော အိတ်ကြီးကိုလွယ်ကာ ဝန်းကျင်အခြေအနေကိုလိုက်ကြည့်နေ၏။ တောင်ထွတ်များ၊ တောင်များကိုတွေ့ရသည်။ သို့သော် အားလုံး





သည် ရေခဲဖုံးလွှမ်းသော၊ နှင်းဖုံးလွှမ်းသောအရာများ မြင့်မားသောရေခဲတောင်ကြီးများသာအတိ။

"ဟိုမှာ တောတန်းလိုနေရာမျိုး တွေ့လား၊ အဲဒီကိုသွားကြမယ်"

နှင်းများဖုံးလွှမ်းသည့် တောင်တန်းဖြူဖြူကိုလှမ်းပြီးတော့ ဦးရှုဝံစိတ်ထဲမှာ ကျိတ်ပြီးတော့ဝမ်းသာနေမိသည်။ အကြောင်းမှာ ဤနေရာသည် သူရောက်လိုသောနေရာဖြစ်နေသောကြောင့် ပင်တည်း။

"ဟာ ရှဲလုံးပေဒင်ကတော့ သွေးထွက်အောင်ကိုမှန်နေပြီ၊ ဒီနေရာကို ငါဆိုက်ဆိုက်မြိုက်မြိုက်ကိုရောက်လာခဲ့ပြီပဲ"

စိတ်ထဲမှာတင်အားမရဘဲ နှုတ်ကပင်ထုတ်ဖော်ကာပြောလိုက်လေသည်။ ဆင်ပေါက်နှင့်ခေါင်းကြီးတို့သည် ဦးရှုဝံအခြေအနေကိုစောင့်ကြည့်နေကြသည်။ သူတို့နှစ်ယောက်ကို ကိုယ်ထိလက်ရောက်နှိပ်ကွပ်ထား၍ မကျေနပ်၊ နာကြည်းနေကြသည်။ အခွင့်အရေးရလျှင် ပြန်ပြီးကလဲ့စားချေရန် ဆုံးဖြတ်ထားကြသည်။

"ဒီလူကြီးဟာ ဆေးဝါးအတတ်ပညာတွေနဲ့ ငါတို့ငါးယောက်ကို ခြေချုပ်မိအောင်လုပ်ထားတာကွ၊ ခုတော့ သင်းက ပိရင်ပြီးချက်ထားတဲ့ ဆေးဟင်းရည် ကိုမသောက်ခဲ့ကြလို့ အခြေအနေကပုံမှန်ပြန်ဖြစ်သွားခဲ့ကြပြီ၊ ရှေ့ဆက် ... သင်းနဲ့ငါတို့ငါးယောက်တွေ့ကြပြီး ဒီတစ်ခါတော့အနိုင်မခံတော့ဘူး"

ဆင်ပေါက်က အားလုံးနှင့်ညှိနှိုင်းပြီးသားဖြစ်သည်။ ဦးရှုဝံကိုလည်းချဉ်နေကြပြီဖြစ်၍ လက်ခံကြသည်။

"ဟေ့ မင်းတို့ငါးယောက် ငါ့နောက်လိုက်ခဲ့ကြ၊ ငါကခွင့်မပြုပဲ ... ကိုယ်သွားချင်တဲ့နေရာကိုသွားလို့မရဘူး ထွက်ပြေး



www.burmeseclassic.com

www.burmeseclassic.com



မယ်ကြရင် အဲဒီကောင်ကို ငါကိုယ်တိုင်နှိပ်စက်ပြီးမှသတ်ပစ်မယ်"

"ဟုတ်ကဲ့ပါဆရာကြီး၊ ကျွန်တော်တို့အားလုံး ဆရာကြီးကို မလွန်ဆန်ရဲကြပါဘူးခင်ဗျာ"

အားလုံးကကျိုးနွံဟန်ဆောင်ကာ နှိမ့်ချပြီးတော့ပြောလိုက်ကြသည်။ မိမိတို့၏ခြေရာပုံစံများကိုလည်း သဘော်ပေါ်မှာမိုးလို့ကာဆင်ပေါက်ကဖျက်ဆီးလိုက်ပြီဖြစ်သည်။ ဘာရယ်၊ ညာရယ် မဟုတ်သော်လည်း စိတ်ထဲမှာတော့ရှင်းသွားခဲ့ကြသည်။

ဦးရွှဝံသည် မျက်လုံးတွေကဂနာမငြိမ်၊ သူသည်တစ်ခုခုကို ရှာဖွေလျှက်ရှိသည်။

"ရွှဲလုံးကြီးရေ မင်းပြောတဲ့နေရာကဘယ်မှာလဲ၊ ဘယ်မှာလဲ ငါ့ကိုသေသေချာချာပြောစမ်းပါ၊ နေရာကိုအတိအကျပြစ်ပါ"

သူသည် သူရှုးတစ်ယောက်ပမာနှုတ်ကမြည်တမ်းလျှက်ရှိသည်။ ဘေးမှလိုက်ပါလာကြသူတွေကိုလည်း ဂရုမစိုက်တော့ ဦးရွှဝံသည်စိတ်ကမရှည်နိုင်တော့၊ အိတ်ထဲမှရွှဲလုံးကြီးကိုထုတ်လိုက်သည်။

"တောက် ဒီလူကြီးဟာကွာ ငါတို့အားလုံးမှာတော့ အအေးဒဏ်ကိုခံစားနေကြရပြီ၊ သူခေါ်တဲ့နေရာဆိုတာ ဘယ်နေရာလဲ၊ ဘယ်အထိလိုက်ပြနေရမှာလဲ"

ဆင်ပေါက်က စိတ်မထိန်းနိုင်ပဲနှုတ်ကထွက်သွားလေ၏။ အားလုံးသည်အအေးဒဏ်ကြောင့် ငြိမ်ကုန်ကြရသည်။

"ဟေ့ကောင် မင်းတို့ငါ့ကိုဘာပြောတာလဲ၊ မင်းတို့အားလုံးဟာ ငါ့ရဲ့ခြေဖဝါးအောက်မှာပဲရှိနေကြတယ်၊ ဒါကိုနည်းနည်းလေးမှသဘောမပေါက်ကြဘူးလား"





ဦးရွှဝံသည် နောက်ကိုပြန်လှည့်လာပြီး ဆင်ပေါက်ကိုလက်ဝါးနှင့်လွှဲကာရိုက်ထည့်လိုက်သည်။ သို့သော် ဆင်ပေါက်က ဦးရွှဝံ၏လက်ဖျံကို ဖမ်းဆုပ်ကိုင်ထားလိုက်၏။

"ဒီမှာ ဦးရွှဝံ ခင်ဗျားကျုပ်တို့ကို ... ဒီလိုအချိုးမျိုးနဲ့ ဆက်ဆံလို့မရတော့ဘူး၊ နောက်တစ်ခါ အခုလိုလက်ရောက်ခဲ့ ရင်တော့ ဟောဒီလိုဖြစ်သွားလိမ့်မယ်"

ဆင်ပေါက်က ဦးရွှဝံလက်ကိုလှန်ချိုးလိုက်ရာ–

"အား"

ဦးရွှဝံက နာကျင်စွာဖြင့် အော်လိုက်သည်။ ထိုအခါ ယလက်ဖဝါးပေါ်မှာတင်ထားသော ရွှဲလုံးသည် အောက်ကို လွတ်ကျသွားခဲ့လေ၏။ ကံကောင်းထောက်မ၍မကွဲ၊ သို့သော် ရောင်မျိုးစုံထွက်နေသော ရွှဲလုံးသည် ရေခဲပြင်တစ်လျှောက် လိမ့်ဆင်းသွားခဲ့လေ၏။

"ဟာ ... ငါ့ရွှဲလုံး၊ ငါ့ရွှဲလုံး ..."

ဦးရွှဝံသည် ဆင်ပေါက်ကိုမတုန့်ပြန်နိုင်တော့ပဲ ... ရွှဲလုံး ကြီး၏နောက်ကိုလိုက်သွားခဲ့လေသည်။ ရွှဲလုံးကြီးကား ပို၍ပင် ရှိန်တိုးလာကာ အသက်ပင်နေသည့်အလား မရပ်မနားပြေး ာနေလေသည်။

"နေပေ့စေကွာ ဘူလောသလိုလိုက်မလောကြနဲ့၊ ဒီနေ ငါတို့ကိုဘူ့ကိုဆန့်ကျင်လို့ရပြီ"

ဆင်ပေါက်ကဦးရွှဝံ၏အနောက်ကို အပြေးမလိုက်ရန်တား လိုက်သည်။ ခြေလှမ်းမှန်မှန်နှင့်ပင်လိုက်သွားခဲ့ကြလေ၏။ လုံးကြီးက အရောင်မျိုးစုံထွက်ပြီးလင်းလက်နေကာ ဟိုကွေ့ ကောက်နှင့်လျှောက်ပြေးနေသည်။ ဦးရွှဝံသည်လည်း နောက်



www.burmeseclassic.com

www.burmeseclassic.com



နေ၍ အသည်းအသန်ပင်လိုက်ဖမ်းနေသည်။ မောဟိုက်ခွမ်းနယ် လျှက်ရှိနေလေပြီ။ မကြာမီမှာပင် ရွှဲလုံးကြီးသည် သူ့မျက်စိအောက်မှာပင် ပျောက်သွားခဲ့လေ၏။

(သို့မတိုင်မီ ရေခဲပြင်အောက်မှအပေါက်ကြီးတစ်ခု ရုတ်တရက်ဖြစ်ပေါ်လာသည်။ ရွှဲလုံးကြီးသည် ... ယင်းအပေါက်ထဲမှ ... ထွက်ကျသွားခဲ့လေသည်။)

''ဟင် ငါ့ရွှဲလုံးဘယ်ရောက်သွားသလဲ၊ ဟော့ကောင်တွေ ဝိုင်းရှာကြစမ်းပါဦးဟ၊ ဒီရွှဲလုံးမရှိရင်မဖြစ်ဘူး။ မဖြစ်ဘူး မြန်မြန်လာကြစမ်းပါဦးဟ၊ မင်းတို့ကဘာလဲ ငါ့ကိုဆန့်ကျင်နေကြတာလား''

သူခေါ်သလို မြန်မြန်မလာသော ဆင်ပေါက်တို့၏ အမူအရာကိုကြည့်ပြီး သဘောပေါက်သွားခဲ့သည်။

''ဟာ ဒီကောင်တွေဆေးပြယ်ကုန်ကြပြီ''

ဦးရှုဝံသည် အပေါက်ကြီးဖြစ်နေသော ရေခဲပြင်နေရာကို တွေ့သွားခဲ့လေသည်။ လေးဘက်ထောက်ကာ အောက်ကိုငုံ့ကြည့်လိုက်သည်။ သူတွေ့လိုက်ရသည်ကား မျက်နှာကြီးတစ်ခု၊ ထိုလူ၏ လက်ထဲကိုရွှဲလုံးကြီးကရောက်သွားသည်။ ရေခဲပြင်အောက်နက်ထဲမှနေ၍ အပေါ်ကိုမော့ကြည့်နေသည်။

''ဟာ ရေခဲပြင်အောက်မှာ လူ ... လူ ငါ့ရွှဲလုံးကြီးသူ့လက်ထဲမှာ ဟော့ကောင်တွေ ရေထဲငုပ်ပြီးသွားယူပေးကြပါဟ''

သွေးရူးသွေးတန်းနှင့်အော်လိုက်လေသည်။ သို့သော် ဆင်ပေါက်တို့ကတော့ ဦးရှုဝံကိုပမာမခန့်နှင့် ကြည့်နေကြသည်။

''ဟာ ဒီ ... ဒီကောင်တွေ၊ ဘယ်လိုမှနိုင်းလို့မရတော့ပါလား''





ဦးရှုဝံစိတ်ဓာတ်ကျသွားခဲ့သည်။ ထိုစဉ် ဝန်းကျင်သည် မျက်ချင်းလိုလိုအဲရောင်တစ်ဝက် လွှမ်းသွားခဲ့လေရာ ...



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၈ )
## ရေခဲမှုံလှိုင်း

အားလုံး၏မျက်စိအောက်မှာ အဆောက်အဦကြီးတစ်ခု ကပေါ်လာခဲ့သည်။ လင်းလက်တောက်ပသောနေသော ရေခဲနန်းတော်ကြီး ... ဦးရွှဝံသည် ပါးစပ်အဟောင်းသားနှင့်ဖြစ်သွား၏။ တဒင်္ဂအချိန်အတွင်းမှာ သူ၏ခန္ဓာကိုယ်သည်ကျောက်ရုပ်ကြီးပမာ တောင့်တောင့်ကြီးဖြစ်သွား၏။

"ရေခဲနန်းတော် ငါရှာနေတဲ့ရေခဲတော် တွေ့ပြီ တွေ့ပြီ"

ဦးရွှဝံသည် ... အားရပါးရအော်ဟစ်လိုက်ကာ နေရာမှ ထပြီးပြေးသွားသည်။ ဆင်ပေါက်တို့သည်လည်း ရေခဲကန္တာရကြီးထဲမှာ ထူးခြားသောအဆောက်အဦးတစ်ခုကို မမျှော်လင့်ပဲတွေ့မြင်လိုက်ကြရ၍ အံ့အားသင့်သွားခဲ့ကြသည်။ မျက်လုံးတွေကို ပင်မယုံကြည်နိုင်ကြ။ သို့သော် ... ဦးရွှဝံကား ထိုနေရာဆီကို ပြေးသွားခဲ့လေပြီ။

"ဟာ ဟိုလူကြီး ပြေးသွားပြီ"

"ဆင်ပေါက် ဒီလူဟာ အဲဒီအဆောက်အဦကြီးထဲကို မျှော်မှန်းပြီးရောက်လာခဲ့ကြတာပဲကွ အကြော င်းတော့ရှိလိမ့်မယ်"





သိချင်၍ နောက်မှလိုက်သွားခဲ့ကြသည်။ ဦးရွှဝံသည် အဆောက်အဦကြီးနှင့် နီးကပ်လာသည်။ အနားကိုရောက်လာသည်နှင့်ပြန်ဝင်သွားခဲ့လေရာ ...

"ဒုန်း"

"အား"

တစ်စုံတစ်ခုကိုဝင်တိုက်မိသွားသည်။ ပြင်းထန်စွာတိုက်မိသည်ဖြစ်၍လဲကျသွားသည်။ သူမည်သည့်အရာကို ဝင်တိုက်မိသည်လည်းမသိ ကြည့်လိုက်မိသောအခါ ...

"ဟင်"

သူ့ရှေ့မှပေါ်လာသည်က ရေခဲနံရံကြီးတစ်ခုပါတကား။ ပါးလွှာလွန်းလှ၍ တစ်ဖက်ကိုဖောက်ပြီးတော့ မြင်နေရသည်။ ထို့ကြောင့် ရုတ်တရက်မမြင်မိရခြင်းပင်။

"လက်စသတ်တော့ ရေခဲနံရံကြီးက ခြားနေတာကိုး၊ ဘယ်ရမလဲ ဒါကြီးကိုဖြိုပစ်ရမယ်ကွ၊ ဟော့ကောင်တွေလာကြစမ်း။ ဒီနံရံကြီးကိုဝိုင်းဖြိုကြစမ်း"

ဆင်ပေါက်တို့ကိုလှည့်ပြီးခေါ်ကာ အမိန့်ပေးလိုက်သည်။ သို့သော် ဆင်ပေါက်တို့ကားသူ့ဆီကိုမလာ မလှမ်းမကမ်းမှာပင် ရပ်ပြီးတော့ကြည့်နေကြသည်။

"ဟော့ကောင်တွေ မင်းတို့မကူညီကြဘူးပေါ့ဟုတ်လား၊ တောက်ခွဲလုံးကြီးလည်း ဘယ်မိစ္ဆာယူသွားသလဲမသိဘူး၊ သူ့ဆီက အကြံအညာဏ်တောင်းလို့တော့မရတော့ဘူး။ ရတယ်ဟော့ ကွာယ် မင်းတို့ မကူညီလည်း ငါ့ဘာသာငါကြိုးစားမယ်"

ဦးရွှဝံက ကြုံးဝါးလိုက်သည်။ ထို့နောက် ရေခဲတံတိုင်းကြီး ကိုခြေထောက်နှင့်ကန်သည်။ ပွဲနေသောရေခဲတုံးများကို ကော်က်



www.burmeseclassic.com

www.burmeseclassic.com



ယူကာ တံတိုင်းကြီးကိုထုရိုက်လေတော့သည်။ သို့သော် တံတိုင်းကြီးကား သံမဏိတံတိုင်းကြီးအလား မကျိုးမပဲ့ပဲ ခံနိုင်ရည်ရှိနေလေသည်။ ဦးရှုဝံသည် ရှူးသွပ်သွားသည့်အလား တံတိုင်းကြီးကိုကုပ်ကပ်တက်ရန်ကြိုးစားသည်။ သို့သော် ချောကျိနေ၍တက်၍မရ။ သူသာလျှင် တဘိုင်းဘိုင်းနှင့်ပြုတ်ကျနေသည်။

"ရှင် ... ဒါလောက်တောင် သဲကြီးမဲကြီးဖြစ်နေရအောင် ဘာတွေများမတော်လောဘကြီးနေရတာလဲ"

မမျှော်လင့်ဘဲထွက်ပေါ်လာသော အသံတစ်သံ၊ မှန်ကြည့်ကိုဖောက်ထွင်းပြီးမြင်နေရသကဲ့သို့ ရေခဲနံရံကြီး၏ တဖက်ကို မြင်လိုက်ရသည်ကား နှင်းသူဇာပင်တည်း။ သူမသည် မလှမ်းမကမ်းတွင်ရပ်ကာ ဦးရှုဝံကိုကြည့်နေ၏။

"ဟင် ... နင် ... နင်ကဘယ်သူလဲ"

"ကျွန်မလားဟောဒီရေခဲနန်းတော်ကြီးရဲ့အရှင်သခင်မလေ"

"ဟင် ... ဒါ ဒါဆို၊ မှော်ဝိဇ္ဇာကျမ်းကြီးကိုထိန်းသိမ်းထားတာနင်ပေါ့၊ ဟုတ်လား။ အဲဒီကျမ်းစာအုပ်ကိုငါယူရအောင် လာခဲ့တာ ငါ့ကိုအခုချက်ချင်းထုတ်ပေးစမ်း"

"ဒီကျမ်းစာအုပ်ဟာ ရှင်တို့လိုစိတ်နှလုံးမစင်ကြယ်တဲ့ သူမတန်ဘူး။ ရှင်တို့လက်ထဲကိုရောက်သွားခဲ့ရင် ကျမ်းထိုးမှော်ခုံဖြစ်သွားလိမ့်မယ်၊ ဒါကြောင့် ဆိုင်ရာပုဂ္ဂိုလ်ကြီးတွေက လျှို့ဝှက်ပြီးသိမ်းဆည်းထားခဲ့တာ ...

ရှင်ဘယ်လိုအနှံ့ခံပြီးတော့ ဒီကိုရောက်လာခဲ့တာလဲ၊ ဒုက္ခမရောက်ချင်ရင် ... ဒီနေရာကခုချက်ချင်းလှည့်ပြန်ပါ"

"ဟင် ငါကခဲခဲယည်းယည်းနဲ့ရောက်လာခဲ့တာ၊ ဒီကျမ်းအုပ်ကြီးကို ငါ့လက်ထဲရောက်ဖို့ပဲ၊ ဒါမရရင်ပြန်လို့ဘယ်ဖြစ်မလဲ





နင်က ငါ့ရှေ့က ကာဆီး ကာဆီးလုပ်နေတယ်၊ ရှုဝံတဲ့ဟော့ ငါ့အကြောင်းနင်ကောင်းကောင်းသိစေရမယ်"

ဦးရှုဝံသည် ထိုသို့ကြိမ်းဝါးလိုက်ပြီး၊ မိုးပေါ်ကိုလက်နှစ်ဖက်ဆန့်တန်းပြီးမြွောက်လိုက်သည်နှင့် ...

"ဦးရှုဝံ ခင်ဗျားဒီကိုရောက်လာပြီး ဘာတွေမဟုတ်မဟုတ်ကြံစည်ဦးမလို့လဲ၊ တော်ပါတော့ဗျာ ရပ်တန်းကရပ်ပါတော့၊ ခင်ဗျားကြောင့် ကျွန်တော်တို့အားလုံး ဒုက္ခမျိုးစုံတွေ့ခဲ့ကြရပြီ၊ ဒီ့ထက်ပိုပြီးတော့ ဆိုးလာခဲ့ရင် တန်ပြန်သက်ရောက်မှုက ခင်ဗျားဆီကိုချက်ချင်းကျရောက်လာလိမ့်မယ်"

"ဟင် မင်း မင်း ကွမ်းခေတ်၊ မသေဘူး ဟုတ်လား။ ဘယ်လိုကြောင့်ဒီနေရာကိုရောက်လာခဲ့တာလဲ ဟင်"

ဦးရှုဝံသည် ကိုကွမ်းခေတ်ကိုမမျှော်လင့်ဘဲတွေ့လိုက်ရ၍ အံ့အားသင့်သွားမိသည်။ အထိတ်တလန့်လည်းဖြစ်သွားသည်။

"ကံတရားကဖေးမပြီး ... ဒီရောက်အောင် တွန်းပို့လိုက်လို့ပေါ့ဗျာ၊ ကျွန်တော်တစ်ယောက်တည်းလားဆိုတာ သေသေချာချာကြည့်လိုက်ပါဦးလေ"

လူနှစ်ယောက်သည်တံတိုင်းနှင့်မလှမ်းမကမ်းဆီကိုလျှောက်လာကြသည်။ အဂ္ဂပိုင်နှင့်မိုးသီး၊ ဦးရှုဝံသည် သူတို့နှစ်ယောက်ကိုလည်းမမျှော်လင့်ဘဲတွေ့လိုက်ရသောအခါ ...

"ဟင် ဟင် မင်းတို့လည်း မ မသေကြဘူး၊ ဒီကိုရောက်နေကြတယ် ဘယ်လိုဖြစ်ကုန်ကြတာလဲ ငါပဲမျက်စိမှားသလား၊ ဒါမှမဟုတ်မင်းတို့ကသေပြီးမှဒီကိုရောက်လာကြတဲ့ မကောင်းဆိုးဝါးတွေများလား၊ ဒီနေရာဟာဘုံတစ်ခုပဲလား"

"ဘာဘုံမှမဟုတ်ဘူး၊ လူတွေနေတဲ့နေရာပဲ ခင်ဗျားရဲ့



www.burmeseclassic.com

www.burmeseclassic.com



ကောက်ကျစ်ယုတ်မာမှုတွေကို ဒီနေရာမှာတင်အဆုံးသတ်လိုက်ပါတော့ အကောင်းဆုံးကတော့ပြန်ပါတော့''

''ဟင် ငါကပြန်ရမယ်ဟုတ်လား။ ငါကဒီနေရာကို ခဲခဲယဉ်းယဉ်းနဲ့ရောက်လာခဲ့တာ ဒီအတိုင်းပြန်လို့ဘယ်ဖြစ်မှာလဲ ငါ့ကိစ္စပြီးမှပြန်မယ်၊ ဒီကျမ်းစာအုပ်ကြီးကိုယူပြီးမှ ငါပြန်မယ်၊ ငါ့ကိုဘယ်သူမှမတားဆီးကြနဲ့''

ဦးရှုဝံသည် လွယ်အိတ်ထဲမှတစ်ထွာခန့်သာသာရှိသည့် ဓားအိမ်လေးတစ်ခုကိုဆွဲထုတ်လိုက်သည်။ လက်မှကိုင်ကာ ခါလိုက်သည်နှင့် ဓားရှည်တစ်ချောင်းဖြစ်သွားသည်။ အဆစ်ချိုးကာပြုလုပ်ထားသော ဓားတစ်ချောင်းပင်တည်း။

''ဒါ ... မိုးကြိုးသွားနဲ့လုပ်ထားတဲ့ မိုးကြိုးဓား၊ အေးနင်တို့အားလုံး ငါ့အကြောင်းကောင်းကောင်းသိစေရမယ်''

ထိုသို့ကြိမ်းဝါးပြီးသည်နှင့် ဓားကိုတအားမြှောက်ကာ ရေခဲတံတိုင်းကြီးကို ပိုင်းချလိုက်သည်။

''ဒုစ် ... ဒွမ်း ...''

ရေခဲတံတိုင်းကြီး၏ ဓားချက်ထိသွားသောနေရာမှ ... အစိမ်းရောင်မီးတောက်လိုလိုထွက်လာကာ ကွဲထွက်သွားသည်။

''ဟား ဟား ဟား ဟား ဘာတတ်နိုင်သေးလဲကွ၊ ရှုဝံတဲ့ဟ ငါအပွဲပွဲနွှဲလာခဲ့တာ နင်တို့ကျမှ အရှုံးပေးရတော့ မှာလား''

ဦးရှုဝံသည် ဟိန်းဟောက်၊ ခြိမ်းခြောက်လိုက်ပြီး ဓားကိုကိုင်ကာပြေးဝင်သွားသည်။ နှင်းသူဇာသည် နေရာမှာရပ်ကာပင် ဦးရှုဝံကို ကြည့်နေသည်။ အနားကိုရောက်သည်နှင့် လက်မှာကိုင်ထားသောဓါးဖြင့် နှင်းသူဇာကို တအားပိုင်းချလိုက်ရာ ...

''ဟိတ်''





သို့မဝတိုင်မီကပင်လျှင် အဂ္ဂပိုင်သည် ဦးရှုဝံဆီကိုရောက်သွားခဲ့လေပြီ။ နှင်းသူဇာနှင့် ဦးရှုဝံအကြားကို ဝင်မိလိုက်သည်နှင့် မြှောက်ကျလာသော ဓါးကိုင်လက်ကို ဖမ်းထားလိုက်သည်။

''အား ... ''

လက်ကိုလိမ်ချိုးလိုက်သည်နှင့် ဓါးက အဂ္ဂပိုင်၏လက်ထဲကိုရောက်သွားသည်။

''ဟောကောင် ... ပေးစမ်း။ ငါ့ဓါး''

ဦးရှုဝံက ဓါးကိုပြန်လုသည်။

''ခွပ် ... အား''

ဓါးကိုမရ၊ ပြင်းထန်သောလက်သီးတစ်လုံးသာ ရသွားသည်။ ဦးရှုဝံ ချာချာလည်ထွက်သွားသည်။ မိုးသီးက ဝင်မည်ပြုရာ။

''မဝင်နဲ့''

ကိုကွမ်းခေတ်က ဟန့်တားလိုက်သည်။

''မင်းလိုမလောက်လေး မလောက်စားကောင်က ငါ့လုပ်ကိုဝင်ရှုပ်တယ်၊ ဟောကောင်တွေ ဒီကောင်တွေကိုလာပြီး ...ပ်ကွပ်လိုက်ကြစမ်း''

တံတိုင်းအပြင်ဘက်မှာရပ်ကြည့်နေကြသော ဆင်ပေါက် ...လူစုသည် ကိုကွမ်းခေတ်နှင့်အဂ္ဂပိုင်၊ မိုးသီးတို့ကို မြင်တွေ့ ...ိုက်ကြရသောအခါ အံ့အားသင့်သွားခဲ့ကြသည်။ ဝမ်းသာသွား ...ကြသည်။

''ဟာ ... ဆရာ၊ အဂ္ဂ ... ကိုမိုးသီး ... ''

ဝမ်းသာအားရနှင့်အော်ပြီး ပြေးဝင်သွားကြလေရာ

''အား''



www.burmeseclassic.com

www.burmeseclassic.com



တံတိုင်းထဲကိုဝင်၍မရကြ၊ တွန်းကန်အားတစ်ခုကြောင့် အပြင်ကို ပြန်ပြီးတော့ လွင့်ထွက်သွားခဲ့ကြသည်။ အဂ္ဂပိုင်သည် ဦးမိုးသီးအနားကို မကပ်နိုင်စေရန် ဓားကိုဝှေ့ယမ်းရင်း တဖြည်းဖြည်းနှင့်ရှေ့တိုးလာသည်။ ဦးရှုဝံကား သူ့ဓါးကို သူပြန်ကြောက်နေသည်။ နောက်ဆုတ်၊ နောက်ဆုတ်နှင့်။

"ဟော့ ... ဟော့ကောင်၊ မင်း ... မင်းနော်၊ ပေးစမ်း။ ငါ့ ... ဓား"

"ပေးလို့ရမလားဗျ။ ခင်ဗျား ဒီအထဲက ခုချက်ချင်း ထွက်သွား၊ မသွားရင် ညှာနေမှာမဟုတ်ဘူးနော်၊ တစ်ချက်တည်း ပိုင်းချလိုက်မှာ ..."

အဂ္ဂပိုင်က ဓားကိုပို၍လျှင်မြန်စွာ လှုပ်ရှားလာသည်။

"ဝှစ် ... ဝှစ် ... ဝှစ် ... ဝှစ် ..."

ဓားဦးကို ရှေ့တည့်တည့်ထိုးကာ ဝှေ့ယမ်းလာသည်။ ထိုအခါ ဦးရှုဝံမှာ နောက်ဆုတ် နောက်ဆုတ်နှင့်။

"ဟော့ ... ဟော့ကောင် ငါ့ ... ငါ့ကိုထိ ... ထိလိမ့်မယ်ကွ"

"အထိမခံချင်ရင် ခင်ဗျား၊ ဒီနေရာကထွက်သွား၊ ဒါမှမဟုတ်ရင်၊ ဓားကိုရအောင်လုယူ"

ထိုအခါ ဦးရှုဝံက ဓါးကိုလုယူရန် လက်ကိုလှမ်းလိုက်သည်နှင့်။

"ကိုင်း ..."

အဂ္ဂပိုင်က တအားပိုင်းချဟန် ပြုလုပ်လိုက်လေရာ။

"အား ... အမလေး"

အော်ပြီးထွက်ပြေးသွားလေတော့သည်။ သို့သော် ရေခဲ





တံတိုင်း၏ အပြင်ဘက်ကို ထွက်မပြေး။ ရေခဲနန်းတော်ဆီကို ရောက်ပြေးသည်။ မည်သည့်အကြောင်းကြောင့်လည်းမသိ။ ဦးရှုဝံသည် ရှေ့ကိုပြေးနေရာက နောက်ဆုတ်ကာ ကျောခိုင်း ပြီးတော့ပြေးသည်။ သူ့ကိုယ်သူလည်း ဘာဖြစ်သွားမှန်းမသိပေ။ သည့်နောက်မှာတော့ တစ်ယောက်ယောက်က ဆွဲကိုင်ပြီး လွှင့်ပစ်လိုက်သလို အုတ်တံတိုင်း၏အပြင်ဘက်ကို ကျော်လွှားပြီး လွှင့်ထွက်သွားခဲ့လေ၏။

"အား ..."

ရေခဲပြင်ပေါ်မှာ ပစ်ကျသွားခဲ့သည်။ အကျက မသက်သာ။ ဒလိမ့်ခေါက်ကွေး ဖြစ်သွားသည်။ ဆင်ပေါက်၊ ခေါင်းကြီး၊ ပွား၊ မဏိနှင့် မည်းတူတို့သည် ဦးရှုဝံဆီကို ပြေးသွားခဲ့ကြသည်။ ဆင်ပေါက်က မထနိုင်ဘဲရှိနေသော ဦးရှုဝံကို ဆွဲထူကာ ကိုင်မြှောက်လိုက်သည်။

"ခင် ... ခင်ဗျား။ ကျုပ်လက်ထဲရောက်လာတာ ကံဆိုးတာပဲ"

"ဟင် ... ဆင်၊ ဆင်ပေါက်၊ ငါ ... ငါ့ကို မင်း ... မင်းဘာလုပ်မလို့လဲ၊ အောက်ကိုချပေး၊ ချပေးစမ်း"

"စိတ်ချ ... ခင်ဗျား အောက်ကိုပြန်မရောက်ဘဲမနေဘူး"

ကိုကွမ်းခေတ်သည် ဦးရှုဝံ၏ အခြေအနေကို မြင်တွေ့သွားခဲ့လေရာ ...

"ဟော့ ... ဟော့ ဆင်ပေါက်၊ အောက်ကို ပြန်ချပေးလိုက်၊ ... ဘာမှမတတ်နိုင်တော့ဘူး"

လှမ်းအော်ကာပြောလိုက်စဉ်မှာပင်လျှင် ဆင်ပေါက်သည် ဦးရှုဝံကို ကိုင်ပေါက်ချလိုက်လေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"အား ..."

ထိုအခါ မမျှော်လင့်သော ဖြစ်ရပ်တစ်ခုက ဦးရှုဝံသည် ဆင်ပေါက်၏လက်ထဲက လွတ်ထွက်သွားခဲ့သည်နှင့်၊ အောက်ကို ပြန်မပြီးတော့မကျ။ ကိုယ်လုံးကြီးသည် လေထဲမှာပင် တန့်သွားခဲ့ သည်။ ရေခဲပြင်သည် ဦးရှုဝံ၏အောက်တည့်တည့်တွင် ကွက် ကွက်ကလေး လှုပ်ရှားလာခဲ့သည်။ အက်ကြောင်းတစ်ခုဖြစ်ပေါ် လာသည်။ ယင်းအက်ကြောင်းမှ လှိုင်းလိုလို အရာများက လွင့် လူးပြီး တက်လာခဲ့ကြသည်။

ပူပြင်းသော သဲကန္တာရထဲတွင် ဖြစ်လေ့ဖြစ်ထရှိသော တံ လှပ်များကဲ့သို့ဖြစ်သည်။

ယင်းတံလှပ်နှင့်တူသော အရာများက တစ်ကယ်တော့ တံလှပ်မဟုတ်တန်ရာ၊ ရေခဲပြင်ဒေသ၏ ထူးခြားသော ပြောင်းလဲ မှုတစ်ခုဟုသာ။ ယင်း ... လှိုင်းထသလို တငွေ့ငွေ့နှင့်တက်လာ သော ရေခဲမှုန်လှိုင်းများသည် ဦးရှုဝံဆီကို ချက်ချင်းလိုလိုပင် ရောက်သွားခဲ့သည်။ ထို့နောက် တစ်ကိုယ်လုံးကို ဖုံးလွှမ်းပစ်လိုက် လေတော့သည်။

"ဟာ ... ဟ၊ အ ... အမလေး၊ ငါ့ကိုဘယ်ခေါ်သွား ကြမလို့လဲ"

ဦးရှုဝံ၏ အလန့်တကြားအော်လိုက်သံကို ကြားလိုက်ရ ရသည်။ သို့သော် ... လှိုင်းများက သူ့ကိုအထပ်ထပ်ရစ်ပတ် ကာ ဖုံးလွှမ်းလိုက်ကြပြီဖြစ်သည်။ မမြင်နိုင်သော သဘာဝစွမ်း အင်တစ်ခုက သူ့ကိုမလှုပ်နိုင်အောင် ချုပ်ကိုင်လိုက်ကြသည်။ ချက်ချင်းလိုလိုပင် ယင်းရေခဲမှုန်လှိုင်းကြီးသည် ထိုနေရာမှ လျင် မြန်စွာပင် ရွေ့လျားသွားခဲ့သည်။ ရေလှိုင်းကြီးတစ်ခုက ရွေ့လျား





သွားသလိုပင်။ ဦးရှုဝံဆီက အသံကိုမကြားရတော့။ အအေးလှိုင်း ဟုဆိုနိုင်သော ယင်းအရာကြီးသည် ရေခဲတောင်များဘက်ဆီကို ဦးတည်ရွေ့လျားသွားပြီး ပျောက်ကွယ်သွားခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၉ )
## ရွှေလုံးကြီးပိုင်ရှင်

အဖြစ်အပျက်အားလုံးကို မျက်ဝါးထင်ထင်မြင်တွေ့လိုက်ကြရသည်။ လွန်ကဲစွာ ထူးဆန်းလွန်းသောကြောင့် နှင်းသူဇာမှအပ အံ့သြတုန်လှုပ်သွားခဲ့ကြလေသည်။ ဦးဝှူဝံကား မည်ကဲ့သို့သော အဖြစ်ဆိုးမျိုးနှင့် ကြုံတွေ့သွားခဲ့ရပြီလဲ။

"အင်း ... အကုသိုလ်ကြီးကဲ့သူဟာ ဒီလိုအဖြစ်မျိုးကြုံတွေ့ရတတ်ပါတယ်လေ၊ စိတ်မကောင်းပါဘူး၊ အင်း ... စိတ်မကောင်းလည်းမဖြစ်ကြပါနဲ့၊ ဪ ... ဒီက ငါ့မောင်အဂ္ဂပိုင်၊ ခုလို မမကြီးကို ကာကွယ်ပေးလိုက်တဲ့အတွက် ကျေးဇူးတင်ပါတယ်၊ လက်ထဲက ဓါး ... မမကြီးကိုပေးပါ"

လက်ထဲက မိုးကြိုးဓါးကို နှင်းသူဇာကတောင်းသည်။ ဓါးကိုယူပြီး တံတိုင်းအပြင်ဘက်ကို လွှင့်ပစ်လိုက်သည်။

"ရှိုး ..."

မိုးကြိုးဓားသည် လေထဲတွင် ရှိုးခနဲဆို မြည်တမ်းပြီးတော့ ထွက်သွားသည်။ ရှိုးရှည်ကြီးသည် မဆုံးနိုင်တော့။





"ဖောင်း ..."

ပေါက်ကွဲသံကြီးတစ်ခုက ထွက်ပေါ်လာသည်။ ဓါးသည် အပိုင်းပိုင်းပြတ်ထွက်သွားသည်။ အရောင်မျိုးစုံပပင် ထွက်ပေါ်လာခဲ့သည်။ ထို့နောက် ... အမှုံကလေးများဖြစ်ကာ လေထဲတွင် ပါသွားခဲ့ကြလေသည်။

"ဒီဓါးဟာ မကောင်းတဲ့အစီအရင်နဲ့ လုပ်ထားတာ၊ ဘာမှအသုံးမဝင်တော့ဘူး။ အံ့အားလည်းမသင့်ကြနဲ့၊ ဟောဒီနေရာမှာ ဆန့်ကျင်ဘက်ဓာတ်သဘောတွေရှိတယ်၊ စက်ကွင်းအမျိုးမျိုးရှိတယ်၊ ဓါတ်တူချင်းလည်းရှိတယ်၊ အဲဒီဓာတ်တွေက မတည့်ရင် မတည့်သလို ချေဖျက်လိုက်တာပဲ၊ လူမှာလည်း မကောင်းတဲ့ နောဓာတ်ခံရှိရင် ဒီကိုရောက်လာတာနဲ့ ခုလိုဆန့်ကျင်ဘက်မျိုးနဲ့တိုက်နိုက်ခံကြရတာပဲ၊ နည်းနည်းလေးမှ အမှားမခံဘူး၊ တန်ပြန်စက်ကွင်းအမိခံကြရမှာပဲ"

နှင်းသူဇာက ရင့်ကျက်သောအမူအရာဖြင့် အေးဆေးစွာ ရှင်းပြနေသည်။ သူမကိုကြည့်ရသည်မှာ လောကကြီးတစ်ခုလုံး၏ နက်ရှိုင်းလော သဘာဝတရားများကို နားလည်ထားသလိုပင်။

ထိုစဉ် ...

ဆင်ပေါက်တို့လူစုသည် တံတိုင်းကြီးအနီးကို ပြေးလာခဲ့ကြသည်။

သို့သော် စောစောက မိုးကြိုးဓါးထိ၍ ပျက်စီးသွားသော တံတိုင်းနေရာတွင် အပေါက်ကြီးမဟုတ်ဘဲ အကောင်းအတိုင်း ပြန်ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မနှင်းသူဇာ၊ သူတို့ဟာ ကျွန်တော့်တပည့်တွေပါ၊ ကောင်းတွေပါ၊ ကျွန်တော်တာဝန်ယူပါတယ်"

နှင်းသူဇာသည် ခေါင်းတစ်ချက်ညိတ်လိုက်ပြီး တစ်နေရာကို လက်ညှိုးထိုးပြလိုက်သည်။

"ဟိုမှာလေ၊ တံခါးပေါက်၊ အဲဒီကနေဝင်ပေါ့"

လှမ်းကြည့်လိုက်ကြရာ လူတစ်ယောက်သာသာ ဝင်နိုင်မည့်အပေါက်တစ်ပေါက်က ဖြစ်ပေါ်နေသည်။ ဤတံတိုင်းနေရာတွင် စောစောက အပေါက်မရှိပါ။ မိမိတို့ပဲ မျက်စိလျှမ်း၍ မမြင်ခဲ့မိတာလား။ အခုမှပဲ ပေါ်လာခဲ့တာလား။ စဉ်းစား၍မရနိုင်၊ အပေါက်ဝကကျဉ်း၍ တစ်ယောက်ပြီးတစ်ယောက် တန်းကာ ဝင်လာခဲ့ကြသည်။

"ဆရာမိုးသီး ... အဂ္ဂ"

ဆရာတပည့်တွေ ပြန်ဆုံမိကြသည်။ ဝမ်းသာအားရ ဖက်လဲတကင်းဖြစ်မိကြသည်။

"ကျွန်တော်တို့တော့ ဒီတစ်သက်မှာ ဆရာကွမ်းခေတ်ပါနဲ့ ပြန်မတွေ့ရတော့ဘူးလို့ထင်ထားတာ၊ အခုတော့ ဘယ်လိုဝမ်းသာမှန်းမသိပါဘူးဗျာ"

ဆင်ပေါက်က ဝမ်းနည်းသံကြီးပါကာပြောသည်။ ခေါင်းကြီးက ...

"ဒီ ... ဦးစူဝံဆိုတဲ့လူကြီးဟာ တော်တော့်ကိုယုတ်မာတာပဲ၊ ရေသူမကို အပိုင်စီးပြီး ကျွန်တော်တို့ကိုလည်း ခိုင်းချရာခိုင်းတယ်၊ ကျွန်လိုဆက်ဆန်တယ်"





အံ့ဖွယ်။ မဟိနှင့်မည်းတူတို့ကလည်း ရင်ဖွင့်ကြသည်။

"အေးကွာ ... ငါတို့အားလုံး ကပြောင်းကပြန်တွေဖြစ်ကုန်ကြတာပဲ၊ ထားပါတော့ကွာ၊ ခုဆို သူလည်း မကောင်းမှုအကုသိုလ်တွေကို ခံသွားရပြီပဲ ... ချေလိုက်ပါတော့"

"သူ့ကိုကြေအောင်လုပ်ပြီးမှ ကျေနပ်မှာ ဆရာကွမ်းခေတ်တော့ ဒါလောက်နဲ့ပြီးသွားတာ ... ဘဝင်မကျဘူး"

မည်းတူကပါ လက်သီးကိုဆုပ်ကာပြောသည်။ ထိုစဉ် အပင်းလှမ်းတွင်ရပ်နေသော နှင်းသူဇာကို သတိပြုမိသွားကြသည်။

"ဆရာ ... ဒီအမျိုးသမီးက"

"နှင်းသူဇာတဲ့၊ ဟောဟိုက ရေခဲနန်းတော်ကြီးရဲ့အရှင်သခင်မ"

ရေခဲကန္တာရကူကြီးထဲတွင် တည်ဆောက်ထားသော ရေခဲနန်းတော်ကြီး၊ လှပ်စွာမှ ချောမောလှပသော နှင်းသူဇာအမည်ရှိ မိန်းကလေးတစ်ယောက်၊ ဘယ်ကမှဆက်စပ်ပြီး တွေးမရ၊ အားသင့်နေမိကြသည်။ မေးလည်းမမေးရဲ။

"ရှင်တို့ ... ခဏပြန်ပုက်ခဲ့ကြပါ ... "

နှင်းသူဇာက ပြောဆိုက်သည်။

"နှင်းသူဇာက ရေခဲနန်းတော်ဆီကို လာခွင့်ပြုတယ်ကွ၊ ရောက်ရင် မင်းတို့အားသင့်သွားစေမယ့် အခြေအနေတစ်ခု တွေ့ရလိမ့်ဦးမယ်"

"ဘာများလဲ ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



မဏိက မေးရာ ...

"ဟိုရောက်တော့ သိမှာပေါ့ကွာ"

ထိုစဉ် ...

"ဂျွတ် ... ဂျွတ် ... ဖြောင်း ... ဖြောင်း"

တံတိုင်းကြီး၏ အပြင်ဘက်မှ မမျှော်လင့်ဘဲ ထွက်ပေါ်လာသည့်အသံများ။ ရေခဲတံတိုင်းကြီးကို ထွင်းဖောက်ကာ မြင်လိုက်ရသည်ဖြစ်၍ အတော်ခပ်လှမ်းလှမ်းတွင် ရေခဲပြင်ကြီးက အက်ကြောင်းကြီးထင်လာကာ ကျိုးပျက် ပျက်စီးသွားသည်။ ထို့နောက် ရေတွေက အပေါ်ကိုလျှံပြီးတော့ တက်လာခဲ့ကြသည်။

အံ့အားတသင့်နှင့် ကြည့်နေမိကြသည်။ ရေအောက်မှာ တစ်ခုခုကရှိနေသည်။ ဘာကောင်ကြီးများ ထွက်လာလေမလဲဟု ... သို့ကြည့်နေဆဲမှာပင် ရေအောက်မှ ထိုးထွက်လာသော အရာကြီးတစ်ခု ... အတော်ပင်ကြီးမားသည်။ ရေအောက်မှာ ပိတ်မိနေသော ဝေလငါးကြီးတစ်ကောင်လား။ ကမ္ဘာလိပ်ကြီးပဲလားဟု ထင်နေကြဆဲမှာပင်၊ ထိုအရာကြီးက တဖြည်းဖြည်းနှင့် ပိပြင်လာခဲ့သည်။

ပထမတော့ အိမ်ကြီးတစ်ဆောင်လားဟု ထင်ရသည်၊ နောက်တော့ ရေအောက်သွားယာဉ်ကြီးတစ်ခုပဲလားဟု အမျိုးမျိုးနှင့် တွေးတောနေကြဆဲမှာပင်။

"ဟာင်"

သင်္ဘောကြီးလိုလို၊ အိမ်ကြီးလိုလိုနှင့် တူးဆန်းနေကြလေရာ ... အဂ္ဂပိုင်၏နှုတ်မှ လွှတ်ခနဲဆို ထွက်သွားခဲ့သည်က



"ရေလုံသင်္ဘောအိမ်ကြီး"

အားလုံး၏မြင်ကွင်းထဲမှာ ဆန်းကြယ်နေမိသည်။ ထိုးထွက်လာသော သင်္ဘောအိမ်ကြီးသည် ရေပေါ်တွင် အထင်အရှားပင်ပေါ်လာခဲ့သည်။ တခဏအကြာ ငြိမ်သက်နေပြီးမှ သဏ္ဍာန်တစ်ခုက အပြင်ကိုထွက်လာခဲ့လေသည်။

"ဦးမိုးနဂါး ... ဦးမိုးနဂါး"

အဂ္ဂပိုင်သည် မိုးနဂါးမှန်းသိလိုက်ရသောအခါ ရင်ထဲမှာ လှုပ်ရှားသွားခဲ့ရသည်။ မိုးနဂါးသည် လက်ဝါးပြင်ပေါ်မှာ အရာတစ်ခုကို တင်လာခဲ့သည်။ ထိုအရာသည် အဝေးကနေကြည့်လျှင်ပင် ပြိုးပြိုးပျက်ပျက်နှင့်ရှိနေသည်။ လုံးဝန်းသောအရာတစ်ခုရှဲလုံးကြီးပင်တည်း။

နှင်းသူဇာသည် တံတိုင်းအနီးသို့ လျှောက်သွားသည်။ မိုးနဂါးက အနီးကိုရောက်လာသည်။ မှန်သားပြင်ကဲ့သို့ ကြည်လင်သောတံတိုင်း၏တစ်ဖက်မှ မိုးနဂါးကိုအားလုံးက မြင်လိုက်ကြရသည်။

"ဟာင်"

မိုးနဂါး၏ ထူးခြားသောရုပ်သွင်ကြောင့် အားလုံးမင်တက်မိကာ ငေးကြည့်နေကြသည်။ ကိုကွမ်းခေတ်နှင့် မိုးသီးကတော့ အဂ္ဂပိုင် ပြောပြထား၍ မိုးနဂါးကိုသိနေလေပြီ။

"အဲဒါ မိုးနဂါးလေး ... သား"

"ဟုတ်တယ် အဖေ၊ သူ ဒီကိုဘယ်လိုရောက်လာပါလိမ့်"

နှင်းသူဇာသည် မိုးနဂါးကို မည်သို့တုန့်ပြန်မည်နည်း။



www.burmeseclassic.com

www.burmeseclassic.com



ဤနေရာသည် လူစိမ်းများ ဝင်ရန်မလွယ်ကူ။ သူမသည် မိုးနဂါးကို မည်သို့ဆက်ဆံမည်လဲ။ ရန်သတ္တုရှုပြမှာလား။ ကြည့်နေရင်းမှာပင် မိုးနဂါးသည် စောစောက အပေါက်ကြီးမှတစ်ဆင့် အထဲကိုဝင်လာခဲ့သည်။

"ရော့ ... မမကြီး၊ ပိုင်ရှင်လက်ထဲပြန်အပ်ပါတယ်"

ရွဲလုံးကြီးသည် မမကြီး၏လက်ထဲကိုရောက်သွားခဲ့လေသည်။

"ကျေးဇူးတင်ပါတယ် ဦးမိုးနဂါး။ ဒီရွဲလုံးကြီးဟာ ကျွန်မတို့ရဲ့ ဘိုးဘေးဘီဘင်တွေ လက်ထက်ကတည်းက ပျောက်သွားခဲ့တာကြာပြီ၊ မသူကော်တွေရဲ့ လက်ထဲကိုတစ်ဆင့်ပြီးတစ်ဆင့်ရောက်သွားခဲ့တာ၊ ခုမှပဲ စိတ်အေးရတော့တယ်"

"ကျေးဇူးတင်စရာမလိုပါဘူးလေ၊ ကျွန်တော်လည်း တတ်နိုင်သလောက်ကူညီရတာပါ၊ ခပ်ဝေးဝေးမှာ လိုက်မရှာရပါဘူး၊ ဒီအနားလေးတင်ကပဲ ရလိုက်တာ၊ ရေနက်ထဲရောက်ပြီး ပျောက်ဆုံးသွားမှာစိုးရတယ်၊ ကျွန်တော် လက်ဦးလိုက်လို့ပေါ့ မမကြီး"

မိုးနဂါးက ရှင်းပြနေသည်။ သူနှင့်နှင်းသူဇာသည် နဂိုကတည်းက ရင်းနှီးပြီးသားပါလား။ တွေးရခက်ကြီး ဖြစ်နေကြသည်။ ထို့အပြင် မိုးနဂါး၏ ထူးခြားသော ရုပ်သွင်ကြောင့် အမြင်မှာ ထူးခြားနေကြသည်။



ခင်ပေါက် စဉ်းစားမိလိုက်သည်။ ရွဲလုံးကြီး ရေခဲပြင်အပေါက်မှ ကျသွားခဲ့စဉ် ဦးဝူဝံက ငုံ့ကြည့်ပြီး ...

"ရေခဲပြင်အောက်မှာ လူလူ"ဟုပြောခဲ့သည့် စကား၊ မိုးနဂါးဆိုသည့် လူကြီးသည် ဤရွဲလုံးကြီးကိုရခဲ့တာပါလား ဟူ၍

"ကဲ ... ညီသည်တွေနဲ့ စကားပြောလိုက်ပါဦး"

နှင်းသူဇာသည် မိုးနဂါးကို ပြောပြီးအနားမှ ထွက်သွားသည်။ သူမသည် မိုးနဂါးနှင့်သိကျွမ်းခဲ့ကြောင်း အစက မပြောခဲ့။ လျှို့ဝှက်ထားခဲ့သည့်တကား။ အဂ္ဂပိုင်တို့နှင့် ရင်းနှီးခဲ့သည်ကိုလည်းသိနေပါသလား။

"ဦးမိုးနဂါး၊ ဘယ်လိုကြောင့် ဒီကိုရောက်လာခဲ့တာလဲ"

"မင်းတို့ကို စိတ်မချလို့ပေါ့ကွ၊ ဒါပေမယ့် ငါကနောက်ကလိုက်လာတာမဟုတ်ဘူး၊ ရှေ့ကကြိုပြီးတော့ ရောက်နေတာ"

"ဟင် ... ဟုတ်လား၊ ဒါနဲ့များဗျာ၊ ကျွန်တော်တို့နဲ့ အတူတူသွားရင်ပြီးရောပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အခက်အခဲတွေကို ကိုယ်တိုင်စွန့်စားပြီး ကျော်လွှားမှ ယောကျ်ားကောင်းလို့ခေါ်နိုင်တာကွ၊ ခုတော့ မင်းလည်း ရေသူပ၂နဲ့ ဒီကိုရောက်လာခဲ့တာ၊ အတွေ့အကြုံကောင်းကောင်း ရခဲ့ပြီမဟုတ်လား"

"ကောင်းဗျာ ... ဒါနဲ့ ဦးက ဘာဖြစ်လို့ မမကြီးလို့ခေါ်ရတာလဲ"

"မင်းခေါ်သလို ခေါ်တာလေကွာ၊ ဘာဖြစ်လို့လဲ"

"ဟင်"

အဂ္ဂပိုင် အံ့အားသင့်သွားမိသည်။ သူက နှင်းသူဇာကို မမကြီးဟုခေါ်သည်။ မှန်သည်။ မိုးနဂါးက မည်သို့သိခဲ့လေသလဲ။ မနောချင်း ဆက်သွယ်နေခဲ့သလား။ ထို့အပြင် နှင်းသူဇာသည် မိုးနဂါးထက် အသက်ပိုကြီးနေသလား။ နားမလည်နိုင်တာကို ထပ်ပြီး မစဉ်းစားတော့။

"ဩော် ... ဒါ ကျွန်တော့်အဖေပါ၊ သူက ကျွန်တော်ရဲ့အတူ ပင်လယ်ထဲမှာ တစ်ကွဲစီဖြစ်သွားတဲ့ ... "

"ကိုမိုးသီး မဟုတ်လား။ အဂ္ဂကပေါ့ သူ ဒုက္ခရောက်ခဲ့ရတဲ့အကြောင်းတွေကို ပြောပြခဲ့ပြီးပါပြီဗျာ၊ ဒီက ပုံပန်းမကျ၀ဲ့မိုးနဂါးအကြောင်းကိုလည်း ခင်ဗျားတို့ သိကြားပြီးလောက်ပြီပေါ့"

"ဟာ ... ဒီလိုလည်းမဟုတ်သေးပါဘူးဗျာ၊ ကိုမိုးနဂါးကကျွန်တော့်သားရဲ့အသက်ကို ကယ်တင်ထားတဲ့အပြင် သဘောတစ်စီးပါ တည်ဆောက်ပေးခဲ့တဲ့ ကျေးဇူးက ကြီးမားလှပါတယ်၊ တီထွင်သူကြီးကို လေးစားပါတယ်"





"မဟုတ်တာ ါလောက်ကြီးလည်း ချီးမြှောက်ဖို့ မလိုပါဘူး၊ ဒါ ... ဂ၄ ာ် တတ်နိုင်တဲ့ဝတ္တရားတစ်ခုပါ၊ ကဲ အဂ္ဂ ... မင်း မထင်၊ ာတွေနဲ့ တွေ့ကြုံရလိမ့်မယ်ဆိုတာ ခုတော့ မှန်နေပြီမဟုတ် း"

"ဟာ ... ဟုတ်ဟယ်ဗျို့၊ ဦးပြောခဲ့တာ သိပ်မှန်တာပဲ၊ ခုဆိုရင် သေဆုံးသွားပြီလို့ထင်တဲ့ ကျွန်တော့်အဖေ၊ အမေတို့ ဒီမှာပြန်တွေ့ခဲ့ရပြီဗျ"

အဂ္ဂပိုင်သည် အားပါးတရပင် ပြောလိုက်လေ၏။ မိုးနဂါး၏အမူအရာက မထူးခြားသော်လည်း ဆင်ပေါက်တို့အုပ်စုမှာ အံ့အားတသင့်ဖြစ်သွားခဲ့ကြရလေ၏။

နှင်းသူဇာသည် သူတို့ကို ရေခဲနန်းတော်ကြီးဆီကို ခေါ်သွားသည်။ အဓဓောက်အဦးကြီးထဲကို ရောက်ကြသည်နှင့် အအေးဒဏ်မှ အတော်အတန်သက်သာရာ ရသွားခဲ့ကြသည်။ ဆင်ပေါက်တို့လူစုမှာ စိတ်သက်သာရာ ရသွားခဲ့ကြကြသလို အံ့အားလည်းသင့်မိကြသည်။

ပိုပြီးတော့ အံ့အားသင့်မိကြသည်က မမိုးတိမ်ကို တွေ့လိုက်ရသောကြောင့်ပင်။

"ဟင် ... မမိုးတိမ်၊ လောကကြီးထဲမှာ မရှိတော့ဘူးလို့ အားလုံးကထင်နေမိကြတာ၊ မသေမပျောက်ဘဲ ဒီကိုရောက်နေတာ ဝမ်းသာစရာပဲဗျာ၊ ဟောဒီ ... ရေခဲနန်းတော်ကြီးဟာ



www.burmeseclassic.com

www.burmeseclassic.com



အားလုံးအတွက် မင်္ဂလာနန်းတော်ကြီးဖြစ်နေပါပြီဗျာ''

မဏိက မမိုးတိမ်ကို တွေ့တွေ့ချင်းပင် ပြောလိုက်သည်။ မင်္ဂလာနန်းတော်ဟူသောစကားကြောင့် နှင်းသူဇာလည်း ပြုံးယောင်ယောင်မျက်နှာလေးဖြစ်သွားခဲ့ရလေ၏။ ဆင်ပေါက်တို့လူစုကို ကျွေးမွေးကြသည်။ သူတို့ကလည်း ဆာလောင်မွတ်သိပ်နေကြသည်ဖြစ်၍ ခေါင်းမဖော်အောင်ပင် စားသောက်ကြလေသည်။ စားသောက်ကြပြီးသော် ...

''ဒီနေရာမှာ ကျွန်မပြောချင်တာက ဟိုလူလာရှာတဲ့ မော်ဝိဇ္ဇာကျမ်းကြီးကို ပြခွင့်မရှိလို့မပြနိုင်ပါဘူး။ ရှင်တို့ကလည်း ကြည့်ချင်ကြမှာပဲ၊ ကျွန်မရဲ့သစ္စာနဲ့ တာမှလုပ်ပိုင်ခွင့်မရှိတာကြောင့် နားလည်ပေးကြပါ''

''ကျွန်တော်တို့ကလည်း ကိုယ်နဲ့မပတ်သက်တဲ့အရာတွေကို စိတ်မဝင်စားကြပါဘူးခင်ဗျာ၊စိတ်အနှောင့်အယှက်မဖြစ်ပါနဲ့''

ကိုကွမ်းခေတ်က နှင်းသူဇာကို ပြန်ပြီးတော့ နှစ်သိမ့်လိုက်လေသည်။ ဦးရှုဝံက ရတနာသိုက်အရှာထွက်ခဲ့သည်။ စကားသည် ဆင်ပေါက်တို့လူစုကို မက်လုံးပေးခဲ့ခြင်းသာ၊ ခုကျမှပင် သိလိုက်ကြရလေသည်။ မိုးနဂါးသည် အများထဲတွင် ရောနှော ပြီးဝင်စားသော်လည်း ကြည်ဖြူကြသည်။ သူ့ကို အထူးအဆန်းတစ်ယောက်လို မညီသူကမှ မဆက်ဆံကြပါချေ။

''ကဲ ... မမကြီး ကျွန်တော် ပြန်ပါဦးမယ်''

မိုးနဂါးက နှင်းသူဇာကို နှုတ်ဆက်လိုက်ရာ ...



အခန်း ( ၃၈ )

## ရေအောက်ပျော်မင်းသားကြီး

အားလုံးသည် နှင်းသူဇာမှအပ မိုးနဂါးကို အံ့အားသင့်ကာ ကြည့်လိုက်ကြသည်။ ကိုကွမ်းခေတ်က ...

''ဟင် ... ကိုမိုးနဂါးက ပြန်တော့မလို့လား။ အေးလေ အားလုံးဟာ ကိုယ်ကိစ္စနဲ့ကိုယ်ကိုး ... ''

''ဒါဆိုရင် ကျွန်တော်တို့လည်း ပြန်ပါရစေတော့''

ကိုကွမ်းခေတ်ကလည်း နှင်းသူဇာထံမှာ ခွင့်ပန်သည်။

''သိပ်ပင်ပန်းနေကြပြီ၊ မနားကြတော့ဘူးလားရှင်''

''ဒါလောက်နားခွင့်ရတာပဲ ကျေနပ်လှပါပြီ''

အားလုံးသည် ပြန်ချင်ဇောကကြီးနေကြသည်။ မည်သူမှ မနေလိုကြတော့။ တစ်ချိန်လုံး အေးနေသည့်နေရာမျိုးမှာ မနေနိုင်ကြ။ ဒဏ်မခံနိုင်ကြ။

''အေးလေ ... ဒါဆိုရင်လည်း ပြန်ကြပေဦးပေါ့၊ နောက်တစ်ကြိမ် ပြန်ပြီးတော့ ဆုံဆည်းကြဖို့ဆိုတာ မလွယ်တော့ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ရှင်တို့နဲ့ တိုက်ဆိုင်လွန်းလို့သာ ရောက်လာခဲ့ကြတာပါ၊ ကိုယ့်ရပ်ကိုယ့်ရွာမှာ ကြီးပွားချမ်းသာကြပါစေ''

မမိုးတိမ်သည် နှင်းသူဇာကို ကန်တော့သည်။

''ကျွန်မကို စောင့်ရှောက်ထားခဲ့တဲ့ကျေးဇူးကို မမေ့ပါဘူး၊ မမရယ်''

''အေးကွယ် ... ဒီမိသားစုပြန်ပြီး ဆုံတွေ့ကြတာ ဝမ်းသာပါတယ်၊ ဆိုးတူကောင်းဘက်တွေမို့ အသက်ထက်ဆုံး လက်တွဲသွားနိုင်ကြပါစေ''

ပန်လင်းကလည်း ...

''သမီးတို့ကို ခွင့်ပြုပါဦး ... မမကြီး''

''အေးကွယ် ... ငါ့ညီမလေး ကိုယ်နှစ်သက်တဲ့သူနဲ့ ရာသက်ပန် ပျော်ရွှင်သွားနိုင်ပါစေ''

ပေးလိုက်သည့်ဆုက ပန်လင်း၏ရင်ထဲမှ ခံစားချက်နှလုံးသားကို ဖော်ထုတ်လိုက်သလိုပင်။

''ပေးတဲ့ဆုနဲ့ ပြည့်ရပါစေ မမကြီး ... ''

နှင်းသူဇာကိုယ်တိုင် လိုက်ပို့သည်။ ရေခဲတံတိုင်းကြီးဆီကိုအရောက်တွင် စောစောက မြင်တွေ့ခဲ့သည့်အပေါက်ကြီးသည် ထူးဆန်းစွာပင် ပြန်ပြီးတော့ ပိတ်နေသည်။ သို့သော် နှင်းသူဇာက တံတိုင်းကြီး၏တစ်နေရာကို ခေါ်သွားသည်။ ထိုနေရာတွင် တံခါးပေါက်အသစ်တစ်ခုကို တွေ့လိုက်ရသည်။

အထဲကိုဝင်နိုင်သောနေရာများသည် ပုံသေမရှိဘဲ တစ်ခါတစ်ခါ အလိုရှိမှသာ သူ့အလိုအလျောက် ဖြစ်ပေါ်လာသော





တံခါးပေါက်များပင်လားမရ။

''ကဲ ... ဒီနေရာက ထွက်သွားကြပါ၊ ကိုယ့်နေရပ်ကို ချောမောစွာပြန်ပြီးရောက်သွားအောင် ဆုတောင်းပေးပါ့မယ်၊ အခက်အခဲမရှိဘဲ ရောက်သွားကြမှာပါ''

နှင်းသူဇာက ထိုသို့ပြောပြီး ချက်ချင်းပင် လှည့်ထွက်သွားခဲ့လေသည်။ အခြေအရုံနည်းပါးစွာဖြင့် တစ်ဦးတည်းနေနေသော နှင်းသူဇာ အလှဒေဝီမလေးကို အားလုံးသည် နားမလည်နိုင်စွာဖြင့် ကြည့်ရင်း ကျန်ရစ်ခဲ့ကြသည်။ သူမသည် မည်သည့်အချိန်အထိ ဤနေရာတွင် နေနေရတာ မှော်ဝိဇ္ဇာကျမ်းကြီးကို စောင့်ကြည့်နေရပါမည်လဲ။

''ငါတော့ ... နတ်သမီးလေးတွေ ကမ္ဘာမြေပေါ်မှာလာပြီး မြန်းနေတယ်လို့ထင်တယ်၊ ဒီအမျိုးသမီးနဲ့ အတူတူနေကြတဲ့ န်းကလေးတွေလည်း ချောလိုက်တာကွာ၊ စက်စက်ကိုယ်ရောအထဲ ငါတို့ရဲ့ဆရာကတော် မမိုးတိမ်ကလည်း သူတို့လိုပဲ နေလိုက်တာ၊ အရွယ်ကလည်း ဒီအရွယ်အတိုင်း၊ ဆယ်နှစ်လုံးပျောက်ကွယ်သွားတာတောင် မပြောင်းလဲဘဲ ပိုပြီးတော့ ည်း ငယ်လာသလို ကံကူးပါဘိ''

မည်းတူက ပြောမဆုံးပေါင် တောသုံးတောင်ဖြစ်နေသည်။

''တင်စားလိုက်တာ မည်းတူရယ်၊ ငါကတော့ နတ်သမီး ်မထင်ပေါင်၊ ဥမ္မာဒန္တီ၊ ပပဝတီတို့ရဲ့မျိုးဆက်တွေလို့ပဲထင် ယ်၊ ဒါပေမယ့် သူတို့ကိုကြည့်ရတာ ရင်ထဲမှာ အေးမြလွန်း တ်ချမ်းသာတာကလွဲပြီး ပစ်မှားချင်စိတ်လုံးလုံး မရှိဘူးကွ၊



www.burmeseclassic.com

www.burmeseclassic.com



ထူးဆန်းတယ်''

မဏိက မည်းတူ၏စကားကို ဖြည့်စွက်ကာ ပြောလိုက်သည်။ တစ်ကယ်တော့ သူတို့သည် ထူးဆန်းမှုလွန်ကဲနေသော ဤရေခဲကန္တာရကြီးကို ရှိန်နေကြတာလည်းပါသည်။ ထို့ကြောင့် ကြောက်ရွံ့စိတ်များကြောင့် မသိစိတ်က မည်သည့်အရာကိုမှ လက်မခံနိုင်ဘဲရှိနေရသည်။

''အဂ္ဂ ... ငါရှေ့ကသွားမယ်၊ မင်းတို့ရဲ့ သင်္ဘောနှစ်စီးက ငါ့နောက်ကလိုက်ခဲ့ကြ''

မိုးနဂါးသည် သူ၏ရေလုံသင်္ဘောအိမ်ကြီးဆီကို လျှောက်သွားသည်။ ထို့နောက် ဆင်ပေါက်တို့လူစုသည် ရေသူမသင်္ဘောဆီကို ကိုကွမ်းခေတ်တို့နှင့်အတူ လျှောက်သွားကြသည်။ အဂ္ဂပိုင်နှင့် ပန်လင်းတို့ကလည်း ရေသူမ–၂ဆီကို လျှောက်သွားကြလေသည်။ ထိုသင်္ဘောနှစ်စီးရှိသောနေရာသည် သိပ်ပြီးမကွာဝေးလှပါ။

ကိုကွမ်းခေတ်သည် သူ၏ရေသူမသင်္ဘောကြီးကို ပြန်တွေ့လိုက်ရသောအခါ စိတ်ထဲမှာတစ်မျိုးကြီး ခံစားလိုက်ရသည်။ စိတ်မကောင်းသလို ဝမ်းနည်းမိသလိုဖြစ်သွားခဲ့ရသည်။ မိမိနှင့် ရေသူမခွဲခွာခဲ့ကြရသည်မှာ လအတန်ကြာခဲ့ပြီ မဟုတ်ပါလား။

''ဆရာ ... ရေသူမဟာ သူ့ရဲ့ပိုင်ရှင်ကို ပြန်တွေ့လိုက်ရလို့ ဝမ်းသာနေမှာပဲ''

''အေးကွာ ... ဆင်ပေါက်ရာ၊ ငါကတော့ ဝမ်းသာသလိုဝမ်းနည်းသလိုလို ခံစားလိုက်ရတယ်''





''ကျွန်တော်တို့ပြောမှား ဆိုမှားရှိခဲ့ရင်လည်း ခွင့်လွှတ်ပါ၊ တကယ်တော့ ဒီကိစ္စတွေဟာ ဟိုလူကြီးကြောင့် ဖြစ်ခဲ့ရတာပါ''

ခေါင်းကြီး၊ အံပွား၊ မဏိနှင့်မည်းတူတို့ကလည်း ကိုယ်စီတောင်းပန်ကြသည်။

''ငါ အားလုံးကို နားလည်ပါတယ်ကွာ၊ မင်းတို့လည်းမှဲ့တစ်ပေါက်မစွန်းကြတာ ငါဝမ်းသာပါတယ်၊ တောင်းပန်ဖို့မလိုပါဘူး''

''အေး ... ငါတို့သုံးယောက်ကတော့ ခံလိုက်ရတာဒဏ်ပြင်းကြတယ်ဟေ့၊ သေမင်းတိုင်းပြည်ကိုရောက်ကာ နီးနီးပဲ''

ပိုးသီးက ဆင်ပေါက်၏ပခုံးကိုပုတ်ပြီးတော့ ပြောလိုက်သည်။ အားလုံး ဝမ်းသာ ဝမ်းနည်းစိတ်နှင့် ဖက်လဲတကင်းဖြစ်ကုန်ကြသည်။ စည်းလုံးညီညွတ်ခြင်းကို ဖြိုခွင်းသူကြောင့် တစ်ကွဲတစ်ပြားစီဖြစ်ကုန်ကြရသည် မဟုတ်ပါလား။

ရေခဲတုံးများကြားမှာ ညှပ်နေသော သင်္ဘောပေါ်ကို ကြိုးလှေကားမှတစ်ဆင့် တက်သွားခဲ့ကြသည်။

ထိုစဉ် ...

''ဂျွတ် ... ဂျွတ် ... ဖြောင်း ... ဖြောင်း''

အသံများက မမျှော်လင့်ဘဲ ထွက်ပေါ်လာခဲ့ကြသည်။ နောက်ကိုလှည့်ကြည့်လိုက်ကြရာ သူတို့သင်္ဘော၏ဘေးမှကပ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



တင်းခံနေသော ရေခဲတုံးများက ပြိုကွဲသွားခဲ့ကြသည်။ ရေခဲပြင်ကြီး၏အောက်မှာ ရေများက ရှိနေကြသဖြင့် လွတ်လပ်သွားသော သင်္ဘောကြီးသည် ရေထဲမှာ လှုပ်ခါသွားသည်။ မည်သည့်အကြောင်းကြောင့် ရေခဲများ ပြိုကွဲသွားကြရပါသလဲ။

"ဂွတ် ... ဂွတ် ... ဖြောင်း ... ဖြောင်း ... "

သူတို့၏ဘေးမှ ဖြတ်မောင်းသွားသော ရေလုံသင်္ဘောအိမ်ကြီးကို တွေ့လိုက်ရသည်။ မာကျောသော သံမဏိသင်္ဘောဦးက ရေခဲများကို ထိုးခွဲပစ်လိုက်ခြင်းပင်။ မိုးနဂါးသည် ရေခဲထောင်ချောက်ထဲတွင် ညှပ်နေသော ရေသူမကို လွတ်လပ်စေခဲ့ပြီတကား။

ရေလုံသင်္ဘောအိမ်ကြီး၏ထိပ်မှာ မီးစိမ်းရောင်က တဖျတ်ဖျတ်နှင့် လင်းလက်နေသည်။

"အချက်ပြနေတယ်၊ ငါတို့သင်္ဘော သူနောက်ကလိုက်ဖို့"

ဆိုစဉ် ...

အေးမြသော လေကလည်း တိုက်ခတ်လာသည်ဖြစ်ရာ ကျွမ်းကျင်သင်္ဘောသားများက ရွက်များကို လျှင်မြန်စွာတင်လိုက်ကြလေသည်။ ချက်ချင်းလိုလိုပင် ရေသူမသည် ရှေ့ကိုရွေ့လျားသွားသည်။ မိုးသီးကပဲ့ဇင်မှာ နေရာယူသည်။ သင်္ဘောသားများသည် အလုပ်ရှုပ်သွားခဲ့ကြသည်။

ရှေ့မှာသွားနေသော သင်္ဘောအိမ်ကြီးသည် ရေခဲပြင်ကြီးကိုထိုးခွဲသွားသည်။ ရေသူမက နောက်မှလိုက်သွားသည်။ ထိုနောက် လက်ဝဲရစ်အတိုင်း ကွေ့သွားသည်။ လေကြောင်းက





လည်း အံ့အားသင့်စွာပင် နောက်မှလိုက်ပြီး တိုက်ခတ်လာသည်။ ရွက်တွေက ဖောင်းကားနေကြသည်။ သို့သော် ရေခဲကန္တာရကြီးထဲမှာ တိုက်ခတ်သောလေမို့ အရိုးကွဲမတတ် အေးစိမ့်စိမ့်လှသည်။

"အဂ္ဂတို့ သင်္ဘောကရော"

"ဟုတ်တယ် ... သားတို့သင်္ဘော ဘယ်မှာကျန်ခဲ့ပြီလဲ"

မမိုးတိမ်ကလည်း စိုးရိမ်စွာပင်မေးလိုက်သည်။

"နောက်မှာ ... သင်္ဘောလေးတစ်စီး၊ ရေသူမနဲ့တစ်ပုံစံတည်းပဲ"

ပဲ့ပိုင်းမှာရပ်နေသော ခေါင်းကြီးကအော်ပြောလိုက်သည်။ ကိုကွမ်းခေတ်နှင့် မမိုးတိမ်တို့သည် ပြေးသွားခဲ့ကြသည်။ အမှန်ပင် ရေသူမ-၂သည် ရေသူမသင်္ဘောကြီးနှင့် မလှမ်းမကမ်းမှ လိုက်လာလျက်ရှိသည်။ ပဲ့စင်ခန်းထဲမှ အဂ္ဂပိုင်နှင့်ပန်လင်းတို့ကို ကောင်းစွာပင်မြင်နေရသည်။ နှစ်ယောက်စလုံး လက်ဝှေ့ယမ်းကြသည်။

"သူတို့ကို ဒီသင်္ဘောပေါ်ခေါ်လိုက်ရင် ကောင်းမယ်ထင်တယ်ကိုကွမ်းခေတ်"

"ခုနေတော့ နေပါစေဦးကွယ် ... ဒီကလွတ်မြောက်သွားမှ ကမ်းကပ်လို့ရတဲ့ နေရာကျမှ ... "

"အင်း ... သားနဲ့လည်းပြန်ဆုံရော၊ ချစ်သူတောင်ရနေတော့အရွယ်အထိ ခွဲခွာခဲ့ရပါလားဆိုတာ သတိထားမိတော့တယ်"

"တော်သေးတာပေါ့ကွယ်၊ မင်းနဲ့ခုလိုပြန်ပြီးဆုံမိကြတာ



www.burmeseclassic.com

www.burmeseclassic.com



အင်မတန်ကံကြီးလို့ မသေခင်ပြန်တွေ့ကြရတာ၊ ဒီလိုမျိုးပြန်ပြီး စုစည်းမိကြလိမ့်မယ်လို့ ဘယ်သူကထင်နိုင်မှာလဲ''

ဆယ်နှစ်လောက်အထိ ခွဲခွာခဲ့ကြရပြီးမှ ခုလိုမမျှော်လင့်ဘဲ ပြန်ဆုံကြရသည့်အတွက် ဝမ်းနည်းသလို၊ ဝမ်းသာသလို ထွေးရောယှက်ခံစားနေကြရသည်။ သို့သော် အိပ်မက်ဆိုးမှ လွန်မြောက်လာရပြီဆိုတော့ ရှေ့ဆက်အကောင်းဘက်ကိုသာ ဦးတည်နေခဲ့ပြီဟု ဆိုရပါတော့မည်။

သူတို့သည် ရေခဲပြင်ဒေသကြီးကို ဖြတ်သန်းနေဆဲပင်။ နောက်ကိုလှမ်းမျှော်ပြီးတော့ ကြည့်လိုက်ကြပြန်သည်။ ရေခဲနန်းတော်ကြီးကို မြင်တွေ့နေရဆဲ။ အလင်းရောင်က အပြည့်မရှိ။ အမှောင်တစ်ဝက်စိုးမိုးနေသောနေရာ၊ သို့သော် ... ရေခဲနန်းတော်ကြီးနှင့် ခပ်လှမ်းလှမ်းနေရာဆီရှိ ရေခဲတောင်ကြီးထက်က မီးဆလိုက်ထိုးသလို အလင်းတန်းကြီးက ထွက်ပေါ်နေဆဲ။ ရေခဲနန်းတော်ကြီးပေါ်ကို ထိုးကျနေသည်။ မိမိတို့မြင်နိုင်စေရန် တမင်တကာ ထိုးပြနေသလားမသိ။ ထို့နောက် အလင်းရောင်သည် တဖြည်းဖြည်းနှင့် မှိန်ကျလာကာ ပျောက်ကွယ်သွားခဲ့လေသည်။

ထိုအခါ ... ရေခဲနန်းတော်ကြီးကိုလည်း မတွေ့ရတော့ပါ။ ရင်ထဲမှာလည်း ဟာခနဲဖြစ်သွားခဲ့ကြရသည်။

"ကိုအဂ္ဂ ... ရေခဲနန်းတော်ကြီးမရှိတော့ဘူး"

"ရေခဲနန်းတော်ကြီးက ဒီနေရာမှာ အမြဲရှိနေမှာပါ ပန်းပန်၊ ဘယ်ကိုမှ ရောက်မသွားပါဘူး"

ပန်လင်းသည် အဂ္ဂပိုင်ကို နားမလည်သလို ကြည့်လိုက်





သည်။ လေသည် အားကောင်းလာသည်။ လျှင်မြန်စွာပင် တိုက်ခတ်နေလျက် သဘော်နှစ်စီး၏ ရွက်များက ပိုပြီးဖောင်းကားလာကြကာ ရေပြင်ထက်မှာ တရိပ်ရိပ်နှင့် ပြေးနေလေတော့သည်။ လေအေးဒဏ်ကိုလည်း ရိုးတွင်းချဉ်ဆီထိ လိုက်အောင်ခံစားနေကြရသည်။

မိုးနဂါး၏ ရေလုံသဘော်အိမ်ကြီးသည် သဘော်နှစ်စီးထက်ပင် ပို၍လျှင်မြန်သောအရှိန်ဖြင့် ရှေ့မှာပြေးနေလျက်။ ရေခဲပြင်ဒေသက မည်သို့လွတ်မြောက်လာကြမှန်းပင် မသိလိုက်ကြ။ နောက်ကိုလှည့်ကြည့်မိလိုက်ကြစဉ်မှာ ပင်လယ်ထဲကိုရောက်နေကြသည်။

ပြောင်းလဲသွားသည်က ပဥ္စလက်ပြကွက်တစ်ခုကိုကြည့်လိုက်ရသလိုပင်။

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

ယခုအခါ အဂ္ဂပိုင်နှင့် ပန်လင်းတို့သည် ရေသူမ–၁ငေါ်ကို ရောက်နေကြသည်။ ရေသူမ–၂ အငယ်လေးသည့် ရေသူမ ၁၏နောက်မှာ သံကြိုးနှင့်တွဲပြီး လိုက်ပါလာသည်။ ရှေ့မှာသွားနေသော ရေလုံသင်္ဘောအိမ်ကြီးသည် ရေအောက်ကို တဖြည်းဖြည်းနစ်မြုပ်သွားသည်။ နောက်တော့ ... လုံးဝပျောက်ကွယ်သွားခဲ့လေသည်။

"ဟင် ... ဦးမိုးနဂါး ... ငါတို့ကိုတောင် နှုတ်ဆက်မသွားဘူး"

အဂ္ဂပိုင်၏ရင်ထဲမှာ ဟာပြီးတော့ ကျန်ရစ်ခဲ့သည်။

"နှုတ်မဆက်ဘူးဆိုတာ ပြန်ဆုံဖို့ရှိသေးတယ်ဆိုသဘောပေါ့ကိုအဂ္ဂရယ် ... တစ်နေ့နေ့မှာ ... "

"တစ်နေ့နေ့မှာ ... ဟုတ်လား။ အင်းလေ ဖြစ်နိုင်တယ်"

ရေအောက်ပျော်မင်းသားကြီး မိုးနဂါးတစ်ယောက်။ လယ်ထဲမှာရှိနေသမျှ ကာလပတ်လုံး ရေသူမနှင့်တစ်ကြိမ်မဟုတ်





တစ်ကြိမ်ကတော့ တိုးမိဦးမှာပါ။

ထိုစဉ် ...

ပင်လယ်ပြင်သည် အနည်းငယ်အမှောင်ရိပ်သန်းသွားသည်။ ရှေ့တွင် တစ်နေရာတည်းမှာကွက်ပြီး လှိုင်းကြီးလျက်ရှိသည်။ တဝုန်းဝုန်းနှင့် အသံမြည်ကာ ထကြွလှုပ်ရှားနေသည်။ မုန်တိုင်းများကျလေဦးမလားဟု စိုးထိတ်သွားခဲ့ကြသည်၊ မုန်တိုင်းနှင့်မကြာခဏဆုံကြရကာ အကျိုးပေးသန်လွန်းလှသည်ကိုး။

သို့ရှိခိုက် ...

နှင်းမြူတန်းကြီးလိုလို ရှည်မျောမျောအရာကြီးတစ်ခုသည် ရေပြင်ထက်မှ ထိုးပြီးတော့ ထွက်လာသည်။ အားလုံးက ထိုအရာကြီးကိုမြင်လိုက်ရသောအခါ အံ့အားသင့်သွားခဲ့ကြသလို ထိတ်လန့်သွားခဲ့ကြသည်။ မြွေတစ်ကောင်၏ခန္ဓာမျိုးလို ခွဲ့နှောင်းလှုပ်သမ်းသောအရာကြီးသည် ရေပေါ်မှာ တစ်ဝက်၊ ရေအောက်မှာ တစ်ဝက်ရှိနေသည်။

"အဏ္ဏဝါမိစ္ဆာ"

သင်္ဘောသားများ၏နှုတ်မှ အလိုလိုပင် တစ်ပြိုင်တည်းထွက်ပေါ်လာခဲ့ကြသည့်အမည်။ ယင်းရှည်မျောမျောအရာကြီးသည် လေယံမှာ တာခဏရပ်တည်နေပြီးမှ ကိုယ်ကိုညွှတ်ကာ ရေအောက်ကို ပြန်ပြီးတော့ ဆင်းသွားခဲ့လေသည်။ ထို့နောက် လုံးဝကိုပြန်ပေါ်မလာတော့ပါ။

နောင်အခါ အစိုးမရပင်လယ်ကြီးကို ဖြတ်သန်းသွားတိုင်း စိတ်ထဲမှာ သံသယဖြစ်ပွားကြခြင်းမျိုး မရှိကြတော့။ တရွှေပင်



www.burmeseclassic.com

www.burmeseclassic.com



လယ်ကြီးဟု အများကခေါ်ကြပေမယ့် သူတို့အတွက်ကတော့ မိတ်ဆွေရင်းချာကြီးပမာ လက်ခံထားနေမိသတည်း။

သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ

မင်းမြ



[illegible]

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com